
တက္ကသိုလ် တင်မြင့်

# မှိုင်း



# တက္ကသိုလ်တင်မြင့်

# မှိုင်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၀၈၀၁၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၇၆၀၃၀၈

၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀ိ/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ... ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ... ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တက္ကသိုလ်
တင်မြင့်



# မှိုင်း

စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)





၁

"မနက်ဖြန် မိုးလင်းတာနဲ့ မင်း သွားတော့ မှိုင်း"

"ဟာ ... ဆရာကြီးကလည်း"

"သွားတော့ မှိုင်း၊ မင်းကို ငါ သုံးနှစ်လုံးလုံး ပညာအားလုံး သင်ပေးလို့ မင်း တတ်မြောက်ပြီပဲ၊ ငါ သွားတော့မယ်"

"ဆရာကြီးသြိနဲ့ ကျွန်တော် အတူလိုက်ချင်တယ် ဆရာကြီး"

"မရတော့ဘူး၊ ငါက အိန္ဒိယ ဟိမဝန္တာတောထဲ ဝင်တော့မှာ၊ ငါ မင်းနဲ့တွေ့ပြီးမှ အဓိဋ္ဌာန် တစ်ချက်တောင် ပျက်သွားတယ်။ ငါ့အဓိဋ္ဌာန်က ဘယ်သူ့ကိုမှ မချစ်ခင်ရဘူး၊ ဘယ်သူ့ကိုမှ သံယောဇဉ် မတွယ်ရဘူး ဆိုတဲ့ အဓိဋ္ဌာန်ပဲ၊ မင်းကို ငါ ရင်ထဲက ခင်မင်မိတာတောင် ငါ့ အဓိဋ္ဌာန် တစ်ချက် ပျက်သွားတယ်၊ အေး ... မင်းကို ငါ ခင်မိပေမဲ့ သံယောဇဉ်တော့ ပြတ်တယ်၊ နက်ဖြန် မင်း သွားချင်ရာ သွားတော့၊ ကံဆုံရင်တော့ ပြန်တွေ့ချင်လည်း တွေ့မှာပေါ့ ကွာ၊ ကဲ ... ဒါပဲ"

ချောက်ချနေသော [illegible]

ဆရာကြီးဩ ရှိပါသေးသော

မှိုင်း အိပ်ရာအောက်တွင် တစ်ထောင်တန်[illegible]

ငွေသုံးသိန်း ထားပေးသွားသည်ကိုသာ တွေ့ရတော့သည်။

ဤငွေသုံးသိန်းကို ဆရာကြီးက မှိုင်းကို စေတနာ သန့်သန့်နှင့် ပေးခဲ့ခြင်းသာ ဖြစ်သည်။

အဓိပ္ပာယ်မှာ ...

မင်း ဆယ်တန်းအောင်ပြီးသား။

သုံးနှစ်လုံးလုံး ငါ့ပညာတွေ သင်ပေးပြီးသား၊ မင်းဟာမင်း မင်းဘဝကို ဖန်တီးပေတော့ ဟူသတည်း။

ထိုတောကြီးထဲမှာပင် မှိုင်းသည် ဆရာကြီးဩ မရှိသည့်နောက် ထွက်ခွာခဲ့တော့သည်။

❖ ✧ ❖





## ❋ ၂ ❋

မှိုင်းသည် ဘီအက်စ်အေမော်တော်ဆိုင်ကယ်စီးပြီး မုဒုံမြို့ ကန်ကြီးရပ်ထဲနေ သူဌေးမြတ်မင်း၏ အိမ်ကို လိုက်ရှာသည်။

ယနေ့ခေတ်တွင် ဟွန်ဒါ၊ ယာမာဟာ၊ အီစူဇူ မော်တော်ဆိုင်ကယ်များကိုသာ အစီးများကြသည်။ မော်တော်ဆိုင်ကယ်ဈေးကလည်း ထိုမော်တော်ဆိုင်ကယ်မျိုးတွေဆိုလျှင် တစ်ပတ်ရစ်ဆိုင်ကယ်ပင် လေးငါးဆယ်သိန်း ပေးမှရသည်။

မှိုင်းတွင် ဆရာကြီးဩ စေတနာဖြင့် ပေးခဲ့သော ငွေသုံးသိန်းသာရှိသည်။

ဒီတော့လည်း ယနေ့ခေတ်တွင် လူအသုံးနည်းလှသော ဘီအက်စ်အေမော်တော်ဆိုင်ကယ်ဟောင်းကိုပင် တစ်သိန်းခွဲ ပေးဝယ်စီးရတော့သည်။

**မြတ်မင်း**

**ကန်ကြီးရိပ်သာ**

ဟု ဆွဲထားသော ဆိုင်းဘုတ်ကို မှိုင်း မုဒုံမြို့ ကန်ကြီးရပ်မှာပင် တွေ့ရပေပြီ။

ဆရာသြက "မှိုင်း အလုပ်လိုချင်ရင် အဲဒီလိပ်စာအတိုင်း သူဌေးမြတ်မင်းကို သွားတွေ့၊ အဲဒီ မြတ်မင်းကို ဒီစာပေးလိုက်၊ ငါ့စာရရင် မြတ်မင်းက မင်းကို အလုပ်တစ်နေရာတော့ မင်းအရည်အချင်းပေါ်မှာ မူတည်ပြီး ပေးမှာပါ၊ အေး ... တစ်ခုတော့ရှိတယ်၊ မြတ်မင်း ချမ်းသာနေတာဟာ သမာအာဇီဝအလုပ်မျိုးနဲ့တော့ မဟုတ်ဘူး၊ မင်း လုပ်နိုင်လုပ်၊ မလုပ်နိုင်မလုပ်နဲ့ မှိုင်း"ဟု ဆရာကြီးသြက မှာလိုက်သေးသည်။

မှိုင်းသည် ဆိုင်းဘုတ်ကိုကြည့်ပြီး ၎င်းအိမ်ထဲ မဝင်သေးဘဲ အပြင်မှ အကဲခတ် ကြည့်သည်။

မှိုင်း စိတ်ထဲတွင် ထိုဆိုင်းဘုတ်ဆွဲ အိမ်ကြီးကို မြင်ရုံနှင့် အံ့သြမိသည်။

အိမ်တိုင်းတွင် ခြစည်းရိုး ကာရံထားသည်မှာ ဓမ္မတာ။

သို့သော် ကံကြီးရိပ်သာ အိမ်ကြီးမှာ သူများထက်ထူးပြီး ခြံစည်းရိုးကို နှစ်ထပ် ကာရံထားသည်ကို တွေ့ရသည်။ ခြံကြီးမှာ ပေတစ်ရာ့ငါးဆယ် ပတ်လည်ခန့် ကျယ်ဝန်းပေမည်။

ပထမခြံစည်းရိုးမှာ နှစ်တစ်လက်မ ပျဉ်းကတိုးသစ်သားချောင်းများဖြင့် ကာရံထားသည်။ ထိုသစ်သားခြံစည်းရိုးမှာ ခြံတံခါး ပွင့်လျက်သား ရှိနေပါ၏။





ဒုတိယခြံစည်းရိုးမှာ ပတ်လည်တစ်ခုလုံး ခုနစ်ပေအမြင့်ခန့်ရှိသော အုတ်ခြံစည်းရိုး ကာထားသည်။

ဒုတိယအုပ်ခြံစည်းရိုး ခြံတံခါးကိုမူ သံတံခါးပိတ်ထားသည်။

အုတ်ခြံစည်းရိုးအလယ်၌ နေထိုင်သော တိုက်အိမ်တည်ဆောက်ထားပေသည်။

ပထမသစ်သားခြံစည်းရိုးနှင့် ဒုတိယအုတ်ခြံစည်းရိုးမှာ ပေငါးဆယ်မက ခြားထားပေသည်။

ခြံစည်းရိုးနှစ်ထပ်ထားသော အိမ်မျိုးကို မှိုင်း ဒီတစ်ခါသာ တွေ့မြင်ဖူးသည်။

မည်သို့ဖြစ်စေ ဆရာကြီးသြနှင့် ခွဲခွာခဲ့ပြီးနောက် မှိုင်းအတွက် စားဝတ်နေရေးအတွက် အလုပ်တစ်ခုတော့ လုပ်ရမည်သာ။

ဆရာကြီးသြနှင့် တောထဲတွင် သုံးနှစ်သုံးမိုး နေလာခဲ့သော မှိုင်းသည် ယခု ဘာအလုပ်ပဲရရ လုပ်ရတော့မည်မို့ ဆရာကြီးသြ ရေးပေးလိုက်သောစာကို ပြပြီး သူဌေးဦးမြတ်မင်းထံတွင် အလုပ်တစ်ခု လုပ်ရမည်ဖြစ်သည်။

အသင့်ပွင့်နေသော သစ်သားခြံစည်းရိုးတံခါးမှ မော်တော်ဆိုင်ကယ်ကို မောင်းဝင်လာသည်။

ခြံထဲသို့ ဆယ့်လေးငါးပေခန့် မောင်းဝင်လာသည်နှင့် ဘယ်ကဘယ်လို ထွက်လာသည်မသိ လူသုံးယောက် ထွက်

လာကာ မှိုင်းကို တြိဂံပုံစံနှင့် ဝိုင်းထားလိုက်သောကြောင့် မော်တော်ဆိုင်ကိုယ်ကို ရပ်ပြီး ဒေါက်ထောက်ကာ မှိုင်း မော်တော်ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်သည်။

တစ်ယောက်က ငှက်ကြီးတောင်ဓားရှည် ကိုင်ထားသည်။

နောက်တစ်ယောက်က အသွားခြောက်လက်မခန့်ရှိ ဓားမြှောင် ကိုင်ထားသည်။

နောက်ဆုံးတစ်ယောက်က သစ်သားတုတ် ကိုင်ထားသည်။ ရိုးရိုးသစ်သားချောင်းတုတ်မျိုး မဟုတ်၊ ရိုက်လို့ကောင်းစေရန် တမင်လက်ကိုင်ရိုးနှင့်တုတ်မျိုး ဖြစ်သည်။

"ကျုပ် သူဌေးဦးမြတ်မင်းနဲ့တွေ့ဖို့ လာတာပါ"

"အေး ... ဒီခြံထဲ ဝင်လာသမျှ ဘယ်သူမဆို ငါတို့သုံးယောက်နဲ့ ရင်ဆိုင်ရမှာပဲ။ ကဲ ... ဒီတော့ ..."

မှိုင်းသည် ဓားရှည် ဓားမြှောင် ရိုက်တုတ်ကိုင်ထားသည့် သုံးယောက်နှင့် တိုက်ခိုက်ရတော့သည်။

ဆရာကြီးညြ သင်ပေးခဲ့သော ပညာမှာ သေနတ်မှလွဲပြီး ဓားရှည် ဓားမြှောက် ရိုက်တုတ်ကိုင် သုံးယောက် မဆိုထားနှင့် ဆယ်ယောက်ဖြစ်စေဦးတော့ ယှဉ်ပြိုင်နိုင်လောက်အောင် လေ့ကျင့်သင်ကြားပေးထားသော ပညာဖြစ်ပါ၏။

တိုက်ပွဲမှာ ဆယ်မိနစ်ပင် ပြည့်အောင်မထင်။ ဓားရှည် ဓားမြှောင်နှင့် တုတ်ကိုင်သုံးယောက်မှာ မြေပေါ်တွင် မှောက်သူ





မှောက်၊ လန်သူလန်နှင့် ပြန်မထနိုင်တော့အောင် သုံးယောက်စလုံး မလှုပ်ရှားတော့ပေ။

မှိုင်းသည် ဓားရှည် ဓားမြှောင် ရိုက်တုတ် သုံးခုစလုံး ကောက်ယူကာ အုတ်ခြံစည်းရိုးတွင်ရှိသော သံတံခါးဆီသို့ လျှောက်လာခဲ့သည်။

တကယ်တော့ သုံးယောက်နှင့် တစ်ယောက် သတ်ပုတ်နေစဉ်မှာပင် ပွင့်နေသော သစ်သားခြံတံခါးဝသို့ လေးဘီးမာဇဒါကားပြာလေးတစ်စီး ရောက်လာပြီး ခြံထဲအဝင်မှာပင်ကားလေးကို ရပ်ထားသည်။

ပွဲသိမ်းပြီး မှိုင်းက အုတ်ခြံစည်းရိုး တံခါးဆီလျှောက်သွားမှ လေးဘီးကားပြာလေးကလည်း နောက်မှ မောင်းဝင်လာသည်ကို တွေ့ရသည်။

အုတ်စည်းရိုး၏ ပိတ်ထားသော သံတံခါးအတွင်းတွင် မှိုင်း ဝင်ရောက်လာသည်ကို အမျိုးသားကြီးတစ်ဦးနှင့် အမျိုးသမီးငယ်ငယ် နှစ်ယောက် ရပ်ကြည့်နေသည်ကို မှိုင်းတွေ့ရသည်။

အမျိုးသားကြီးက အသက်လေးဆယ့်ငါးနှင့် ငါးဆယ်ကြားတွင် ရှိလောက်သည်။ အမျိုးသားကြီး၏ ဥပဓိရုပ်က ရည်မွန်ပြီး အသားဖြူဝင်းနေသောကြောင့် နုပျိုနေသဖြင့် အသက်အရွယ်ကို တိတိကျကျ ခန့်မှန်းရန် ခက်သည်။ ဥပဓိရုပ်သန့်ပြီး ကျန်းမာနုပျိုသည်ဟုသာ မှတ်ချက်ချနိုင်သည်။

ထိုပုဂ္ဂိုလ်ကြီးလက်မောင်းကိုတွဲချိတ်ထားသော အမျိုးသမီးငယ်ကတော့ ရှိလှပါမှ အသက်နှစ်ဆယ်ခန့်သာဟု ခန့်မှန်းနိုင်သည်။ နုပျိုငယ်ရွယ်ရုံမက ချောချောလှလှ ကောင်မလေးငယ်လေး ဖြစ်ပေသည်။

မှိုင်း၏ ရုပ်ဆင်းအင်္ဂါကို ကြည့်ပါလေ။ တကယ့်စုတ်တီးစုတ်ဖတ်ပုံစံ ရှိနေသည်။

စစ်ဦးထုပ် အပျော့စား အစိမ်းရောင်မှာ ပျော့ဖတ်ခွေပြီး နဖူးနှင့် မျက်ခုံးကို အုပ်သည်အထိ ခွေကျနေသည်။ နဂိုအစိမ်းရောင်မှာ မွဲခြောက်ခြောက်နှင့် ဖုန်တွေတက်နေသည်။ တောထဲက ထွက်လာကတည်းက မရိပ်ဘဲထားသော ပါးမြိုင်းမွေးတွေ ရှည်လျားကာ တကယ့်လူဆိုးရုပ် ပေါက်နေသည်။ ဝတ်ဆင်ထားသည်မှာ နဂိုဂျင်းအင်္ကျီနှင့် ဘောင်းဘီအပြာရောင် ဖြစ်သော်လည်း မိုင်တစ်ရာကျော် မော်တော်ဆိုင်ကယ်စီးပြီး ဖုန်မှုန့်တွေပေကျံကာ အင်္ကျီနှင့် ဘောင်းဘီမှာလည်း ဖုန်တွေတင် မွဲခြောက်ခြောက် ရှိနေသည်။

လူလုံးလူဖန်ကတော့ မပြောနှင့်တော့၊ မြင်ရုံနှင့်ပင်ထောင်မောင်းကြွခိုင်ပြီး ကျန်းမာရေး သိပ်ကောင်း၊ အားအင်သိပ်ရှိပုံစံ အလိုလို ပေါ်လွင်နေသည်။

"ကဲ ... ဆိုပါဦး၊ မင်းက ဘယ်သူလဲ၊ ဘာကိစ္စနဲ့ လာတာလဲ"





ဦးမြတ်မင်း မေးသည်ကို မှိုင်းက ချက်ချင်းမဖြေသေးဘဲ သူ၏နဖူးအုပ် ပျော့ဖတ်ဖတ် မွဲခြောက်ခြောက် ဦးထုပ်ကို ချွတ်ခါ သူ့ပေါင်တံဖြင့် ဦးထုပ်ကို ဖုန်တွေရိုက်ခါလိုက်သည်။ ဦးထုပ်မှ ဖုန်မှုန့်တွေရော ဘောင်းဘီမှ ဖုန်မှုန့်တွေရောရိုက်ခါချက်ကြောင့် ထောင်းခနဲ ဖုန်တွေ လေတွင်ဝဲသွားသည်။

ဦးမြတ်မင်းကို လက်ချိတ်ထားသော အမျိုးသမီးငယ်ချောလေးသည် ဖုန်မှုန့်တွေ ပျံ့လွင့်လာသည်ကို သူမ၏လက်မ လက်ညှိုးနှင့် နှာခေါင်းပေါက်ကို ပိတ်ထားလိုက်သည်။

"ကျွန်တော့်နာမည် မှိုင်း၊ ဆရာကြီးဩရဲ့ တပည့်ရင်း၊ ဒီမှာ ဆရာကြီးက ဦးမြတ်မင်းကို ပေးလိုက်တဲ့စာ"

မှိုင်းက အိတ်ထဲမှစာကို ထုတ်ပေးလိုက်သည်။ ဦးမြတ်မင်း စာကိုဖတ်နေစဉ် တွဲလျက်သား အမျိုးသမီးငယ်က မှိုင်းကို သေချာကြည့် အကဲခတ်သည်။

ဦးထုပ်ချွတ်လိုက်သည့်အတွက် မှိုင်းမျက်နှာကို မြင်တွေ့ရသည်။ ပါးမြိုင်းမွေးတွေနှင့် အမြင်အားဖြင့် ကြမ်းသယောင်ရှိသော်လည်း မျက်ခုံး မျက်လုံး နှာတံ နှုတ်ခမ်းတို့မှာ တော်တော်ကြည့်ကောင်းမှန်း မိန်းမပျို မိန်းမငယ်၏ အကြည့်တွင် ထင်းခနဲတွေ့မြင်ရသည်။

ကျစ်လစ်တောင့်တင်း ကြွခိုင်သော ကိုယ်ထည်နှင့် အရုပ်အမောင်းသည် အကဲခတ်နေသော အမျိုးသမီးငယ် ပခုံးလေး တွန့်သွားစေပါ၏။

စာကိုဖတ်ပြီး ဦးမြတ်မင်းက ဆိုသည်။

"အင်း ... ကြည့်ရတာ မဆိုးပါဘူး။ ဒါပေမဲ့ ခြံထဲမှာ လဲကျန်ခဲ့တဲ့ သုံးကောင်ကို အနိုင်ရရုံနဲ့ မင်းရဲ့အရည်အသွေးကို ငါ မဆုံးဖြတ်နိုင်သေးဘူး"

မှိုင်း သည်ကောင်သုံးယောက်ထံမှ ယူလာသော ဓားရှည် ဓားမြှောင်နှင့် ရိုက်တုတ်ကို သိတံခါးခြေရင်းသို့ ပစ်ချထားလိုက်သည်။

"ကျွန်တော် ဒီခြံထဲ ဝင်လာကတည်းက ဦးမြတ်မင်းရဲ့ တပည့်သုံးယောက်နဲ့ ကျွန်တော့်ကို အင်တာဗျူး လုပ်လိုက်တာ မဟုတ်လား၊ ကျွန်တော် ပွဲသိမ်းခဲ့ပြီးပြီ၊ ဒီအင်တာဗျူးမှာ ကျွန်တော် မအောင်ဘူး၊ ကျတယ်လို့ ဦးမြတ်မင်း ဆုံးဖြတ်ရင် ကျွန်တော် ပြန်ရုံပဲ"

"ဟ ... အဲဒီသုံးကောင်က ခြံစောင့် ခွေးမောင်း နွားမောင်း ခြံစောင့်အဆင့်လောက်သာ ရှိတာပဲ၊ ဒီသုံးကောင်ကို လှဲသိပ်ရုံလောက်နဲ့တော့ အမှတ်ပြည့် ဘယ်ပေးနိုင်မလဲ"

"ဒါဆိုလည်း နောက်ထပ် အလုပ်လာလျှောက်တဲ့လူတွေအတွက် ဦးမြတ်မင်း အာရှကဖြစ်ဖြစ် ဥရောပကဖြစ်ဖြစ် ကမ္ဘာကျော် လူမိုက်တွေ ထပ်ငှားထားဦးပေါ့ဗျာ၊ ကျွန်တော်ကတော့ မကျော်ရ ပြန်ရုံပဲ၊ စာမေးပွဲအင်တာဗျူး ကျလို့ ပြန်ပြီပေါ့ဗျာ"





မှိုင်း မော်တော်ဆိုင်ကယ်ဆီသို့ ခပ်တည်တည် ခပ်အေးအေးပင် ပြန်လျှောက်သွား၏။

ဦးမြတ်မင်း တွေဝေနေပါ၏။

"ဒီပွဲမှာ ဖေဖေက အကဲဖြတ် ဒိုင်လူကြီးဆိုရင် ဒိုင်လူကြီး မတရားဘူးလို့ မညိုက ဆုံးဖြတ်တယ် ဖေဖေ"

"ဟော ... သမီးလေး ညိုညို ရောက်နေသလား"

ယင်းသို့ပြောလိုက်သော အမျိုးသမီးမှာ လေးဘီးကားပြာပေါ်မှ ဆင်းလာသော အမျိုးသမီးက ကားပေါ်မှ တံခါးဖွင့်ဆင်းရင်း ပြောလိုက်ကြောင်း မှိုင်း သတိထားလိုက်မိကာ သမင်လည်ပြန် လှည့်ကြည့်သည်။

"မညို ရောက်နေတာ ခြံထဲမှာ သုံးယောက်နဲ့ တစ်ယောက် သတ်ပုတ်ပွဲ စကတည်းက ရောက်နေတာ ဖေဖေ။ သုံးယောက်က လက်နက်နဲ့ ဟိုတစ်ယောက်က ဘာလက်နက်မှမရှိဘဲ ဖေဖေ့တပည့်သုံးယောက် ပုံလဲသွားတာ သမီးကိုယ်တိုင် မြင်တယ်၊ ဒါကြောင့် ဒီပွဲမှာ ဒိုင်လူကြီး ဖေဖေဆိုရင် ဒိုင်လူကြီး မတရားဘူးလို့ မညိုက ပြောတာ။ ခြံထဲက သုံးယောက်ဟာ ဖေဖေကိုယ်တိုင် စမ်းသပ်ပြီး သဘောကျလို့ ခန့်ထားတဲ့ တပည့်သုံးယောက်ပဲဟာ"

"ဒီကောင့်ကြည့်ရတာ ထောင့်မကျိုးဘူးလားလို့ သမီး၊ ဖေဖေ့ကို ဆက်ဆံတာတောင် မျက်နှာထား တင်းတင်းနဲ့"

"သူ့ကို အလုပ်ခန့်တာ မခန့်တာ ဖေဖေ့သဘောပါ၊ ဖေဖေ့လုပ်ငန်းအတွက်ပဲဟာ၊ ဒါပေမဲ့ မညိုရဲ့အတွေ့အကြုံ အရ ပြောရမယ်ဆိုရင် ကိုယ့်အရည်အချင်းကို ကိုယ်ယုံကြည်ပြီး ထက်မြက်သူတွေဟာ မျက်နှာချို မသွေးတတ်ဘူး၊ အောက်ကျို့မခံတတ်ဘူး ဖေဖေ၊ ဘာပဲဖြစ်ဖြစ် ဖေဖေရဲ့ အလုပ်မှာ ဖေဖေ့သဘောပါ၊ မညိုက အခုလက်တွေ့အမြင်နဲ့ ဝေဖန်ပြောနေမိတာပါ"

"အေး ... ငါ့သမီး ညိုညိုဝင်း ဆိုတာ အထက်တန်းပြ ဆရာမတစ်ယောက်ပဲ၊ ပညာရှိတယ်၊ ဉာဏ်ရှိတယ်၊ အခု သမီးပြောတာ ဖေဖေ လက်ခံတယ်၊ ဟေး ... မှိုင်းဆိုတဲ့ သူငယ်၊ မပြန်ပါနဲ့ဦး၊ အန်ကယ့်ဆီ ခဏလောက်ပြန်လာပါဦး"

မှိုင်းသည် မော်တော်ဆိုင်ကယ်ပေါ် တက်ခွပြီး စက်နှိုးနေစဉ် ဦးမြတ်မင်း ပြန်ခေါ်သံကြောင့် ပြန်ဆင်းလာသည်။

"ဗျို့ ... ကိုဟိုင်းလုံ"

"လာပါပြီ ဆရာကြီး"

ဦးဟိုင်းလုံ အပြေးကလေး ဦးမြတ်မင်း ရှိရာသို့ ပြေးလာသည်။

မှိုင်းလည်း ဦးမြတ်မင်းရှေ့သို့ ရောက်လာသည်။ မှိုင်းသည် ဦးမြတ်မင်းနှင့် သူ့သမီး ညိုညိုမင်း ပြောစာတွေ အားလုံး ကြားပြီးသားဖြစ်ပါ၏။





"ဒီမှာ ကိုဟိုင်းလုံ၊ ဟောဒီ မှိုင်း ဆိုတဲ့ သူငယ်ကို ဝေလုနဲ့ နှစ်ခန်းတွဲက လွတ်နေတဲ့ အခန်းကို ပို့ပေးလိုက်၊ ဘာမဆို မှိုင်းကို ဝေလုနဲ့ တန်းတူထားပေး၊ ကြားလား"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဦးဟိုင်းလုံက ရှေ့မှသွားသည်။

မှိုင်း မော်တော်ဆိုင်ကယ်ကို ခွစီးပြီး တစ်ဘီးခြင်းလှိမ့်ကာ ဦးဟိုင်းလုံနောက်မှ လိုက်ပါသွားသည်။

"ကဲ ... သမီးလေး မညို၊ အခု ဖေဖေ့ဆီလာတာ ဘာကိစ္စ၊ ပြော သမီး"

"ဖေဖေ မေ့နေရင် သတိပေးဖို့ပါ ဖေဖေ"

"ပြောပါဦး၊ ဖေဖေ ဘာမေ့နေရင် သမီးက ဘာသတိပေးဖို့လဲ"

"သန်ဘက်ခါနေ့ဟာ မေမေ ဆုံးတာ တစ်နှစ်မြောက်နေ့ပဲ ဖေဖေ"

"ဟော ... ဟုတ်လား၊ ဖေဖေက သမီးမေမေ မနှင်းအေးကို မေ့နေတာ မဟုတ်ပါဘူး၊ မနှင်းအေး ဆုံးသွားတာ ဘယ်လောက်ကြာသွားပြီ ဆိုတာကိုသာ မတွက်မိတာပါ"

"အဲဒါ ပိုဆိုးတာပေါ့ ဖေဖေ"

"ဖေဖေ အလုပ်ဘယ်လောက်များတယ်ဆိုတာ သမီးမညိုသိသားနဲ့ကွယ်၊ အေးလေ ... ထားပါတော့၊ သန်ဘက်ခါ တစ်နှစ်မြောက်နေ့မှာ သမီး ဘာလုပ်ချင်လဲပြော"

"မေမေဆုံးတာ အသက်လေးဆယ့်လေးနှစ်ပါ၊ တစ်နှစ်ထည့်ပေါင်းရင် လေးဆယ့်ငါးနှစ်၊ ဒီတော့ သံဃာအပါးလေးဆယ့်ငါးပါး ပင့်ပြီး ဆွမ်းကျွေးမယ်၊ လှူဒါန်းဖွယ်တွေ လှူဒါန်းမယ်၊ မေမေ့အတွက် ပရိတ်ရွတ် လိုအပ်တာတွေ ရွတ်ဖတ်သရဇ္ဈာယ်၊ မေမေ ကောင်းရာသုကတိလားစေဖို့ အမျှဝေမယ်၊ သံဃာတစ်ပါးကို ငွေတစ်ထောင်နှုန်းလှူမယ်"

"ကောင်းတယ် သမီး၊ လုပ် ... လုပ် ... သမီးကြိုက်သလိုလုပ်၊ ကုန်ကျသမျှ ဖေဖေ ခံမယ်၊ သမီးနေတဲ့ မဥ္ဇူလမ်းက အိမ်မှာလား"

"မဟုတ်ဘူး၊ ဟောဒီ ကန်ကြီးရပ်က ဒီအိမ်မှာလုပ်မှာ"

"ဟာ ... သမီး မညို၊ ဖေဖေက အဲဒီကိစ္စတွေ သိပ်မကျွမ်းကျင်ဘူး၊ ဟောဒီ သီဂီမာကလည်း အဲဒါတွေ လုပ်တတ်မှာ မဟုတ်ဘူး သမီး"

"ဖေဖေတို့ လင်မယား မေမေ့အတွက် ဘာမှလုပ်ပေးစရာမလိုဘူး ဖေဖေ၊ မညိုအဖွဲ့နဲ့ မညို အားလုံး လာလုပ်သွားမှာ၊ ဒီအိမ်မှာ မညိုက လုပ်ချင်လွန်းလို့ လာလုပ်တာမဟုတ်ဘူး ဖေဖေ၊ မေမေ ဆုံးသွားတာ ဒီကန်ကြီးရိပ်သာအိမ်မှာ ဆုံးသွားတာ၊ မေမေရဲ့ဝိညာဉ်ဟာ ရှိခြင်းရှိ ဒီကန်ကြီးရိပ်သာအိမ်မှာပဲ ရှိနေမှာ၊ မညိုက မေမေဆုံးသွားပြီးမှ မဥ္ဇူလမ်းမှာ ပြောင်းနေတာ၊ ဒါကြောင့် မေမေ့အတွက်





ကောင်းမှုကုသိုလ်နဲ့ အမျှအတန်းဝေဖို့ ဒီကန်ကြီးရိပ်သာအိမ်မှာ လုပ်ချင်တာပါ ဖေဖေ"

ဦးမြတ်မင်း၏ ဇနီးချောငယ်လေး သီဂီမာသည် ညိုညိုမင်းက မေမေ့ရဲ့ဝိညာဉ် ဒီကန်ကြီးရိပ်သာအိမ်မှာပဲ ရှိနေမှာမို့ ဟူသော စကားကြောင့် သီဂီမာက ပခုံးလေး တွန့်လိုက်သည်ကို ညိုညိုမင်းက တွေ့မြင်လိုက်သည်။

"ဘာလဲ မသီဂီမာ၊ မေမေ့ဝိညာဉ် ဒီအိမ်ကြီးမှာ ရှိနေမယ်ဆိုလို့ ကြောက်သွားသလား၊ မေမေ့ကို ဘာမှမကြောက်ပါနဲ့ မသီဂီမာ၊ မေမေ့မှာ လင်လုတတ်တဲ့အကျင့် မရှိဘူး၊ ဖေဖေက မေမေ အသက်ရှင်စဉ်ကတည်းက မသီဂီမာအပြင် တခြားမိန်းမတစ်ယောက် ယူခဲ့သေးတာပဲ၊ မေမေက လင်ဆိပ်မတက်ဘူး၊ ဖြုတောင်မဖြုဘူး၊ ဖေဖေ ဘာလုပ်လုပ် မေမေက ငြိမ်ငြိမ်အေးအေး နေတတ်တဲ့အကျင့်ရပြီးသားပါ၊ အခု ဖေဖေ့ကို မသီဂီမာ ယူထားလို့ မေမေ့ဝိညာဉ်ကို လုံးဝမကြောက်ပါနဲ့၊ တကယ်ဆို မညို ကိုယ်တိုင်က ဒီအိမ်မှာ လာမလုပ်ချင်ပါဘူး၊ မေမေ ဆုံးတာက ဒီအိမ်မှာ ဆုံးတာမို့ လာလုပ်တာ"

"တော်ပါတော့ သမီး၊ ဘာမှ ဆက်မပြောပါနဲ့တော့၊ သမီးစိတ်ကြိုက် ဒီအိမ်မှာ လာလုပ်ပါ၊ ဖေဖေ ကိုယ်တိုင် မနှင်းမေအတွက် ရေစက်ချ အမျှဝေမှာပါ သမီး"

ညိုညိုမင်းသည် သံတံခါးမှ တိုက်အိမ်ကြီးထဲသို့ပင် မဝင်ဘဲ ချာခနဲ လှည့်ကာ ...

"မညို ပြန်မယ် ဖေဖေ"

ဟုသာ ပြောပြီး သူမ၏ လေးဘီးကားလေးပေါ် တက်ရောက်ပြီး ခြံထဲမှ မောင်းထွက်သွားပေတော့သည်။

"မညိုညိုမင်းက သိပ်ထက်တာပဲနော်"

"ဟုတ်တယ်၊ သမီးမညို သိပ်ထက်တယ်၊ ငယ်ငယ်လေးတည်းက ဦးနှောက်သိပ်ကောင်းတယ်၊ မိဘကိုလည်း သိပ်ချစ်တဲ့သမီး။ အေး ... အစ်ကိုကြီး သိင်္ဂီမာကို မှာထားမယ်၊ သမီးမညိုရဲ့မေမေ အစ်ကိုကြီးရဲ့ဇနီးကြီး မနှင်းအေး သေဆုံးသွားတာကို အစ်ကိုကြီး ဘယ်လိုမှ ခံစားမှုမရှိပေမဲ့ တစ်ဦးတည်းသော သမီးလေး မညိုကိုတော့ အစ်ကိုကြီး သိပ်ချစ်တယ်၊ သမီးမညိုနဲ့ သိင်္ဂီမာ ဘယ်တော့မှ ပဋိပက္ခ မဖြစ်ပါစေနဲ့၊ သမီး မညိုနဲ့ ပတ်သက်လာရင် သိင်္ဂီမာ အပြောအဆို ဆင်ခြင်ပါ"

"အယ် ... သိင်္ဂီမာက မညို မကြိုက်တာ မကျေနပ်တာ ဖြစ်အောင် ဘာတစ်ခွန်း ပြောဘူးလို့လဲ၊ အစ်ကိုကြီး ပြောထားတဲ့အတိုင်း မညိုကိုတွေ့ရင် သိင်္ဂီမာ မျက်နှာချိုသွေးတယ်၊ အောက်ကျို့ခံတယ် မဟုတ်လား၊ အခုလည်း ဒီတိုက်အိမ်ကြီးမှာ သေသွားတဲ့လူရဲ့ ဝိညာဉ် ရှိနေမယ်ဆို





တဲ့စကားကြောင့် သိင်္ဂီက တကယ်ကြောက်သွားလို့ ပခုံးတွန့်မိတာပါ။ ဒီမယ် အစ်ကိုကြီး၊ သိင်္ဂီမာအနေနဲ့ အစ်ကိုကြီးရဲ့ဇနီး ဒေါ်နှင်းအေး ဆိုတာကို ဖြူသလား မည်းသလားတောင် မမြင်ဖူးပါဘူး၊ ကိုယ်မသိမမြင်ဘူးတဲ့ သူဟာ ဒီတိုက်အိမ်ကြီးမှာ ဝိညာဉ်အဖြစ် ရှိနေလို့ သိင်္ဂီကို ခြောက်လှန့်ရင်တောင် သိင်္ဂီက ခြောက်မှန်းသိမှာမှ မဟုတ်တာ၊ ကဲ ... ကျေနပ်ပြီလား အစ်ကိုကြီး၊ နောက်တစ်ခါ မညိုရှေ့မှာ သိင်္ဂီမာ ပခုံးတွန့်မပြပါဘူး၊ ဘာမှလဲ တွန့်မပြပါဘူး"

သိင်္ဂီမာ ငိုချလိုက်ပေသည်။

သူမအား လင်တော်မောင် ဦးမြတ်မင်းက သမီးညိုညိုမင်းနှင့် ပတ်သက်ပြီး မျက်နှာထားကြီးနှင့် ပြောသည်ကို သိင်္ဂီမာ ဝမ်းနည်းသွားသောကြောင့် ငိုချမိခြင်း ဖြစ်ပါ၏။ ငိုရင်းကပင် သူမ၏ ခံစားချက်များကို ဆက်ပြောပြန်သည်။

"တကယ်တော့ သိင်္ဂီမာဟာ အသက်ငယ်ငယ်နဲ့ မိဘတွေအပေါ်မှာ တင်ရှိတဲ့ ကြွေးငွေတွေကြောင့် သိင်္ဂီမာရဲ့ဘဝနဲ့ ရင်းပြီး ကြွေးနဲ့အသိမ်းခံရသူပါ၊ သိင်္ဂီမာဟာ ကြွေးသိမ်းခံရတဲ့ အစ်ကိုကြီးရဲ့ အပျော်မယားပါ၊ ကနေ့အထိ ဒီတိုက်အိမ်ကြီးပေါ်မှာ နေရပေမဲ့ အစ်ကိုကြီးရဲ့ တရားဝင်ဇနီးဘဝကို မရရှိသေးပါဘူး၊ အပျော်မယား သက်သက်ပါ"

ပြောရင်း ဝမ်းနည်းရင်း သီဂီမာ၏ ငိုရှိုက်မှု ပို၍ ပြင်းထန်လာသည်ကို ဦးမြတ်မင်းသည် ရီဝေသောအကြည့်ဖြင့် ငေးကြည့်နေသည်။

“ကဲပါ သီဂီမာရယ်၊ ငိုမနေပါနဲ့၊ ဝမ်းနည်းမနေပါနဲ့တော့၊ တကယ်တော့ သီဂီမာ့ကို အစ်ကိုကြီး တကယ်ချစ်မြတ်နိုးလို့ ယူတာပါ၊ ကြွေးနဲ့သိမ်းတဲ့သဘော မဟုတ်ပါဘူး၊ ယုံပါ၊ တရားဝင် လက်ထပ်ဖို့ ဆုံးဖြတ်ပြီးသားပါ၊ အခု လောလောဆယ်မှာ လုပ်ငန်းတစ်ခု လုပ်စရာကို စိုင်ပြင်းနေသေးလို့ပါ၊ ဒီလုပ်ငန်းပြီးတာနဲ့ သီဂီမာကို အစ်ကိုကြီး တရားဝင် လက်ထပ်မှာပါ၊ မငိုပါနဲ့တော့ သီဂီမာရယ်”

ဤသို့ ပြောလိုက်ပါက သီဂီမာက ဝမ်းသာသွားလိမ့်မည်ဟု ဦးမြတ်မင်း မျှော်လင့်ထားမိသည်။

သို့သော် ...

သီဂီမာသည် ဝမ်းပန်းတသာ မရှိဘဲ ငိုမြဲငိုနေရှာပါ၏။

ထိုစဉ်မှာပင် ...

“ဦးမြတ်မင်း ခင်ဗျား၊ ကျွန်တော် သိပ်ပြီး ဗိုက်ဆာနေပါပြီ။ ဦးမြတ်မင်းကို ကြည့်ရတာ ကနေ့အဖို့ ကျွန်တော့်ကို ထမင်းကျွေးဖို့ အစီအစဉ် ရှိပုံမရပါဘူး၊ ကျွန်တော် မြို့ထဲ ထွက်ပြီး ထမင်းဆိုင်မှာ သွားစားလိုက်ပါဦးမယ်၊ ခွင့်ပြုပါ ခင်ဗျား”





မှိုင်း၏အိမ်အပြင်ဘက်မှ ဟိန်းနေသော အသံဖြင့် လှမ်းပြောလိုက်သောကြောင့် သီဂီမာပင် ငိုကြွေးရာမှ အငိုရပ်သွားပြီး မှိုင်းရှိရာကို လှမ်းကြည့်လိုက်သည်။

မှိုင်းသည် စောစောက တွေ့ခဲ့သော မှိုင်းပုံစံမဟုတ်ပါလေတော့။

ဦးဟိုင်းလုံက မှိုင်း နေဖို့အခန်းကို ပို့ပြီးနောက် မှိုင်းသည် ဖုန်အလိမ်းလိမ်းဖြင့် ညစ်ပတ်နေသော အဝတ်အစားတွေချွတ်သည်။ ရေမိုးချိုး ခန့်စင်၊ ထိုးထိုးထောင်ထောင် ပါးမြိုင်းမွေးတွေ ရိတ်ပစ်သည်။ ကုပ်ဝဲရှည်ကျနေသော ဆံပင်တို့ကို ညီညီညာညာ ညှပ်ပစ်သည်။

မှိုင်း၏ ပင်ကိုရုပ် ပေါ်ထွက်လာသည်။

ဖြူဆွတ်နေသော စပို့ရှပ်လက်တိုတွင် ကော်လာနားလက်နား အမည်းကွပ်ပါရှိသည်ကို ဝတ်ထားသည်။ ပုဆိုးအနက်ခံတွင် အဖြူစင်းလေးများပါသည်။ ပုဆိုးဝတ်ဆင်ထားသည်။

ကတ္တီပါသဲကြိုးအနက်နှင့် မြန်မာဖိနပ်ကို စီးထားသည်။ ညနေစောင်းသွားပြီမို့ နေကာမျက်မှန် မတတ်တော့။

ယခုလို သန့်သန့်ပြန့်ပြန့်နှင့် ဝတ်စားလိုက်သော မှိုင်းအား တွေ့မြင်သူတိုင်းက အလွန်ကျန်းမာရေးကောင်းပြီး သိပ်ကြည့်ကောင်းကာ ယောက်ျားပီသပါပေသည် ပြောကြမည်သာ။

ချောခြင်းလှခြင်း မဟုတ်။

ယောက်ျားဆန်ဆန် ယောက်ျားပီသစွာ အလွန်ကြည့်ကောင်းခြင်းမျိုးသာ ဖြစ်ပါ၏။

"အေးပေါ့ မှိုင်း၊ ကျုပ် အလုပ်ခန့်လိုက်တဲ့ အလုပ်သမားတိုင်းကို ကော်ဖီတာဝန်၊ ထမင်းတာဝန် ကျုပ်ယူတာပါ၊ ဒီနေ့အဖို့တော့ မှိုင်း ကိုယ့်အစီအစဉ်နဲ့ပဲ ထွက်စားဦးပေါ့ မှိုင်း"

မော်တော်ဆိုင်ကယ်နှင့်ပင် မှိုင်း မုဒုံမြို့ထဲသို့ မောင်းထွက်လာခဲ့သည်။

ကန်ကြီးရပ်နှင့် မြို့ထဲမှာ အတန်ငယ်ဝေးသည်။ ကန်ကြီးရပ်သည် မြို့အစွန်ကျသော ရပ်ကွက်ဖြစ်ပါ၏။

✤ ✧ ✤



## ၃

ကားပြာလေးကို မှိုင်း အဝေးမှပင် လှမ်းမြင်ရသည်။ လေးဘီးကားပြာလေးတွေ မုဒုံမြို့တွင် အများအပြားရှိပါ၏။

ထိုလေးဘီးကားသည် ဗင်ကိုယ်ထည်၊ ပစ်ကပ်ကိုယ်ထည် နှစ်မျိုးရှိသည်။ ဗင်ကိုယ်ထည်ကားမှာ ယေဘုယျအားဖြင့် အိမ်စီးထက် ကိုယ်ပိုင်စီးကား ဖြစ်နေတတ်သည်။ ပစ်ကပ်ကိုယ်ထည် လေးဘီးကားကတော့ အငှားကား သို့မဟုတ် လုပ်ငန်းသုံးကားတွေ ဖြစ်တတ်သည်။

ဦးမြတ်မင်း၏သမီး ဆရာမ ညိုညိုမင်း စီးသော လေးဘီးကားမှာ ဗင်ကားဖြစ်ကြောင်း မှိုင်း သေချာသတိထားမိသည်။

ယခု လှမ်းမြင်ရသော ရပ်ထားသည့် လေးဘီးကားမှာ ဗင်ကားဖြစ်နေသည်။

မှိုင်းသည် ထိုရပ်ထားသော လေးဘီးကားလေးဘေးတွင် မော်တော်ဆိုင်ကယ် ရပ်လိုက်သည်။ ပြီး ပိတ်ထားသော ကားမှန်တံခါးမှ အတွင်းသို့ သေချာကြည့်သည်။ ကားထဲတွင် ညိုညိုမင်းကို မတွေ့၊ မည်သူတစ်ယောက်မျှ မရှိ။

မှိုင်းက ဦးခေါင်းဝဲယာလှည့်ပြီး လိုက်ကြည့်သည်။

ဗိုလ်ဗထူးလမ်းထိပ်တွင် အကြော်ဆိုင်နှင့် မုန့်ဟင်းခါးဆိုင် တွဲဖွင့်ထားသည့်ဆိုင်တွင် ညိုညိုမင်းသည် မုန့်ဟင်းခါးဆိုင်ဘက်ခြမ်းတွင် ခွေးခြေပုလေးပေါ် ထိုင်နေသည်ကို လှမ်းမြင်ရသည်။

ညိုညိုမင်းကလည်း သူမ၏ကားဘေးတွင် မော်တော်ဆိုင်ကယ် ရပ်ထားသည်ကို လှမ်းကြည့်နေသည်။

ညိုညိုမင်း သေချာတော့ မသိ။ သို့သော် မေမေ့ဆွမ်းကျွေးကိစ္စအတွက် ကန်ကြီးရိပ်သာ ဖေဖေ့အိမ်သွားစဉ်က မော်တော်ဆိုင်ကယ်နှင့် လူတစ်ယောက်ကိုတော့ တွေ့ခဲ့သည်။

ညိုညိုမင်းတွင် အခြားမော်တော်ဆိုင်ကယ်စီး အမျိုးသားအသိမိတ်ဆွေတချို့ ရှိပါ၏။ သို့သော် ထိုအသိမိတ်ဆွေများစီးသော မော်တော်ဆိုင်ကယ်တွေက အသစ်တွေ အပျံစားတွေဖြစ်သည်။ ကန်ကြီးရိပ်သာ ဖေဖေ့အိမ်မှာ တွေ့ခဲ့သည့် မော်တော်ဆိုင်ကယ်က ယခုခေတ်ဆိုင်ကယ်မျိုး မဟုတ်၊ ခေတ်ဟောင်းဆိုင်ကယ်ကြီးသာ ဖြစ်သည်။





စီးသူကလည်း ဖေဖေ့အိမ်တွင် တွေ့သူက စုတ်ပြတ်သတ်နေသည်။ ယခုလူကတော့ သားသားနားနား မွန်ရည်ရပ်ရှိနေသည်။

မှိုင်းသည် ညိုညိုမင်း ထိုင်နေသည်ကို တွေ့သည်နှင့် မော်တော်ဆိုင်ကယ်ကို "ဂ"ငယ်ကွေ့ ပြန်ကွေ့ပြီး ညိုညိုမင်း ဆီသို့ ရောက်လာသည်။

"ဆရာမ ဒေါ်ညိုညိုမင်းပါနော်"

ညိုညိုမင်း အတည်အခန့်နှင့်ပင် ခေါင်းညိတ်ပြပြီး မှိုင်းကို ကြည့်နေသည်။ ပြုံးခြင်း ရယ်ခြင်း မရှိပါလေ။

"လေးဘီးဗင်ကားလို့တော့ ကျွန်တော် မှတ်မိတယ်၊ ဒါပေမဲ့ ကားနံပါတ်ကို မှတ်မထားမိလို့ ဟုတ်မှ ဟုတ်ပါ့မလား လို့ ကားထဲကို သေချာငုံ့ကြည့်တာပါ"

"အခု လူကိုယ်တိုင် တွေ့သွားပြီပဲ ကိုမှိုင်း၊ ဘာကိစ္စလဲ ပြော၊ ဖေဖေက ကျွန်မဆီ လွှတ်လိုက်တာလား"

"ဟာ ... မဟုတ်ပါဘူး ဆရာမ၊ ကျွန်တော် ညစာထမင်းစားဖို့ ထွက်လာတာပါ၊ ကိုယ်မကျွမ်းကျင်တဲ့ မြို့ဆိုတော့ ထမင်းဆိုင်ကောင်းကောင်းရှာရင်း ကတ္တရာလမ်းအတိုင်း လိမ့်လာတာ ခပ်ဝေးဝေးကတည်းက ကားပြာလေးရပ်ထားတာ တွေ့လို့ ဆရာမကားများ ဖြစ်မလားလို့ သေချာကြည့်တာ၊ ဆရာမကိုတွေ့ရင် ကျွန်တော်က ကျေးဇူးတင်စကား ပြောချင်နေလို့ပါ"

"ကျွန်မကို ဘာကျေးဇူးတင်စရာ ရှိလို့လဲ"

"ဦးမြတ်မင်းက ကျွန်တော့်ကို အလုပ်ခန့်လိုက်တာ ဆရာမ ကျေးဇူးကြောင့်ပေါ့ဗျာ"

"ဪ ... ဒါလား၊ ကျွန်မ ဝင်မပြောလည်း ဖေဖေက ကိုမှိုင်းကို အလုပ်ခန့်ချင်နေတာပါ၊ အခုလက်ရှိ ဖေဖေ့ရဲ့ တပည့်တွေထဲမှာ ကိုဝေလု ဆိုတဲ့ လူကလွဲပြီး ကိုမှိုင်းလို အရည်အချင်းပြည့်တဲ့ တပည့်မှ မရှိတာ၊ ဒါထက် ကျွန်မ နာမည်ကို ကိုမှိုင်းက သိနေသလား"

"ကံကြီးရပ် အိမ်ကြီးမှာ ဆရာမဖေဖေနဲ့ ဆရာမ စကား ပြောနေတုန်းက ဆရာမဟာ အထက်တန်းပြကျောင်းဆရာမ ဒေါ်ညိုညိုမှိုင်း ဆိုတာ ကျွန်တော် ကြားတယ်လေ၊ နို့ ဆရာမကရော ကျွန်တော့်နာမည် မှိုင်းမှန်း သိနေလား"

"ဒါလည်း အတူတူပေါ့၊ ဖေဖေနဲ့ ရှင် စကားပြောတဲ့ထဲ မှာ ရှင့်နာမည် မှိုင်းလို့ ကျွန်မ ကြားခဲ့တာပဲ"

"ထားပါတော့လေ၊ ဦးမြတ်မင်းက ကျွန်တော့်ကို အလုပ် ခန့်ဖို့ ဇဝေဇဝါ ဖြစ်နေချိန်မှာ သမီးရှင်း ဆရာမက ဝင် ပြောလို့ ခန့်လိုက်တာ။ အဲဒါကိုပဲ ကျွန်တော်က ဆရာမ ကို သိပ်ကျေးဇူးတင်မိတာပါ၊ နို့မို့ရင် လောလောဆယ် လက်ရှိအခြေအနေမှာ ကျွန်တော့်အတွက် ဝင်ငွေမရှိ၊ အလုပ်မရှိ၊ နေစရာမရှိနဲ့ သောင်ပြင်လွှတ်တဲ့ နတ်သား လေး ဖြစ်နေတာ"





မှိုင်း၏ ဟာသနှော စကားကို ညိုညိုမင်းက ပြုံးမိ သည်။ ပုလဲစီသွားဖြူတန်းလေး ပေါ်သည်အထိ ပြုံးမိပါ၏။

ညိုညိုမင်းသည် အထက်တန်းပြ ကျောင်းဆရာမ ဖြစ်နေသောကြောင့် အထက်တန်းကျောင်းသားကျောင်းသူ ဆယ် ကျော်သက် လူပျိုပေါက် အပျိုပေါက်များရှေ့တွင် မျက်နှာထား တည်တည် နေသားကျသဖြင့် မျက်နှာတည်ကြီးနှင့် ရှိနေစေကာ မူ၊ ဆရာမညိုညိုမင်းသည် ရုပ်ချောသည်။ ကိုယ်လုံးအချိုးကျသည်။ ပင်ကိုအားဖြင့် အချောအလှတွေ ရှိနေသူဖြစ်သည်မို့ သွားဖြူပုလဲ တန်းလေးပေါ်အောင် ပြုံးရယ်လိုက်သောအခါ အရမ်း အရမ်းကြီး ကို ကြည့်ကောင်းလှပေသည်။

ညိုညိုမင်း ရင်ထဲတွင် မှိုင်းနှင့် စကားပြောရာတွင် စိတ်ပျော်သလိုလို ရှိလာသည်မို့ မှိုင်းကို အကဲခတ်ကြည့်မိလေ သည်။

မှိုင်း၏ ပြောဟန်ဆိုဟန် ကိုယ်နှုတ်အမူအရာကို မြင်ရခြင်းအားဖြင့် မှိုင်းသည် လူရည်မွန်တစ်ယောက် ဖြစ်သည် ဟု ဆုံးဖြတ်မိသည်။ ကန်ကြီးရပ်အိမ်တွင် တွေ့ခဲ့သည့် မှိုင်းသည် စုတ်တီးစုတ်ဖတ်နှင့် လူမိုက်ရုပ် ပေါက်နေသော်လည်း ယခု သန့်သန့်ပြန့်ပြန့် သပ်သပ်ရပ်ရပ် ဝတ်စားထားသည်ကို တွေ့ရ ပြန်တော့ ဒီလူသည် တော်တော်ကြည့်ကောင်းပြီး ယောကျ်ားပီသ လှသည်ဟုလည်း ရင်ထဲက မှတ်ချက်ချမိပြန်သည်။

မှိုင်းသည် ဖေဖေ ဦးမြတ်မင်းထံတွင် အလုပ်လာလျှောက်သူ ဖြစ်သည်။ ထို့ကြောင့် မှိုင်းအား အမျိုးကောင်းသားတစ်ယောက်ဟူ၍တော့ ညိုညိုမင်း မမှတ်ယူ။

ဖေဖေဦးမြတ်မင်းတွင် ယခုလက်ရှိ ခန့်ထားသော ကိုဝေလု၊ ကိုဝဏ္ဏ၊ ကိုဟိန္ဒ စသည့် တပည့်တွေသည် ညိုညိုမင်း၏ အမြင် အထင်သေးစရာ လူစားတွေ ဖြစ်သည်။ အထင်သေးရုံမက ထိုလူတွေကို ညိုညိုမင်း ရွံမုန်းသည်။ သူတို့ကို မြင်ရသည်မှာ မြွေပွေးတွေ အစုလိုက် ခွေနေသလို ရွံစရာ ကြောက်စရာဟု ယူမှတ်သည်။

ဖေဖေကိုယ်တိုင် လုပ်ကိုင်နေသော လုပ်ငန်းတွေကိုက ဥပဒေမကင်း၊ ဒုစရိုက်အလုပ်တွေမှန်း ညိုညိုမင်း သိသည်။ ဖေဖေ ယခုလို ချမ်းသာလာသည်မှာ ပည်း ဒီဒုစရိုက်လုပ်ငန်းတွေကြောင့်ပင် ဖြစ်သည်။

ထို့ကြောင့်လည်း ချစ်လှစွာသော မေမေဒေါ်နှင်းအေး ကွယ်လွန်သည်နှင့် သိင်္ဂိမာကို အိမ်ပေါ်တင်ခေါ်ထားပြီး တပည့်လူမိုက်တွေနှင့် စည်ကားနေသော ကန်ကြီးရိပ်သာတိုက်အိမ်ကြီးကို စွန့်ခွာကာ ညိုညိုမင်းသည် အဒေါ်တော်စပ်သူ ဒေါ်လေးသူဇာ အပိုကြီးကို အဖော်ပြုကာ မဥ္ဇူလမ်းအိမ်တွင် ငှားနေခဲ့ခြင်း ဖြစ်ပေသည်။

မှိုင်းလည်း ဖေဖေ့လုပ်ငန်းအတွက် ခန့်လိုက်သော လူမို့ အမျိုးကောင်းသား တစ်ယောက်ဟူ၍တော့ ညိုညိုမင်း မမှတ်ယူ။





သို့သော် ယခု တွေ့ဆုံပြောဆိုနေသော မှိုင်းသည် ဝေလုတို့နှင့် မတူဟူ၍ ကော့ ညိုညိုမင်း ထင်မြင်မိသည်။

ကန်ကြီးရပ်အိမ်မှာကတည်းက မှိုင်းသည် ဝေလုတို့နှင့် မတူသော ခြားနားချက်တွေကို ညိုညိုမင်း တွေ့မြင်ခဲ့သည်။

ထုံးစံအတိုင်း စွမ်းရည်ကို သိမြင်လို၍ အစွမ်းပြအင်တာဗျူး ဝင်စေသည်။ မှိုင်း အစွမ်းပြနိုင်ခဲ့သည်။

သို့သော် ဖေဖေ၏ ဝသီအတိုင်း ညစ်ချင်သော စိတ်ဓာတ်အရကြောင့် လည်းကောင်း၊ မှိုင်းက ဖေဖေ့ကို ဆက်ဆံရာတွင် အောက်ကျို့ခံခြင်း၊ မျက်နှာချိုသွေးခြင်းမျိုး မရှိခြင်းကြောင့်လည်းကောင်း၊ ဖေဖေက အလိုကျတစ်ဝက်၊ အလိုမကျတစ်ဝက် ဖြစ်နေစဉ် ညိုညိုမင်းက အမြင်ကို အမြင်အတိုင်း ဝင်ပြောလိုက်ခြင်းသာ ဖြစ်သည်။

မှိုင်းကလည်း မာသည်။ အလုပ်မခန့် ပြန်မည်ဆိုသည့်သဘောရှိသည်တို့ ညိုညိုမင်း တွေ့ခဲ့သည်။ ထို့ကြောင့် မှိုင်းနှင့် ဝေလုတို့ မတူခြားနားချက်တွေ အများကြီးဟု ညိုညိုမင်း မှတ်ချက်ချခြင်း ဖြစ်ပါ၏။

✤ ✧ ✤

## ၄

ဒုန်းခနဲ ပြင်းထန်သောအသံ ဟိုဘက်တွဲလျက်အခန်းမှ အသံထွက်လာသဖြင့် မှိုင်း နားစွင့်ထားသည်။

"အဲမှာ ဟိုဘက်ခန်းမှာ ဘယ်သူ့ကို ဆရာကြီးက ထားတာလဲ ကိုဟိုင်းလုံ"

"လူသစ်တစ်ယောက်ပဲ ဆရာဝေလု၊ ဒီနေ့ နေ့ခင်းနှစ်နာရီလောက်က ရောက်လာတာပဲ"

"လူသစ် ဟုတ်လား၊ လူသစ်ဆိုရင် ဒေါနတို့ ဝဏ္ဏတို့တန်းလျားကို ပို့လိုက်ပေါ့၊ ကျုပ်နဲ့တွဲနေတဲ့ အခန်းကို ဘာလို့ပို့တာလဲ"

တစ်ဖက်မှ ပြောသမျှ မှိုင်း အားလုံး ကြားနေရသည်။

"ဒါတော့ မသိဘူး ဆရာဝေလု။ ဆရာကြီးက ဒီအခန်းမှာ ထားရမယ်လို့ အမိန့်ပေးလို့ ကျွန်တော်က အခန်း





ဒေသာ့ဖွင့်ပြီး ပို့ပေးရတာ။ အဲဒီလူသစ်က ဆိုးတော့ မဆိုးဘူး ဆရာဝေလု"

"ဘာမဆိုးတာလဲ"

"အင်တာဗျူးမှာ ကိုဝဏ္ဏ၊ ကိုဒေါနနဲ့ ကိုဟိန္ဒတို့ ဓားရှည်ဓားတို မြှောက်ရိုက်တုတ်နဲ့ သုံးယောက်နဲ့ တစ်ယောက် ချတာ ကိုဒေါနတို့ သုံးယောက်လုံး ခံလိုက်ရတယ်၊ သုံးယောက်လုံး မှောက်သွားတယ်၊ ဒါတောင် ကိုဒေါနက ဓားရှည်၊ ကိုဝဏ္ဏက ဓားမြှောင်၊ ကိုဟိန္ဒက ရိုက်တုတ်နဲ့ သုံးယောက် တစ်ယောက် ချတာ၊ အဲဒီလူသစ် လက်ထဲမှာ ဘာလက်နက်မှ မရှိဘဲ အနိုင်ချသွားတာ ကျွန်တော်တို့ အမြင်ပဲ ဆရာဝေလု"

"ဒီသုံးကောင်က သောက်ဖျင်းတွေပဲ၊ ပေးထားတဲ့နာမည်တွေနဲ့တောင် မလိုက်ဘူး"

မှိုင်း နားလည်လိုက်ရပြန်သည်။ သူတို့နာမတွေသည် နဂိုနာမည်ရင်းမဟုတ်၊ သူဌေးဦးမြတ်မင်းထံတွင် တပည့်လွှမိုက် လုပ်လေမှ သူတို့ဟာသူတို့ ပေးထားသော နာမည်တွေဖြစ်ဟန်တူသည်။

"ဒါနဲ့ပဲ ဆရာကြီးက ကျုပ်နဲ့တန်းတူ နေရာပေးလိုက်တာလား ကိုဟိုင်းလုံ"

"အင်း ... မညိုကလည်း လူသစ်ဘက်က ခန့်သင့်တယ်လို့ ဝင်ပြောတာလည်း ကျွန်တော် ကြားတယ်"

"ဘာဗျ ... ညိုညိုမင်းကပါ ဒီလူသစ်ကောင်ဘက်က ဝင်ပြောပေးတယ် ဟုတ်လား၊ ဆရာကြီးက သူ့သမီးရဲ့စကားဆို သိပ်နားဝင်တာ။ ဒါကြောင့်ခန့်တာ နေမှာပါ၊ ဒီကောင့်အရည်အချင်းကြောင့်တော့ ကျုပ်နဲ့တန်းတူ ထားမယ်မထင်ပါဘူး။ နေပါဦး ဒီကောင့်ပုံစံက ဘယ်လိုပုံစံလဲ"

"ပုံစံက လာတုန်းကတော့ စုတ်တီးစုတ်ဖတ်ပဲ၊ မော်တော်ဆိုင်ကယ်ဟောင်းကြီးနဲ့၊ ကျုပ်တို့အမေရိကန်ရုပ်ရှင်တို့ အီတလီရုပ်ရှင်တို့ထဲကအတိုင်း ဘာမှ အကြောက်အလန့်မရှိ တစ်ကိုယ်တော် ဓာတ်လိုက်မင်းသားပုံစံပဲ၊ အခုတော့ ပါးမြိုင်းမွေးတွေရိပ်၊ ရေမိုးချိုး သန့်စင်ပြီး အဝတ်ကောင်းတွေ ဝတ်ထားလိုက်တော့ လူက အပျံစားပုံစံ ထပ်ပေါ်လာတယ် ဆရာဝေလု။ အသက်လည်း ငယ်သေးတယ်၊ ညိုညိုမင်းနဲ့ ရွယ်တူလောက် ရှိမလား၊ ညိုညိုမင်းထက် တစ်နှစ် နှစ်နှစ်လောက် ပိုကြီးမလားတော့ မသိဘူး။ ရုပ်ချောတယ်၊ ဒေါက်ရုပ်ကိုယ်လုံးကိုယ်ဖန် တော်တော်ကြည့်ကောင်းတယ်။ သိဂ်ီမာတောင် သူ့ကို သဘောကျပုံပဲ"

"အို ... သိဂ်ီမာ သဘောကျတာတော့ ထည့်ပြောမနေနဲ့၊ သူက အဘိုးကြီး ယူထားရတော့ လူပျိုလူငယ်ဆို သဘောကျမှာပဲ"

ထိုစဉ်မှာပင် အခြားလူတစ်ယောက်၏ အသံ ထွက်လာပြန်သည်ကို မှိုင်း ကြားရပြန်သည်။





"ဆရာကြီးက ဆရာဝေလုကို ခေါ်ခိုင်းလိုက်တယ် အာစရိ၊ ခါတိုင်း အောင်ပွဲခံလေ့ရှိတဲ့ နေရာမှာပဲ အောင်ပွဲကျင်းပမယ်တဲ့"

"အေး ... လာခဲ့မယ်၊ ဩော် ... ဟေး ဝဏ္ဏ၊ ခဏလာစမ်း"

"ဟုတ်ကဲ့ ဆရာဝေလု"

"နေပါဦးကွ၊ မင်းတို့ သုံးယောက်က ဓားတွေ တုတ်တွေကိုင်ပြီး တိုက်ခိုက်တာတောင် လူသစ်ကို ရှုံးတယ်ဆို"

"ဟာ ... ဆရာဝေလု၊ ဒီကောင် သိပ်သွက်တယ်၊ ပညာသားတွေလည်း အများကြီးပါတယ်"

"ဘာကွ၊ မင်းတို့ အသုံးမကျတဲ့ကောင်တွေ၊ သွားတော့၊ ငါ လာခဲ့မယ်"

ဒီနောက်မှာတော့ အခန်းတံခါးပိတ်သံ ထွက်ခွာသွားကြသံများ မှိုင်း ကြားရသည်။

မှိုင်းက တစ်ဖက်မှ ပြောဆိုကြသော စကားတွေကို ကြားရသည်အတိုင်း ပြန်ဆန်းစစ်ကြည့်သည်။

ဝေလု ဆိုသူမှာ သူတို့အဖွဲ့တွင် ဆရာဟု ခေါ်ရအောင် ခေါင်းဆောင်ဖြစ်မည်။ ဦးမြတ်မင်း၏ လုပ်ငန်းတစ်ခုခုအတွက် ယနေ့ တစ်နေ့လုံး သွားရောက် လုပ်ကိုင်ပုံရသည်။ ထို့ကြောင့် သူ့အခန်းတံခါးပိတ် သော့ခတ်ထားသည်။

ဝေလုကို ခိုင်းလိုက်သောလုပ်ငန်း အောင်မြင်လာသောကြောင့် အောင်ပွဲပေးရန် ဦးမြတ်မင်းက ဝေလုကို ခေါ်ခိုင်းလိုက်ခြင်း ဖြစ်မည်။

ပုံစံမှာ လုပ်ငန်းတစ်ခု အောင်မြင်လေတိုင်း ယင်းသို့ အောင်ပွဲပေးလေ့ရှိဟန် တူပါ၏။ မှိုင်းကိုတော့ လုပ်ငန်းပင် ဘာမျှမလုပ်ရသေးသောကြောင့် အခေါ်မခိုင်းခြင်း ဖြစ်လောက်သည်။

မှိုင်း အိပ်ရာမှာပဲ လှဲနေသည်။

မည်သို့ဖြစ်စေ ဦးမြတ်မင်းက မှိုင်းကို ဝေလုနှင့် တန်းတူထားသည်ကို ပြန်ရောက်လာသော ဝေလုက မကျေနပ် ကြောင်းတော့ သိသာနေပေသည်။

ပြီး ... ဦးမြတ်မင်း၏သမီး ကျောင်းဆရာမ ညိုညိုမင်းက မှိုင်းကို အလုပ်ခန့်ရန် ဝင်ပြောပေးခြင်းကိုလည်း ဝေလုက မကျေနပ်ဟု မှိုင်း နားလည်လိုက်သည်။

ဘာရယ်မဟုတ်၊ ဆက်စပ်ပြီး ဆရာမ ညိုညိုမင်း အကြောင်း မှိုင်း အလိုလို အတွေးရောက်သွားသည်။

ရုပ်ချောသည်။ အမည်က ညိုညို ဆိုစေကာမူ မွန် ပြည်နယ်သူမို့လားမသိ သူမ၏အသားမှာ ဖြူဝင်းနုမွတ်နေသည်။ ဘာကြောင့်များ သူမကို ညိုညိုဟု အမည်ပေးပါလိမ့်။ "မင်း"က တော့ ဖခင်၊ဦးမြတ်မင်း၏ အမည်နောက်ဆုံးကိုထည့်ပြီး "ညိုညို





မင်း"ဟု ခေါ်တွင်ခြင်း ဖြစ်မည်။ ရုပ်ချောသည်၊ ကိုယ်လုံးကိုယ် ထည် အလွန်အချိုးကျ ကြော့ရှင်းသည်။ အထက်တန်းပြဆရာမ ရာထူးရထားသူမို့ ပညာရေးတက္ကသိုလ်မှ ဘီအီးဒီတွဲ့ရပြီးသား ဖြစ်ရမည်။

စိတ်ဓာတ်ထက်မြက်ပုံ ရသည်။ မိခင် ကွယ်လွန် ပြီး ဦးမြတ်မင်းက သိင်္ဂီမာကို ကောက်ယူသိမ်းပိုက် အိမ်ပေါ် ခေါ်လာသည်နှင့် ဆရာမညိုညိုမင်း ကန်ကြီးရိပ်သာတိုက်အိမ်ကြီး မှ ဆင်းသွားပြီး အဒေါ် ဒေါ်သူဇာကို အဖော်ခေါ်ကာ မဥ္ဇူလမ်း အိမ်တွင် ငှားနေခဲ့ဟန်တူသည်။

မည်သို့ဖြစ်စေ ညိုညိုမင်း၏ ရုပ်ရာ ကိုယ်လုံးရော စိတ်ဓာတ်ရော ဖွဲ့မက်ခင်မင်ဖွယ်ရာရှိပြီး လေးစားသင့်သည်။

မှိုင်း ရင်ထဲတွင် ညိုညိုမင်း အပေါ် ကျေနပ်ပြီး ခင်မင်ချင်စိတ် ရှိမိသည်။

"ကိုမှိုင်း ... ကိုမှိုင်း"

ညိုညိုမင်း အကြောင်း တွေးနေစဉ်မှာပင် အပြင်မှ တံခါးကိုပုတ်ပြီး မိမိကို ခေါ်နေသော အမျိုးသမီးငယ် အသံတစ်ခု ကြားရသဖြင့် တွေးလက်စ ပြတ်သွားသည်။

ခန့်မှန်းအားဖြင့်ရော မှတ်မိသလောက်ရောဆိုလျှင် အပြင်မှ တံခါးလာပုတ်ခေါ်သူသည် သိင်္ဂီမာ ဖြစ်မည်ဟု မှိုင်း သိလိုက်သည်။

"ဘယ်သူလဲ"

"သိင်္ဂီမာပါ ကိုမှိုင်း၊ အစ်ကိုကြီးက ကိုမှိုင်းကို ခေါ်ခိုင်းလိုက်လို့ လာခေါ်တာပါ"

"ဟာဗျာ၊ ကျွန်တော် အိပ်ချင်နေတယ်၊ နောက်ပြီး ကျွန်တော့်ကို အလုပ်ခန့်မှာက နက်ဖြန်မှ စခန့်မှာ၊ ဒီည ကျွန်တော်နဲ့ ပတ်သက်စရာမှ မရှိတာ"

"မဟုတ်ဘူး ကိုမှိုင်း၊ အခု အစ်ကိုကြီးတို့ အောင်ပွဲကျင်းပ မလို့၊ အဲဒီပွဲမှာ အစ်ကိုကြီးက လူသစ် ကိုမှိုင်းကို သူ့လူ ဟောင်းတပည့်တွေနဲ့ မိတ်ဆက်ပေးချင်လို့ ခေါ်ခိုင်းတာပါ"

မနေသာတော့ပေ။

မှိုင်း လဲလျောင်းရာမှ ထရတော့သည်။ ပြီး တံခါး ဖွင့်ပေးရတော့သည်။

"ကဲ ... ဒါဆိုလည်း သွားစို့"

မှိုင်းကပင် ရှေ့မှထွက်လာသည်။ သိင်္ဂီမာ နောက်မှ ပြေးလိုက်လာရင်း လှမ်းပြောပြန်သည်။

"နေဦးလေ၊ ရှေ့က ခြေလှမ်းကျဲကြီးနဲ့ ကိုမှိုင်း သွားနေတာ ဘယ်နေရာကို သွားရမယ်မှန်း သိလို့လား"

"ဦးမြတ်မင်းက ခေါ်ခိုင်းတာဆို၊ ဦးမြတ်မင်းနဲ့ သွားတွေ့ မလို့ပေါ့"





"ဒါကြောင့် ပြောတာ၊ အစ်ကိုကြီးက အိမ်ကြီးပေါ်မှာမှ မရှိတာ"

မှိုင်း ရပ်စောင့်လိုက်သည်။ ဟုတ်ပါ့။ ဦးမြတ်မင်းကို ဘယ်မှာ သွားတွေ့ရမည်မှန်းမှ မသိတာ။

သိင်္ဂီမာ မီလာသည်။ နှစ်ယောက် ယှဉ်တွဲလျှောက်လာသည်။

ခြံကြီးထဲတွင် မီးတွေထွန်းထားသည်။ သစ်ပင်လေးများမှာပင် လှပသော ရောင်စုံမီးလုံးတွေ ချိတ်ဆွဲထားသည်။

ညဦးပိုင်း လေပြည်လေညင်းလေးကြောင့် အေးမြမြလေး ခံစားရသည်။

မှိုင်း၏ မျက်လုံးများသည် ဘယ်သောအခါမဆို အပြင်ထွက်သည်နှင့် သတိမပြတ်စေဘဲ လျှောက်လာသော ခြံကြီးကို သတိထားကြည့်မိသည်။

"ကိုမှိုင်းကို သင်္ဂီမာ သတိပေးစကား ပြောစရာရှိတယ်။ ကိုဝေလု ပြန်ရောက်ပြီ၊ အစ်ကိုကြီးအပေါ် မကျေမနပ် အပြစ်တင်နေတယ်။ လူသစ်တစ်ယောက်ကို လုပ်ငန်းမှာ ဘာမှ အသုံးမချရသေးဘဲ သူနဲ့ အဆင့်တူ နေရာပေးရ မလားတဲ့"

မှိုင်းက ဘာမှမပြောဘဲ နားထောင်ရင်း သတိထား ကြည့်နေသော မျက်လုံးတွင် တစ်စုံတစ်ခုကို သိင်္ဂီမာ မမြင်သော် လည်း မှိုင်း မြင်လိုက်သည်။

လူတစ်ယောက်သည် မိမိနှင့် သိင်္ဂီမာ တွဲလျှောက်လာသည်ကို သစ်ပင်များကွယ်ပြီး ပုန်းလျှိုးကွယ်လျှိုး နောက်မှ လိုက်ကြည့်နေသည်ကို မြင်တွေ့ရခြင်း ဖြစ်ပါ၏။

မှိုင်း ကျိတ်၍ ပြုံးမိသည်။

သိင်္ဂီမာကို တစ်ယောက်တည်း စေလွှတ်ခေါ်ခိုင်းပြီး နောက်မှ လိုက်ချောင်းစေသည်ကိုပင် ပြုံးမိခြင်း ဖြစ်ပါ၏။

“နေပါဦး မသိင်္ဂီမာ၊ ကျွန်တော့်ကို အခေါ်လွှတ်တာ တခြားတပည့်တစ်ယောက်ယောက်ကို မခိုင်းဘဲ မသိင်္ဂီမာကိုမှ ဘာလို့ ဦးမြတ်မင်းက စေခိုင်းလိုက်တာလဲ”

“တပည့်တွေအားလုံးဟာ သူတို့ဆရာ ကိုဝေလုရဲ့မျက်နှာကို ကြည့်နေရတဲ့ လူတွေပဲ၊ အခု ကိုဝေလုက ကိုမှိုင်းကို မကျေမနပ် ဖြစ်နေတော့ သူတို့ထဲက တစ်ယောက်ယောက်ဟာပဲ ကိုမှိုင်းဆီကို မလာချင်ကြဘူးလေ”

“အင်း ... ကန်ကြီးရိပ်သာကို ကျွန်တော် ရောက်လာတာဟာ ကျားအုပ်ထဲကို မြွေခွေး ရောက်လာတာလား၊ ဒါမှမဟုတ် မြွေခွေးအုပ်ထဲကိုပဲ ကျားတစ်ကောင် ရောက်လာတာလား မသိတော့ပါဘူးဗျာ”

သိင်္ဂီမာက ရယ်ပြီး ပြန်ပြောသည်။

“သိင်္ဂီမာ့ အမြင်မှာတော့ ကျီးကန်းအုပ်ထဲကို ဟင်္သာငှက်တစ်ကောင် ရောက်လာတာပါလားလို့ မြင်မိတယ်”





မှိုင်းသည် ထပ်မံ၍ မပြောတော့ဘဲ သိင်္ဂီမာ ရှေ့ဆောင်ခေါ်ရာနောက်မှ အေးဆေးတည်ငြိမ်စွာပင် လိုက်ပါလာခဲ့တော့သည်။

“ကိုမှိုင်း”

“ပြောပါ မသိင်္ဂီမာ”

“ကိုဝေလုကို သတိထားပါ ကိုမှိုင်း၊ သူက ထက်တယ်၊ အစ်ကိုကြီးကလည်း သူ့ကို မျက်နှာသာပေးတယ်။ ဖြစ်နိုင်မယ်ဆိုရင် မညိုညိုမင်းနဲ့တောင် ကိုဝေလုကို လက်ထပ်စေချင်တာ၊ မညိုညိုမင်းက ခါးခါးသီးသီး ငြင်းဆန်နေလို့”

“သြော် ... သြော် ... ဟုတ်လား”

ပြောကြရင်း ကန်ကြီးရိပ်သာထဲမှ ဂိုဒေါင်ကြီးတစ်ခု ရှေ့သို့ ရောက်လာကြသည်။

“ဒီဂိုဒေါင်ကြီးပဲ ကိုမှိုင်း၊ အထဲမှာ အောင့်ပွဲကျင်းပနေကြလေရဲ့၊ ကိုမှိုင်း ဝင်သွားပေတော့”

ပြောပြောဆိုဆို သိင်္ဂီမာကပင် ဂိုဒေါင်တံခါးကို တွန်းဖွင့်ပေးသဖြင့် မှိုင်း ဂိုဒေါင်ထဲသို့ ဝင်ခဲ့သည်။

သူတို့အားလုံးသည် ဂိုဒေါင်၏ကြမ်းပြင် သမံတလင်းပေါ်တွင် သင်ဖျူးဖျာများခင်းပြီး ထိုင်နေကြသည်။ ဂိုဒေါင်ထဲတွင် မီးလုံးထွန်းထားသော်လည်း ဂိုဒေါင်ကလုံသဖြင့် တံခါးပိတ်ထားလျှင် မီးရောင်အပြင်သို့မထွက်။

သူတို့ဝိုင်းထိုင်အလယ်တွင် ဖောက်ပြီးသား အရက်ပုလင်းတွေ၊ သောက်လက်စ ဖန်ခွက်တွေနှင့် စားစရာ အမြီးမျိုးစုံ ရှိနေပေသည်။ အရက်တွေမှာ ဂျော်နီဝါကား၊ ဗွိုက်လေဘယ် စသည့် နိုင်ငံခြား အရက်ပုလင်းမျိုးစုံ ဖြစ်သည်။

"လာဟေ့ ... မှိုင်း"

ဝိုင်းထိပ်တွင် ထိုင်နေသော ဦးမြတ်မင်းက ဝင်လာသော မှိုင်းကို လှမ်းဖိတ်ခေါ်လိုက်သည်။

မှိုင်းသည် ဝိုင်းတွင်း နေရာလွတ်တွင် ဝင်ရောက်ထိုင်လိုက်သည်။

"ဟောဒါ မောင်ဝေလုတဲ့၊ အန်ကယ်ရဲ့လူယုံ ညာလက်ရုံးဆိုပါတော့ကွာ၊ ကျန်တဲ့ ဝဏ္ဏ၊ ဒေါနနဲ့ ဟိန္ဒတော့ မှိုင်းသိပြီးသားတွေလေ၊ အင်တာဗျူးတုန်းက မှိုင်း လုံ့သိပ်ခဲ့တဲ့ ကောင်တွေပဲ၊ အေး ... ဒီလူသစ်ကတော့ မှိုင်းတဲ့၊ နက်ဖြန်ကစပြီး အလုပ်ဝင်တော့မှာ"

မှိုင်းသည် သူတို့အထဲတွင် ဆရာတစ်ဆူဖြစ်သော ဝေလုကို သေချာကြည့် အကဲခတ်လိုက်သည်။

အသက်(၃၀)ခန့်ရှိသည်။ အသားညိုပြီး စိုပြည်သည်။ အရုပ်အမောင်း မဆိုး။ တုတ်တုတ်ခိုင်ခိုင်နှင့် ကြံ့ခိုင်သူတစ်ယောက်မှန်း မြင်ရုံနှင့် သိသာသည်။ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းတို့နှင့် မျက်နှာကျဆင်းပုံ ကြည့်ကောင်းသည်။



ဝေလု၏ မျက်လုံးများကို ကြည့်ခြင်းအားဖြင့် ဘာမှုထိ မိုက်ရဲသော မိုက်ခဲတစ်ဦးဖြစ်ကြောင်း သိသာသည်။ သူ့ကိုယ်သူ အထင်ကြီးကြောင်းလည်း သိသာသည်ပင်။

"တွေ့ရတာ ဝမ်းသာပါတယ် ကိုဝေလု"

ဝေလုက မှိုင်းကို စိုက်ကြည့်ပြီး သူ့တပည့် ဝဏ္ဏကို လှမ်းပြောသည်။

"ဟေ့ ဝဏ္ဏ ... မင်းတို့အားလုံးက ငါ့ကို ဘယ်လိုခေါ်ကြသလဲ"

"ဟာ ... ဆရာဝေလုကို ဆရာလို့ ကျွန်တော်တို့ ခေါ်ကြတာပဲ၊ တကယ်လည်း ဆရာက ကျွန်တော်တို့ ဆရာပဲဟာ"

ဒေါန၊ ဟိန္ဒတို့ကလည်း ခေါင်းညိတ်ပြီး "ဟုတ်သားပဲ"ဟု ဝင်ပြောကြသည်။

"သူတို့ ပြောတာ ကြားရဲ့လား မှိုင်း"

အဓိပ္ပာယ်မှာ မှိုင်းကလည်း သူ့အား ကိုဝေလုဟု မခေါ်ဘဲ "ဆရာ"ဟု ခေါ်စေဆိုသော အဓိပ္ပာယ် သက်ရောက်ပါ၏။

ယင်းအခြေအနေနှင့် အဓိပ္ပာယ်ကို ဦးမြတ်မင်း ချက်ချင်း သဘောပေါက်သည်။

"စားဟေ့ မှိုင်း၊ အရက်လည်း ကြိုက်တာယူသောက်"

မှိုင်းက ငါးမုန့်ကြော်ဖြူဖြူ တစ်ချပ် ယူပြီးဝါးသည်။

"ကျွန်တော် အရက်မသောက်ပါဘူး ဦးမြတ်မင်း၊ ကျွန်တော် အရက်သောက်မိရင် တစ်ကိုယ်လုံးယားပြီး အဖုအပိန့်တွေ ထွက်တတ်လို့ ကျွန်တော်နဲ့အရက် မတည့်တဲ့ အလားဂျစ် ဖြစ်တယ်ပေါ့ ဦးမြတ်မင်း၊ ဒါကြောင့် ကျွန်တော် အရက် မသောက်ဘူး"

"ဟား ... ဟား ... ဟား ..."

ဝေလု အမှူးပြုသောအဖွဲ့သည် မှိုင်း၏စကားကို ဝိုင်းဟားလိုက်ကြသည်။ ဟားသည့်ကြားမှ ဝဏ္ဏက ပြောလိုက်သေးသည်။

"ဒီခေတ်ထဲမှာ အရက်မသောက်ဘူး ဆိုတဲ့လူဟာ ယောကျ်ား မဟုတ်လို့ပဲ၊ ဒါတောင် တချို့မိန်းမတွေ အရက်သောက်ကြသေးတာ"

"ဒါဆို အရက်မသောက်သူဟာ အခြောက်တွေပဲပေါ့ကွာ"

ရိုနေကြမှန်း သိပါ၏။

သို့သော် မှိုင်း ရန်မဖြစ်ချင်။ တော်ရုံလောက်ဆိုပါက အေးအေးဆေးဆေးပဲ နေချင်သည်။ ဖြစ်စေချင်သည်။

"ဒါတော့ အရက်သောက်မှ ယောကျ်ားဖြစ်ရမယ် ဆိုတာ ဘယ်ဟုတ်မလဲ၊ ကျားဟာ အသွေးအသား သတ္တဝါတွေကို ကိုက်စား ဝါးစားမှ အားမာန်ရှိသလို၊ ဆင်ကျတော့လည်း သစ်သီးသစ်ဉစားပြီး အားမာန်ရှိနေတာပဲ၊ ဒီတော့ယောကျ်ား တွေထဲမှာ ကျွန်တော်က ဆင်လိုယောကျ်ား ဖြစ်မှာပေါ့"





မှိုင်း၏စကားအဆုံးတွင် ဝေလုသည် သရော်ပြုံး မဲ့ပြုံးမျိုး ပြုံးသည်။

"မှင်းဟာ စကားလည်း တတ်တယ်၊ စာလည်းတတ်ပုံရ တယ်၊ ရုပ်ကလည်း နိုင်ငံခြားရုပ်ရှင်ဓာတ်လိုက်ရုပ်မျိုး ပေါက်နေတယ်၊ အေး ... ငါ့အဖို့ မင်းလိုတပည့်တစ် ယောက် ရလိုက်တာ ဂုဏ်ယူစရာပေါ့ကွာ မှိုင်း"

"တပည့် ဟုတ်လား။ ကျွန်တော်က ကိုဝေလုကို ဆရာလို့ တစ်ခါမှ မသတ်မှတ်ပါလား၊ စိတ်ကူးထဲတောင် မထည့် ဘူး၊ ကျွန်တော်က ဆရာလို့သတ်မှတ်တဲ့သူဟာ ကျွန်တော် တို့ အတတ်ပညာတစ်ခုခု သင်ပေးနိုင်သူကိုမှ သတ်မှတ် လေ့ရှိတယ် ကိုဝေလု"

ဝေလုက ဘာမှပြန်မပြောမီ ဦးမြတ်မင်းကို လှမ်း ကြည့်သည်။

"အေး ... မှိုင်းကို အန်ကယ် တစ်ခုတော့ပြောဖို့ အပိုင်း ရောက်လာပြီ"

"ဟုတ်ကဲ့ ပြောပါ ဦးမြတ်မင်း"

ဝေလုက ပျစ်ခနဲ တံတွေး ထွေးလိုက်ရင်း ...

"ကြည့်ကြလေကွာ၊ မှိုင်းဆိုတဲ့ ဒီကောင်က ငါတို့ဆရာကြီး ကိုတောင် ဦးမြတ်မင်းလို့ ခေါ်တဲ့အကောင်"

ဝေလု ပြောသည်ကို ထုံးစံအတိုင်း တပည့်တွေက ခေါင်းညိတ်ပြသည်။

ဦးမြတ်မင်းက ဝေလုတို့အဖွဲ့ကို လက်ဝါးကာပြ လိုက်သည်။

"ဒီလိုကွယ့် မှိုင်း၊ မနေ့က မှိုင်းကို အန်ကယ်က သဘော ကျပြီး ခေါင်းဆောင်နေရာ နက်ဖြန်ခန့်ဖို့ ရည်ရွယ်ပြီးသား။ အဲဒီတုန်းက ဝေလု မရှိဘူး၊ ကိစ္စတစ်ခု သွားဆောင်ရွက် နေတယ်၊ အခု ဝေလု ပြန်လာတော့ ဝေလုက စောဒက တက် အရေးဆိုလာတယ်၊ မှိုင်းကို အလုပ်ပေးမယ်ဆိုတောင် သူ့ခေါင်းဆောင်မှုအောက် လက်ထောက်နေရာသာ ပေးသင့် တယ်တဲ့"

ဘယ်အချိန်က ရောက်လာမှန်းမသိသော သိင်္ဂီမာ သည် သူမအသံဖြင့် ဝင်ရောက် ပြောလိုက်သံ ထွက်လာပေသည်။

"အို ... အစ်ကိုကြီးလုပ်တာ မှန်နေသားပဲဟာ၊ ကိုမှိုင်းရဲ့ အင်တာဗျူးမှာ လက်နက်ကိုင် သုံးယောက်ကို လက်နက် မပါတဲ့ ကိုမှိုင်းက အလဲဆော်ခဲ့တာကို အစ်ကိုကြီး စိတ် ကြိုက်ဖြစ်သွားပြီး ခေါင်းဆောင်နေရာ ပေးတာပဲဟာ၊ တကယ်တော့ ကိုဝဏ္ဏ၊ ကိုဒေါန၊ ကိုဟိန္ဒတို့အပေါ် အနိုင်ယူနိုင်လို့ ကိုဝေလုကို ခေါင်းဆောင်နေရာ ပေးထား တာ၊ အခု ကိုမှိုင်းနဲ့ အတူတူပဲပေါ့ အစ်ကိုကြီး၊ မဟုတ် ဘူးလား"

သိင်္ဂီမာ၏စကား ဆုံးသည်နှင့် ဝေလုသည် ကုန် သွားသော အရက်ပုလင်းကို ကောက်ယူပြီး သမံတလင်းတွင်





ပုလင်းကို လက်ဝါးစောင်း ခုတ်လိုက်ရာ ပုလင်းမှ ခွမ်းခနဲထက် ပိုင်းကွဲသွားပေတော့သည်။

ဝေလုက ဒေါသသံနှင့်ပင် မှိုင်းကို ပြောလိုက်သည်။

"ခေါင်းဆောင်ဆိုတာ အဲဒါပဲ မှိုင်း၊ မင်း ငါ့လို ခေါင်း ဆောင်နေရာကို ယူချင်ရင် ငါ့လို အရည်အချင်းရှိပြီး ငါ့ ကို ပြိုင်ရမယ်၊ ဒါပဲ"

မှိုင်းသည် အပြုံးမပျက်ပေ။ အေးဆေးတည်ငြိမ်စွာ ပင် အရက်ပုလင်းတစ်လုံးကို ဆွဲယူလိုက်သည်။ ထိုပုလင်းမှာ ဖောက်ပြီးသားပုလင်းမို့ လက်သုံးလေးလုံးခန့် အရက်များကျန် သေးရုံမက ဝေလု လက်ဝါးစောင်းခုတ်လိုက်သော အရက်ပုလင်း ကို လုံးချောပုလင်းမျိုး မဟုတ်။ လေးထောင့်ပါရှိသော ပုလင်းမျိုး ဖြစ်သည်။

မှိုင်းက ထိုလေးထောင့်ပုလင်းကို လက်ဝဲလက်ဖြင့် မြှောက်ယူပြီး လက်ယာလက်ဝါးစောင်းဖြင့် ခါးလယ်ကိုခုတ်ချ လိုက်ရာ အရက်ပုလင်းမှာ ခွပ်ခနဲ ထက်ပိုင်းပြတ် ကွဲသွားပြီး လက်ကျန်အရက်များ အောက်သို့ဖိတ်စဉ်သွားလေတော့သည်။

"အာ ... ယို ... ယို"

ဦးမြတ်မင်း နှုတ်မှ ကိုယ်တိုင် အာမေဍိတ်သံထွက် သွားသည်။

ကျန်သော တပည့်တွေလည်း ဟယ် ... ဟင်ဖြင့် မျက်လုံးပြူး အံ့အားသင့်သွားကြတော့သည်။

တကယ်လည်း အာမေဋိတ်သံတွေ ထွက်သင့်ပါ၏။

ဝေလုခွဲသော ပုလင်းမှာ လုံးချောပုလင်းဖြစ်ရုံမက အောက်ခံသမံတလင်း အမာခံတွင်ထားပြီး လက်ဝါးစောင်းခုတ်ခြင်း ဖြစ်သည်။

မှိုင်း လက်ဝါးစောင်း ခုတ်လိုက်သည့် ပုလင်းက လေးထောင့်ပုလင်းမို့ ပိုပြီးခိုင်မာသည်။ နောက်ပြီး အပေါ်မြှောက် လက်တစ်ဖက်ကိုင်ပြီး ကျန်လက်တစ်ဖက်၏ လက်ဝါးစောင်းဖြင့် ခုတ်ချ ထက်ပိုင်းပြတ်စေခြင်း ဖြစ်နေသည်။

မှိုင်းအဖို့ ဒါလောက်သည် အဆန်းမဟုတ်။ တောထဲမှာတုန်းက ဆရာဩက အုတ်နီခဲသုံးလုံးဆင့်ကို လက်ဝါးစောင်း တစ်ချက်တည်းဖြင့် အုတ်နီခဲ သုံးလုံးစလုံး ခါးလယ်မှ ထက်ပိုင်းပြတ်စေသည်။

အပေါ်သို့မြှောက်တင်လိုက်သော အုတ်နီခဲကို မှိုင်းက ခုန်ပြီး လက်ဝါးစောင်းဖြင့် ထက်ခြမ်းကွဲ ခုတ်စေသည်။

ယင်းသို့ လေ့ကျင့်သား ရပြီးသား မှိုင်း၏ လက်ဝါးစောင်းချက်တွေပါပေ။

"ဒါဆို မင်းက ငါ့ကို စိန်ခေါ်လိုက်ပြီပေါ့၊ ဟုတ်လား မှိုင်း"

"ကျုပ်ကစ,ပြီး ဘယ်သူ့ကိုမှ စိန်ခေါ်လေ့ မရှိဘူး၊ ကျုပ်ရဲ့ဆရာကြီး ကိုယ်တိုင်က ဘယ်သူ့ကိုမှ ကိုယ်ကစပြီး





စိန်မခေါ်ရဘူးလို့ ဆုံးမထားတယ်၊ အေး ... ဒီပြင်ဘယ်သူက စိန်ခေါ်ခေါ် မငြင်းရဘူးလို့လည်း မှာထားတယ်"

"ဒါဆို ကြာတယ်ကွာ၊ အခု မင်းကို ငါ စိန်ခေါ်တယ်၊ မင်းနဲ့ ငါ ချမယ်။ ဒါပဲ"

ဝေလုက ထရှပ်လိုက်သည်။ ဝေလု၏ ဒေါသသည် အထွတ်အထိပ် ရောက်နေပေပြီ။ ပုလင်းလက်ဝါးစောင်းခုတ်ပွဲမှာလည်း အများရှေ့တွင် သူပဲ အရေးနိမ့်သလို ဖြစ်သွားသည်။

သူက ဘယ်လောက်ဒေါသကြီးကြီး မှိုင်း၏ အေးတိအေးစက် ပြန်ပြောသည်တို့ကလည်း သူ့ဒေါသကို ပိုဆွပေးရာ ရောက်သည်။

မှိုင်းက ထိုင်ရာမှ မထဘဲ ဒေါသတွေ တအားထပြီး မတ်တတ်ရပ်လိုက်သော ဝေလုကို အေးဆေးတည်ငြိမ်စွာပင် မော့ကြည့်နေသည်။

"ချက်ချင်းကြီး မမြန်လွန်းဘူးလား ကိုဝေလု၊ ခင်ဗျားခရီးက ပြန်ရောက်စ ပင်ပန်းနေတယ်၊ ကျွန်တော်လည်း ဒီနေ့ တော်တော်ဖားသွားတယ်၊ စိန်ခေါ်ပြီးကြပြီပဲ၊ နောက်နေ့ ဘယ်နေ့မှာဖြစ်ဖြစ် ချကြတာပေါ့၊ နောက်ပြီး ဒီနေ့ ခင်ဗျားလုပ်ငန်း အောင်မြင်လာလို့ အောင်ပွဲခံ မင်္ဂလာယူနေချိန် မဟုတ်လား"

"အေး ... အခု မင်းကို ငါက လှဲသိပ်ပြီး ထပ်ဆင့်အောင်ပွဲ ထပ်ခံမလို့ သိလား"

"ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ ဦးဖွ ... လွဲစေ ဖယ်စေပေါ့ဗျာ၊ အခုယှဉ်ပြိုင်ပွဲမှာ ကျွန်တော် လဲမသွားဘဲ ခင်ဗျား ပြန်မထနိုင်အောင် လဲသွားရင်ကောဗျာ"

"ဟာ ... ဒီကောင် ကြာတယ်၊ ကဲ ... ကွာ"

ဝေလုမှာ မှိုင်းက တစ်ခွန်းပြောလေ ဒေါသပိုကြီးလာလေနှင့် မှိုင်းကိုချရန် ထပ်ဆင့်ရှေ့တိုးလာပြီး မှိုင်းမျက်နှာကို ခြေတစ်ဖက်ဖြင့် ထိုးခတ်လိုက်သည်။

မှိုင်း မျက်နှာကို မထိပါလေ။

မှိုင်း ဒီပုံစံတွင် ဒီလို ခြေထိုးခြေခတ် ဝင်လိမ့်မည်ဟု ကြိုတင်တွက်ဆထားသည်မို့ လွတ်အောင် ရှောင်တိမ်းလိုက်သည်။

တောထဲတုန်းက ဆရာကြီးဩ၏ အမှာစကားတွင် မိမိနှင့် ယှဉ်ပြိုင်သူသည် သွေးအေးသလား သွေးပူသလား အကဲခတ်ပါ၊ သွေးအေးသူဖြစ်လျှင်ပင် တစ်ဖက်သား သွေးပူအောင် ဒေါသပိုကြီးလာအောင် မိမိက ဆွပေးပါ၊ သွေးပူဒေါသကြီးလေ အမှားကွက်တွေ ဝင်လာလေမည်၊ တစ်ဖက်သူ ဒေါသအထွတ်အထိပ် ရောက်ပြီဆိုလျှင် မိမိအလှည့်ဟုသာ မှတ်ယူပေတော့၊ သွေးအေးအေး ခြေကွက်လက်ကွက် မှန်ကန်စွာဖြင့် အဝင်အထွက် အဆုတ်အခွာ အတိမ်းအရှောင်များ ပြုလုပ်ပါ၊ ဒေါသကြီးသူသည် ပညာရင့်ကျက်စေဦးတော့ အမှားကွက်တွေ ဖြစ်သွားတတ်သည်။





ပြီး ... ယှဉ်ပြိုင်သတ်ပုတ်ရာ၌ မိမိက ထိုးနှက်နိုင်သည့် အချက်ကိုချည်း အဓိက မထားနှင့်။ ယှဉ်ပြိုင်သူ၏ အရည်အသွေးနှင့် ထိုးနှက်ကန်ကျောက်ချက်ကို မိမိ မည်မျှအထိ ခံနိုင်ရည်ရှိသည်ကို စမ်းသပ်ပါ။ ယှဉ်ပြိုင်ရာတွင် ခံနိုင်ရည်ရှိခြင်းသည် အဓိကအချက်တစ်ချက် ဖြစ်သည်။ ခံနိုင်ရည်ရှိအောင် လေ့ကျင့်ပါ။

ယခု ကိုဝေလုနှင့် ယှဉ်ပြိုင်ပွဲတွင် ကိုဝေလုက မိမိကို မမြင်ဘူးမိကတည်းက မိမိအပေါ် အာဃာတထားသူ ဖြစ်သည်။ ယခု စကားပြောရာတွင်ရော အပြုအမူတွင်ရော မိမိပြောဆို ပြုမူသမျှ ဝေလု ဒေါသဖြစ်စရာတွေချည်း ဖြစ်သည်။

ယခုလည်း ဝေလုသည် ဒေါသအထွတ်အထိပ်နှင့် မိမိကို စတင်တိုက်ခိုက်လေပြီ။

ဝေလု ထိုးခတ်ဝင်လာသော ခြေထောက်၏ ခြေမျက်စိနှင့် ခြေဖမိုးကို မှိုင်းက တိမ်းရှောင်ရင်း အမိဖမ်းဆုပ်လိုက်သည်။

မိပါ၏။ မိသည်နှင့် အားအင်ဖြင့် ဆုပ်ကိုင်ကာ ခြေမျက်စိ ခြေဖဝါးတစ်ပတ်လည်အောင် လှည့်ပေးလိုက်သည်။

ဝေလုမှာ တန်းလန်းကြီး တစ်ပတ်လည်သွားမှ မှိုင်းက ဆောင့်တွန်းပစ်လိုက်သည်။

ဗိုင်းခနဲ အားလျားမှောက်ကြီး ဝေလု ကျသွားသည်။

ချက်ချင်း ဝေလု လူးလဲထသည်။

မှိုင်းက မတ်တတ်ရပ် အဆင်သင့် ဖြစ်နေပေပြီ။

ဝိုင်းမှ လှုတွေ့သည် တကယ်ပွဲကြမ်းလာပြီမို့ အားလုံး ဘေးနံရံဆီသို့ ပြေးကပ်ကြသောကြောင့် အလယ်ကောင်တွင် ဟာလာဟင်းလင်း ဖြစ်သွားကာ သတ်ပုတ်ကွင်းပုံစံ သက်ရောက်သွားသည်။

မှိုင်းက စွတ်မဝင်၊ ဝေလု အဝင်ကို စောင့်နေလိုက်သည်။

ဝေလုမှာ ခြေတစ်ဖက် တစ်ဝတ်လည်အောင် အလိမ် အလှည့်ခံရရုံမက တွန်းပစ်သော အရှိန်ဖြင့် အားလျှားမှောက်ပြီး ကျခဲ့သဖြင့်၊ ဝေလု ခြေတစ်ဖက်နာပြီး ရင်ဘတ်အောင့်နေပေပြီ။

ဝေလု အတင်းဝင် အတင်းထိုး ပြုတော့သည်။

မှိုင်းက ဝေလု၏ လက်သီးတစ်ချက် ဦးခေါင်းကို အထိုးခံလိုက်သည်။ ဝေလု၏ လက်သီးချက်ကို အစမ်းသပ်ခံလိုက်သည့်သဘောဖြင့် တမင် အထိုးခံခြင်းဖြစ်သည်။

ဝေလု ပညာမသေးပေ၊ လက်သီးချက်လည်း ပြင်းပေသည်။

မှိုင်းမှာ ဝေလု၏ လက်သီးချက်ကြောင့် မူးဝေသွားစေကာမူ ခံနိုင်ရည်ရှိကြောင်း ကိုယ့်ဟာကိုယ် သိရှိလိုက်သည်။

မှိုင်းက ထပ်ဆင့်နည်းပရိယာယ်ကို သုံးလိုက်သည်။ ဝေလု၏ လက်သီးယိုင်ထိုးပြီး နာသွားဟန်ဖြင့် နောက်ကိုဆုတ်ခွာသည်။





မြှူခေါ်သည့်အတိုင်း ဝေလုက မှိုင်း၏ကျောပြင်ကို နောက်မှ ခုန်အုပ်လိုက်သည်။

မှားလေစွ ဝေလု။

ခုန်အုပ်သော ဝေလု၏ လက်ဝဲရင်အုပ်ကို မှိုင်းက လက်ယာတံတောင်ရိုးနှင့် နောက်ပြန် ထွက်ထည့်လိုက်သည်။

"အွတ်"

ဝေလုထံမှ အွတ်ခနဲ အထိနာသံကို ကြားလိုက်ရသည်။

ဝေလုမှာ နောက်ပြန်ပက်လက် ကားယားကြီးကျသွားတော့သည်။

ဝေလု ပြန်မထနိုင်တော့ပြီ။

ရင်အုံကို လက်သီးနှင့်ဆိုလျှင် ခံနိုင်ရည်ရှိသူအတွက် ခံနိုင်သေးသည်။ တံတောင်ဆစ်ရိုးနှင့် နောက်ပြန်တွက်ခြင်းသည် လက်သီးကို ထိုးချက်ထက်ပို၍ အဆမျှားစွာ ပိုသည်။ ဝေလုက ဒေါသကြီးစွာဖြင့် အရှိန်အားယူ၍ ခုန်အုပ်ခြင်းကြောင့်လည်း အရှိန်ပြင်းစွာ ပို၍အထိနာသွားသည်။

ဝေလု ပက်လက်ကြီးမှ မထနိုင်တော့ပြီ။

ဦးမြတ်မင်း ပျာပျာသလဲ ဖြစ်သွားသည်။

"ဟေး ... တစ်ယောက်ယောက် ဖုန်းချက်ချင်းဆက်ပြီး ဒေါက်တာအောင်ချမ်းကို ခေါ်စမ်း၊ ချက်ချင်းလာခဲ့ပါလို့"

ဦးဟိုင်းလုံသည် ချက်ချင်း ဂိုဒေါင်ထဲမှ ပြေးထွက်သွားကာ အိမ်ကြီးပေါ်ရှိ တယ်လီဖုန်းဖြင့် ဒေါက်တာအောင်ချမ်းကို ဆရာကြီးဦးမြတ်မင်းက ချက်ချင်းကြွရောက်လာပါရန် ဆက်ခေါ်လိုက်တော့သည်။





## ၂

မှိုင်း စိတ်ပျက်ငြီးငွေ့စွာဖြင့် မိမိ၏အခန်းသို့ ပြန်လာခဲ့သည်။

လက်ရှိအခြေအနေကို မှိုင်း စိတ်ပျက်သွားလေပြီ။ အိပ်ရာခုတင်ထက်တွင် ပစ်လှဲလိုက်သည်။

ယနေ့ တစ်နေ့တည်းမှာပင် မှိုင်း သတ်ပုတ်ပွဲနှစ်ပွဲ ဆင်နွှဲရသည်။

နှစ်ပွဲစလုံး မိမိ အနိုင်ရစေကာမူ စိတ်ထဲတွင် မကျေမနပ် ဖြစ်မိသည်။

ဝဏ္ဏ၊ ဒေါန၊ ဟိန္ဒနှင့် သုံးယောက်တစ်ယောက်ပွဲတွင်လည်း အနိုင်ရစေကာမူ စိတ်ပင်ပန်းရသည်။

ယခု ဝေလုနှင့်ပွဲတွင်လည်း ပင်ပန်းရသည်ပင်။

တစ်ဦးနှင့် တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့ သတ်ပုတ်ကြရသည်မှာ သည်းမခံနိုင်လောက်အောင် တစ်ဖက်သားအပေါ်တွင်

မကျေနပ် ဒေါသဖြစ်ပြီး သတ်ပုတ်ရသည်က နိုင်သည်ဖြစ်စေ ရှုံးသည်ဖြစ်စေ ဖြေသာသေးသည်။

ယခုမူ မိမိဘက်မှ ဒေါသလည်း မပါဘဲလျက် ကြက်ပွဲတစ်ပွဲတွင် သခင်က ခွပ်ခိုင်းသဖြင့် ခွပ်ရသော တိုက်ကြက် တစ်ကောင်နှင့် မိမိသည် ဘာထူးသေးသနည်း။ ပိုင်ရှင်က နိုင်အောင်ခွပ်နိုင်မှ ကောင်းကောင်းကျွေး၊ ကောင်းကောင်းစားရမည်မို့ ပိုင်ရှင်အလိုကျ ခွပ်ပေးရသည့် တိုက်ကြက်တစ်ကောင်ဘဝနှင့် တူလှသည်။

ဒီကြားထဲတွင် မိမိ၏ ခံနိုင်ရည်ကို စမ်းသပ်လို၍ တမင် ဝေလု၏လက်ချက် အဝင်ခံလိုက်သော မိမိဦးခေါင်းမှာ ရီဝေလျက် ရှိသေးသည်။

လက်ဗွေ့စကားနှင့် ပြောရလျှင် မိမိ၏ နည်းပရိယာယ် သတ်ပုတ်မှုကြောင့် မိမိ၏ တံတောင်တွက်အားဖြင့် ဝေလု အရှိုက်ကို ထိသွားပြီး သတိမေ့သွားသည်အထိ ခံသွားရရှာသည်ကိုလည်း စိတ်မကောင်း ဖြစ်မိသည်။

မိမိအဖို့ ဝေလုနှင့် ရန်ငြိုးရန်စ ဘာမျှမရှိ၊ ရန်ဖြစ်စရာမရှိ။ ဗိုလ်လုပွဲအတွက် ဦးမြတ်မင်း ရှေ့တွင် သတ်ပုတ်ပြရခြင်းသာဖြစ်သည်။

မိမိအဖို့ စားစရာမရှိ၊ နေစရာမရှိသောကြောင့် ဤအလုပ်ကို ဝင်လုပ်ရသည့်အတွက် မိမိဘဝကို စိတ်ပျက်ငြီးငွေ့မိသည်။





မတတ်နိုင်တော့ပြီ။

ဒီပုဆိုးဝတ်မိမှတော့ ဒီချေးပါရတော့မည်။

မိမိအဖို့ ဘီအက်စ်စီဘွဲ့ရသော ပညာသာရှိသည်။

ပြီး တောထဲတွင် သုံးနှစ်လုံးလုံး နေခဲ့ရပြီး ယခုမှ မိမိဝမ်း မိမိကျောင်း၊ မိမိခြေထောက်ပေါ် မိမိရပ်ရသည့်ဘဝတွင် ရုံး ဌာန၊ ကုမ္ပဏီတွင် အရာရှိလည်း မဖြစ်နိုင်။

ကိုယ် တကယ်သင်ကြား တတ်မြောက်ခဲ့သော ဆရာကြီးသြ သင်ပေးသော ပညာဖြင့်သာ အသက်မွေးဝမ်းကျောင်း ပြုရပေတော့မည်။

မည်သို့ဖြစ်စေ ...

ခွဲခွာသွားသော ဆရာကြီးသြအား ဦးသုံးကြိမ် ကန်တော့ပါ၏။ သတိရခြင်းများစွာ ကျေးဇူးတင်ခြင်း များစွာဖြင့် ကန်တော့ပါ၏။

ဒီညအဖို့ အိပ်ဆေးသောက်ပြီး မှိုင်း အိပ်ပစ်လိုက်တော့သည်။

❖ ✧ ❖

## ၄

ဖိနိုအိပ်ဆေးနှစ်လုံး သောက်ပြီး အိပ်သောကြောင့် မှိုင်းသည် နံနက်(၉)နာရီမှ အိပ်ရာမှ နိုးထတော့သည်။

နံနက်(၉)နာရီဆိုလျှင် ကန်ကြီးရိပ်သာအိမ်ကြီး၏ နံနက် ကော်ဖီသောက်ချိန် လွတ်သွားပေပြီ။

မှိုင်းအဖို့ နံနက်ပိုင်း ကော်ဖီ လက်ဖက်ရည်အတွက် အပြင်ထွက်၍ ဆိုင်တွင် စားသောက်ရပေဦးမည်။

အိပ်ရေးဝစွာဖြင့် တစ်ညလုံး တစ်ရေးမနိုး အိပ်လိုက်ရသောကြောင့် မှိုင်းတွင် ပင်ပန်းနွမ်းနယ်ခြင်းတွေ မရှိပါလေတော့၊ နာကျင်ကိုက်ခဲမှုတွေ မရှိပါလေတော့။

ရေချိုးသည်။ ကိုယ်လက်သန့်စင်သည်။ အဝတ်လဲသည်။ ပြီး … အိပ်ခန်းအပြင်သို့ ထွက်လိုက်သည်။

ခြံကြီး၏ ဟိုအဝေး တစ်နေရာဆီမှ လူသံသူသံ စကားပြောသံများ ကြားရသဖြင့် မှိုင်း ဆင်းကြည့်သည်။





အသံများထွက်ရာ နေရာတွင် လူတချို့နှင့် ညိုညိုမင်း၏ လေးဘီးကားအပြာလေး ရပ်ထားသည်ကို လှမ်းမြင်ရသည်။

ဩော် … နက်ဖြန်တွင် ညိုညိုမင်း မွေးမိခင် ဒေါ်နှင်းအေးအတွက် ဆွမ်းကျွေးပွဲ ရှိသည်ကိုးဟု မှိုင်း မှတ်မိလိုက်သည်။

ဤကန်ကြီးရိပ်သာတွင် မှိုင်း နေသရွေ့ ပထမ သိင်္ဂီမာနှင့် ဒုတိယ ညိုညိုမင်းနှင့် ကင်းအောင်နေရမည်မှန်း မှိုင်း ခံယူပြီးသား ဖြစ်သည်။

သို့သော် ယခု လှမ်းမြင်တွေ့ရသည်မှာ လူစုလူဝေးလေးနှင့် ဖြစ်နေသောကြောင့် မှိုင်း ထိုလူအုပ်ဆီသို့ လျှောက်လာခဲ့သည်။

ဆရာမညိုညိုမင်း၊ သိင်္ဂီမာ၊ ကိုဝေလု၊ ကိုဒေါ်န၊ ကိုဝဏ္ဏ၊ ကိုဟိန္ဒနှင့် ဦးဟိုင်းလုံတို့အားလုံး ရှိနေကြသည်။

ထိုလူအုပ်အား ဆရာမ ညိုညိုမင်းက ခေါင်းဆောင်ထားသည်ကိုလည်း တွေ့မြင်ရသည်။

"ဟော … ကိုမှိုင်း နိုးလာပြီလား။ ကိုးနာရီတောင် ထိုးပြီးသွားပြီ၊ တော်တော်အိပ်ပုပ်ကြီးသားပဲ"

ညိုညိုမင်းကပင် မှိုင်းအား တွေ့သည်နှင့် စတင်နှုတ်ဆက် ကြိုဆိုစကား ဆိုပေသည်။

ဆရာမညိုညိုမင်းက အရေးတယူ နှုတ်ဆက်သည်ကို တခြားလူတွေက ဝိုင်းကြည့်နေကြသည်။

"ဟုတ်ပါတယ် ဆရာမ၊ ကျွန်တော် ညက ရုတ်တရက် အိပ်မပျော်ဘူးလေ၊ ညဆယ်နာရီကျော်အထိ အိပ်မရတာနဲ့ (PHENOBARBITONE)ဖီနိုဘာဘီတုံး နှစ်လုံးသောက်ပြီး အိပ်လိုက်တာ၊ အခုမနက် ကိုးနာရီမှ နိုးတော့တယ်"

အင်္ဂလိပ်လို ဖီနိုဘာဘီတုန်းဟု မှိုင်း ပြောလိုက်သောကြောင့် ဆရာမ ညိုညိုမင်းသည် မှိုင်းကို တွေဝေသော အကြည့်မျိုးဖြင့် ကြည့်လိုက်သည်။

ထိုအင်္ဂလိပ်စာလုံး နာမည်ကို တော်ရုံလူတွေကြားတွင် အသိနည်းသော၊ အပြောနည်းသော စာလုံးဖြစ်ပါ၏။ လူပြိန်းတွေ သုံးတတ်သော စကားမဟုတ်ပေ။ ကိုမှိုင်း ပြောလိုက်သော ထိုအင်္ဂလိပ်စကား၏ အသံထွက်သံ မှန်ကန်မှု ရှိနေသည်။ ကိုမှိုင်းသည် ပညာအဆင့်အတန်းလည်း မနိမ့်ဟု ဆရာမညိုညိုမှိုင်း ယူဆလိုက်မိသည်။

သာမန်အားဖြင့် ဖီနိုဘာဘီတုန်းဆေးသည် အိပ်ဆေးတစ်မျိုးပင် ဖြစ်သည်။ အိပ်ဆေးတွေ အများအပြား ရှိသော်လည်း တော်ရုံလူသည် အဝယ်ရခက်၊ အခေါ်ရခက်သော ဖီနိုဘာဘီတုန်း အိပ်ဆေးကို ဝယ်မသုံးကြပေ။ ဆေးအာနိသင်ကို သဘောကျပြီး သုံးနေကျလူမှ ထိုအိပ်ဆေးကို သုံးတတ်ပေသည်။ ဆရာမညိုညိုမင်း ကိုယ်တိုင် သောကများပြီး အိပ်မပျော်သော ရံဖန်ရံခါညမျိုးတွင် ထိုဖီနိုဘာဘီတုန်းအိပ်ဆေး သောက်ပြီး အိပ်တတ်သည်။





"အဲဒီ (PHENOBARBITONE)အိပ်ဆေးကို ကိုမှိုင်း ဘယ်ကရသလဲ၊ တချို့ မှဒုံက ဆေးဆိုင်တွေမှာတောင် လူသုံးနည်းလို့ ဆိုင်တင်မရောင်းကြဘူး"

ကျွန်တော် ဝယ်ပြီး ဆောင်ထားတာပါ ဆရာမ၊ တခြား အိပ်ဆေးတွေ သောက်မိရင် အိပ်ရာထမှာ မကြည်လင်တာတို့၊ မူးဝေဝေ ဖြစ်တာမို့ တမင်ဝယ်ဆောင်ထားတာပါ၊ ညတိုင်းတော့ မသောက်ပါဘူး၊ ဘယ်လိုမှ အိပ်မပျော်တဲ့ ညမျိုးကျမှ သောက်လေ့ရှိတာပါ။ ဩော် ... အခု ဆရာမတို့ ဘာလုပ်နေကြတာလဲဗျာ"

"နက်ဖြန် မေမေ ဆုံးတာ တစ်နှစ်ပြည့်မို့ သံဃာလေးဆယ့်ငါးပါးပင့်ပြီး ဆွမ်းကျွေး ကောင်းမှုကုသိုလ်ပြုဖို့ ဒီနေ့ကတည်းက စီစဉ်တာလေ။ ထမင်းဟင်းတွေ ချက်ပြုတ်ဖို့ နေရာရွေးတော့ မေမေ့ရဲ့ အုတ်ဂူနားမှာပဲ လုပ်ချင်တာနဲ့ ဒီနေရာမှာလာပြီး စီစဉ်နေကြတာ"

"ဩော် ... ဒါလား၊ ကျွန်တော် ထင်ထားတာက ဆိုင်တစ်ဆိုင်က အော်ဒါမှာ ဆွမ်းကျွေးမယ် ထင်နေတာ၊ ဥပမာ ဒံပေါက်ဆွမ်းမျိုး၊ ထောပတ်ထမင်းမျိုးပေါ့လေ"

"မေမေက သိပ်ပြီး ဗမာဆန်တယ် ကိုမှိုင်း၊ ဝတ်စားဆင်ယင်မှုမှာရော အနေအထိုင်မှာရော အစားအသောက်မှာရော သိပ်ဗမာဆန်တာ၊ ဒါကြောင့် မေမေ့အတွက် ကုသိုလ်ပြု

ဆွမ်းကျွေးရာမှာ ကျွန်မကိုယ်တိုင် ဗမာထမင်း ဗမာဟင်း တွေ စီစဉ်ချင်လို့ တမင် ဒီနေ့နဲ့နက်ဖြန် ကျောင်းကခွင့် နှစ်ရက်ယူပြီး လာစီစဉ်နေတာ"

ဟုတ်ပေသည်။ ဆရာမကို မြင်တွေ့တိုင်း အင်္ကျီဖြူ လက်ရှည်ရင်ဖုံး၊ ကျောင်းထဘီစိမ်းနှင့်သာ တွေ့ရသည်။ ဆံကေ သာမှာလည်း ယနေ့ခေတ် အမျိုးသမီးတွေလို မဟုတ်ဘဲ ပကတိ အရှည်အတိုင်းထားပြီး နဖူးဖေါ် နောက်လှန်အပိဖြင့် နောက်တွဲ ထုံးထားသည်ကိုသာ မြွေရစွာ အမြဲမြင်တွေ့ရသည်။ သို့သော် ထိုသို့ ထူထူထဲထဲ လုံလုံခြုံခြုံ ဝတ်ဆင်သည့် ကြားကပင် လေ တိုးသောအခါ၌ဖြစ်စေ လှုပ်လှုပ်ရှားရှားပြုသော အခါ၌ဖြစ်စေ သူမ၏ ပင်ကိုအရှိ ကိုယ်ထည်အလှ အချိုးကျတို့သည် ပုံရိပ်ပေါ် လာလေ့ ရှိပါ၏။

မှိုင်းနှင့် ညိုညိုမင်း ဘာရယ်မဟုတ် စကားပြောနေ ရာသို့ အဝေးမှ လှမ်းကြည့်နေသူများအနက် ကိုဝေလုသည် မှိုင်း နှင့် ညိုညိုမင်း ရှိရာသို့ လျှောက်လာသည်။

ဝေလု၏ လက်တစ်ဖက်တွင် ကြက်သွန်လှီး အာလူး လှီးသောဓားပါးတစ်ချောင်း ကိုင်တွယ်ပါရှိလာသည်။

အားလုံးသည် နက်ဖြန်ဆွမ်းကျွေးအတွက် ကြိုတင် စီစဉ်လုပ်ကိုင်နေကြသည်မို့ ကိုဝေလု ဓားကိုင်ရင်း လျှောက်လာ သည်မှာ အဆန်းတော့မဟုတ်ပေ။





သို့သော် ညိုညိုမင်းသည် မနေ့ညက ဂိုဒေါင်တွင်း အောင်ပွဲတွင် မှိုင်းနှင့် ဝေလု ဖိုက်ကြသည်ကို ကြားပြီးသားဖြစ် နေသောကြောင့် ဝေလု ဓားကိုင်လျှောက်လာသည်ကို မှိုင်းအတွက် စိုးရိမ်သည်။

ကြက်သွန် အာလူးလှီးဓား ဆိုစေကာမူ အသွားထက် ပြီး ဦးချွန်သော ခြောက်လက်မအရှည်ခန့် ဓားပါးလေး ဖြစ်ပေ သည်။

သိင်္ဂီမာ ကိုယ်တိုင်လည်း စိုးရိမ်စွာဖြင့် ဝေလု နောက်မှ လိုက်လာသည်။ သိင်္ဂီမာကပင် မနေ့ညက ဂိုဒေါင်တွင်း သတ်ပုတ်ပွဲအကြောင်း ညိုညိုမင်းကို ပြောထားခြင်း ဖြစ်ပါ၏။

"အဲဒါ ဘာလုပ်မလို့လဲ ကိုဝေလု"

ညိုညိုမင်းသည် ဝေလု လက်တွင် ကိုင်လာသော ဓားကိုကြည့်ရင်း မေးမြန်းလိုက်သည်။

"ဪ ... မညိုကပါ ကျုပ်ကို အထင်မှားနေတာကိုး"

ပြောပြောဆိုဆို ဝေလုသည် လက်ထဲမှဓားကို နီးရာ စားပွဲပေါ်သို့ တင်ထားလိုက်သည်။

"ကျုပ် မညိုရဲ့ ဆွေမအတွက် ကောင်းမှုကုသိုလ် ပြုလုပ်မဲ့ အချိန်မှာ ဘာမှ အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါဘူး မညို၊ ကျုပ် အခု ဒီကိုလာတာ ညက အဖြစ်အပျက်တွေ အတွက် မှိုင်းကို တောင်းပန်ချင်လို့ပါ"

မှိုင်းက ဘာမျှမပြောဘဲ ဝေလု၏ အရိပ်အကဲကိုသာ ကြည့်နေသည်။

"ဒီမှာ မှိုင်း"

"ပြောပါ ကိုဝေလု"

"ညက ကိစ္စမှာ အပြုအမူ အပြောအဆိုတွေ ငါမှားသွားတယ်ဆိုတာ ဝန်ခံပါတယ်ကွာ၊ ဒါပေမဲ့ လူ့မနော လူ့သဘောအရ မင်းအပေါ် ငါ့ရင်ထဲက မခံချင်ဖြစ်မိတာတော့ ငါ မလွန်ဘူးလို့ ထင်မိတာပဲ မှိုင်း၊ စဉ်းစားကြည့်ပါ။ မှိုင်းဟာ ငါတို့အဖွဲ့ထဲမှာ အသက်အငယ်ဆုံး၊ နောက်ပြီး ဘယ်ကရောက်လာမှန်း မသိတဲ့ လူစိမ်းလူသစ်၊ တကယ်လို့ ဆရာကြီးဦးမြတ်မင်းရဲ့ တူတော်လို့၊ ညီတော်လို့၊ ဆွေမျိုးတစ်ခုခုတော်လို့ ဆရာကြီးက တန်းပြီး ခေါင်းဆောင်နေရာ ခန့်တာဆိုရင် ဖြေသာသေးတယ်၊ အခုတော့ ဆရာကြီးက မောင်ရင့်ကို ဘုမသိဘမသိနဲ့ ခေါင်းဆောင်နေရာ ခန့်လိုက်တာကို ငါ အစိက ခံပြင်းတာ၊ နောက်ပြီး မညိုကဝင်ပြီး မှိုင်းဘက်က ထောက်ခံပေးတယ်ဆိုတော့ ငါတအား မခံချင်စိတ် ဖြစ်သွားတယ်"

"ဖေဖေ လုပ်တာ မှားတယ်လို့ ကိုဝေလုက ဆိုလိုချင်တာလား"

"ကျုပ် ခရီးရောက်မဆိုက် ကြားကြားခြင်းတော့ မှန်တာပြောရရင် ဆရာကြီး မှားတယ်လို့ မြင်မိတယ်"





"မဆိုင်ပါဘူး၊ အဲဒီတုန်းက ကိုမှိုင်းကို ဖေဖေက ကိုဝေလုရဲ့ တပည့်သုံးယောက်နဲ့ အင်တာဗျူး တိုက်ခိုက်ခိုင်းသေးတာပဲ၊ အဲဒီလို သုံးယောက်နဲ့ တစ်ယောက် တိုက်ခိုက်နေကတည်းက ကျွန်မက ရောက်နေပြီး မျက်မြင်ပဲ၊ ကိုမှိုင်းကိုသာ မဟုတ်ဘူး၊ အဲဒီ အင်တာဗျူးမှာ တခြား ဘယ်သူတစ်ယောက်ဖြစ်ဖြစ် ကိုမှိုင်း စွမ်းဆောင်သလို စွမ်းဆောင်ရင် ဒီလူ တော်တယ်လို့ ထောက်ခံမိမှာပဲ"

ဝေလုက ညိုညိုမင်း ပြန်ချေပသည်ကို ခေါင်းညိတ်ထောက်ခံလိုက်ပါ၏။

"ဟုတ်ပါတယ် မညို၊ ကိုဟိုင်းလုံကလည်း အခု မညိုပြောသလိုပဲ၊ မှိုင်းရဲ့စွမ်းဆောင်နိုင်ချက်ကို ကျုပ် ပြောပြပြီးသားပါ၊ တကယ်တော့ မညို ထောက်ခံတာဟာ လူပုဂ္ဂိုလ်ချွဲနဲ့ ထောက်ခံတာ မဟုတ်ဘူး၊ အဲဒီလူရဲ့ စွမ်းရည်ကို ထောက်ခံတယ်ဆိုတာ ကျုပ်သဘောပေါက်သွားပါပြီ၊ ကျုပ်တို့လို လူမျိုးတွေမှာ ပွဲတိုးဘူးတဲ့ အတွေ့အကြုံ အများကြီးလိုတယ်၊ ကျုပ်ဆိုရင် ပွဲတိုးခဲ့ဘူးတဲ့ အကြိမ်အများကြီးပေါ်မူတည်ပြီး သာမန်ကနေ လက်ထောက်နေရာ၊ ပြီးမှ ဒုတိယခေါင်းဆောင်နေရာ၊ အဲ ... ဒုတိယခေါင်းဆောင်ပြီးမှ ခေါင်းဆောင် ဖြစ်လာခဲ့ရတာ၊ မှိုင်းက အသက်ငယ်တော့ အတွေ့အကြုံမရှိ ပွဲမတိုးဘူးသေးတဲ့ သာမန်လူလို့ ကျုပ် ယူဆခဲ့မိလို့ပဲ၊ ဒါပေမဲ့ ညက ကျုပ်လက်တွေ့

မှိုင်းရဲ့လက်ချက်ကို ခံလိုက်ရတယ်လေ၊ ဆရာဝန်ခေါ်ကုရတဲ့အထိ ခံလိုက်ရတာ၊ ဒီတော့မှ မှိုင်းဟာ လူသာငယ်တယ်၊ ဒီဘက်မှာ ရင့်ကျက်သူပါလားလို့ လက်တွေ့ခံရတယ်၊ ကျုပ် ယုံကြည်သွားတယ်၊ ဒါကြောင့် ဆရာကြီးမှိုင်းကိုခန့်တာ မမှားဘူး၊ ကျုပ်ညက ပြောမိဆိုမိ ပြုမူမိတာတွေ မှိုင်းကို တောင်းပန်သင့်တယ်လို့ ခံယူတာမို့ အခု မှိုင်းကို ကျုပ်လာတောင်းပန်တာပါ"

"ရပါတယ် ကိုဝေလုရဲ့ ခံစားချက်ကို ကျွန်တော် နားလည်သဘောပေါက်ပါတယ်၊ တကယ်တော့ ကိုဝေလုဟာ လက်ရည်ပြည့် စွမ်းဆောင်နိုင်သူ ဆိုတာကိုလည်း ညက သတ်ပုတ်လိုက်တာနဲ့ ကျွန်တော် သိတာပါပဲ"

ကိုဝေလု ပြုံးသွားသည်။ ညိုညိုမင်း ရှေ့တွင် သူ၏စွမ်းရည်ကို မှိုင်းက ထုတ်ဖော်ချီးကျူးသည်ကို သဘောတွေ့သွားဟန် တူသည်။

ပြီး ... ဆရာမ ညိုညိုမင်း အပေါ်တွင် ကိုဝေလုစိတ်ဝင်စားမှန်း သူ၏ ညိုညိုမင်းအား ပြုံးအကြည့်က ထင်ရှားနေသည်။

ရယူဖို့ ရည်မှန်းထားဟန်လည်း တူသည်။

ညက မှိုင်းနှင့် သတ်ပုတ်ပွဲတွင် သူ ခံလိုက်ရသည်ကို ဆရာမညိုညိုမင်း အထင်သေးသွားမည်ကိုလည်း စိုးရိမ်ဟန်တူသည်။





ယခု ညိုညိုမင်း ရှေ့မှာပင် မှိုင်းက စွမ်းရည်ကို ချီးကျူးသဖြင့် ကျေနပ်သွားပုံရသည်။

"ကျွန်တော် အပြင်သွားလိုက်ဦးမယ် ဆရာမ၊ ကျွန်တော် မနက် ကော်ဖီပွဲ လွတ်သွားတယ်လေ၊ အပြင်ထွက်ပြီး ဗိုက်ဖြည့်လိုက်ဦးမယ်"

ညိုညိုမင်းက သိင်္ဂီမာ ဘက်သို့ ပျာပျာသလဲ လှည့်ပြောလိုက်သည်။

"မသိင်္ဂီမာ ... ဒေါ်စောကို ကိုမှိုင်းအတွက် တစ်ခုခု စီစဉ်ခိုင်းပေးပါလား၊ ဒီမှာ ရေနွေး ကော်ဖီ နို့ဆီ သကြားအဆင်သင့်ပဲဟာ၊ မုန့်တွေလည်း ဝယ်ထားပြီးသား"

"ရတယ် မညို"

"နေပါစေတော့ဗျာ၊ ဒီကန်ကြီးရိပ်သာအိမ်ရဲ့ စည်းကမ်းကိုက ကော်ဖီပွဲ ထမင်းပွဲကို အချိန်နဲ့မောင်းတီး ခေါ်ယူတာပဲ၊ ကျွန်တော် အိပ်ပုပ်ကြီးလို့ လွတ်သွားတာ၊ ကျွန်တော့အပြစ်နဲ့ ကျွန်တော် အပြင်ဘက်မှာပဲ ဆိုင်သွားထိုင်တော့မယ်။ ပြီးတော့ ကျွန်တော် လက်ဖက်ရည်ဆိုင် ထိုင်ရတာနှစ်သက်တယ် ဆရာမ၊ လက်ဖက်ရည်ဆိုင်မှာ လူစုံတွေ့ရပြီး မြို့က သတင်းစုံတွေ ကြားရတတ်တယ်၊ ကဲ ... ကျွန်တော့်ကို ခွင့်ပြုပါဦး"

ပြောပြောဆိုဆို မှိုင်းသည် သူ၏ဘီအက်စ်အေမော်တော်ဆိုင်ကယ်စီးပြီး ခြံထဲမှ ထွက်လာခဲ့သည်။

စီးလာရင်း ကန်ကြီးရိပ်သာတွင် မှိုင်းအဖို့ ဆင်ခြင်ရန်နှင့် ရှောင်ကြဉ်ရန် အချက်နှစ်ချက် တွေးမိသည်။

သီဂိမာကို အရောမဝင်နှင့်၊ အရောဝင်လျှင် ဦးမြတ်မင်းနှင့် ထိပ်တိုက်တွေ့မည်။

ဆရာမညိုညိုမင်းကိုလည်း အရောမဝင်နှင့် ဝေလုနှင့် ထိပ်တိုက်တွေ့မည်ဆိုသည့် အချက်နှစ်ချက်ပါတည်း။

✤ ✧ ✤



# ၇

ညိုညိုမင်း စိတ်ထဲတွင် မတင်မကျလေး ခံစားကျန်ခဲ့သည်။

မှိုင်းသည် အိပ်ရာမှနိုးပြီး မိမိခြံထဲတွင် ရှိနေသည်ကို မြင်သောကြောင့် မိမိထံသို့ တန်းတန်းမတ်မတ် လာခြင်းဖြစ်သည်။

သို့သော် မိမိနှင့် စကားပြောနေစဉ် ကိုဝေလုရောက်လာပြီး ညက ကိစ္စတွေ ပြောနေသဖြင့် မိမိကို ဘာမှဆက်မပြောတော့ဘဲ အပြင်သွား ကော်ဖီသောက်မည် ဆိုပြီး ထွက်သွားတော့သည်။

ကိုဝေလုနှင့် မိမိကို မှိုင်း စိတ်ထဲက ဘယ်လိုများထင်သွားသနည်း။

မှိုင်းအား ညိုညိုမင်း လှေလာမိသလောက်မှာ ယှဉ်ပြိုင်သတ်ပုတ်ရာတွင် အားမာန်ပြည့်ဝသော ကျားတစ်ကောင်နှယ်

ရှိသော်လည်း သာမန်အချိန်တွင် အလှမွေးထားသော ယုန်လေးသဖွယ် နူးညံ့သည်ဟူ၍ပင်။

ညိုညိုမှိုင်း တွေဝေနေစဉ်မှာပင် နံနက်စောစောတည်းက ဒတ်ဆန်ပစ်ကပ်ကားနှင့် ထွက်သော ဖေဖေ ဦးမြတ်မင်း ပြန်လာသည်ကို လှမ်းတွေ့မြင်ရသည်။

ဖေဖေဦးမြတ်မင်းသည် မေမေ့ကုသိုလ်အမျှဝေကိစ္စတွင် လစ်လျူရှုလွန်းသည်ဟု ညိုညိုမှိုင်း စိတ်တွင် မကျေမနပ်ဖြစ်မိသည်။

"ဟေး ... ဝေလုရော ဟိုကောင်တွေရော လာကြစမ်း၊ ငါ့သီးသန့်ခန်းမှာ တိုင်ပင်စရာရှိတယ်၊ ဟိုကောင်မှိုင်းရော မရှိဘူးလား၊ ဘယ်သွားလဲ"

"ကော်ဖီသောက်ဖို့ အပြင်ထွက်သွားတယ် ဆရာကြီး"

ဝဏ္ဏက လှမ်းဖြေလိုက်သည်။

"ကြီးကျယ်တဲ့ကောင်ပဲ၊ အလုပ်ဖြင့်လုပ်မယ် မကြံသေးဘူး"

ညိုညိုမှိုင်းက သူမ၏ဖေဖေကို မေးမြန်းလိုက်သည်။

"ဖေဖေက သူ့ကို ကန်ကြီးရိပ်သာရဲ့ စည်းကမ်းတွေ ပြောထားပြီးပလား"

"မပြောရသေးဘူး သမီး"

"ပြောမထားလို့ ထွက်သွားတာ နေမှာပေါ့၊ ပြောထားလျက်နဲ့ ထွက်သွားရင်တော့ သူ့အဆိုးပေါ့ ဖေဖေ"





"ရတယ်၊ ကိစ္စမရှိဘူး၊ အခုစည်းဝေးမဲ့ကိစ္စမှာ သူ မပါလည်း ဖြစ်တယ်၊ ဝေလုက အဓိကပဲ"

ဖေဖေတို့ အားလုံး သီးသန့်ခန်းထဲသို့ ဝင်သွားကြသည်။

ညိုညိုမှိုင်းနှင့် သိင်္ဂီမာ ကျန်ခဲ့သည်။

"မညိုကော ပြန်တော့မလားဟင်၊ မညို အချိန်ရသေးရင် သိင်္ဂီမာ ပြောချင်လို့"

"ပြောလေ၊ မညို နှစ်ရက်တောင် ခွင့်ယူထားတာပဲ"

"ကိုမှိုင်း အကြောင်းပြောချင်တာပါ၊ သူက တစ်မျိုးထူးခြားနေသလားလို့၊ ကိုဝေလုတို့နဲ့ ဘဝချင်းတူပေမဲ့ ဆင်းသက်လာတာခြင်း မတူဘူးလားလို့"

"ဆိုပါဦး၊ ဘယ်လိုမတူတာလဲ"

"မညို သိပါတယ်နော် အစ်ကိုကြီး ဦးမြတ်မင်းရဲ့ လုပ်ငန်းတွေကို"

"သိတယ်လေ၊ ဒါကြောင့် မေမေ ဆုံးတာနဲ့ ဒေါ်လေးသူဇာကို ခေါ်ပြီး မညို ဒီမှာမနေဘဲ သီးခြားသွားနေတာပေါ့"

"အစ်ကိုကြီးရဲ့ လုပ်ငန်းမှာ ကိုဝေလုလိုလူတွေ မွေးရမှာ လုပ်ငန်းသဘောပဲ"

ညိုညိုမှိုင်း ခေါင်းညိတ်ပြသည်။

"ကိုဧလုတို့အဖွဲ့ကို မညို ကြည့်လေ၊ ဘယ်လောက်တန်ဖိုးကြီးတဲ့ အဝတ်တွေ ဝတ်ပေမဲ့ သူတို့ရုပ်တွေက ပုံမလာဘူး၊ သူတို့ ဘယ်လောက်ပဲ ရယ်ရယ်မောမောနေ၊ သူတို့မျက်နှာတွေမှာ ကြမ်းတမ်းခက်ထန်တာတွေ ရှိမြဲရှိနေတာပဲ၊ လွယ်လွယ်သဘောပေါက်အောင် ပြောရရင်တော့ ကိုဧလုတို့ဟာ ရုပ်ရှင်ထဲက လူကြမ်းရုပ်တွေ အမြဲရှိနေတယ် မညို"

ညိုညိုမင်း ထောက်ခံခေါင်းညိတ်ပြန်သည်။

"ကိုမှိုင်းကျတော့ သူတို့ရုပ်မျိုး မဟုတ်ဘူး"

"အင်း ... အဲဒါကိုလည်း မညို သတိထားမိသားပဲ၊ သူ့မှာ တခြားလုပ်စားစရာ အလုပ်မရှိလို့ ဖေဖေ့ဆီမှာ ဒီအလုပ်မျိုး ဝင်လုပ်တာလားလို့တောင် တစ်ခါတလေတွေးမိတယ် သီဂိမာ"

"နောက်တစ်ချက် ရှိသေးတယ် မညို၊ ကိုမှိုင်းမှာ စောင့်စည်းတဲ့ သိက္ခာပိုင်းမျိုးလည်း ရှိနေတယ်၊ ကိုဧလုကစပြီး သူ့လူတွေဟာ အစ်ကိုကြီး လစ်ရင် လစ်သလို သီဂိမာကို ရိသဲ့သဲ့လုပ်တဲ့ လူချည်းပဲ၊ အသက်ကြီးတဲ့ အစ်ကိုကြီးကို ယူထားလို့ အချောင်ရမလား ဆိုတဲ့ စိတ်မျိုးတွေနဲ့ပေါ့။ အဲ ... ကိုမှိုင်းကျတော့ အဲဒီလို လုံးဝမဟုတ်ဘူး မညို"

"သီဂိမာ ဘာအထောက်အထားနဲ့ ပြောနေတာလဲ။ သီဂိမာ့မှာ ကာမပိုင်လင်ယောကျ်ား ဖေဖေ ရှိနေလို့ ကိုမှိုင်းက ဆင်ခြင်တာရော မဖြစ်နိုင်ဘူးလား"





"မညို မှားနေပြီ၊ ကာမပိုင် လင်ယောကျ်ားဆိုတာ တရားဝင်လက်ထပ်မှ မဟုတ်လား၊ သီဂိမာ့ဘဝက အစ်ကိုကြီးရဲ့ အဖျော်ဖြေခံ မိန်းမတစ်ယောက်ပဲ၊ တရားဝင်ဇနီးမှ မဟုတ်တာ"

ညိုညိုမင်း သီဂိမာ့အတွက် စိတ်မကောင်း ဖြစ်ရပါ၏။

"သီဂိမာ အဓိက ဆိုလိုတာက ကိုမှိုင်း အကြောင်းပါ မညို၊ ကိုမှိုင်းဟာ တကယ်တမ်း ဘာလဲဆိုတာ မညိုနဲ့ သီဂိမာ သူ မရှိတုန်း သူ့အခန်းထဲဝင်ပြီး လေ့လာကြည့်ရင် ကောင်းမလားလို့ တိုင်ပင်တာ"

"မကောင်းဘူး ထင်တယ် သီဂိမာ"

"အိုး ... သူ့အကြောင်း သိချင်လို့ စုံစမ်းတဲ့ သဘောပဲဟာ၊ သူ့ပစ္စည်း သွားခိုးတာမှ မဟုတ်တာ၊ လာပါ မညိုရယ်၊ သွားကြည့်စို့"

ညိုညိုမင်း ကိုယ်တိုင် မှိုင်းဟာ ဘာလဲ၊ ဘယ်လိုလူလဲ ဆိုသည်ကို ရင်ထဲက သိချင်နေသည်မို့ သဘောတူလိုက်သည်။

မှိုင်းက အိပ်ခန်းမှ ဆင်းလာစဉ်က ခြံထဲတွင် ညိုညိုမင်းကို တွေ့သောကြောင့် တန်းပြီးဆင်းလာပြီးမှ ထွက်သွားသည်မို့ သူ့အခန်းတံခါး သော့ခတ်မသွားပေ။

နှစ်ယောက်သား အလွယ်နှင့်ပင် မှိုင်းအခန်းထဲသို့ ဝင်ခဲ့ကြသည်။

ခုတင်ဝယ် ခြင်ထောင်တန်းလန်း စောင်တန်းလန်း တွေ့ရသည်။ လူပျိုတစ်ကိုယ်တည်းသမားမို့ ဖြစ်သလိုနေသော အသွင်သဏ္ဌာန်တွေ တွေ့ရှိရသည်။

စည်းကမ်းကြီးပြီး အမြင်မတော်လျှင် မနေတတ်သော ညိုညိုမင်းက သပ်ရပ်စွာပင် ခြင်ထောင်ပြန်တင်ပေးပြီး စောင်ကို အနားညီခေါက်ပေးသည်။

မှိုင်းတွင် အဝတ်အစားထည့် သေတ္တာတွေ ဘာတွေ ရှိသည်မဟုတ်။ လာစဉ်ကတည်းက ခေါင်းအုံးရှည်လို ကျောပိုးအိတ်လွယ်ပြီး မော်တော်ဆိုင်ကယ်၏ နောက်ဘီးဘက်တွင် ချိတ်တွဲသော ဘေးဆွဲအိတ်နှစ်အိတ်ထဲတွင် ရှိသမျှ သူ့ပစ္စည်းတွေ ထည့်ယူလာသူ ဖြစ်သည်။ သူ့အဝတ်အစားနှင့် ပစ္စည်းတွေကို အိပ်ခန်းတွင် နဂိုတည်းက ထားပေးသော ဗီရိုထဲတွင် ထိုးကြိတ်ထည့်ထားသည်။ ဝတ်ပြီးသား အဝတ်ဟောင်းတွေကို နဂိုထားပေးသော အဝတ်ခြင်းထဲတွင် ထည့်ထားသည်။ တချို့အင်္ကျီဘောင်းဘီ ပုဆိုးတို့ကိုလည်း ချိတ်လို့ရသည့် နေရာတွင် တွဲလဲချိတ်ထားသည်။

သင်္ဂီမာ လျှောက်မွှေကြည့်သမျှ ညိုညိုမင်းက နောက်မှလိုက်ကြည့်သည်။

သင်္ဂီမာသည် အဝတ်ဟောင်းခြင်းထဲတွင် ဝတ်ပြီးသား စွပ်ကျယ်အဟောင်း တစ်ခုကို ဖြန့်ကြည့်ပြီး ...





"ဒီမှာကြည့်စမ်း မညို၊ စွပ်ကျယ်ရှေ့မှာရော နောက်မှာရော အနီရောင် အင်္ဂလိပ်စာလုံးတွေ ရေးထားတယ်၊ မညို ဖတ်ကြည့်ပါလား၊ သင်္ဂီက အင်္ဂလိပ်စာမှ မဖတ်တတ်တာ"

ညိုညိုမင်း လှမ်းကြည့်လိုက်သည်။

"YANGON UNIVRSITY"

မြန်မာလို ရန်ကုန်တက္ကသိုလ်ဟု ရေးထားသော စာတန်းမှန်း မညိုညိုမင်း တွေ့ရှိရသည်။

" 'ရန်ကုန်တက္ကသိုလ်' လို့ ရေးထားတာ သင်္ဂီမာ"

"ဒါဆို ကိုမှိုင်းဟာ ရန်ကုန်တက္ကသိုလ် တက်ခဲ့တဲ့သူ ဖြစ်မှာပေါ့နော်"

ညိုညိုမင်း နားလည်သည်မှာ ရန်ကုန်တက္ကသိုလ်တွင်နေသော ကျောင်းသားတချို့သည် တက္ကသိုလ်တွင် ရှိနေသော ဘောလုံးအသင်း၊ ဘာအသင်း ညာအသင်းများတွင် ဝင်ရောက်ပြီး ယှဉ်ပြိုင်သည့်အခါ တက္ကသိုလ်အသင်းသားမှန်း ပေါ်လွင်စေရန် အားကစားစပို့ရှပ်၊ စွပ်ကျယ် စသည်များတွင် ယင်းကဲ့သို့ "ရန်ကုန်တက္ကသိုလ်" တံဆိပ်များ ရိုက်နှိပ်ထားသည်ဟု နားလည်ခဲ့သည်။

မှိုင်းသည် တက္ကသိုလ်ကျောင်းသားတစ်ဦး ဖြစ်ခဲ့လေသလား။ တက္ကသိုလ်ကျောင်းသား ဖြစ်ခဲ့သူ တစ်ယောက်က ဖေဖေ့ဒုစရိုက်လုပ်ငန်းမျိုးတွင် ဝင်လုပ်မည်တဲ့လား။

"ဒါကတော့ ဘာအတတ်ပြောနိုင်မှာလဲ သိင်္ဂီမာ၊ သူ့မိတ်ဆွေ တက္ကသိုလ်ကျောင်းသားဆီက ငှားဝတ်ထားတာ ဖြစ်ချင်ဖြစ်မှာပေါ့"

"ငှားဝတ်တာဆိုရင် ပြန်ပေးရမှာပေါ့ မညို"

"ပြန်မပေးဘဲ ယူထားတာ ဆိုရင်ကော"

သိင်္ဂီမာက ဦးခေါင်းလေး ခါပြသည်။

"ကိုမှိုင်းဟာ သူများပစ္စည်းငှားမဲ့လူစား မဟုတ်ပါဘူး။ ငှားမိရင်လည်း ပြန်မပေးဘဲ နေမဲ့လူစား သာပြီးတောင် မဖြစ်နိုင်သေးဘဲ မညို"

"ပြောတတ်ပါဘူး သိင်္ဂီမာရယ်၊ သူ့ကိုယ်ပိုင်ဖြစ်ဖြစ် ငှားထားတာဖြစ်ဖြစ် မညိုတို့နဲ့မှ မဆိုင်တာ၊ ပြန်ထည့်ထားလိုက်ပါ သိင်္ဂီမာ"

တခြားအသုံးအဆောင်များကို လှော်ကြည့်သည်။ မှိုင်းပစ္စည်း မှန်သမျှ စားပွဲတင်နာရီမှအစ ပစ္စည်းအားလုံးသည် အသေးအဖွဲမှစပြီး တန်ဖိုးကြီးမားသော ပစ္စည်းတွေဖြစ်နေကြောင်း တွေ့ရသည်။

စားပွဲတင်နာရီလေးတွင် လေဘယ်အထူစား ကတ်ပြားလေး ဆွဲချိတ်ထားသည်။ စာတန်းလေးကို ညိုညိုမင်း ဖတ်ကြည့်သည်။ ဝိုင်းစက်လှပသော လက်ရေးဖြင့် ...

"ကိုမှိုင်းရဲ့ နောက်ဆုံးနှစ် အောင်မြင်ခြင်းအတွက်"

မြတ်





ဟု တွေ့ရှိဖတ်မိသည်။

ကိုမှိုင်းရဲ့ နောက်ဆုံးနှစ် အောင်မြင်ခြင်းအတွက် ဟု မြတ်ဆိုသည့် အမျိုးသမီးတစ်ဦးက ဂုဏ်ပြုလက်ဆောင်ပေးထားသော စားပွဲတင်နာရီပါလားဟု တွေးယူနိုင်သည်။

"မြတ်"ဆိုသည်မှာ မည်သူနည်း။

နောက်ဆုံးနှစ် အောင်မြင်ခြင်းဆိုသည် ဘာနောက်ဆုံးနှစ်ပေနည်း။

"မြတ်"ဟု တစ်လုံးတည်း လက်မှတ်ရေးထိုးထားခြင်းကြောင့် အမျိုးသားတော့ မဖြစ်တန်ရာ။

မြတ်သည် မှိုင်း၏ ညီမလေလား၊ ချစ်သူလေလား။

ညီမဖြစ်စေ ချစ်သူဖြစ်စေ ဂုဏ်ပြုလက်ဆောင်ပေးသော စားပွဲတင်နာရီ အမျိုးအစားမှာ တန်ဖိုးကြီးမားလှသော အမျိုးအစားဖြစ်မှန်း ညိုညိုမင်း သိသည်။

"ဟော ... မမညို၊ အဝေးက မော်တော်ဆိုင်ကယ်စက်သံကြားတယ်၊ ဒီဆိုင်ကယ်စက်သံဟာ ကိုမှိုင်း ဆိုင်ကယ်စက်သံပဲ၊ လစ်ကြစို့ မညို"

မှိုင်း အခန်းထဲမှ နှစ်ယောက်သား အမောတကော ပြေးထွက်လာခဲ့ကြသည်။

ညိုညိုမင်း ရင်ခုန်ရသည်။ မှိုင်းအခန်းထဲတွင် မှိုင်းပစ္စည်းလေးတွေကို ကြည့်ပြီးလည်း ရင်ခုန်ခဲ့သည်။

ယခု အခန်းထဲမှ ထွက်ပြေးတော့လည်း ညိုညိုမိုင်း ရင်ခုန်ရသည်။

မှိုင်းသည် ဤသို့ ရင်တစ်ခါမှ မခုန်စဖူးသော ညိုညိုမိုင်းအား အကြိမ်ကြိမ် ရင်ခုန်စေပါလား မှိုင်း။

ယင်းသို့ ရင်ဖိုရခြင်းနှင့် ရင်ခုန်ရခြင်းသည်ပင်လျှင် ညိုညိုမိုင်းအတွက် ထူးထူးခြားခြား ကြည်နူးမှု ခံစားချက်လေး ခံစားလိုက်ရတော့သည်။

✤ ✧ ✤





## ၈

ရှိုင်းရာတော့ ရောက်သည်။

ကန်ကြီးရှိပ်သာ တိုက်အိမ်ကြီးပေါ်တွင် သံဃာပင့် ဆွမ်းကျွေး၊ ကောင်းမှုကုသိုလ်တွေ လုပ်နေသည်။ ဦးမြတ်မင်း၏ မိတ်ဆွေ၊ သိင်္ဂီမာ၏မိတ်ဆွေ၊ ညိုညိုမိုင်း၏မိတ်ဆွေ စသည့် ဖိတ်ကြားဧည့်သည်တွေ တစ်ပြုံကြီး ရှိကြသည်။

မှိုင်း အိမ်ကြီးပေါ်သို့ မသွားရောက်ပေ။

မိမိအခန်းရှေ့တွင် မော်တော်ဆိုင်ကယ် ဒေါက် ထောက်ထားခဲ့ပြီး အိပ်ခန်းတံခါးကို သော့မခတ် စေ့ရုံစေ့ထားပြီး ကန်ကြီးဘက်သို့ ထွက်လာခဲ့သည်။

ကန်ကြီးသို့ လျှောက်လာခဲ့သည်။

ရေကန်ကြီးပတ်လည် ပေါက်နေသော သစ်ပင်ပန်း ပင်များနှင့် ကန်ကြီး၏ ရေပြင်ကြောင့် အေးမြသာယာလှပေသည်။ အုတ်ခုံတစ်ခုပေါ်တွင် မှိုင်း ထိုင်ချလိုက်သည်။

အထူးသဖြင့် ညိုညိုမင်းနှင့် မတွေ့ရန် မှိုင်း ရှောင်ထွက်လာခြင်းဖြစ်သည်။ ယခု ကသိုလ်ပွဲမှာ ညိုညိုမင်း ဦးစီးဆောင်ရွက်သောပွဲ ဖြစ်သည်။ အိမ်ကြီးပေါ်သို့သွားလျှင် မလွဲမသွေ ညိုညိုမင်းနှင့် တွေ့ဆုံရတော့မည်။

သိင်္ဂီမာသည် ဦးမြတ်မင်း၏ မြတ်နိုးပစ္စည်း။

ညိုညိုမင်းသည် ကိုဝေလု၏ မြတ်နိုးပစ္စည်း။

သိင်္ဂီမာ၊ ညိုညိုမင်းနှင့် ပတ်သက်ပြီး ဦးမြတ်မင်းနှင့်ဖြစ်စေ ကိုဝေလုနှင့်ဖြစ်စေ မှိုင်း ပဋိပက္ခ မဖြစ်ချင်။

ကြောက်၍တော့ မဟုတ်။

ကန်ကြီးရိပ်သာတွင် မှိုင်းအတွက် စူးစမ်းစုံစမ်းစရာတွေ များစွာရှိနေသည်။

ဆရာမ ညိုညိုမင်းကို မိမိအနေနှင့် မငြိအောင်ရှောင်ရမည်ဆိုသည့် အသိစိတ်ထားသည့် ကြားကပင် ဆရာမညိုညိုမင်းအကြောင်း မှိုင်း ခေါင်းထဲသို့မကြာခဏ ရောက်လာသည်။

မနေ့က မိမိ အပြင်ထွက်ရာမှ ပြန်ရောက်လာတော့ မိမိအခန်း အနေအထားလေးတွေ ပြောင်းလဲနေသည်ကို သတိထားမိသည်။ ခြင်ထောင်တင်၊ စောင်ခေါက်၊ အိပ်ရာခင်းပြန့်ပြန့်တွေ ရှိနေသည်။ အိမ်ကြီးပေါ်မှ ဘဏ္ဍာစိုး အမျိုးသမီးအိမ်ဖော်ကြီး ဒေါ်စော လာရောက်လုပ်ပေးသွားခဲ့လေသလား။

မဖြစ်နိုင်၊ ဒေါ်စောသည် ဦးမြတ်မင်း အမိန့်မပေးလျှင် မိမိနှင့်မဆိုင်သောအလုပ် ဘာမှမလုပ်။





သိင်္ဂီမာလည်း မဖြစ်နိုင်၊ သိင်္ဂီမာတွင် ဤသို့အသိတရားမျိုးမရှိ၊ မိမိအိပ်ရာကိုပင် မိမိဟာမိမိ စောင်ခေါက်ခြင်ထောင်တင် လုပ်လေ့မရှိ၊ သိင်္ဂီမာက အပေါ်ယံကျော ပေါ့ပေါ့လေး နေတတ်သူ ဖြစ်သည်။

ဒါဆို ဆရာမ ညိုညိုမင်း။ ဒါတော့ ဖြစ်နိုင်သည်။ ဆရာမညိုညိုမင်းက အမြင်မတော်လျှင် ဘာမဆို သူမ၏စည်းကမ်း၊ သူမ၏အသိနှင့် ကျောင်းဆရာမပီသစွာ သိမ်းဆည်းတတ်သည်။

နောက်တစ်ချက်မှာ ဆရာမညိုညိုမင်း သုံးသောရေမွှေးနံ့ဖြစ်သည်။ ဆရာမညိုညိုမင်းနှင့် မှိုင်း တွေ့လေတိုင်း ညိုညိုမင်း ထံမှ ထွက်လာသော ရေမွှေးနှင့် ကိုယ်ပိုင်အနံ့ကို မှိုင်း နှာခေါင်းတွင် စွဲနေသည်။ မနေ့က မှိုင်း အိပ်ခန်း ပြန်ရောက်တော့ ယင်း ဆရာမညိုညိုမင်း ထံမှ အနံ့မျိုး အခန်းထဲတွင် ရရှိသည်။

ကောင်းပြီ။ ဆရာမ ညိုညိုမင်း မိမိအခန်းသို့ လာခဲ့သည်ဆိုငြားအံ့ အဘယ်ကြောင့် လာခဲ့လေသနည်း။

ယောက်ျားပျိုတစ်ဦး၏ အခန်းကို တိတ်တဆိတ် ညိုညိုမင်းလို ဆရာမမျိုးက တစ်ယောက်တည်းတော့ လာမည်မဟုတ်၊ ညိုညိုမင်းတွင် အဖော်ပါရှိရမည်။ ထိုအဖော်သည် သိင်္ဂီမာပေလား။

ဤသို့ဆိုပါက ဖနီး သိင်္ဂီမာနှင့် သမီး ညိုညိုမင်းကို ဦးမြတ်မင်းကပင် သွားစုံစမ်းကြည့်ကြစမ်းဟု စေလွှတ်ခြင်းပေလား။

မှိုင်း ရင်ထဲ ဒိတ်ခနဲ ခုန်သွားသည်။

ဦးမြတ်မင်းသည် မိမိကို စူးစမ်းလာလေပြီလား။ ညိုညိုမင်းသည် ဖခင်ပြောတိုင်း ခိုင်းတိုင်း လုပ်ချင်မှ လုပ်သည်။ ဖခင်ဦးမြတ်မင်းနှင့် အတူမနေဘဲ အိမ်ခွဲသီးခြားနေသူ ဖြစ်သည်။

ဒါဆို မညိုသည် ဘာကြောင့် မိမိအခန်းသို့ ဝင်ရောက်ပါလိမ့်။

✤ ✧ ✤





# ၉

ကန်ကြီးရိပ်သာတွင် လူတွေကို ခန့်ထားရာ၌ လစာငွေမှာရော နေထိုင်မှုမှာရော စားသောက်မှုမှာရော ဦးမြတ်မင်းက အဆင့်အတန်း ခွဲခြားထားပါသည်။ ပြီး ... စည်းကမ်းလည်း သတ်မှတ်ထားသည်။

နံနက်(၇)နာရီတွင် ကော်ဖီချိန်။

နံနက်(၁၁)နာရီတွင် နံနက်စာ ထမင်းချိန်။

မွန်းလွဲ(၁)နာရီတွင် ကော်ဖီချိန်။

ညနေ(၆)နာရီတွင် ညစာထမင်းချိန်။

ထိုသို့ သတ်မှတ်ချိန်ရောက်တိုင်း တစ်ခြံလုံးကြားစေသော မောင်းထုသည်။

မောင်းထုချိန်တွင် သွားရောက်စားသောက်ပေတော့၊ ယင်းအချိန်ထက် နောက်ကျလျှင် ဘာမှမကျွေးတော့။

မောင်းမထုမီ စောပြီးလည်း အိမ်ကြီးပေါ် မလာရ။

မှိုင်း ရောက်လာပြီးမှ သူ့အချိန်အတိုင်း မသွားမိသဖြင့် အပြင်ထွက်စားရသည့် အကြိမ်ပေါင်း များလှပြီ။

မှိုင်းကလည်း ကန်ကြီးရိပ်သာကို စပြီးရောက်လာကတည်းက ဖွတ်ပေပေ။

မှိုင်း နံနက်(၇)နာရီ မနိုးဘဲ နောက်ကျလျှင် ကိုယ့်ဟာကိုယ် မော်တော်ဆိုင်ကယ်နှင့် မုဒုံမြို့ထဲ လက်ဖက်ရည်ဆိုင်သွားသည်။ ထမင်းချိန် မမီလိုက်လည်း ထိုနည်းအတိုင်း အပြင်ထွက်စားသည်။

ဤသို့ အချိန်မမီလိုက်၍ အပြင်ထွက် စားသောက်ခြင်းကို ဦးမြတ်မင်းက အပြစ်မယူပေ။

အချိန်မီကြုံလျှင်တော့ မှိုင်းလည်း တိုက်အိမ်ကြီးပေါ် တက်ရောက်စားသောက်သည်။

ဘော်ဒါကျောင်းသားလည်း မဟုတ်။

အကျဉ်းသားလည်း မဟုတ်သောကြောင့် မှိုင်းကကြုံလျှင် စားသောက်မည်၊ မကြုံလျှင် အပြင်ထွက်မည်ဟု သဘောထားသည်။

ယနေ့နံနက် ထမင်းမောင်းချိန်ကို မီသဖြင့် အပေါ်ထပ် တက်ခဲ့သည်။

စားသောက်ဝိုင်းတွင် သူ့အဆင့်နှင့်သူ ခွဲခြားထားသည်။ သုံးမျိုးခွဲခြားထားသည်။





ဆုံလည်ထမင်းစားပွဲတွင် ကျူရှင်တပ် ကုလားထိုင်တွေနှင့် ပထမဝိုင်းတွင် ဦးမြတ်မင်း၊ သိင်္ဂီမာ၊ ကိုဝေလုနှင့် မှိုင်း လေးဦး ထိုင်ရသည်။

ဒုတိယဝိုင်းမှာ လက်ဖက်ရည်ဆိုင် စားပွဲမျိုးနှင့် ရိုးရိုး သစ်သားကုလားထိုင်တွေသာ ဖြစ်သည်။ ထိုစားပွဲတွင် ကိုဝဏ္ဏ၊ ကိုဒေါန၊ ကိုဟိန္ဒနှင့် ဒရိုင်ဘာ စောဘနှစ်တို့ ထိုင်စားရသည်။

တတိယဝိုင်းမှာ ကြမ်းပြင်ခင်း ဆွမ်းစားပွဲဝိုင်းမျိုးဖြစ်သည်။ ကြမ်းပြင်တွင် ထိုင်စားရသည်။ သင်ဖျူးဖျာလေးများခင်းထိုင်ရသည်။ ထိုကြမ်းပြင်ထိုင်ဝိုင်းတွင် ဦးဟိုင်းလုံ၊ ဒေါ်စောနှင့် အိမ်ဖော်မလေးနှစ်ယောက် ဝိုင်းထိုင်စားစေသည်။

ထမင်းနှင့် ဟင်းကိုမူ ခွဲခြားခြင်းမရှိ၊ ပထမဝိုင်း ထမင်းနှင့် ဟင်းအတိုင်းပင် ဒုတိယ တတိယဝိုင်းတွင် စားစေသည်။

ယနေ့ ထမင်းဝိုင်းများတွင် ပထမဝိုင်းတွင် ဝေလု မရှိ၊ မလာ။

ဒုတိယဝိုင်းတွင် ကိုဒေါန မရှိ။

ကိုဝေလုနှင့် ကိုဒေါနတို့နှစ်ယောက်အား ဦးမြတ်မင်းက အလုပ်ကိစ္စအတွက် အပြင်သွားခိုင်းထားသည်ပဲ ဖြစ်ပေမည်။

"နက်ဖြန် မှိုင်း ခရီးထွက်ရမယ်၊ မှိုင်းရဲ့ မော်တော်ဆိုင်ကယ်နဲ့ပဲ သွားရမယ်"

“ဘယ်ကိုလဲ ဦးမြတ်မင်း”

“မမေးရဘူးလေ၊ ကျုပ်က သွားပေတော့ဆိုမှ ဘယ်နေရာ ဘယ်သူ့ဆီ သွားရမယ်ဆိုတာ သိရမယ်”

မှိုင်း ထပ်မမေးတော့၊ ထမင်းကိုသာ အရသာခံ စားနေလိုက်သည်။

ဦးမြတ်မင်း၏ လုပ်ငန်းပုံစံမှာ ဤအတိုင်းသာ ဖြစ်ရမည်။ လုပ်ငန်းကိစ္စ၊ မည်သည့်နေရာ၊ မည်သူ့ထံ ဆိုသည် များကို တင်ကြိုပြောထားလျှင် သတင်းပေါက်ကြားမည် စိုးရိမ် သောကြောင့် ဖြစ်ပေသည်။

မှိုင်းက ထမင်းစားပြီးသည်နှင့် ဦးမြတ်မင်းကိုရော သီဂိမာကိုရော နှုတ်မဆက်ဘဲ ထမင်းစားခန်းမှ ထွက်လာခဲ့သည်။

မှိုင်း ထွက်သွားပြီး ငါးမိနစ်လောက် ကြာပြီးမှ ...

“သီဂိမာ့ကို အစ်ကိုကြီး တာဝန်တစ်ခုပေးမယ်၊ သီဂိမာ လုပ်ရမှာက မှိုင်းနဲ့ ရင်းနှီးအောင် ကြိုးစားရမဲ့ တာဝန်ပဲ”

“ဟင်”

“ဘာလဲ ... သီဂိမာ အံ့သြသွားသလား”

“ထူးဆန်းနေသလားလို့ပါ၊ ကိုဝေလုတို့ ကိုဝဏ္ဏတို့၊ သီဂိမာ့ကို လာအရောဝင်တာတောင် အစ်ကိုကြီးက မနှစ်သက် တာ၊ ကိုမှိုင်းက ဟိုလူတွေထက် အသက်ပိုငယ်ပြီး သား နားနေတဲ့လူမို့ ...”





“ဟုတ်တယ်၊ ဒီတစ်ခါ တစ်မျိုးပဲ၊ ဒီကောင် မှိုင်းအကြောင်း ကို အစ်ကိုကြီး စုံစမ်းသင့်သလောက် စုံစမ်းထားပြီးပြီ၊ ဒါပေမဲ့ သိပ်မပြည့်စုံဘူး၊ မှိုင်း ကိုယ်တိုင်က သီဂိမာကို သူ့အကြောင်းတွေ ပြောပြလာတဲ့အထိ သီဂိမာ ကြိုးစား ရမယ်၊ မှိုင်းအကြောင်း အစ်ကိုကြီး အားလုံးကို သိချင် တယ်”

ထိုအလုပ်ကို သီဂိမာ လုပ်ချင်စိတ် မရှိပေ။ မှိုင်း တစ်ခုခု ဖြစ်မည်ကို စိုးရိမ်မိသည်။

“လွယ်မယ်တော့ မထင်ဘူး အစ်ကိုကြီး”

“ဘာလို့ မလွယ်ရမှာလဲ”

“မှိုင်းက တည်ကြည်တယ်၊ သိက္ခာသိပ်စောင့်စည်းတယ်၊ အစ်ကိုကြီးရဲ့ ဇနီးမှန်း သူသိတယ်၊ သူ့အနေနဲ့ သီဂိမာ့ ကို ရှောင်မှာပဲ၊ အစ်ကိုကြီးက သူ့ရဲ့ဘော့(စ်)ဆရာသမား ဖြစ်နေတယ် မဟုတ်လား”

ဦးမြတ်မင်း ဖြည်းလေးစွာ ဦးခေါင်းခါသည်။

“မှိုင်းလို လူမျိုးဟာ အစ်ကိုကြီးလိုလူကို သူ့ဘော့(စ်)၊ သူ့ဆရာသမားလို့ မှတ်ယူတဲ့လူစား မဟုတ်ဘူး သီဂိမာ၊ သူ့ခံယူချက်က ဝေလုတို့ နဲ့ မတူဘူး”

“အစ်ကိုကြီး သူ့ကို ဘယ်လိုမြင်ထားလဲ”

“မှိုင်းဟာ အစ်ကိုကြီးပေးတဲ့ လစာငွေ တစ်လသုံးသောင်း ကို မက်လို့ ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် တခြားအကြောင်း

တစ်ခုခု ရှိလို့ လာလုပ်တာ ဖြစ်ချင်ဖြစ်မယ်၊ လခသုံးသောင်းမက်လို့ လာလုပ်တာ ဆိုရင်တော့ အစ်ကိုကြီးအတွက် လူတော်လူကောင်းတစ်ယောက် ရတာပေါ့လေ၊ လိုအပ်ရင် မှိုင်းကို အစ်ကိုကြီးက လခငါးသောင်းအထိတောင် ပေးချင်သေးတယ်၊ အဲဒါကို သဲသဲကွဲကွဲ သိချင်လို့ သိင်္ဂီမာက သူနဲ့ရင်းနှီးအောင် ကြိုးစားပြီး အစ်အောက်ကြည့်စေချင်တာ။ သူ့ဆီက ဘာသတင်းမျိုးရရ အစ်ကိုကြီးလိုချင်တယ်၊ ဟုတ်လား သိင်္ဂီမာ"

"ဟုတ်ကဲ့ပါ အစ်ကိုကြီး"

"ဟုတ်ကဲ့ပါဆိုရင် အခုအချိန်ကစပြီး သိင်္ဂီမာ စလုပ်ပေတော့၊ သူ့ကို အစ်ကိုကြီး ကြီးမားတဲ့ တာဝန်တစ်ခု ခိုင်းတော့မှာမို့ပဲ"

"ဒါပဲနော် အစ်ကိုကြီး ခိုင်းလို့ သိင်္ဂီမာ လုပ်ရတာ၊ နောက်ကျရင် သိင်္ဂီမာ့ကို ပေါက်ကရ မပြောနဲ့၊ အစ်ကိုကြီး သိထားဖို့က မှိုင်း ဒီကိုမလာခင်ကတည်းက ကိုဇေလုကိုတောင် သိင်္ဂီ အရောဝင်တာ မဟုတ်ဘူး"

"အစ်ကိုကြီး သိပါတယ်၊ ဇေလုဟာ မိန်းမကိစ္စပွေမှန်းရှုပ်မှန်းရော၊ သိင်္ဂီမာ အနေအထိုင် ကင်းရှင်းတာရော အစ်ကိုကြီး သိထားပြီးသားပဲဟာ"

ဦးမြတ်မင်းသည် ထိုင်ရာမှ ထပြီး သိင်္ဂီမာ၏ပခုံးကို သူ့လက်ဖြင့် ဖျစ်ညှစ်လိုက်သည်။





"အခုဟာက တာဝန်ပိုင်းပါ သိင်္ဂီမာ၊ တာဝန်သဘောနဲ့မို့သာ ကိုယ့်ဇနီးကို ကိုယ်ခိုင်းရတာပါကွာ"

ထမင်းဝိုင်း သိမ်းပြီးနောက် မကြာမီပင် ဦးမြတ်မင်းသည် သူ၏ ၁၂၀ ဝိုင် သူ့ဒတ်ဆန်းကားကို စောဘနှစ် မောင်းစေပြီး အပြင်ထွက်သွားသည်။

မှိုင်းသည် ထမင်းဝိုင်းမှ ထလာခဲ့ပြီး သူ့အခန်းသူ ပြန်လာခဲ့သည်။ သူ့ခုတင်မှာပင် လဲလျောင်းလိုက်သည်။ တစ်ခဏအတွင်း မျက်တောင်စင်းလာသည်။

မှိုင်း မအိပ်မိစေရန် ဇွတ်ထထိုင်သည်။ နေ့ခင်းအိပ်ခြင်းသည် သွေးလေးစေသည်။ ထိုင်းမှိုင်းစေသည်။ ခန္ဓာကိုယ်တွင် အဆီတက်သည်။

မှိုင်း အပြင်ဝရန်တာသို့ထွက်၍ ငေ့ဝိုက်ကြည့်သည်။

ဦးမြတ်မင်း သူ့ကားကို စောဘနှစ် မောင်းစေပြီး ထွက်သွားသည်ကို မြင်သည်။

မရှေးမနှောင်းမှာပင် သိင်္ဂီမာသည် ပန်းခူးထည့်ခြင်းလေး ဆွဲကိုင်ပြီး ဆင်းလာသည်ကို တွေ့ရပြန်သည်။ နှင်းဆီပန်းများ စိုက်ထားရာသို့သွားပြီး ကတ်ကြေးဖြင့် နှင်းဆီပွင့်များခူး၊ ခြင်းထဲထည့်သည်။

ဦးမြတ်မင်းနှင့်အတူ ဒရိုင်ဘာ စောဘနှစ် ပါရှိသွားပြီမို့ ယနေ့အဖို့ မှိုင်းတွင် မျှော်လင့်ချက် မရှိတော့။

အကြောင်းမှု မှိုင်းသည် ဒရိုင်ဘာ ကိုစောဘနှစ်နှင့် မိတ်ဆွေဖြစ်ချင်သည်၊ မိတ်ဖွဲ့ချင်သည်။

ကန်ကြီးရိပ်သာရှိ ဦးမြတ်မင်း၏ တပည့်အများထဲတွင် မှိုင်းသည် စောဘနှစ်ကို မျက်စိတွေ့သည်။ တခြားကိုဒေါနှ၊ ကိုဝဏ္ဏ၊ ကိုဟိန္ဒတို့သည် ဦးမြတ်မင်း လက်သပ်မွေးလူယုံတပည့်တွေ ဖြစ်နေသည်။ ဆရာကြီးဦးမြတ်မင်း အလိုကျ ကပ်ဖား မျက်နှာချိုသွေးသမားတွေ ဖြစ်သည်။

စောဘနှစ်ကမူ လူတစ်မျိုး၊ သူ့ဒရိုင်ဘာတာဝန်ကို ကျေပွန်အောင် လုပ်သည်။ စကားအပိုမပြော၊ ဦးမြတ်မင်းကို ဖြစ်စေ သီဂီမာကိုဖြစ်စေ မျက်နှာချိုမသွေး၊ မျက်နှာမလုပ်။

မှိုင်းသည် ကန်ကြီးရိပ်သာတိုက်အိမ်ကြီးတွင် ဒရိုင်ဘာ စောဘနှစ်နှင့် သီဂီမာကို ချဉ်းကပ်ရမည်ဟု နားလည်ထားသည်။

ဘာကယ်တမ်း ဦးမြတ်မင်း အကြောင်းကို များများစားစား သိနိုင်သူမှာ စောဘနှစ်နှင့် သီဂီမာသာလျှင် ဖြစ်သောကြောင့်ပါတည်း။

ဦးမြတ်မင်း အပြင်ကိစ္စများ ထွက်လုပ်ရာတွင် အမြဲတစေ ကားမောင်းပေးပို့ရသူမှာ ဒရိုင်ဘာစောဘနှစ် ဖြစ်သည်။ အပြင်တွင် ဦးမြတ်မင်း မည်သည့်နေရာတွေသို့ သွားသည်။ မည်သူတွေနှင့် တွေ့ဆုံသည်ကို မှိုင်း သိချင်သည်။





ထို့ပြင် ဦးမြတ်မင်း၏ လုပ်ငန်းကိစ္စ၊ အိမ်သို့မည်သူတွေကိုခေါ်ပြီး အိမ်တွင်းသီးသန့်ခန်းတွင် ဘာတွေဆွေးနွေးပြောဆိုသည်ကို သိသူမှာ သီဂီမာသာလျှင် ဖြစ်သောကြောင့်ပါတည်း။

ယနေ့အဖို့ စောဘနှစ်နှင့် မတွေ့တော့နိုင်ပြီမို့ မှိုင်းသည် ဝရန်တာမှတစ်ဆင့် ခြံထဲသို့ ဆင်းလာခဲ့သည်။ တစ်ခါ ခြံကြီးမှတစ်ဆင့် ကန်ကြီးဘက်သို့ ထွက်လာခဲ့သည်။

မှိုင်းသည် ကန်ကြီးဘုရားပုရဂုဏ်နှင့် ကန်ကြီးပတ်ဝန်းကျင် စိုပြည်စိမ်းမြသော သစ်ပင်ပန်းပင်တွေနှင့် နေရာကို နှစ်သက်သည်။ ထိုနေရာသည် မှိုင်းစိတ်ကို ကြည်နူးစေပါ၏။

"ဟယ် ... ကိုမှိုင်းပါလား၊ ဘာလဲ ... ကန်ကြီးကိုလာပြီး ရေကသိုဏ်းရှုတာလား ကိုမှိုင်း"

"သြော် ... မသီဂီမာပါလား"

သီဂီမာ့ လက်ထဲတွင် ကိုင်ဆွဲလာသော ခြင်းထဲတွင် အဓိက နှင်းဆီပန်းတွေနှင့် အခြား ဝါဝါစိမ်းစိမ်း ဖြူဖြူ ပြာပြာ ပန်းမျိုးစုံ ရူးထည့်ထားသည်ကို တွေ့မြင်ရသည်။

"သီဂီမာ ကန်ကြီးဘုရားမှာ ပန်းလာကပ်တာလေ"

"ဒီမှာ ကျွန်တော့်ကို တွေ့တာနဲ့ မသီဂီမာ ဘာလို့အံ့သြသွားတာလဲ"

"ဘုရားကို လာလို့"

"ကျွန်တော် ဗုဒ္ဓဘာသာ ကိုးကွယ်သူပဲဗျာ၊ ဘုရားလာတာ အဆန်းမှ မဟုတ်တာ"

"ဟုတ်ဘူးလေ၊ ကိုမှိုင်းက အသက်ငယ်ရွယ်သူ ဖြစ်နေသေးလို့ပါ။ ကိုမှိုင်းတို့ လုပ်ငန်းတွေက ကြမ်းတယ် ရမ်းတယ် မဟုတ်လား၊ ကိုမှိုင်းလို လူကြမ်းလူငယ်တွေဟာ များသောအားဖြင့် ဘုရားကို မေ့နေတတ်ကြလို့ပါ"

"ဒါတော့ မသိင်္ဂီမာတောင် ကျွန်တော့်ထက် အသက်ပိုငယ်ပြီး တကယ့် လူကြမ်းခေါင်းဆောင်ကြီးရဲ့ ဇနီးတောင် ဘုရားလာရမှန်း မမေ့သေးတာပဲဗျာ"

တိုင်ပင်ချိန်းချက်ပြီး လာကြခြင်း မဟုတ်စေကာမူ မှိုင်းနှင့် သိင်္ဂီမာ ယှဉ်တွဲပြီး ဘုရားကြီးဆီသို့ လျှောက်လာခဲ့သည်။

မှိုင်း၏ ပြောလိုက်သော စကားကြောင့် သိင်္ဂီမာ ငူငူငိုင်ငိုင်လေး ဖြစ်သွားသည်။

"သိင်္ဂီမာအဖို့တော့ အသက်ငယ်ငယ်နဲ့ ဒီဘဝမျိုး ရောက်နေရလေ ရတနာသုံးပါးနဲ့ အနန္တောအနန္တ ငါးပါးကို ဆည်းကပ်လေတာဆိုတော့ ဘုရားတရားကို မမေ့ဘူး၊ ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိ ဘဝမို့ ဘုရားလာရတာပဲ ကိုမှိုင်း၊ လက်ရှိဘဝမှာ လွတ်ရာလွတ်ကြောင်းအတွက် ဘုရားမှာ ဆုတောင်းတာကလွဲလို့ သိင်္ဂီမာ တခြားဘာလုပ်နိုင်တာမှတ်လို့"

သိင်္ဂီမာ၏ စကားထဲတွင် ဘဝကို ကြေကွဲရိပ်တွေ ပါဝင်နေသဖြင့် မှိုင်း ငြိမ်ပြီးနားထောင်နေလိုက်သည်။





သိင်္ဂီမာ၏ မျက်နှာလေးသည် ညှိုးနွမ်းနေသည့် ကြားကပင် လှပနေသေးသည်။ ကိုယ်လုံးကိုယ်ထည်ကလည်း တကယ့် အပျိုစင်မလေးလိုပင် ရှိနေသည်။

"ဘာလဲ အခုလက်ရှိ ဘဝကို မသိင်္ဂီမာ ရင်ထဲက မပျော်ပိုက်လို့လား၊ အခု သိင်္ဂီမာဟာ ကောင်းပေ့ ညွန့်ပေ့ဆိုတာတွေ စားရတယ်၊ ဝတ်ဆင်ရတယ်၊ နေတော့လည်း ရွှေဘုံပေါ်မှာ စံရတဲ့ အနေပဲဟာ"

"အဲဒါ မှန်သင့်သလောက် မှန်ပါတယ်၊ ဒါပေမဲ့ မမှန်သင့်သလောက် မမှန်ပါဘူး ကိုမှိုင်း"

"ဩော် ..."

"အဟုတ်ပြောတာပါ ကိုမှိုင်း၊ လက်ရှိအခြေအနေမှာတော့ အစ်ကိုကြီး ဦးမြတ်မင်းက သိင်္ဂီမာကို မြတ်နိုးနေတယ်၊ စွဲလမ်းနေတယ်ကိုး၊ အဲ ... သိင်္ဂီမာ ပြောတာ မြတ်နိုးနေတယ် စွဲလမ်းနေတယ်လို့သာ ပြောတာနော်၊ တွယ်တာတယ်ဆိုတဲ့စကား မပါဘူး၊ အဲဒါ ကိုမှိုင်း သတိထားမိရဲ့လား"

"သိင်္ဂီမာပဲ ပြောချင်တာ ဆက်ပြောပါ၊ ဦးမြတ်မင်းနဲ့ ပတ်သက်လာရင် ကျွန်တော် ဘာမှမဝေဖန်ပါဘူး"

"သိင်္ဂီမာ ဆိုလိုတာက အခုလက်ရှိမှာ သိင်္ဂီမာဟာ ရုပ်ချောတယ်၊ စွဲမက်ဆွဲဆောင်နိုင်တဲ့ ကိုယ်ခန္ဓာရှိတယ်၊ ဒီတော့ အစ်ကိုကြီး ဦးမြတ်မင်းက စွဲလမ်းမြတ်နိုးတာပေါ့၊

သူ့အတွက် သိင်္ဂီမာဟာ ကိုယ်လုပ်တော် မောင်းမတော် တစ်ဦး ဖြစ်နေသေးတာကို"

"ဘာပဲဖြစ်ဖြစ် ဦးမြတ်မင်းဟာ သိင်္ဂီမာရဲ့ လင်ယောက်ျား တစ်ယောက်ပဲ မဟုတ်လားဗျာ၊ သူက ဘုရင်တစ်ဆူပဲ"

"လင်ယောက်ျား ဟုတ်လား၊ ဘုရင်ကဘိသိတ်သွန်းပြီး ယူလိုက်ရင်တော့ မိဖုရားအရာ မြောက်တယ်ပေါ့ ကိုမှိုင်း၊ ကိုယ်လုပ်တော် မောင်းမတော် ဆိုတာမျိုးကျတော့ မိဖုရား မှ မဟုတ်တာ၊ ဘုရင်ရဲ့ အာသာပြေ အဖြည့်ခံတွေပါ၊ ဘုရင်အာသာဆန္ဒ မရှိတဲ့အချိန်မှာ သွားလေ့တော့ ဂျောင်း ဆိုတာနဲ့ ကိုယ်လုပ်တော် မောင်းမတော် ဆိုတာ နန်းထဲက ထွက်ပြီး လမ်းဘေးကို ရောက်သွားတာပဲ မဟုတ်လား ကိုမှိုင်း"

"မသိင်္ဂီမာ အဲဒီလိုဘဝ ရောက်နေတာကို ကျွန်တော် စိတ်မကောင်းပါဘူးဗျာ။ ဒါဆို အစကတည်းက သိင်္ဂီမာက ဘာလို့ ဦးမြတ်မင်းကို ယူခဲ့သလဲ။ မယူခဲ့ရင် မိဖုရားမ ဖြစ်တောင် ကိုယ်လုပ်တော် မောင်းမတော် ဘဝကို မရောက် ဘူးလေ"

"ဟင့်အင်း ... သိင်္ဂီမာက ယူတာမှ မဟုတ်တာ၊ ဦးမြတ် မင်းက သိင်္ဂီမာ့ကို ကြွေးနဲ့ သိမ်းပိုက်လိုက်တာပါ။ ပုံပြင် က ရိုးရိုးလေးပါ၊ သိင်္ဂီမာ့ဖေဖေက ဦးမြတ်မင်းဆီ ငွေတွေ ချေးပြီး သူဌေးဖြစ် ဖြတ်လမ်းအလုပ် လုပ်တယ်၊ ချေ





နှစ်ခွဘက်သွားပြီး ကုန်ကူးတယ်၊ ချောင်းနှစ်ခွ ဆိုတာ မှောင်ခိုလမ်း မှောင်ခိုနေရာလေ။ မုဒုံကနေ မိုင်နှစ်ဆယ် လောက် ဝေးတယ်၊ မော်တော်ကားလမ်း ပေါက်တယ်၊ ပထမခေါက် ဒုတိယခေါက်တွေမှာ ဖေဖေ အမြတ်အစွန်း တွေ များများရပြီး အကျိုးရှိပါတယ်၊ ဖေဖေက လောဘ တက်လာတယ်လေ၊ တတိယအခေါက်ကျတော့ ဖေဖေက ဖလူးအထိ တောင်ပေါ်တက်တယ်"

"ဘာလဲ ... ဖလူးအထိ တောင်ပေါ်တက်တယ် ဆိုတဲ့ စကားက"

"ချောင်းနှစ်ခွကနေပြီး တောင်ပေါ်ကို ဆက်တက်တာပါ၊ လေးရက်ခရီးလောက် တက်ရတယ်၊ အဲ ... တောင်ပေါ်က ဆင်းပြီး မော်တော်ကားနဲ့ ယိုးဒယားပိုက်ဆံ ဆယ့်ငါးဘတ် လောက် ပေးသွားရင် မဲဆောက်ကို ရောက်သွားတယ်၊ မဲဆောက်မှာက မှောင်ခိုပစ္စည်း အရမ်းပေါတယ်လေ၊ ဒီဘက်ကို ပြန်သယ်လာရင် အမြတ်အစွန်း သုံးလေးဆ မက ပိုရတယ်၊ ဒါပေမဲ့ ကိုမှိုင်းရယ်၊ အဲဒီလောက် ဖေဖေ စွန့်စားပြီး သွားချလာတဲ့ အခေါက်မှာပဲ ဓားပြအုပ်စုနဲ့တိုး ပြီး ဓားတိုက်ခံရတယ်၊ ဖေဖေက အထုပ်ထမ်းပြေးတာ၊ ဓားပြက နောက်ကနေ သေနတ်နဲ့ပစ်လို့ အဲဒီမှာပဲ ဖေဖေ ဆုံးသွားတယ်"

"ဖြစ်ရလေ သိင်္ဂီမာရယ်"

"ဖေဖေ သေသွားတော့ မေမေက ဘာမှလုပ်မစားတတ်ဘူး၊ မေမေ လုပ်တတ်တာက ကော်ပတ်ခြစ်တဲ့ အလုပ်ပဲ လုပ်တတ်တာ၊ ငွေကြေးမှန်သမျှကလည်း ဖေဖေ ဆုံးတဲ့ အပြင် ဓားပြလက်ထဲ အားလုံးပါသွားတယ်၊ ဒီတော့ ဦးမြတ်မင်းဆီက ချေးယူထားတဲ့ငွေကို ဘယ်ပြန်ဆပ်နိုင်မှာလဲ၊ အဲဒီကြွေးတွေအစား သီဂီမာကို ဦးမြတ်မင်းက သိမ်းပိုက်တာ ခံလိုက်ရတာပဲ ကိုမှိုင်း"

သီဂီမာ၏ စကားကြောင့် မှိုင်း ရင်ထဲတွင် တစ်နင့်တစ်ပိုးကြီး ခံစားလိုက်ရသည်။

အဖြစ်ခြင်းက တူနေသည်ကိုး။

သီဂီမာ၏ ဖခင်ကို ဓားပြတွေက လုသတ် ပစ္စည်း ယူသွားသည်။

မှိုင်း၏ဖေဖေ ဦးကွန်းဇော်ကိုလည်း ဓားပြလူဆိုးတစ်သိုက်က ပစ္စည်းယူ လုသတ်ခြင်းဖြင့် ဖေဖေ ဦးကွန်းဇော် သေဆုံးခဲ့ရသည်။ တစ်ခုပဲ ကွာခြားသည်။

သီဂီမာ၏ ဖေဖေလုပ်သော မှောင်ခိုပစ္စည်းဆိုသည်များမှာ သာမန်ပစ္စည်းမျိုးတွေသာ ဖြစ်သည်။

ဖေဖေဦးကွန်းဇော် လုပ်သည့် မှောင်ခိုပစ္စည်းဆိုသည်မှာ တွင်းထွက်ကျောက်မျက်ရတနာအမျိုး ဖြစ်ပြီး ပြည်တွင်းတန်ဖိုးပင် ဆယ့်လေးငါးသိန်း ပေးဝယ်ရသည်။ ပြည်ပသို့ ထုတ်ရောင်း



လျှင် သိန်းသုံးဆယ်နှင့် သိန်းငါးဆယ်ကြား တန်ဖိုးရှိသောပစ္စည်းတွေ ဖြစ်ပါ၏။

"ကိုမှိုင်း"

"ဗျာ ... မသီဂီမာ"

"ငိုင်လှချည်လား"

"ဟုတ်တယ်၊ ကျွန်တော် ငိုင်သွားတယ်၊ သီဂီမာရဲ့ အဖြစ်ဆိုးတွေ ကြားရတော့ ကျွန်တော့် ရင်ထဲမှာ ကိုယ်ချင်းစာစိတ်နဲ့ စိတ်မကောင်း သိပ်ဖြစ်သွားလို့"

"ကိုယ်ချင်းစာတယ် ဆိုရအောင် ကိုမှိုင်းရဲ့ အတိတ်က ဖြစ်စဉ်ဖြစ်ရပ်တွေက သီဂီမာရဲ့ ဖြစ်ရပ်တွေနဲ့ တူညီနေလို့လား"

မှိုင်းသည် ချက်ချင်း ပျံ့လွင့်သွားသောစိတ်ကို ပြန်လည်စုစည်းလိုက်သည်။

"ဖြစ်စဉ်ခြင်းတူမှ ကိုယ်ချင်းစာတယ် ဘယ်ဟုတ်မလဲ သီဂီမာ၊ တကယ်လို့သာ ကျွန်တော့်မှာ ညီမငယ်ရှိရင် သီဂီမာ အရွယ်လောက်ပဲ ရှိမယ်၊ ကျွန်တော့်ညီမသာ အဲဒီလိုအဖြစ်ဆိုး ကြုံရရင်ဆိုတဲ့ စိတ်အတွေး ဝင်လာတဲ့ ကိုယ်ချင်းစာမှုမျိုးပါ"

"ဒါဆို ရယ်စရာပဲ ကိုမှိုင်း"

"ဘာလို့ ရယ်စရာလဲ"

"သိင်္ဂီမာမှာ အစ်ကိုအရင်းခေါက်ခေါက် ရှိတယ်လေ၊ နာမည်က နိုင်မင်းဆွေတဲ့၊ သိင်္ဂီမာ့ထက် သုံးနှစ်ပိုကြီးတယ်၊ ဒါပေမဲ့ အစ်ကိုရင်းက မစွံပါဘူး၊ ရှစ်တန်းနှစ်ခါကျပြီး ကျောင်းထွက်ရတယ်၊ ကျောင်းထွက်ပြီး တေပေနေတယ်၊ မဲဆောက်တို့ ဗန်ကောက်တို့ သွားအလုပ် လုပ်တယ်၊ ဒါပေမဲ့ သူ မကြီးပွားပါဘူး၊ သူက ဆေးစွဲနေတာပဲဟာ"

"အဲဒီတော့ ဘာဖြစ်လဲ သိင်္ဂီမာ"

"ခြော် ... ဖေဖေ ဆုံးသွားတော့ သိင်္ဂီမာ့ကို အစ်ကိုကြီး ဦးမြတ်မင်းက ကြွေးနဲ့သိမ်းမဲ့ကိစ္စမှာ ကိုမှိုင်းလို အစ်ကို မျိုးသာရှိရင် သိင်္ဂီမာ ဒီဘဝမျိုး ဘယ်ရောက်မလဲ၊ အစ်ကို ရင်း နိုင်မင်းဆွေကတော့ သူဌေးဦးမြတ်မင်းက သိင်္ဂီမာကို ကြွေးနဲ့သိမ်းရင် ဦးမြတ်မင်းဆီမှာ သူ့အတွက် အလုပ်တစ်နေရာ ပြောပေးပါတဲ့၊ ဒါမှမဟုတ် ငွေကို နင် ထောက်ပံ့တဲ့၊ အဲဒါကြောင့် အခု ကိုမှိုင်း စိတ်ထဲက ညီမလေးလို ကိုယ်ချင်းစာတာနဲ့ နှိုင်းယှဉ်ပြီး ရယ်မိတာပါ ကိုမှိုင်း။ ကဲပါ ကိုမှိုင်းရာ၊ ဘုရားရောက်တုန်း အဲဒါတွေ မပြောကြပါစို့နဲ့၊ ဘုရားပူဇော်တယ်ဆိုတာ စိတ်ကြည်ကြည်နူးနူး လေးနဲ့မှ ကောင်းမှာ မဟုတ်လား"

ဟုတ်ပါ၏။ မှိုင်းကိုယ်တိုင် အတိတ်က ရင်နာမှုတွေကို ရင်ထဲက ဖျောက်ချင်မိသည်။





နှစ်ယောက်သား ဘုရားဝင်ကန်တော့ကြသည်။ ရှိခိုးကြသည်။

မှိုင်းကတော့ ဦးသုံးကြိမ်ချ ကန်တော့ရုံသာ ကန်တော့သည်။

သိင်္ဂီမာကတော့ နှုတ်ခမ်းလေး လှုပ်စိ လှုပ်စိနှင့် အကြာကြီး ရှိခိုးသည်ကို မှိုင်းက စိတ်ရှည်လက်ရှည် စောင့်ပေးသည်။

"ကိုမှိုင်းက ဘုရားရှိခိုးတာ ဦးသုံးကြိမ်ချရုံနဲ့ ပြီးသွားရောလား၊ ဘာမှ ဆုတောင်းတာတွေ ဘာတွေလဲ မလုပ်ဘူး"

"ဟုတ်တယ် မသိင်္ဂီမာ၊ အဲဒီဘက်မှာတော့ ကျွန်တော် အားနည်းချက်ရှိနေသေးတယ်၊ ဘုရားကို တစ်ပုဒ် အရှည်ကြီး ကျွန်တော် မရွတ်ဆိုတတ်ဘူး၊ ကျက်မယ် ကျက်မယ်နဲ့ မကျက်ဖြစ်ဘူး။ ဆွမ်းကျွေးလို့ တရားနာရင် များသောအားဖြင့် ဘုန်းကြီးချပေးတဲ့အတိုင်း လိုက်ဆိုရုံပဲ မဟုတ်လား၊ ဒါပေမဲ့ ကျွန်တော် ဗုဒ္ဓဘုရားကို လေးလေးနက်နက် ယုံကြည်တဲ့ ဗုဒ္ဓဘာသာတစ်ယောက်ပါ၊ အဲဒီလို ရှိခိုးတာကိုသာ အလွတ်ရအောင် မကျက်တာ၊ ငါးရာ့ငါးဆယ်တို့၊ ဓိနတ္တပကာသနီတို့ တခြား စကားပြေနဲ့ ဟောကြားရေးသားထားတဲ့ စာအုပ်တွေတော့ ဖတ်လေ့ရှိပါတယ်၊ အဲ ... ပုံဝတ္ထုဖတ်တဲ့ သဘောတော့ သက်ဝင်သွားတာပေါ့လေ။ ဘာပြောပြော ကျွန်တော် ဗုဒ္ဓဘာသာစစ်စစ်ပါ။ အင်း ...

သီဂီမာကတော့ ရှိခိုးတာ အကြာကြီးပဲ၊ နှုတ်ခမ်းလှုပ်စိ လှုပ်စိနဲ့ ဘာတွေများ ဒီလောက်တောင် ဘုရားမှာ ဘာတွေ ဆုတောင်းခဲ့တာလဲ သီဂီမာ"

"ဆုတောင်းတာတွေတော့ အများကြီးပါပဲ ကိုမှိုင်းရာ၊ ဆုတွေတောင်းပြီး ကိုယ့်ဟာကိုယ်တောင် မလုံမလဲ ဖြစ်ရ သလိုလို ရှက်သလိုလို ဖြစ်ရတယ်"

"ဘာလို့ မလုံလဲတာလဲ၊ ရှက်တာလဲ"

"ဪ ... သီဂီမာ့ ဘက်ကတော့ အလှူကြီး အတန်းကြီး ပေးနိုင်တာ မဟုတ်ဘဲ ခြံထဲကရော ဒီကန်ကြီးတစ်ဝိုက်ကရော နှင်းဆီပန်းတွေ၊ ဘာပန်း ညာပန်းတွေ ခူးပြီး အလကားရတဲ့ပန်းတွေ ကပ်တယ်၊ ဆုတောင်းတာကျတော့ ဤသို့ ပန်းကပ်ပူဇော်ရသော အကျိုးကြောင့် ဘာတွေဖြစ်ရပါလို၏။ ညာတွေ ဖြစ်ရလိုပါ၏ ဆိုတဲ့ ဆုတောင်းချက်တွေက သိပ်များတော့ တစ်ကျပ်ဖိုး ငါးခုပေးပါ၊ ခြောက်ခုပေးပါဆိုတဲ့ တန်ကြေးထက် ပိုတောင်းခံတဲ့သဘော သက်ရောက်နေသလားလို့ ရှက်တာ မလုံတာပါ"

"ဒါတော့ သီဂီမာရယ် မရှက်ပါနဲ့၊ မလုံမလဲ မဖြစ်ပါနဲ့၊ စာဆိုအဟောတွေ ရှိသားပဲ၊ ညောင်စေ့လောက် လှူပေမဲ့ ညောင်ပင်ကြီးလောက် ကုသိုလ်ရတယ်ဆိုတဲ့ စကားလေ၊ အဓိကကျတာက ကိုယ့်ရဲ့ရင်ထဲက လှူဒါန်းတဲ့စိတ်ပဲ မဟုတ်လား၊ ဘုရားကိုယ်တော်မြတ်ကြီးက ငါ့ကို ဘာတွေ





လှူမှ ညာတွေလှူမှ ဒါနမြောက်တယ်ဆိုတဲ့ ကန့်သတ်ချက် ပေးထားတာမှ မဟုတ်တာ၊ စိတ်သာရှင်စေ ဘုရားဟောလို့တောင် အဆိုရှိတာပဲ"

"ကိုမှိုင်း တကယ်တော်တယ်၊ ကိုမှိုင်း ပြောပြလိုက်တာနဲ့ သီဂီမာ ရှက်လည်း မရှက်တော့ဘူး၊ မလုံမလဲလည်း မဖြစ်တော့ဘူး၊ ဒါကြောင့်လည်း မညိုက ကိုမှိုင်းကို စိတ်ဝင်စားတာ"

"ဗျာ"

မှိုင်းပါးစပ်မှ "ဗျာ"ဟု အာမေဍိတ်သံ ထွက်သွားပါ၏။ ပြီး ...

"ကျွန်တော့်ကို ဆရာမ မညိုညိုမင်းက စိတ်ဝင်စားတယ် ဟုတ်လား"

"ဟုတ်တယ်"

နှစ်ဦးသား ပြန်လည် အတူထွက်လာကြသည်။ ယှဉ်တွဲလျှောက်လာခြင်းမျိုးပင် ဖြစ်ပါ၏။

"ဆိုပါဦး သီဂီမာ၊ ဆရာမက ကျွန်တော့်ကို ဘာတွေကြောင့် စိတ်ဝင်စားတာတဲ့လဲ"

"သိပ်သိချင်နေတာပဲလား ကိုမှိုင်း"

"သိပ်သိချင်တာတော့ ဘယ်ဟုတ်မလဲဗျာ၊ ကျွန်တော်က မုဒုံကို ရောက်လာတာ အစိမ်းသက်သက် ညှို့သည်ပါ။ ညှို့စိမ်းအပေါ်မှာ ဒေသခံတွေက ဘယ်လိုသဘောထား

ကြသလဲ ဆိုတာကို သိချင်တာမျိုးပါ။ အင်းပေါ့လေ၊ ညှော့စိမ်းဆိုတော့ အကဲခတ်ကြမှာပေါ့လေ၊ မဆန်းပါဘူး"

"အို ... အကဲခတ်တာနဲ့ စိတ်ဝင်စားတာဟာ တစ်မျိုးစီပါ၊ အကဲခတ်တယ် ဆိုတာက သာမန်ပါ။ အကဲခတ်ပြီးမှ စိတ်ဝင်စားမှု ဖြစ်လာရတာပါ ကိုမှိုင်း၊ မညိုက ကိုမှိုင်းကို အကဲလည်း ခတ်တယ်၊ ပြီးတော့မှ စိတ်ဝင်စားသွားတာ"

"ပြောပြပါလား မသီဂီမာ၊ ဆရာမ မညိုညိုမင်းက ကျွန်တော့် အကြောင်း ဘာတွေ ပြောလို့လဲ"

"ကိုမှိုင်းဟာ ရုပ်သိပ်သန့်တယ်တဲ့၊ ကိုဝေလုတို့ ဆင်းသက်လာပုံမျိုးနဲ့ တခြားစီပဲတဲ့၊ မျိုးရိုးကောင်းမိဘက ဆင်းသက်လာတဲ့သဏ္ဌာန်တွေ ကိုမှိုင်းမှာ အများကြီး တွေ့ရတယ်တဲ့၊ ခေတ်ပညာတတ် တစ်ယောက် ဖြစ်မယ်တဲ့၊ အဲဒီလိုအရည်အသွေးတွေရှိတဲ့ ကိုမှိုင်းဟာ ဖေဖေဦးမြတ်မင်းဆီမှာ အလုပ်ဝင်လုပ်တာ စိတ်ဝင်စားစရာပဲတဲ့၊ ကဲ ... မညို ကိုမှိုင်းကို စိတ်ဝင်စားချက်တွေ သိရပြီ မဟုတ်လား၊ အဲဒီလို မညိုက ကိုမှိုင်းကို စိတ်ဝင်စားတာကိုလည်း ကိုမှိုင်းက ကျေနပ်တယ် မဟုတ်လား"

"မကျေနပ်ဘူး"

"အယ်"

တကယ်ပင် မှိုင်း ရင်ထဲတွင် မကျေနပ်သည့်အတိုင်း မကျေနပ်ဘူးဟု ပြောလိုက်သည်ကို သီဂီမာ အံ့သြသွားသည်။





အကယ်၍သာ ညိုညိုမင်းသည် ဦးမြတ်မင်း၏သမီးလည်းမဟုတ်၊ ဦးမြတ်မင်းနှင့်လည်း ဘာမှပတ်သက်သူ မဟုတ်ပါက မှိုင်းကလည်း ဆရာမညိုညိုမင်းအား သဘောကျ စိတ်ဝင်စားခြင်းမျိုး ရှိမည်ထင်ပါ၏။

ယခုမူ ညိုညိုမင်းသည် ဦးမြတ်မင်း၏ သမီးရင်းခေါက်ခေါက်၊ သူမ၏ဖခင် ဦးမြတ်မင်း၏ စေခိုင်းချက်အရ မိမိအခန်းထဲသို့ တိတ်တခိုးဝင်ပြီး မိမိအကြောင်း ဇာစ်မြစ်ကို စုံစမ်းခြင်းဖြစ်သည်ဟု မှိုင်း ယူဆထားသောကြောင့်လည်း ဖြစ်ပါ၏။

ယင်းသို့သာ မဟုတ်ပါက ဆရာမ ညိုညိုမင်းသည် နှစ်သက်ဖွယ်နှင့် မှိုင်း စိတ်ဝင်စားသူ ဖြစ်လာပေမည်။

စနေ တနင်္ဂနွေလည်း မဟုတ်၊ အဖိတ်ဥပုသ်နေ့လည်း မဟုတ်သဖြင့် ကန်ကြီးတွင် လူရှင်းလူပြတ်လှသည်။

ဘာပဲဖြစ်ဖြစ် ယခုလို လူပြတ် လူရှင်းသော နေရာမျိုးတွင် သီဂီမာနှင့် ယှဉ်တွဲသွားရသည်မှာ မိမိက ကိစ္စမရှိ၊ သီဂီမာ အတွက် အသိတစ်ဦးဦး မြင်တွေ့သွားလျှင် အထင်သေးစရာ ဖြစ်မည်စိုး၍ မှိုင်းက ခေတ္တရပ်ပြီး သီဂီမာကို ရှေ့မှသွားစေပြီး မှိုင်းက နောက်မှလိုက်လာသည်။

သီဂီမာသည် လမ်းလျှောက်ရင်း သူမ၏လက်ကိုင်အိတ်ကြီးအရှည်ကို ဘာရယ်မဟုတ် ဆော့ကစားသလို လေတွင် ဝှေ့ယမ်းရင်း လျှောက်နေသည်။

ပိုက်ဆံအိတ်ထဲမှ စာရွက်ခေါက်လေးတစ်ခု ထွက်ကျသွားသည်ကိုပင် သိင်္ဂီမာ ဂရုမထားမိ။

မှိုင်းက ထိုစာရွက်ခေါက်လေးကို ကောက်ယူပြီး အင်္ကျီအိတ်ထဲ ထည့်ထားလိုက်သည်။

တဖြည်းဖြည်းနှင့် ကန်ကြီးရိပ်သာအိမ်ကြီး အနီးသို့ ရောက်လာကြသည်။

"ကဲ ... မသိင်္ဂီမာ သွားနှင့်ပေတော့၊ ကျွန်တော်တအောင့်နေမှ ပြန်ခဲ့မယ်"

"ဘာလို့လဲ ကိုမှိုင်း"

"ဘာလိုမှ မဟုတ်ပါဘူး၊ ဦးမြတ်မင်း မြင်သွားရင်ဖြစ်ဖြစ် ဦးမြတ်မင်းကို တိုင်ကြားမဲ့သူဖြစ်ဖြစ် တွေ့မြင်သွားပြီး ပြန်တိုင်ရင် ကျွန်တော့်ကြောင့် မသိင်္ဂီမာ ဦးမြတ်မင်း အဆူအပူ အပြောအဆို ခံရပြီး အထင်သေးမှာ စိုးလို့ပါ"

"မစိုးနဲ့ ကိုမှိုင်း၊ ကိစ္စမရှိဘူး၊ အစ်ကိုကြီး ဦးမြတ်မင်းရဲ့ သဘောက သူ အလိုရှိတဲ့အချိန် သိင်္ဂီမာ သူ့အနီးအနားမှာ ရှိနေရင်ပြီးရော၊ ကျန်တဲ့အချိန်မှာ သိင်္ဂီမာ ဘာလုပ်လုပ် အပြစ်ပြောလေ့ မရှိပါဘူး၊ အခုလည်း သူ့အလုပ်ကိစ္စနဲ့ အပြင်ထွက်သွားတာ သေချာတယ်၊ မိုးချုပ်မှ ပြန်ရောက်မှာ၊ နောက်ပြီး ကန်ကြီးတစ်ဝိုက်မှာ အတူတွဲလျှောက်ပြီး အိမ်နားရောက်မှ လူချင်းခွဲတာကို မြင်တဲ့လူက ပြန်





ပြောရင် ပိုဆိုးသေးတယ်၊ မှိုင်းနဲ့ သိင်္ဂီမာဟာ တစ်အိမ်တည်း တစ်ခြံတည်း အတူနေပဲ၊ ဘာမှ ဘယ်သူမှ ယိုးစွပ်စရာ မရှိဘူး၊ ယိုးစွပ်လည်း သိင်္ဂီမာ မျက်နှာချင်းဆိုင် ရှင်းရဲတယ်"

လက်ခံနိုင်လောက်သော စကားတွေ ဖြစ်နေပါ၏။ ထို့ကြောင့် သွားမြဲအတိုင်း ဆက်သွားကြတော့သည်။

ဦးမြတ်မင်း၏ သဘောထားက သူ အလိုရှိချိန် သိင်္ဂီမာက ရှိနေလျှင် ပြီးရောဆိုသည့် စကားကြောင့် သိင်္ဂီမာ့အတွက် စိတ်မကောင်း ဖြစ်ရပြန်သည်။

သိင်္ဂီမာ၏ ဘဝသည် ဦးမြတ်မင်း၏ မှုပိုင်ကြေးစားဘဝနှင့် ဘာထူးရှာလေတော့သနည်း။ သိင်္ဂီမာ ဥပမာပေးခဲ့သည်မှာ မဆိုး၊ သူမသည် ဦးမြတ်မင်း၏ မိဖုရားအရာ မမြောက်၊ ကိုယ်လုပ်တော် မောင်းမတော် ဘဝအဆင့်သာ ရှိနေသည်ဟူ၍။ သိင်္ဂီမာသည် ရှင်ဘုရင်နှင့် ညားသော်လည်း မိဖုရား မဟုတ်ပါတကား။

"သိင်္ဂီမာကို ဦးမြတ်မင်း ကြွေးသိမ်းလိုက်တာ ဘယ်လောက်ကြာသွားပြီလဲဟင်"

"ခြောက်လ၊ မညိုရဲ့မေမေ ဆုံးပြီး ခြောက်လအကြာမှာ အသိမ်းခံရတော့ အခု မညိုမေမေ ဆုံးတာ တစ်နှစ်ဆိုတာနဲ့တွက်ရင်ပေါ့လေ"

မှိုင်း၏ဖေဖေ ဦးကွန်းဇော် ဆုံးခဲ့သည်မှာ ငါးလရှိပြီမို့ ဖေဖေဦးကွန်းဇော် မဆုံးမီ တစ်လကျော်က သီဂီမာကို ဦးမြတ်မင်းက သိမ်းပိုက်ခြင်း ဖြစ်နိုင်လောက်သည်။

"သီဂီမာ အသိမ်းပိုက်ခံရပြီး ဦးမြတ်မင်းရဲ့အိမ်ကို ရောက်စတုန်းက အဲဒီ ကန့်ကြီးရိပ်သာ တိုက်အိမ်ကြီးကို ဦးကွန်းဇော် ဆိုတဲ့ လူကြီးတစ်ယောက် လာတာကော တွေ့မိသလားဟင်"

"ဦးကွန်းဇော် ... ဟုတ်လား"

"ဟုတ်တယ်၊ အရပ်ရှည်တယ်၊ အသားဖြူတယ်၊ အသက်ငါးဆယ်လောက်အရွယ်၊ နည်းနည်းပိန်တယ်၊ ရှပ်အင်္ကျီကတုံးကော်လာအဖြူရောင်လက်ရှည် ဝတ်ပြီး မီးခိုးရောင်ခဲသားရောင် အပေါ်အင်္ကျီ ဝတ်လေ့ရှိတယ်၊ ပုဆိုးကတော့ အိန္ဒိယပေလေကပ်ပုဆိုး၊ ဒါမှမဟုတ် အနက်ခံနှစ်နံ့စပ်ယောပုဆိုးမျိုး ဝတ်တယ်"

သီဂီမာ စဉ်းစားပေးပါ၏။ တအောင့်ပင် ကြာသည်။

"အစ်ကိုကြီး ဦးမြတ်မင်းဆီ လာတဲ့လူတွေက အများကြီးပဲ ကိုမှိုင်း၊ တရုတ်ကြီးတွေလည်း လာကြတယ်၊ ကုလားကြီးတွေလည်း လာကြတယ်၊ တစ်ခါကလေ ရုပ်ကတော့ ဗမာရုပ်ပဲ၊ ဒါပေမဲ့ ဗမာစကား မပြောတတ်တဲ့ လူမျိုးတွေလည်း လာကြတယ်။ နောက်တစ်ခုက ညှော်သည်လာလို့ အစ်ကိုကြီး ဦးမြတ်မင်း စကားပြောနေရင် အနားကို





ဘယ်သူမှ မလာရဘူး၊ အဲ ... တစ်ခါတလေတော့ ကိုဝေလုကိုခေါ်ပြီး အဲဒီဧည့်သည်မျိုးတွေနဲ့ စကားပြောခိုင်းတာမျိုးလည်း ရှိတယ်"

"ဒါဆို မသီဂီမာ ကျွန်တော်ပြောတဲ့ ဦးကွန်းဇော်ကို မတွေ့မိဘူးပေါ့၊ ဟုတ်လား"

"အမှတ်တမဲ့ပဲ ကိုမှိုင်း၊ ကိုမှိုင်း သိချင်တယ် ဆိုရင် အစ်ကိုကြီး ဦးမြတ်မင်းကို သီဂီမာ မေးပေးမယ်လေ"

"မမေးပါနဲ့၊ လုံးဝမမေးပါနဲ့"

မှိုင်းက သံပြတ် သံမာနှင့် ပြောလိုက်သဖြင့် ကိုမှိုင်း ချက်ချင်း ဘာဖြစ်သွားပါလိမ့်ဟူသော အကြည့်ဖြင့် သီဂီမာက ကြည့်လိုက်လေသည်။

မှိုင်းက ချက်ချင်း ပြုံးလိုက်သည်။

"ကျွန်တော်နဲ့ ပတ်သက်ပြီး ဦးမြတ်မင်းကို ဘာမှမမေးပါနဲ့ မသီဂီမာ၊ ဘာလို့လဲဆိုတော့ မသီဂီမာက ကျွန်တော့်အပေါ် စေတနာထားမှန်း သိသွားရင် ဦးမြတ်မင်းက သီဂီမာကိုလည်း အထင်လွဲမယ်၊ အထင်သေးပြီး နှိပ်ကွက်တွေ ပိုပြီးဝင်လာလိမ့်မယ်၊ ကျွန်တော့်အဖို့ တစ်လကိုလခသုံးသောင်းပေးတဲ့အပြင် တိုက်ခန်းမှာနေခွင့် နေ့စဉ်ထမင်းအလကား စားနေရတာတွေ ပြုတ်သွားနိုင်တယ် မသီဂီမာ"

သီဂီမာ ငြိမ်နေသည်။

ကိုမှိုင်းကသာ သူ့အကြောင်း ဘာမှမမေးနဲ့ဟု လုံးဝပိတ်လိုက်သည်။ တကယ်တော့ ညအိပ်ရထဲတွင် ဦးမြတ်မင်းက ယနေ့ မှိုင်းအကြောင်း ဘာတွေသိခဲ့ရသလဲ ဆိုသည်ကို မေးတော့မှာ မုချဟု တွေးမိပြီး သိင်္ဂီမာ ငြိမ်သွားခြင်း ဖြစ်ပါ၏။

ကိုမှိုင်းက ဦးကွန်းဇော် ဆိုသူသည် ဦးမြတ်မင်းနှင့် အဆက်အသွယ် ရှိ,မရှိ၊ ကန်ကြီးရိပ်သာအိမ်သို့ လာ,မလာ၊ ကိုမှိုင်းက မိမိအား မေးသည်ကို ပြန်ပြောရမည်လား၊ ပြောရမည်သာ၊ ဒါကိုပင် သိင်္ဂီမာက တစ်ချက်ခုတ် နှစ်ချက်ပြတ်ဟု တွက်လိုက်သည်။

ဦးမြတ်မင်း မိမိကို တာဝန်ပေး ခိုင်းစေထားသည်ကို ဆောင်ရွက်ပေးရာလည်း ရောက်မည်။ ကိုမှိုင်း သိလိုသော အချက်ကိုလည်း ပြန်ပြောပြနိုင်မည်။

ကန်ကြီးရိပ်သာသို့ ပြန်ရောက်လာကြသည်။ ဦးဟိုင်းလုံကပင် ခြံတံခါး ဖွင့်ပေးသည်။ ဦးဟိုင်းလုံသည် စုံတွဲပြန်လာသော မှိုင်းနှင့် သိင်္ဂီမာကို သံသယအကြည့်မျိုးဖြင့် ကြည့်သည်။

ယခင်က သိင်္ဂီမာသည် ဤအိမ်ကြီးမှ ကိုဝေလုတို့ တစ်ယောက်နှင့်မှ တွဲခဲ့ဖူးသည် မဟုတ်။ ယခု မှိုင်းနှင့်ကျမှ တွဲသွားတွဲလာ ရှိသည်ကို ဦးဟိုင်းလုံ သံသယဖြစ်မည် ဆိုကလည်း ဖြစ်စရာ။

ကိစ္စမရှိ။ ဦးမြတ်မင်း ကိုယ်တိုင်က တာဝန်သဘောဖြင့် ကိုမှိုင်းနှင့် တွဲခွင့်ပေးထားသည်။





"ကဲ ... သိင်္ဂီမာ အိမ်ကြီးပေါ် တက်တော့မယ်၊ ကိုမှိုင်းလည်း ကိုယ့်အခန်းကိုယ် ယွန်းပေတော့၊ ညနေ ထမင်းဝိုင်းမှာ ပြန်ဆုံမယ်လေ"

မှိုင်း သူ့အခန်းသို့ပြန်လာသည်။ သိင်္ဂီမာ အိမ်ကြီးပေါ်သို့ တက်သွားသည်။

ကိုယ့်အခန်းထဲရောက်မှ မှိုင်းသည် တံခါးကိုပိတ်လိုက်ပြီး သိင်္ဂီမာ၏ အိတ်ထဲမှ ကျလာသော ကောက်ယူလာသည့် စာခေါက်လေးကို ဖွင့်ဖတ်ကြည့်လိုက်သည်။

ထွေထွေထူးထူး ဘာမျှမပါ။ ကန်ကြီးရှိ စေတီတော် ရုပ်ပွားတော်များ၏ စာရင်းကို ရေးမှတ်ထားသော စာရွက်လေးသာ ဖြစ်နေသည်ကို တွေ့မြင်ရသည်။

အဘယ်ကြောင့် ဤသို့ ရေးမှတ်ထားလေသနည်းဟု ဆက်စပ်တွေးကြည့်သောအခါ မှိုင်း တစ်ခုစဉ်းစားမိသည်။

ကန်ကြီးတွင် သိင်္ဂီမာသည် မလွဲမသွေ တွေ့ဆုံဖို့ ကြိုးစားမည်။

မှိုင်း အချိန်အားရလျှင် ရှခင်းကောင်းပြီး လေကောင်းလေသန့်ရသော ကန်ကြီးဘက်သို့ သွားတတ်လေ့ရှိကြောင်း သိင်္ဂီမာ သိပြီးသား ဖြစ်သည်။

ထို့ကြောင့် ကန်ကြီးတွင် မှိုင်းနှင့် တွေ့ဆုံပါက ကန်ကြီးရှိ စေတီတော် ရုပ်တုတော်တွေ အကြောင်း ပြောရင်းရင်းနှီးမှု ပိုရနိုင်မည်ဆိုသည့် အတွေးဖြင့် ထိုစာခေါက်ထဲတွင်

ကန်ကြီးဘုရားများအကြောင်း ရေးမှတ်ထားခြင်းများ ဖြစ်နေမည်လား။

သိင်္ဂီမာက မိမိနှင့် ရင်းနှီးမှု ရယူလိုသည်မှာ ...

သွေးရိုးသားရိုးပေပဲလား။

ဆန်းဆန်းပြားပြားပေပဲလား။

သွေးရိုးသားရိုး ဆိုသူမှာ ငယ်ရွယ်သော မိန်းကလေးပီပီ မိမိကို စိတ်ကစားခြင်းကြောင့် ရင်းနှီးလိုခြင်း။

ဆန်းဆန်းပြားပြား ဆိုသည်ကတော့ ဦးမြတ်မင်းက သိင်္ဂီမာ့ကို မိမိနှင့် ရင်းနှီးစေခိုင်းပြီး သူ့လူ ကိုယ့်ဘက်သား စေလွှတ်ခြင်း။

မှိုင်းက ဦးကွန်းဇော် ဆိုသူ တစ်ယောက်အကြောင်းတော့ သိင်္ဂီမာကို ပြောမိခဲ့လေပြီ။

✤ ✧ ✤





## ၁၀

ယနေ့နံနက် ခြောက်နာရီခွဲလောက်မှာပင် ကန်ကြီးရိပ်သာအိမ်ကြီးသို့ မော်တော်ဆိုင်ကယ်စီးသမား နှစ်ယောက်ရောက်လာကြသည်။

သူတို့နှစ်ယောက်ကို ဦးဟိုင်းလုံက အမေးအမြန်းမရှိ ခြံတံခါး ဖွင့်ပေးသည်။

တစ်စီးက ဟွန်ဒါအသစ်။

နောက်တစ်စီးက ဆူဇူကီးအသစ်။

ဆိုင်ကယ်တွေက အသစ်ဖြစ်သလို စီးလာသူနှစ်ဦးကလည်း အပျိုစားဖြစ်သည်။

ယနေ့ခေတ် ဆိုင်ကယ်သမားတွေ ဝတ်စားသည့် ဒွါရဝတ်စုံတွေ အပြည့်နှင့်ဖြစ်သည်။

ဦးခေါင်းတွင် အနီခံ အဝါခံတွင် လူရိုးခေါင်းပုံ အရိုးနှစ်ချောင်း ကြက်ခြေခတ်ပုံများ ပါရှိသော ဖိုက်ဘာဦးထုပ်ကို

ဆောင်းထားသည်။ သားရေဝေ့စ်ကုတ်အင်္ကျီကို ရင်ဘတ်စေ့ပိတ် ဝတ်ဆင်ထားသည်။ ဘောင်းဘီကလည်း သားရေပျော့ဘောင်းဘီ ရှည်များ ဖြစ်သည်။

လက်ဝါးနှစ်ဖက်တွင် လက်ချောင်းများ ပေါ်စေပြီး လက်ဖမိုးနှင့် လက်ဖဝါးပိတ် ဆိုင်ကယ်စီး သားရေလက်အိတ် စွပ်ထားကြသည်။ ဖိနပ်မှာ ခြေသလုံးတစ်ဝက်ထိ ရောက်သော BOOTH ခေါ် သားရေဘွတ်ဖိနပ်အရှည် စီးထားသည်။ နေကာ မျက်မှန် တပ်ထားသည်။ ရုပ်ရှင်ထဲက မော်တော်ဆိုင်ကယ်သမား ပုံစံ အပြည့်ရှိနေကြသည်။

ဆိုင်ကယ်သမား နှစ်ယောက်သည် ခြံထဲဝင်လာသော်လည်း အိမ်ကြီး၏ တံခါးဝတွင် မော်တော်ဆိုင်ကယ် စက်ပိတ်၊ ဒေါက်ထောက် ရပ်ထားပြီး ဆင်းသော်လည်း အိမ်ကြီးထဲသို့ မဝင်ကြပေ။ အိမ်ကြီးထဲမှ တံခါးဖွင့်ပေးခြင်းလည်း မရှိပေ။

ထိုစဉ်မှာပင် သီဂီမာ မှိုင်းဆီသို့ ရောက်လာသည်။

"ကိုမှိုင်းကို အစ်ကိုကြီးက ခေါ်ခိုင်းလိုက်လို့"

"ဟုတ်ကဲ့၊ အခုပဲ လာမယ် မသီဂီမာ"

သီဂီမာ ပြန်ထွက်သွားသည့် နောက်မှ မှိုင်း လိုက်သွားသည်။

ဧည့်ခန်းတွင် အမြိုင့်သား ထိုင်နေသော ဦးမြတ်မင်းကို တွေ့ရပါ၏။ မျက်နှာချင်းဆိုင်တွင် မှိုင်း ဝင်ထိုင်သည်။

"ရော့ ... အဲဒါတွေ မှိုင်း ဝတ်"





အပြင်တွင် ရောက်နေသော ဆိုင်ကယ်သမားနှစ်ယောက် ဝတ်ဆင်ထားသည့် ပုံစံအတိုင်း ဝတ်ဆင်စေသော ပစ္စည်းတွေ ဖြစ်နေပါ၏။

အပြာရောင် ဖိုက်ဘာဦးထုပ်၊ သားရေပျော့ ဝေ့စ်ကုတ်အင်္ကျီ၊ သားရေပျော့ဘောင်းဘီ၊ သရေလက်အိပ်၊ BOOTH ဖိနပ်တို့ ဖြစ်ပေသည်။

"ခြံထဲက နှစ်ယောက်နဲ့အတူ မှိုင်း မော်တော်ဆိုင်ကယ်စီးပြီး သွားရမယ်"

"ဘယ်ကိုလဲ"

"ရန်ကုန်ကို။ ခပ်ကြမ်းကြမ်းနဲ့ ခပ်မြန်မြန် စီးသွားရမယ်။ မှိုင်းက ရှေ့ဆုံးက မောင်းသွားရမယ်၊ ဟိုနှစ်ကောင်က နောက်က လိုက်ရမှာ။ ရန်ကုန်ထိ တစိုက်မတ်မတ် မောင်းသွားရမယ်။ ဟိုနှစ်ကောင် လမ်းမှာ ဘာဖြစ်နေနေ မှိုင်းက လှည့်ကြည့်စရာ မလိုဘူး၊ ကိုယ့်ဟာကိုယ် ရန်ကုန် အရောက်သာ မောင်း"

ပြောပြီး ဦးမြတ်မင်း ထိုင်ရာမှ ထသည်။ တံုးလုံး မှန်ဗီရိုတစ်လုံးကို ဖွင့်ကာ အထဲမှ အထုပ်နှစ်ထုပ် ယူလိုက်သည်။ မှိုင်း ရှိရာသို့ အထုပ်တွေနှင့်အတူ ပြန်လာထိုင်သည်။

ကျကျနန ကျစ်ကျစ်လစ်လစ် ကြိုးစည်းထားသော အထုပ်နှစ်ထုပ်ကို စားပွဲပေါ်မှ မှိုင်း ထိုင်ရာသို့ တွန်းပို့လိုက်သည်။

"ကျုပ် ပြောမယ်၊ စာရေးပြီး မမှတ်နဲ့ ဦးခေါင်းထဲကပဲ သေသေချာချာမှတ်"

"ရပါတယ်၊ ပြောပါ"

ဦးမြတ်မင်းက ရန်ကုန်မြို့မှ နံပါတ်ခုနစ်နှင့်စသော တယ်လီဖုန်းနံပါတ် ဂဏန်းခြောက်လုံးကို ပြောပြသည်။ ဒုတိယအကြိမ် ထိုနံပါတ်ကိုပင် ထပ်ပြောသည်။

"မှတ်မိတယ်နော်"

"တစ်လုံးမှားရင် သေနတ်နဲ့ တစ်ချက်ပစ်ပါ ဦးမြတ်မင်း"

"ကောင်းပြီ၊ အခု မနက်ရှစ်နာရီမှာ ဒီကထွက်ရမယ်၊ ရန်ကုန်ကို ညနေ သုံးနာရီနဲ့ လေးနာရီကြား ဝင်နိုင်လောက်တယ်"

"အဲဒီအချိန်ထက် စောမယ် ထင်တယ်"

"ရတယ်လေ၊ ပိုပိုမိုမို တွက်ထားတာ၊ ဆိုင်ကယ်သမားနှစ်ယောက်နဲ့ မှိုင်း ဘာစကားမှ ပြောစရာ မလိုဘူး၊ သူတို့ ဘာလုပ်ရမယ်ဆိုတာ သူတို့ဟာသူတို့ သိပြီးသား"

မှိုင်း ခေါင်းညိတ်ပြသည်။

"ညနေခြောက်နာရီတိတိမှာ ရန်ကုန် တစ်နေရာကနေပြီး ခုနပြောထားတဲ့ ဖုန်းနံပါတ်ကို မှိုင်း ဆက်လိုက်။ ဟဲလိုလို့ ဟိုက ပြန်ထူးလိမ့်မယ်၊ မှိုင်း ပြောရမဲ့စကားက "လိမ္မကော"လို့သာပြော၊ ပြန်ပြောစမ်း၊ ဘာပြောရမလဲဆိုတာ"





"လိမ္မကော"

"ဟုတ်ပြီ၊ တကယ်လို့ ဖုန်းနံပါတ် မှားသွားတာဆိုရင် ဘာလဲ လိမ္မကောဆိုတာ ဘာလဲလို့ ပြန်မေးမှာပဲ၊ တစ်ခါတလေ ရန်ကုန်က တယ်လီဖုန်းတွေက ကိုယ်က နံပါတ်မှန်ကို ခေါ်ပေမဲ့ လိုင်းပူး ပြီး ရောက်ချင်ရာ ရောက်သွားတတ်တယ်၊ အေး ... မှိုင်း ဆက်တာ လိုင်းမှန်ရောက်သွားပြီး လိမ္မကောလို့ ပြောတာနဲ့ တစ်ဖက်က ဗိုလ်လောကင်းလို့ ပြန်ပြောလိမ့်မယ်၊ ဟိုဘက်က ဘယ်လိုပြန်ပြောမတဲ့လဲ မှိုင်း"

"ဗိုလ်လောကင်း"

"မှန်တယ်၊ ဟိုဘက်က ဗိုလ်လောကင်းလို့ ပြန်ဖြေတာနဲ့ မှိုင်းက 'ဇီဇဝါလားဟေ့' ဟိုဘက်က မဟုတ်ဘူး၊ စံပယ်ပွင့်သေးသေးလေးလို့ ထပ်ပြောလိမ့်မယ်။ မှိုင်း သေချာမှတ်မိတယ်နော်"

"စိတ်ချ ဦးမြတ်မင်း"

"ကျုပ် တစ်ခုမေးမယ်၊ ရန်ကုန်မှာ မှိုင်းအတွက် သီးသန့် လုံခြုံတဲ့နေရာတစ်ခု ရှိလား"

ရန်ကုန် ရွှေတောင်ကြားလမ်း ကုန်းမြင့်ပေါ်တွင် မှိုင်း အတွက် တိုက်အိမ်တစ်လုံး ရှိသည်။ ဆိတ်ငြိမ်ရပ်ကွက်ဖြစ်ပြီး ကတ္တရာလမ်းက အောက်ပိုင်းကျပြီး ခြံကြီးဝင်းကျယ် တိုက်

အိမ်တွေက ကုန်းအမြင့်တွင် တည်ရှိနေကြသည်။ ကုန်းမြင့်ပေါ်မှ တိုက်အိမ်တိုင်း လိုလိုသည် သီးသန့်လမ်းကိုယ်စီနှင့် ရှိကြသည်။

ဖေဖေ ဦးကွန်းဇော် လက်ထက်က ထိုရွှေတောင်ကြားလမ်း ကုန်းမြင့်တွင် တစ်ထပ်တိုက်တစ်လုံး ဝယ်ထားခဲ့သည်။

"ရှိပါတယ်၊ သီးသန့်မှ သိပ်ပြီး သီးသန့်လုံခြုံတဲ့ တိုက်နဲ့ အိမ်ပဲ"

"ဘယ်နေရာမှာလဲ မှိုင်း"

"အဲဒါကို ဦးမြတ်မင်းကို ပြန်မဖြေရင် ရမလား။ နေရာတွေရော လမ်းတွေရော အိမ်တွေရော ကျွန်တော့်မှာ တည်းခိုဖို့ အများကြီးကို ရှိတာပါ။ မုဒ္ဒံမှာ ကျွန်တော် မကျွမ်းကျင်ပေမဲ့ ရန်ကုန်မှာဆို ကျွန်တော်က ဖျံတစ်ကောင်ပါ ဦးမြတ်မင်း"

"ကောင်းပြီလေ၊ ဒါဆို ကျုပ် ဆက်ပြောမယ်၊ ဟိုဘက်က စံပယ်ပွင့်သေးသေးလို့ ပြန်ပြောတာနဲ့ မှိုင်းက အဲဒီစံပယ်ပွင့်သေးသေးကို ခင်ဗျား လာယူမလား၊ ကျုပ် လာပို့ရမလား၊ ဟိုဘက်က လာပို့ပေးပါဆိုရင် ပို့ပေးရမဲ့လိပ်စာကို တောင်း။ အဲဒီလိပ်စာအတိုင်း ကျုပ်ပေးလိုက်တဲ့ အထုပ်နှစ်ထုပ် သူတို့ကို ပို့ပေးလိုက်ပေတော့။ တကယ်လို့ သူတို့က လာယူမယ်ဆိုရင် မှိုင်းက လာယူရမဲ့ နေရာကို လိပ်စာပေးလိုက်၊ သူတို့ လာယူလိမ့်မယ်"



"သွားပို့တာပဲဖြစ်ဖြစ် လာယူတာပဲဖြစ်ဖြစ် လူမမှားအောင် အပေးအယူ လုပ်ဖို့ကျတော့ရော"

"ဟုတ်သားပဲ၊ အဲဒါ ပွိုင့်ပဲ၊ မှိုင်း တော့်တယ်၊ အဲဒါပြောဖို့ ကျုပ် မေ့နေတယ်၊ အဲဒါကျတော့ ဖုန်းပြောရင်း သူတို့လာယူမယ်ဆိုရင် ဘယ်လိုလာမလဲ ကားနဲ့လာမယ်၊ မော်တော်ဆိုင်ကယ်နဲ့ လာမယ် ဆိုရင် ကားနံပါတ် မော်တော်ဆိုင်ကယ်နံပါတ်၊ အရောင်အသွေး၊ အမျိုးအစားနဲ့ လာတဲ့လူ ဘယ်လိုအဝတ်အစား ဝတ်ဆင်လာမလဲဆိုတာ မေး၊ မှိုင်းက သွားပို့မယ်ဆိုလည်း အလားတူ သင်္ကေတ သူတို့ကိုပေးထား"

"ပစ္စည်းကို သူတို့လက်ကို ကျွန်တော်က ပေးလိုက်ပြီးရင် ပစ္စည်းရရှိကြောင်း ခိုင်မာတဲ့ အထောက်အထား သူတို့ ဘာပြန်ပေးမှာလဲ"

"ဘာမှ ပေးစရာ မလိုဘူး"

"ဒါဆို ကျွန်တော့်ဘက်က ခိုင်မာမှု ဘယ်ရှိတော့မလဲ၊ ကျွန်တော် သေချာပေးခဲ့လျက်နဲ့ သူတို့က မရရှိပါဘူးလို့ ငြင်းလာရင်ကော ဦးမြတ်မင်း"

ဦးမြတ်မင်းသည် အလေးအနက် စဉ်းစားပြီး သက်ပြင်းချလိုက်သည်။

"စဉ်းစားစရာပဲ မှိုင်း၊ ဟိုအရင်က လုပ်ခဲ့တာတွေမှာ ဒီလိုပဲ ဒီလိုပုံစံနဲ့ လုပ်ခဲ့ကြတာပဲ၊ သူတို့ ကိုယ့်ဆီပို့ပို့၊

ကိုယ်ကပဲ သူတို့ဆီပို့ပို့ ဝေလု သွားလုပ်တုန်းကတော့ ပို့စရာရှိပို့ပြီး ဒီအတိုင်း ပြန်လာတာပဲ၊ ဟိုကလည်း ကျုပ်ဆီ ပို့စရာရှိ လာပို့ပြီး ဒီအတိုင်း ပြန်သွားတာပဲ၊ ကြားမှာ ပစ္စည်းပျောက်တယ် မရရှိဘူး ဆိုတာမျိုး တစ်ခါမှ မဖြစ်ဖူးဘူး၊ အဲ ... နောက်ဆုံးတစ်ချီမှာတော့ ...”

ဦးမြတ်မင်းက ဆက်မပြောဘဲ စကားကို ရပ်ထားလိုက်သည်။

“ပြောပါ ဦးမြတ်မင်း၊ နောက်ဆုံးတစ်ချီမှာ ဘာဖြစ်လဲ”

“ဟဲ ဟဲ ဟဲ ... နောက်ဆုံး တစ်ချီမှာ ဘာမှတော့ မဖြစ်ပါဘူး၊ အဲဒီအခေါက်တုန်းက ဝေလုကို ကျုပ်က တာဝန်တစ်ခု ပေးလိုက်မိတယ်၊ အဲဒီတာဝန် ပေးမိတာလည်း ကျုပ်အမှားပါ၊ ဝေလုက အလုပ်လုပ်တာတွေ များတော့ စုံထောက်ဘက်ကရော ယစ်မျိုးဘက်ကရော ဝေလုနောက်က ခြေရာခံ နောက်ယောင်ခံပြီး တစ်စွန်းတစ်စ သိသွားကြတယ်၊ တကယ်တော့ အဲဒါ ကျုပ်အဖြစ်နဲ့ ကျုပ်အမှားပါ၊ ဒါကြောင့် နောက်ဆုံးအချီမှာ ဝေလုတို့ ပြဿနာတက်တယ်၊ အမှန်တော့ အဲဒီပွဲမှာ ဝေလု ခမျာ လွန်ဆွဲရင်း လွန်ကြိုးပြတ်သွားတဲ့ သဘောလောက်ပါ၊ ဘာတစ်ခုမှ အနိုင်လည်း မရဘူး၊ အရှုံးလည်း မရှိဘူး၊ ဒါကြောင့် ဝေလု ဘာမှဖြစ်မသွားပါဘူး၊ တရားဥပဒေအပိုင်းမှာ ဝေလု လွတ်သွားပါတယ်၊ ဒါပေမဲ့ ကျုပ်တို့အချင်းချင်း





ဆက်သွယ်ရေးပိုင်းမှာတော့ ပြဿနာကြီးထွားသွားတယ်၊ ဒါကြောင့် အခုအချီမှာ ဝေလုကို တခြားကိစ္စ ခိုင်းလိုက်ပြီး မှိုင်းကို ဒီကိစ္စ ဆောင်ရွက်ခိုင်းတာပဲ”

“ဝေလု ကိစ္စက ဝေလု ကိစ္စပဲ ထားလိုက်ပါ၊ အခု ကျွန်တော့်ကိစ္စမှာ ဟိုဘက်က ဘာပြန်ယူခဲ့ရမှာလဲ၊ ပစ္စည်းပြန်ယူခဲ့ရမှာလား ငွေပြန်ယူခဲ့ရမှာလား၊ ဒါမှ ကျွန်တော် တာဝန်ကျေကြောင်း ခိုင်မှာမှာပေါ့”

“ထုံးစံမရှိဘူး မှိုင်း၊ အဲဒါမျိုးကျတော့ ငွေကိစ္စ ပစ္စည်းကိစ္စ ကျုပ်ကိုယ်တိုင် ရှင်းတယ်။ မှိုင်းကို ကျုပ် ယုံကြည်ပါတယ်၊ ကျုပ်ခိုင်းတဲ့အတိုင်းသာ လုပ်ပေတော့ မှိုင်း”

“ဒါဆိုလည်း ပြီးရော”

မှိုင်းသည် ကြိုးချည်ထားသော အထုပ်နှစ်ထုပ်ကို ဓာတ်ကတ်ဖြင့်ပတ်ပြီး ထွက်လာခဲ့သည်။ မိမိအခန်း ရောက်သည်နှင့် ဆိုင်ကယ်စီးဝတ်စုံကို ဝတ်ဆင်ကာ အောက်ပြန်ဆင်းလာပြီး မိမိမော်တော်ဆိုင်ကယ်နောက်ဘီး ဘေးကပ်ဘေးတွဲ အိတ်နှစ်အိတ်တွင် အထုပ်တွေကို သေချာထည့်သွင်းပြီး မော်တော်ဆိုင်ကယ်မောင်းထွက်လာခဲ့သည်။

ခြံတံခါးကို ဦးဟိုင်းလုံ ဖွင့်ပေးသည်။ ခြံတံခါးဝတွင် သိဂီမာ ရပ်နေပြီး လက်တားသဖြင့် မှိုင်း ရပ်ပေးသည်။

“ရော့ ... လမ်းမှာ ကိုမှိုင်း စားဖို့ အစ်ကိုကြီးက ပေးခိုင်းတာပါ”

လက်သုတ်ပဝါလုလုဖြင့် ချည်နှောင်ထားသော ထမင်းဘူး ဖြစ်ပါ၏။

ထမင်းဘူးကိုယူပြီး ဆက်ပြီး မောင်းထွက်လာခဲ့သည်။ နောက်မှ ဆိုင်ကယ်သစ်နှစ်စီး လိုက်ပါလာပါ၏။

ဆက်တိုက်မောင်းလာသည်။ လမ်းတွင် ဘယ်နေရာမှာမှ မနား။ စစ်တောင်းကိုပင် လှမ်းမြင်နေရပြီ။

နောက်မှလိုက်လာသော ဆိုင်ကယ်တစ်စီးက မှိုင်းဆိုင်ကယ်နှင့် ဘေးချင်းယှဉ်မိသည်အထိ မောင်းတက်လာသည်။

"စစ်တောင်းမှာ မောင်တော်ဆိုင်ကယ်တွေ ဓာတ်ဆီဖြည့်မယ်၊ ဒါပဲ"

ပြောပြီး နောက်ချန်ကာ နောက်မှပင် ဆက်လိုက်လာသည်။

စစ်တောင်းတွင် သုံးစီးစလုံး ဓာတ်ဆီဖြည့်ထည့်ကြပြီးသည်နှင့် ဆက်မောင်းခဲ့ကြပြန်သည်။

မွန်းလွဲ(၁)နာရီတွင် "အဗျား"သို့ ရောက်လာသည်။ တူးမြောင်းကြီးတစ်ခု တွေ့ရသည်။ သစ်ပင်ရိပ်တွေနှင့် သာယာပြီး လှရှင်းနေသည်။

"ထမင်းစားကြစို့"

သစ်ပင်ရိပ်အောက်မှာပင် မော်တော်ဆိုင်ကယ်များ ရပ်ပြီး ကိုယ့်ထမင်းဘူးကိုယ် ဖွင့်စားကြသည်။ သုံးယောက်လုံး စကားအပို တစ်ခွန်းမျှ မပြော။





မှိုင်းက သိဂီမာ ပေးလိုက်သော ထမင်းဘူးအဖုံးကို ဖွင့်လိုက်သည်နှင့် အပေါ်ဆုံးတွင် စာရွက်ခေါက်တစ်ခု တွေ့ရသည်။

မှိုင်း စာရွက်ခေါက်ကို ဖွင့်ဖတ်ကြည့်သည်။

"ကိုမှိုင်း ...

မေးကြည့်ပြီးပြီ၊ ဦးကွန်းဇော်ကို ဦးမြတ်မင်း သိတယ်တဲ့၊ လုပ်ငန်းအတူတူ လုပ်ဖူးတယ်တဲ့၊ ဦးကွန်းဇော်ဟာ လူလိမ်တစ်ယောက်တဲ့၊ ဒါဆို ကိုမှိုင်း ခိုင်းတာ သိဂီမာ လုပ်ပေးပြီးပါပြီနော်။

သိဂီမာ"

သွားပြီဟု မှိုင်း တိုးတိုးလေး ရွတ်ဆိုလိုက်မိသည်။ ဦးကွန်းဇော်၏ အကြောင်း မှိုင်း စုံစမ်းနေမှန်း ဦးမြတ်မင်း သိသွားလေပြီကော။

စားသောက်ကြပြီးနောက် ခရီးဆက်ကြပြန်သည်။

ထောက်ကြံ့ရောက်ပြီးနောက်၌ နောက်မှလိုက်လာသော ဆိုင်ကယ်နှစ်စီး ပါမလာပေတော့။ ထောက်ကြံ့မှပင် လှည့်ပြန်ကြသည်ပေလား မပြောတတ်။

မှိုင်း ရန်ကုန်ဘက်သို့ ဆက်မောင်းလာခဲ့သည်။ ရန်ကုန်ရောက်လျှင် မိမိ ဘာတွေဆက်လုပ်ရမည်ကို မှိုင်း စဉ်းစားသည်။

ရွှေတောင်ကြားလမ်းရှိ မိမိပိုင် တိုက်အိမ်ကိုပင် သွားရမည်လား။

သို့မဟုတ် သီးသန့် တည်းခိုဆောင် တစ်ခုတွင် တည်းခိုရမည်လား။

မှိုင်း မြို့ထဲသို့ပင် မောင်းဝင်လာခဲ့သည်။ မဟာဗန္ဓုလ ပန်းခြံလမ်းထဲရှိ တည်းခိုဆောင်သို့ မှိုင်း လာခဲ့သည်။ ထိုတည်းခို ဆောင်မှာ ပင် ထုံးစံအတိုင်း အမည်ပေး လိပ်စာပေး မှတ်ပုံတင်ပြ ပြီး တည်းခိုလိုက်သည်။

ဦးမြတ်မင်း ပေးလိုက်သော အထုပ်နှစ်ထုပ်ကို ဆိုင်ကယ်မှ ထုတ်မယူဘဲ ဆိုင်ကယ်ကို တည်းခိုဆောင်ရှေ့မှာပင် ဒေါက်ထောက် ရပ်ထားခဲ့သည်။

တည်းခိုခန်းတွင် လဲလျောင်းကာ အနားယူလိုက် သည်။ တစ်နာရီခန့် အနားယူ မိန်းပြီးမှ ရေချိုးသန့်စင် အဝတ် လဲသည်။

အောက်ပြန်ဆင်းခဲ့ပြီး မော်တော်ဆိုင်ကယ် အနေ အထားကို သေချာကြည့်ရှု စစ်ဆေးသည်။

ဘာမှလက်ရာမပျက် ပကတိအတိုင်း ရှိနေသည်ကို တွေ့ရသည်။

မော်တော်ဆိုင်ကယ်စီးပြီး ညစာစားရန် ပန်းဆိုးတန်း ထဲရှိ တရုတ်စားသောက်ဆိုင်တွင် ညနေစာ စားသောက်သည်။ ညနေ(၆)နာရီ ရှိပေပြီ။





ထိုစားသောက်ဆိုင်တွင် ပိုက်ဆံပေး ပြောရသော တယ်လီဖုန်း ပြောခွင့်ရသည်။ ဦးမြတ်မင်း မှာပြောသည့် မိမိအလွတ် ကျက်ထားသော ဖုန်းနံပါတ်သို့ ဆက်လိုက်သည်။ တစ်ဖက်မှ ဟဲလိုဟု အသံပြန်ပေးသည်နှင့် ...

"လီရှကော"

ဟု မှိုင်းက စကားဝှက်ကို ပြောလိုက်သည်။

"ဩော် ... ဟုတ်ပြီ"

"ဗိုလ်ကောကင်း"

ဟု ပြန်ပြောသည်။

"ဓိဇဝါလား"

"မဟုတ်ဘူး စံပယ်ပွင့်သေးသေး"

"ဘယ်မှာ ဘယ်ပုံစံ တွေ့မလဲ"

"အခု ဘယ်နေရာက ပြောနေတာလဲ"

"လမ်းပေါ်က ပိုက်ဆံဖုန်းနဲ့ ပြောတာ"

"ဘယ်လမ်းလဲ"

"မလိုဘူးလေ၊ ဘယ်နေရာမှာ ဘယ်ပုံစံနဲ့ တွေ့ကြမလဲ ဆိုတာပဲ ပြောပေါ့"

"နတ်မောက်လမ်း၊ ဗိုလ်ချုပ်ကြေးရုပ်ဆီကို ခြောက်နာရီ တိတိမှာလာမယ်၊ မာစီဒီး ၂၂၀ အနက်ရောင်၊ (ချ/---)

"ဘယ်နယောက်လဲ"

"နှစ်ယောက်၊ မောင်းသူတစ်ယောက်နဲ့ တခြားလူတစ်ယောက်၊ မောင်းသူက ကားပေါ်က မဆင်းဘူး၊ တခြားလူ ဆင်းလာမယ်"

"အဲဒီ တခြားလူရဲ့ ပုံစံကရော"

"အသက်အစိတ်လောက်၊ အသားဖြူ၊ ဆံပင်ကောက်၊ အရပ်ငါးပေခြောက်လက်မခန့်၊ စွပ်ကျယ်အကျႌ အောက်ခံဝတ်ပြီး အပေါ်က ဂျင်းဂျာကင် ခပ်နွမ်းနွမ်း ချည်လုံချည်ဝတ်၊ ရိုးရိုးခြေညှပ်ဖိနပ်"

"ဟုတ်ပြီ"

"ခင်ဗျားပုံစံလည်း ပြောဦးလေ"

"ဘီအက်စ်အေ မော်တော်ဆိုင်ကယ် ငါးရာစီစီ၊ နံပါတ် (ယ/---) အရပ်ငါးပေရှစ်၊ ကော်လာမပါချစ်ဘီအကျႌအဝါ၊ တက်ထရက်ဘောင်းဘီ ငါးရှဉ့်ရောင်၊ ယိုးဒယားကွင်းစွပ်ဖိနပ်၊ အဲဒီပုံစံပဲ၊ ရပြီလား"

"ရပြီ၊ ဒါပဲ"

ဖုန်းကိုယ်စီ ပြန်ချလိုက်ကြသည်။

အားလုံး ကျသင့်ငွေရှင်းပြီး မှိုင်း ဆိုင်မှထွက်လာခဲ့သည်။

မိမိမော်တော်ဆိုင်ကယ်ဘေးတွင် လည်ကုပ်မှ သိုင်းကြိုးဖြင့် သစ်သားလင်ပန်းပေါ်တွင် စီးကရက်ရောင်းနေသော ကုလားလေးကို တွေ့ရသည်။





"စီးကရက် ဝယ်ပါလား ဆရာ"

"မင်း တော်တော်ပင်ပန်းသွားသလား ချွတ်ကရား"

"ဗျာ"

ကုလားလေးက အူကြောင်ကြောင် မျက်နှာပေးဖြင့် "ဗျာ"ဟု ပြောရင်း မျက်လုံးပြူးသွားသည်။

မှိုင်းက ဆိုင်ထဲတွင် စားသောက်နေစဉ်မှာပင် လမ်းပေါ်မှ ထိုကုလားလေးကို တွေ့မြင်သတိထားမိသည်။

ကုလားလေးသည် ဤနေရာသို့ ယခင်ခေတ် ဆလွန်းကားတစ်စီးဖြင့် ရောက်လာပြီး လည်ကုပ်သိုင်းဗန်းဖြင့် စီးကရက်ရောင်းခြင်းကို မြင်တွေ့လိုက်ရခြင်း ဖြစ်ပါ၏။

မှိုင်း စိတ်ထဲတွင် အလိုလို သိလိုက်သည်။ မိမိနောက်သို့ နောက်ယောင်ခံလိုက်ခြင်းမှန်း။

ဒီလောက်တော့ မှိုင်း ပါးနပ်ပါသေးသည် ဦးမြတ်မင်း။

မုဒုံကန်ကြီးရိပ်သာမှ ဦးမြတ်မင်းသည် မှိုင်း ရန်ကုန်သို့ လာပြီဟု ရန်ကုန်မှ အဆက်အသွယ်များကို ဖုန်းဆက်အကြောင်းကြားခြင်း ဖြစ်ရပေမည်။

မှိုင်းသည် သူ့အကျႌအိတ်ထဲမှ စီးကရက်ဘူးကို ထုတ်ယူလိုက်သည်။ လက်ကျန်စီးကရက်ကို ဘူးဖွင့်ရေတွက်သည်။ (၈)လိပ် ကျန်နေသေးသည်။

"ရော့ … စီးကရက်ရှစ်လိပ်ကိုယူ၊ မင်းဇန်းထဲက ဒူးယား ရှစ်လိပ် ငါ့ကိုပြန်ပေး၊ ဒါဆို မင်း မနစ်နာဘူး မဟုတ်လား ချွတ်ကရား"

"ဗျာ"

"မင်းဆရာကို ပြောလိုက် ချွတ်ကရား၊ အခု ငါ ဗိုလ်ချုပ်ကြေးရုပ်ဆီကို သွားမလို့၊ ငါ့နောက်က လိုက်ချင်ရင် ကားဟောင်း ကားစုတ်နဲ့ မလိုက်နဲ့လို့၊ ကြားလား ချွတ်ကရား"

"ဗျာ"

မှိုင်း မော်တော်ဆိုင်ကယ်ပေါ် ပြန်ခွတက်၊ စက်နှိုးပြီး မောင်းထွက်လာခဲ့တော့သည်။

✤ ✧ ✤





# ၁၁

ပစ္စည်းပေးအပ်ရသည်မှာ အခက်အခဲ မရှိလှပေ။

(၆)နာရီမှာပင် ချိန်းဆိုထားသော နေရာသို့ ချိန်းဆိုထားသူ၏ကား ရောက်လာသည်။

အထုပ်ယူရန် လူတစ်ယောက် ဆင်းလာသည်။ ပေးထားသော အချိန်းအချက်အရ သူ့ဘက် ကိုယ့်ဘက် မှန်ကန်နေသည်။

ထိုလူကို မှိုင်း သေချာကြည့်သည်။

ဝတ်ထားသော ဂျင်းဂျာကင်မှာ နိုင်ငံခြားဖြစ် ဆိုသော်လည်း ဟောင်းနွမ်းနေသည်။ ဝတ်ထားသော ဂျာကင်ကြယ်သီးတွေမှာ သူ့နှုတ်ကို အော်ရီဂျင်နယ် ကြေးပေါ်တွင် အရုပ်ထွင်း ကြယ်သီးတွေ ဖြစ်သည်။

မှိုင်း အထုပ်နှစ်ထုပ် ပေးသည်ကို ထိုလူက လက်နှစ်ဖက် လှမ်းအယူမှာပင် မှိုင်းသည် ထိုလူ၏ ဂျာကင်အကျီမှ

ကြယ်သီးတစ်လုံးကို ဆောင့်ဖြုတ်ယူလိုက်သည်။ ထိုကြယ်သီးမှာ မိုင်းလက်ထဲသို့ ပါရှိလာပါ၏။

“အဲဒါ ဘာသဘောလဲ မိတ်ဆွေ”

“ကျုပ်အထုပ်တွေ ပေးရတာက လက်လွတ် ခြေလွတ် သက်သေမရှိ အထောက်အထား မရှိနဲ့မို့လား၊ ခင်ဗျားဆီကို မှန်မှန်ကန်ကန် ကျုပ် ပေးပို့ပါတယ်ဆိုတဲ့ သက်သေ ကျွန်တော့် ဘော့(စ်)ကို ပြနိုင်ဖို့ ခင်ဗျားဂျာကင်ကြယ်သီးကို ပြမလို့ တမင် ဆွဲဖြုတ်ယူတာ။ တခြား ဘာသဘောမှ မပါဘူး”

ထိုသူက ပြုံးလိုက်သည်။

“ခင်ဗျား မဆိုးဘူး၊ တော်တယ်၊ ဒါကြောင့် M.M က ခင်ဗျားကို စိတ်ချယုံကြည်စွာနဲ့ အထုပ်တွေ ပေးခိုင်းတာ ဖြစ်မယ်”

M.M ဆိုသည်မှာ ဦးမြတ်မင်း အမည် အတိုကောက်မှန်း မိုင်း သဘောပေါက်ပါ၏။

“နောက်ပြီး ပန်းဆိုးတန်း တရုတ်ဆိုင်ရှေ့က ချွတ်ကရားဆီက စီးကရက်ဂျစ်လိပ်ဘူးလည်း ခင်ဗျား သက်သေအဖြစ် ယူသွားတယ် မဟုတ်လား၊ ခင်ဗျားအတွက် သက်သေ ခိုင်လုံပါတယ်ဗျာ၊ ကဲ ... လစ်ကြစို့”

ကိုယ့်လမ်းကိုယ် ပြန်လစ်လာခဲ့ကြသည်။

မိုင်း ဘယ်ကို သွားမည်နည်း။





မုဒ့်ကိုပဲ ပြန်ရမလား၊ မပြန်ချင်။

တည်းခိုဆောင်သို့ ပြန်သွားမလား . မသွားချင်။

မိုင်းသည် မြို့ထဲဆက်မောင်းလာရင်း ပပဝင်းရုပ်ရှင်ရုံရှေ့တွင် လူတွေကြိတ်ကြိတ်တိုးနေသဖြင့် ရန်ကုန်ရောက်ခိုက် ရုပ်ရှင်ကြည့်မည်မို့ မော်တော်ဆိုင်ကယ် စက်မသတ်ဘဲ ခြေထောက်ပြီး ရပ်ကြည့်လိုက်သည်။

“ရုံပြည့်ပြီ”

ဟု လက်မှတ်ဝယ်ပေါက် ပိတ်ထားပြီး ဆိုင်းဘုတ်စာတန်းကပ်ထားသည်ကို တွေ့ရသည်။

မှောင်ခိုလက်မှတ် ဝယ်ကြည့်လျှင်တော့ ရမည်။ သို့သော် မိုင်း ဒီလောက် ကယိကထ မလုပ်ချင်။

“ဟယ် ... ကိုမိုင်းပါလား”

“ဩော် ... ဆရာမ ညိုညိုမင်း”

မမျှော်လင့်ဘဲ ရုပ်ရှင်ရုံရှေ့တွင် တွေ့ဆုံကြသည်။

“ဘာလဲ ... ကိုမိုင်း ရန်ကုန် ရောက်တုန်း ရောက်ခိုက် ရုပ်ရှင်ကြည့်မလို့လား”

“ကြည့်မလို့ စိတ်ကူးမိတယ် ဆရာမ၊ ဒါပေမဲ့ ဟိုမှာကြည့်လေ၊ ရုံပြည့်ပြီတဲ့၊ လက်မှတ်ဝယ်လို့မှ မရတော့တာ”

ဆရာမ ညိုညိုမင်းတွင် အတူလာအဖော် ပါလာသေးသည်။ ညိုညိုမင်းနှင့် ရွယ်တူအမျိုးသမီးချောတစ်ဦးပင် ဖြစ်ပါ၏။

ထိုအဖော်ပါလာသော အမျိုးသမီးချောက မှိုင်းကို စူးစူးစိုက်စိုက်လေးပင် ကြည့်နေပါ၏။

"ဆရာမ ရန်ကုန်ရောက်နေတာ ကြာပြီလား"

"သုံးရက်ရှိပြီ၊ ပညာရေးဌာန ရုံးချုပ်က လူကိုယ်တိုင် လာတွေ့ပါ ဆိုတာနဲ့ ချက်ချင်း မုဒုံက လာခဲ့တာ"

မှိုင်းကိုတော့ ညိုညိုမင်းက ပြန်မမေးပေ။ မှိုင်းသည် ရန်ကုန်သို့ သူမဖေဖေ ဦးမြတ်မင်း၏ စေလွှတ်ချက်ကြောင့်လာမှန်း ညိုညိုမင်း အလိုလို သိနေသည်။

"ဒါဆိုရင် ... ဟော့ မိမွန်၊ မိစိုးအတွက် ဝယ်ထားတဲ့ လက်မှတ်ကို ကိုမှိုင်းကို ပေးကြည့်မလား၊ မိစိုးက မလာနိုင်တော့ဘူးလို့ ဖုန်းဆက်ထားတယ်ဆို"

"ပေးကြည့်ပေါ့ မိညို၊ မိစိုးမှ မလာတော့တာ"

"ကဲ ... ဒါဆို ငါ မိတ်ဆက်ပေးရဦးမယ်၊ ဒီမှာ ကိုမှိုင်း ဟောဒါ ရီရီမွန်တဲ့၊ မညိုရဲ့ သူငယ်ချင်း၊ သူက ပညာရေးဌာနရုံးမှာ အရာရှိ"

"တွေ့ရတာ ဝမ်းသာပါတယ် မရီရီမွန်"

"ထပ်တူထပ်မျှပါပဲတဲ့ရှင်။ ဒါပေမဲ့ မိညို ... သူ့ကို နင်က ကိုမှိုင်းပါလို့ မိတ်ဆက်ပေးမှာ မဟုတ်လား၊ ပြောနေနဲ့ ငါက သိပြီးသား၊ သူ့နာမည် မှိုင်းတဲ့၊ ရန်ကုန်ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်က သင်္ချာဘာသာနဲ့ ဘွဲ့ရပြီးသား။ နောက်ဆုံးနှစ် ဘွဲ့ယူပြီးကတည်းက ရန်ကုန်က ပျောက်သွားတာ၊





ရန်ကုန်တက္ကသိုလ်မှာတုန်းက တစ်လျှောက်လုံး နာမည်ကြီး မှိုင်းပေါ့၊ တက္ကသိုလ်ဘောလုံးသင်းနဲ့ ကခြားအဖွဲ့ အသင်းတွေ ကန်တိုင်း ငါတို့က မှိုင်းတို့ဘက်က လက်ခုပ်တီးပေးနေကျ။ မှိုင်းက တက္ကသိုလ်အားကစားလောကမှာတော့ လူတိုင်းသိ၊ လူတိုင်းခင်ပဲဟော့၊ သူ့အားကစားမှုကြောင့် ရန်ကုန်တက္ကသိုလ်ဂုဏ်တွေ အများကြီး ဆောင်ခဲ့ဖူးတယ်၊ သူက ငါတို့ကို မသိပေမဲ့ ငါတို့က မှိုင်းကို သိနေကြတယ် မိညို"

ညိုညိုမင်း ငေးသွားအောင် အံ့သြသွားတော့သည်။ နဂိုကတည်းကပင် မှိုင်းအား သို့လော သို့လောနှင့် ဇဝေဇဝါဖြစ်ခဲ့ရာ ယခု ရီရီမွန်ပြောလိုက်မှ အခြေအမြစ်မှန် ဘဝကို သိရတော့သည်။

"မရီရီမွန်က သိနေသလားဗျာ"

"သိပ်သိတာပေါ့၊ မှိုင်းပါတဲ့ ပွဲတွေမှာ ရီမွန်တို့ အမြဲလိုက်ကြည့် အားပေး လက်ခုပ်တီးရတာ လက်ခုပ်တီးလို့ နာတဲ့လက်တွေတောင် အနာမပျောက်ချင်သေးဘူး။ မိညိုကတော့ ဘီအီးဒီပညာရေးတက္ကသိုလ်က အောင်တာမို့ မှိုင်းနဲ့မသိကြတာ၊ အခုတော့ မှိုင်းက အထက်တန်းပြဆရာ၊ ရီမွန်က ပညာရေးဌာနရုံးမှာ လက်ထောက်အရာရှိမို့ လုပ်ငန်းဆက်နွယ်ပြီး သူငယ်ချင်း ဖြစ်သွားတာ"

"ဩော် ... ဩော်"

မှိုင်း ငြိမ်ကျသွားတော့သည်။

ဖုံးသမျှ ကုန်းမှပေါ်သွားပေပြီ။

"ဩော် ... ဒါထက် မိမြတ်နဲ့ရော ထပ်တွေ့သေးလား၊ ရီမွန်နဲ့တော့ မကြာခဏ မတော်တဆ တွေ့တတ်တယ်၊ သူကတောင် မှိုင်း ဘယ်ရောက်နေလဲ၊ ဘာလုပ်နေလဲလို့ မေးသေးတယ်၊ ရီမွန်က မှိုင်း ဘယ်တွေရောက်ပြီး ဘာတွေ လုပ်နေမှန်းမှ မသိတာ၊ မသိဘူးဟဲ့လို့ပဲ ပြန်ပြောရတာ ပေါ့"

သုံးယောက်သား ရုပ်ရှင်ပြချိန် လိုသေးသောကြောင့် အအေးဆိုင်တွင်ထိုင်ရင်း အချိန်ဖြုန်းရသည်။

ရေခဲမုန့်ဆိုင်မှ ပြန်ထွက်လာပြီး ရုပ်ရှင်ရုံထဲ ဝင်ကြသည်။ ရုံထဲဝင်လာကတည်းက မှိုင်းက ယောကျ်ားလေးပီပီ ဦးဆောင်ဝင်ခဲ့သည်။ မှိုင်းနောက်မှ ညိုညိုမင်း၊ နောက်ဆုံးမှ ရီရီမွန်တို့ ဝင်ခဲ့ကြသည်။

ထိုင်ခုံတွင် ထိုင်ကြတော့လည်း မှိုင်းနှင့် ညိုညိုမင်း ယှဉ်တွဲထိုင်ပြီး ရီရီမွန်က ညိုညိုမင်း ဘေးဖွင့်ထိုင်သည်။

မည်သို့ဖြစ်စေ ဤပုံစံအတိုင်းသာ ထိုင်ရမည်။ ညိုညိုမင်းနှင့် မှိုင်းက ကန်ကြီးရိပ်သာထွင် အတူနေမို့ ရင်းနှီးသည်။ ရီရီမွန်ကျတော့ တက္ကသိုလ်ကျောင်းမှာတုန်းက ရီရီမွန်က သာ မှိုင်းကို သိမြင်ပြီး မှိုင်းက ရီရီမွန်ကို မသိမြင်ဘူးပေ။ ယခု မှ ညိုညိုမင်းနှင့် ပတ်သက်ပြီး သိရသည့်သဘော ရှိသည်။





ရုပ်ရှင်မပြသေးမီ မီးတွေလင်းနေချိန်ဝယ် ညိုညိုမင်းသည် ရီရီမွန် ဘက်သို့ တိုးကပ်ထိုင်ရင်း လေသံတိုးတိုးလေးဖြင့် ရီရီမွန်နှင့် ပြောသည့် စကားများကို နားပါးသော မှိုင်းက ကြားနေရသည်။

"သိပ်ရှိတာပေါ့ မိညိုရယ်၊ မြတ် နာမည်အရှည်က မြတ်မြတ်ရှိန်တဲ့၊ ဂျီယောလ်(လ်)မှာ အဆောင်အတူ အခန်းကပ်နေခဲ့တာ"

ညိုညိုမင်းသည် မြတ်မြတ်ရှိန် အကြောင်း ကျိတ်ပြီး တိုးတိုးလေး မေးမြန်းနေခြင်း ဖြစ်ပါ၏။

မီးတွေမှိတ်ပြီး ရုပ်ရှင်ပြလေပြီ။

မီးမှိတ်ပြီး မှောင်ရီထဲတွင် ဖိုနှင့်မ နှစ်ဦး အတူယှဉ်တွဲ ထိုင်ရသည်မှ အပျိုလူပျိုအဖို့ ရင်ခုန်စရာ ဖြစ်နေသည်။

ဒီကြားထဲ အတူထိုင်သည်မို့ ရှည်ကြာလာသော အခါ ပခုံးချင်း ထိမိကြသည်။ လက်တန်းပေါ် လက်တင်ရင်း လက်ချင်း အုပ်မိထိမိသည်။

ညိုညိုမင်း ရင်ခုန်သည်။

မှိုင်းလည်း ရင်ခုန်သည်။

ကန်ကြီးအိမ်မှာ နေခဲ့ကတည်းက တစ်ဦးအပေါ် တစ်ဦး စိတ်ဝင်စားခဲ့ကြသည်။

ဒီတော့လည်း မှိုင်းရော ညိုညိုမင်းရော ရုပ်ရှင်ဇာတ်လမ်း ဘာတွေမှန်း မသိဘဲ တစ်ချိန်လုံး နှစ်ဦးစလုံး ရင်ခုန်ရင်းနှင့်ပင် ရုပ်ရှင်ပြီးသွားတော့သည်။

ညိုညိုမင်းနှင့် ရီရီမွန်က သူမတို့ကို လှာကြိုသော ကားဖြင့်ပြန်ကြသည်။ မှိုင်းက သူ့မော်တော်ဆိုင်ကယ်နှင့် တစ်ဦးကိုတစ်ဦး လက်ပြနှုတ်ဆက် ခွဲခွာလာကြတော့သည်။

"မိညို"

"ပြော မိမွန်"

"နင်နဲ့ မှိုင်းဟာ ခင်မင်သူတွေမှန်းတော့ ငါသိပြီ၊ ဒါပေမဲ့ မှိုင်းရဲ့အကြောင်းမှန်တွေကို ငါသိသလောက် နင် သိပုံမရဘူး မိညို"

"အဲဒါ အမှန်ပဲ မိမွန်၊ ကိုမှိုင်းဟာ မုဒ္ဒံကို လူစိမ်းဧည့်သည်တစ်ယောက်အနေနဲ့ ရောက်လာခဲ့တာ၊ သူ့ဘာစ်ကိုယ်လုံး စုတ်ပြတ်နေတာပဲ၊ ငါ့ဖေဖေဆီမှာ တစ်လကို သုံးသောင်းလခနဲ့ အလုပ်ဝင်လုပ်တယ်၊ အဲဒါအကြောင်းပြုပြီး သူနဲ့ ငါဟာ သိကျွမ်းသွားတဲ့ သဘောပဲ၊ ဒါပေမဲ့ သူ့ရဲ့ဇာတိဇာတ်မြစ်နဲ့ သူ့အကြောင်းကို ငါ မသိဘူး၊ ဒါကြောင့် မှိုင်းဟာ ဘယ်လိုလူလဲဆိုတာ ငါ စုံစမ်းနေတာ"

"နင်က ဘာလို့ စုံစမ်းနေတာလဲ မိညို"

"သူက တစ်မျိုးဖြစ်နေလို့။ ငါ့ဖေဖေ လုပ်ငန်းက လော်ရီကုန်ဟင်ကားကြီးတွေနဲ့ ကုန်ကူးတယ်၊ စက်လှေတွေနဲ့လည်း ကုန်ကူးတယ်၊ ဖေဖေ့လက်ထဲမှာ အလုပ်သမားတွေ အများကြီးပဲ၊ အလုပ်တွေက အလုပ်ကြမ်းတွေ ဖြစ်သလို ခန့်ထားတဲ့ တပည့်တွေကလည်း လူကြမ်းတွေချည်းပဲ၊





အဲဒီလူတွေကြားမှာ မှိုင်းက လူတစ်မျိုး ဖြစ်နေသလားလို့ စိတ်ဝင်စားပြီး သူ့အကြောင်း စုံစမ်းတဲ့ သဘောပဲ မိမွန်"

ဆက်ပြီး ညိုညိုမင်းက မှိုင်းကို ပေးထားသော အခန်းထဲသို့ အလစ်ဝင်ကြည့် စုံစမ်းရာ၌ ရန်ကုန်တက္ကသိုလ် တံဆိပ်ပါသော စွပ်ကျယ်ကို တွေ့ရပုံ။

မြတ် ဆိုသည့် အမျိုးသမီးတစ်ယောက်က စာရေးထိုး အမှတ်အသားနဲ့ စားပွဲတင်နာရီ လှလှလေး ပေးထားသည်ကို တွေ့ရပုံတွေ အားလုံး ပြောပြလိုက်သည်။

"ဒါဆို နားထောင် မညို၊ မှိုင်းအကြောင်း ငါသိသလောက် ပြောပြမယ်၊ မြတ်လို့ အတိုကောက်ခေါ်တဲ့ မြတ်မြတ်ရှိန်ဆိုတဲ့ နတ်သမီးလေးတစ်ပါးလို လှပချောမောတဲ့ အမျိုးသမီး တစ်ယောက်အကြောင်းလည်း ငါ ပြောပြမယ်"

ညိုညိုမင်းသည် ရီရီမွန် ပြောသမျှ မှိုင်းအကြောင်းကို စိတ်ဝင်စားစွာ နားထောင်တော့သည်။

✣ ✧ ✣

## ၁၂

မှိုင်း ဘယ်သွားမည်နည်း။

တည်းခိုခန်း ပြန်မည်လား။

ရွှေတောင်ကြားလမ်းက ဖေဖေ ထားခဲ့သော တိုက်အိမ်လေးသို့ ပြန်မည်လား။

မှိုင်း ဘယ်ကိုပဲသွားသွား၊ မှိုင်းနောက်မှ နောက်ယောင်ခံလိုက်နေသည်။ မိမိ လုံးဝမသိသူကတော့ ပါရှိလာလေမည်သာ။

သိင်္ဂီမာအား မှိုင်းက ဦးကွန်းဇော် ဆိုသည့် အမည်တစ်ခု ထုတ်ဖော်ပြောမိသည်။

သိင်္ဂီမာ၏ ဖခင်အား ဓားပြများ သတ်သောကြောင့် သေသွားသည်ဟု ပြောပြစဉ်က မိမိက ကိုယ်ချင်းစာမိကြောင်း ပြောသည့်အခါ မိမိဖခင်ကိုလည်း ဓားပြတွေသတ်၍ သေသွားခြင်းပေလားဟု သင်္ဂီမာ ပြန်မေးသည်။





ယင်းအချက်တွေကို ဦးမြတ်မင်း သိသွားပြီဖြစ်ကြောင်း ထမင်းဘူးထဲတွင် ပါရှိသော သိင်္ဂီမာ၏ စာလေးက သက်သေခံနေသည်။

ထို့ကြောင့်လည်း ရန်ကုန်တွင် မိမိနောက်သို့ ရှဒိုးအလိုက်ခံရခြင်း ဖြစ်ရမည်။

တက္ကသိုလ်တုန်းက မိမိကို သိခဲ့သော ရီရီမွန်က ညိုညိုမင်းအား မိမိအကြောင်းတွေ ပြောလေမည်မှာ မလွဲ။

ပထမတော့ မိမိနောက်မှ လိုက်နေသော ရှဒိုးသမား မိမိ ရွှေတောင်ကြားလမ်းအိမ်ကို သိသွားမည် စိုးရိမ်သောကြောင့် ရွှေတောင်ကြားလမ်းအိမ်ကို မသွားဘဲ တည်းခိုဆောင်မှာ တည်းခိုသည်။

ယခုတော့ ညိုညိုမင်း သိလျှင် သူမ၏ဖခင် ဦးမြတ်မင်း သိလေမည်သာ။

ရီရီမွန်က မိမိ ရွှေတောင်ကြားလမ်းတွင် အိမ်ရှိသည်ကို သိလေမည်သာ။

ယခုတော့ ဘာထူးတော့မည်နည်း။

မှိုင်းသည် ရွှေတောင်ကြားလမ်း အိမ်သို့ပင် ဆိုင်ကယ်ကို မောင်းလာခဲ့တော့သည်။

ထုံးစံအတိုင်း ရွှေတောင်ကြားလမ်းအိမ်သို့ သွားရာတွင် လူရှင်းနေသည်။ ယာဉ်အသွားအလာ အလွန်နည်းသည်။ ကုန်းမြင့်တွေတွင် ဆောက်ထားသော တိုက်အိမ်တွေရော၊ မြေနိမ့်

ပိုင်းတွင် ဆောက်ထားသော တိုက်အိမ်တွေရောတွင် မီးထိန်ထိန်လင်းနေသည်။

တချို့ခြံကြီးတွေမှာဆိုလျှင် ညစလိုက်မီးတွေထွန်းပြီး တင်းနစ်(စ်)ပင် ရိုက်နေကြခဲ့ဖြစ်သည်။

ရန်ကုန်မြို့တွင် ရွှေတောင်ကြားလမ်း ရပ်ကွက်ကို လူကုံထံရပ်ကွက်ဟု အသိအမှတ် ထားကြသည်။

မှိုင်း၏အိမ်က ကုန်းအမြင့်တွင် တည်ရှိသောကြောင့် မှိုင်း မောင်းတက်လာခဲ့သည်။ ခပ်မော့မော့လေး မော်တော်ဆိုင်ကယ် တက်ခဲ့ရသည်။ ဖေဖေ ရှိစဉ်ကလည်း သူစီးနေကျ လင်းခရဇာကားဖြင့် မော့မော့ပင် တက်ရောက်ရလေ့ရှိသည်။ သို့သော် ဖေဖေက အိမ်မှာ သိပ်နေလေ့မရှိ၊ သူ့ကိစ္စနှင့် ခရီးထွက်နေသည်က များသည်။

အလုပ်ပင်ပန်းပြီး နားနားနေနေ နေသည့်အခါ၌သာ ဤရွှေတောင်ကြားလမ်းအိမ်၌ ဖေဖေ ရက်ကြာကြာနေတတ်သည်။

"ဖော်ရိုပ်မြို"

အနီရောင် အခံတွင် အဖြူရောင်စာလုံးဖြင့် ခြံတံခါးတွင် အမည်ပေး ချိတ်ဆွဲထားသည့် ပလတ်စတ်ဆိုင်းဘုတ်လေး ဖြစ်ပါ၏။

ခြံစောင့် ခန့်ထားသော ဦးလေးဖြိုးက ဆိုင်းဘုတ်လေးကို ဆေးကြောသန့်စင်ထားဟန် တူပါ၏။ သစ်သစ်လွင်လွင်လေး ရှိနေသည်။





"တီ တီ တီ"

မှိုင်းက မော်တော်ဆိုင်ကယ်ဟွန်းသံ ပေးလိုက်သည်။

"ဘယ်သူလဲဟေ့"

"ဟောဗျာ ... ဘယ်လိုဖြစ်နေတာလဲ ဦးလေးဖြိုး၊ ကျွန်တော်လေ မှိုင်း"

စူးခနဲ လက်နှိပ်ဓာတ်မီးရောင် မှိုင်းမျက်နှာပေါ်သို့ စူးခနဲ ရောက်လာသည်။

"ဘယ်လို ဖြစ်နေတာလဲ ဦးလေးဖြိုး"

"စစ်ဆေးတာလေကွာ၊ မင်းဟာ မှိုင်း ဟုတ်မှန်သေချာမှ ငါက တံခါးဖွင့်ပေးမှာပေါ့၊ တခြားလူ ဖြစ်နေပြီး ငါ တံခါးဖွင့်ပေးရင် ငါ့တာဝန် ဖြစ်သွားမယ်လေကွာ။ ဒီ ဖော်ရိုပ်မြိုကို လူကပ်တာ နှစ်ခါရှိပြီ မှိုင်း၊ တိုက်ဂါးကြီးကလည်း ကောင်း၊ ငါကလည်း ဝီရိယကောင်းလို့ မြဲထဲ မဝင်နိုင်တာ"

တိုက်ဂါး ဆိုသည်မှာ ဖေဖေ ရှိစဉ်ကတည်းက မွေးထားသော အင်းခွေးကြီး ဖြစ်ပါ၏။ အလွန်ကိုက်တတ်ခဲတတ်သောကြောင့် တိုက်ဂါးဟု ဖေဖေ ကိုယ်တိုင် ပေးထားသော နာမည်ဖြစ်သည်။

"လူကပ်တယ်၊ ဟုတ်လား"

"အေးလေ ... နှစ်ခါတောင်ပဲ၊ ခြံထဲဝင်ဖို့ ခြံဖောက်နေတာ တိုက်ဂါးကြီးက အတင်းထိုးဟောင် ထိုးလိုက်မို့

ငါပါနိုးပြီး ထွက်လာလို့ ပြန်လစ်သွားကြတာ။ ဒါကြောင့် ညသန်းခေါင်းဆိုရင် တုက်ဂါးကြီးကို လှောင်အိမ်ကလွတ်ပေးထားရတယ်"

ဦးလေးဖြိုး ဖွင့်ပေးသော ခြံတံခါးမှ မိုင်း မောင်းဝင်လာခဲ့သည်။

အိမ်ထဲဝင် မီးဖွင့်လိုက်သည်။

ဧည့်ခန်းမှာ နဂိုအတိုင်း သေသေသပ်သပ် ပရိဘောဂတွေ သူ့နေရာနှင့်သူ ရှိနေသည်။ ဦးလေးဖြိုးက အိမ်ကို ကောင်းစွာကြည့်ရှုပေး စောင့်ရှောက်ထားမှန်း သိသာသည်။

"မင်းအတွက် ငါ ဘာလုပ်ပေးရမလဲ မိုင်း၊ ထမင်းစားမလား၊ ကော်ဖီသောက်မလား"

"ဘာမှမလုပ်နဲ့တော့ ကျွန်တော် အပြင်က စားသောက်လာခဲ့ပြီးပြီ"

မိုင်းက ထိုင်ချပြီး ဦးလေးဖြိုးက ရပ်မြဲရပ်နေသည်။

"မင်း ဘယ်တွေသွားနေတာလဲ မိုင်း"

"ဟိုဟိုဒီဒီပါပဲ ဦးလေးဖြိုး"

"အင်းလေ၊ ငါက မေးလို့သာ မေးရတာ မင်းက ဒီလိုပဲ ဟိုဟိုဒီဒီတွေ သွားနေတာပဲဟာ၊ နှစ်နဲ့ချီပြီး ကြာတဲ့အထိ သွားတဲ့ ဟိုဟိုဒီဒီပဲဟာ။ မင်း ဘယ်သွားလဲ၊ ဘာလုပ်နေလဲ ဆိုတာ ငါ မေးစရာမှ မဟုတ်တာ။ အေး ... ဒါပေမဲ့ ငါပြောချင်တာက ဘယ်လိုမှန်းတော့ မသိဘူး၊ ဒီအိမ်ကို





လွမ်းနေသလိုပဲ။ အခုအပိုင်းအတွင်း အိမ်မှာ မင်းရှိနေရင် ကောင်းမယ်လို့ ငါ ပြောချင်တာ"

ပြောပြီး ဦးလေးဖြိုး သူ့နေရာသို့ သူပြန်ထွက်သွားသည်။

ဦးလေးဖြိုး ပြောမည်ဆိုကလည်း မိမိက ပြောစရာ၊ တက္ကသိုလ်တွင် တက်နေစဉ်၊ ဘွဲ့ရပြီးသည်အထိ မိုင်းသည် ဤအိမ်တွင် မြဲခဲ့သည်။ ဘွဲ့ရပြီး မကြာမီမှာပင် မိမိချစ်သူ မြတ်က တခြားတစ်ယောက်နှင့် လက်ထပ်သွားသည်။ ထိုအချိန်မှစပြီး မိုင်း အိမ်မှထွက်ခဲ့ပြီး ဆရာကြီးဩနှင့် လိုက်ပါသွားသည်မှာ သုံးနှစ်ကျော်သွားပြီးမှ ယခု အိမ်ပြန်ရောက်လာခြင်း ဖြစ်သည်။

ယခု ဖေဖေ ကွယ်လွန်သွားပြီးမှ မိမိ ပြန်ရောက်လာခြင်းဖြစ်သည်။

ဖေဖေ ဆုံးသွားသည်မှာ ငါးလပင် ရှိသေးသည်။

ဦးလေးဖြိုး၏ဇနီး ဒေါ်ဒေါ်ငယ်က မိုင်းကို အပြစ်တင်စကားပြောပြီး ငိုသည်။ ဖေဖေဦးကွန်းဇော် ဆုံးသွားပြီး ငါးရက်ဆက်တိုက် မိုင်း ပြန်လာရန် သတင်းစာမှ ထည့်ပါလျက် မိုင်း ပြန်မလာခြင်းကို ဒေါ်ဒေါ်ငယ်က အပြစ်တင်ခြင်းသာဖြစ်သည်။

ဖေဖေ ကွယ်လွန်ပုံကလည်း သူ၏ လင်ခရူဇာကားကြီးကို ကိုယ်တိုင်မောင်းသွားရင်း သစ်ပင်နှင့်ကား ဝင်တိုက်၊ ကားမှောက်သေဆုံးရခြင်း ဖြစ်သည်ဟု သိရသည်။

မှိုင်း ဖေဖေ့အတွက် မျက်ရည်ကျရသည်။ မှိုင်း စိတ်ကို တင်းထားလိုက်ပါ၏။

မိမြတ် တစ်ယောက် အင်းယားကန်ဟိုတယ်တွင် လက်ထပ်လိုက်ကြောင်း သတင်းစာတွင် တွေ့ခဲ့သည့်နေ့မှစ၍ မှိုင်းသည် သတင်းစာဖတ်လေ့ မရှိတော့။ ထို့ကြောင့်လည်း ဖေဖေဦးကွန်းဇော်၏ နာရေး သတင်းစာတွင် ပါရှိသည်ကို မှိုင်း မသိလိုက်ခြင်း ဖြစ်သည်။

ဖေဖေဦးကွန်းဇော် ကားမှောက်သေဆုံးခြင်းမှာ မုဒုံ မော်လမြိုင်ကားလမ်း၊ ကော့ပုံရွာအနီးတွင် ဖြစ်သည်။

မှိုင်း မော်လမြိုင်သို့ လိုက်သွားသေးသည်။ မော်လမြိုင် ရဲစခန်းတွင် စုံစမ်းသည်။ ဖေဖေ၏ လင်ခရူဇာကားကြီးကို ရဲစခန်း မှာပင် သိမ်းဆည်းထားသည်။ သို့သော် ရစရာမရှိပါလေတော့။ မော်တော်ကားမှာ တွန့်ကျေရုံမက မီးလောင်ထားသည်။ ဖေဖေ ဦးကွန်းဇော်၏ အလောင်းမှာလည်း မီးလောင်ထားသည်ဟု ဆို သည်။ မော်လမြိုင်ဆေးရုံကြီးကပင် ဖေဖေ့အလောင်းကို ခွဲစိတ် ပြီး မြေမြှုပ်သင်္ဂြိုဟ်လိုက်သည်ဟု သိရသည်။

ရဲမှတ်တမ်းတွင် ဦးကွန်းဇော်သည် အရက်အလွန် ကျွံမူးပြီး ကားမောင်းမိ၍ လမ်းဘေးသစ်ပင် ဝင်တိုက်။ ကား မှောက် မီးလောင်သေမှုဟု မှတ်တမ်းပြုထားသည်။

ဖေဖေ့အလောင်း မြှုပ်ရာနေရာတွင် မှိုင်း ကမ္ဗည်း ဦး မှတ်တမ်းနှင့် အုတ်ဂူတည်ဆောက်ခဲ့သည်။





ပြီး၀... မှိုင်းသည် ဇော်ရိပ်မြုံသို့ ပြန်လာခဲ့သည်။

ဇော်ရိပ်မြုံတွင် ဒေါ်ဒေါ်ငယ်နှင့် အကူအိမ်ဖော်မ လေးနှစ်ယောက် နီမနှင့် အေးစံတို့ ရှိကြသည်။ အိမ်စောင့် ခြံ စောင့် ဦးလေးဖြိုးနှင့် မာလီစွတ်ပယားတို့လည်း ရှိသည်။

ဦးကွန်းဇော်သည် သူ့ဟာသူ ဘာတွေပဲလုပ်လုပ် သား မှိုင်းကိုတော့ သိပ်ချစ်သော ဖေဖေ ဖြစ်ပါ၏။

မှိုင်းကလည်း သားလိမ္မာ ဖြစ်ခဲ့သည်။ ကျောင်းမှန် မှန်တက် စာမှန်မှန်ကျက်ပြီး တစ်နှစ်တစ်တန်း စာမေးပွဲတွေ အောင်ခဲ့သည်မှာ ဘွဲ့ရသည်အထိ ဖြစ်ပါ၏။ ဝါသနာအရ အား ကစားနှင့် ကာယဘက်တွင် လိုက်စားသည်ကလွဲပြီး ကွမ်းမစား၊ အရက်မသောက်သော မှိုင်း ဖြစ်ခဲ့သည်။ နောက်ပိုင်းတွင် စီးကရက် တော့ ဖွာတတ်လာသည်။

ထားပါတော့လေ။ ဒါတွေက တစ်ရံရောအခါက ဖြစ်ခဲ့သည်တို့သာ ဖြစ်သည်။

ဖေဖေကွယ်လွန်ပြီးနောက် ဇော်ရိပ်မြုံကြီး နဂိုအတိုင်း တည်ရှိလည်ပတ်ရန် မှိုင်း တာဝန် ဖြစ်လာသည်။ ဘွဲ့ရထားစေကာ မူ ရိုးရိုးဘွဲ့ရထားသူအတွက် သင့်တော်ထိုက်တန်သည့် အလုပ်ရ ဖို့ မလွယ်ကြောင်း တွေ့ရှိလာသည်။ အလုပ်ရဖို့ ခက်ခဲလွန်းနေ သည်။ ဒီတော့ ဖေဖေထားခဲ့သော အမွေအနှစ် လက်ကျန်ဖြင့်သာ လည်ပတ်ရပေတော့မည်။ ဖေဖေ ကျန်ခဲ့သမျှ ပစ္စည်းတို့သည် ဖေဖေ့အိပ်ခန်းထဲမှ မီးခံသေတ္တာကြီး၌ ရှိနေပေမည်။

မော်လမြိုင်ရဲစခန်းမှ ဖေဖေ့ကိုယ်တွင် ရှာဖွေရရှိသမျှမှာ သော့တွဲကြီးတစ်ခုသာ ရရှိသည်ဟု ပြောပြီး ထိုသော့တွဲကြီးကို သားဖြစ်သူ မှိုင်းလက်သို့ ပေးအပ်သည်။ လင်ခရူဇာမော်တော်ကားကြီးကို အချိန်မရွေး လာယူနိုင်သည်ဟုလည်း ဆိုသည်။ ထိုကားကို ကရိန်းကားနှင့် ဆွဲယူရမည်။ ဝပ်ရှော့ပို့ရမည်။ ဘော်ဒီရုံပို့ရမည်။ လောလောဆယ် မှိုင်း မလုပ်နိုင်သေးသောကြောင့် ရဲစခန်းမှာပင် ထားခဲ့သည်။

ရဲစခန်းမှ ပြန်ပေးလိုက်သော ဖေဖေ့သော့တွဲကြီးတွင် မီးခံသေတ္တာသော့ ပါရှိသည်မို့ မီးခံသေတ္တာကို မှိုင်း သော့ဖွင့်လိုက်သည်။

"ဗုဒ္ဓေါ ... မြတ်စွာဘုရား" ဟုပင် မှိုင်း ဘုရားတရတော့သည်။

မီးခံသေတ္တာထဲတွင် ငွေစက္ကူတွေ အထပ်လိုက်တွေ့မည်ဟု မျှော်မှန်းခဲ့သည်။ ပြီး ဖေဖေက တွင်းထွက်ကျောက်မျက်ရတနာ မှောင်ခိုကုန်ကူးသမားမို့ အဖိုးတန်ကျောက်မျက်ရတနာတွေ တွေ့ရမည်ဟု မှိုင်း မျှော်လင့်ထားမိသည်။

သို့သော် မီးခံသေတ္တာထဲတွင် ငွေစက္ကူတစ်သောင်းကျော်ကလွဲပြီး ဘာဆိုဘာမျှ မရှိခြင်းကို မှိုင်း အံ့သြခြင်း ဖြစ်ရသည်။

ဖေဖေ့တွင် ပါရှိသွားသော ငွေစက္ကူတွေက မီးလောင်သွားသည်ထားဦး။ ကျောက်မျက်ရတနာများသည် မီးလောင်နိုင်





သော ပြာဖြစ်သွားနိုင်သော ပစ္စည်းတွေ မဟုတ်။ နောက်ပြီး ... ဖေဖေသည် ငွေစက္ကူများ သိမ်းဆည်းလေ့မရှိ၊ ဒီကကျောက်မျက်ရတနာတွေ ဟိုဘက်နိုင်ငံထုတ်ပြီး ဟိုဘက်က ရွှေချောင်းကဲ့သို့သော အမာခံနှင့် အဖိုးတန်ပစ္စည်းများကိုသာ ပြန်ယူလာလေ့ရှိသည်။

ယခု အဲဒါတွေ ဘယ်ရောက်ကုန်လေသနည်း။ ဖေဖေ ကားမှောက်သည့်ပုံစံကို ကြည့်ရသည်မှာ ဟိုဘက်နိုင်ငံမှ အပြန်ခရီး မဖြစ်နိုင်၊ အသွားခရီးသာ ဖြစ်နိုင်သည်။

အကြောင်းမူ ဖေဖေ ကားမှောက် မီးလောင်သည့်နေရာမှာ မုဒုံနှင့် ရန်ကုန်ကြားရှိ ကော့ပုံရွာအနီး၌ ဖြစ်နေသောကြောင့်ပါတည်း။

ဒါဆို ဖေဖေ သယ်ယူသွားသော ကျောက်မျက်ရတနာတွေ ဘယ်ရောက်သွားသနည်း။ နောက်ပြီး ဖေဖေသည် ဘဏ်တွင် ငွေအပ်လေ့မရှိ၊ လုပ်ငန်းကိုက စိတ်ကြိုက်ကျောက်မျက်ရတနာတွေ့လျှင် ချက်ချင်းဝယ်ယူနိုင်ရန် ငွေအလုံးအရင်းကို အိမ်ကမီးခံသေတ္တာတွင်သာ ထားလေ့ရှိသည်။

ဘာပဲဖြစ်ဖြစ် ယခု မှိုင်းတွင် ငွေတစ်သောင်းကျော်မှလွဲပြီး ဘာမှမရှိပါလေတော့။

မှိုင်းသည် ဟောင်းလောင်းဖြစ်နေသော မီးခံသေတ္တာကြီးကို ဆောင့်ပိတ်လိုက်သည်။ မီးခံသေတ္တာသော့တွဲကြီးကို ဖေဖေ့အိပ်ခန်း ပြတင်းပေါက်မှပင် အပြင်သို့ လွှဲပစ်လိုက်သည်။

သော့တွဲကြီး လေထဲဝဲသွားပြီး ခြံထောင့်ရှိ ရေတွင်း ပျက်ကြီးထဲ ကျသွားသည်ကို မျက်စိတစ်ဆုံး ကြည့်မိသည်။

ထိုနေ့မှစပြီး ဒေါ်ဒေါ်ငယ်နှင့် ကောင်မလေးနှစ်ယောက်၊ မာလီစွပ်ပယားတို့ကို တစ်ဦးလျှင် ငွေလေးငါးရာဆီ ပေးပြီး အလုပ်မှ ဖြုတ်လိုက်သည်။

ဦးလေးဖြိုးကတော့ မင်း လခပေးချင်ပေး မပေးချင်နေ၊ သေသွားတဲ့ မင်းမိဘတွေမျက်နှာ ထောက်ပြီး ငါ နေမြဲ အတိုင်း နေမယ်၊ ငါနဲ့ မငယ် လင်မယား စားဖို့လောက်တော့ ငါရှာနိုင်တယ် ဆိုပြီး ဦးလေးဖြိုးနှင့် ဒေါ်ဒေါ်ငယ်က ဇွဲရိပ်မြုံအိမ်တွင် ဆက်လက်နေထိုင်ပြီး မှိုင်း ဝေယျာဝစ္စကို နဂိုအတိုင်းပြု လုပ်ဆောင်ရွက်ပေးသည်။

မှိုင်းခမျာ ဘာဆက်လုပ်ရမည်မှန်း မသိ။

ရွှေတောင်ကြားလမ်း တိုက်အိမ်နှင့် ခြံကိုရောင်းလျှင် သိန်းပေါင်းများစွာ ရမည်မှန်း သိပါ၏။ သို့သော် ဖေဖေနှင့် မေမေ၏ အမွေပစ္စည်း ဖြစ်နေသော သံယောဇဉ်ကြောင့် မရောင်းရက်။

လောလောဆယ် မော်တော်ဆိုင်ကယ် ရောင်းရမည်လားဟု စိတ်ကူးနေစဉ်မှာပင် တယ်လီဖုန်း အော်မြည်သံ ထွက်လာ၍ ကောက်ယူနားထောင်လိုက်သည်။ ညကြီး(၉)နာရီအချိန် မည်သူဆက်သော ဖုန်းပေနည်း။ ဟဲလိုဟု အသံပြန်ပေးလိုက်သည်။





"အခုပြောနေတာ ဇော်ရိပ်မြုံက မှိုင်းလားဟေ့"

"ဟုတ်တယ်၊ အဲဒီက ခင်ဗျား ဘယ်သူလဲ"

"ကျုပ် ဘယ်သူဆိုတာက အရေးမကြီးပါဘူး မှိုင်း၊ ကျုပ် ဘာပြောတယ် ဆိုတာကိုသာ မှိုင်းအတွက် အရေးကြီးတာ"

"ဒါဆိုလည်း ပြောဗျာ"

"မှိုင်းရဲ့ဖေဖေ ဦးကွန်းဇော် ကော့ပုံရွာနားမှာ ကားတိုက်မီးလောင်သေဆုံးတာဟာ သွေးရိုးသားရိုး မဟုတ်ဘူးကွ"

"ဗျာ ... ဗျာ"

"တကယ်တော့ မှိုင်းရဲ့ဖေဖေ ဦးကွန်းဇော်ဟာ သစ်ပင်နဲ့ကား ဝင်မတိုက်ခင်ကတည်းက ကားပေါ်မှာ သေနေပြီ မှိုင်း"

"ဘာ ... ဘာ ... ဘာလို့ အဲဒီလို ပြောနိုင်တာလဲ"

"မှိုင်း ကိုယ့်ကို ဘာမှ ပြန်မပြောနေနဲ့၊ အချိန်သိပ်မရဘူး၊ ကျုပ်ပြောတာတွေကိုသာ နားထောင်၊ လူတစ်စုဟာ ဦးကွန်းဇော်ကို ချုပ်ကိုင်ပြီး ပါးစပ်ထဲ အရက်တွေအတင်းလောင်းထည့်ကြတယ်၊ နောက်ပြီး ဒဏ်ရာမပေါ် သွေးမထွက်တဲ့နည်းနဲ့ အသေသတ်ပစ်လိုက်တယ်၊ ပြီး ... ကားမောင်းတဲ့ ထိုင်ခုံပေါ်မှာ ဦးကွန်းဇော်ရဲ့အလောင်းကို ထိုင်စေတဲ့ပုံစံ လုပ်တယ်၊ ကားကိုစက်နှိုး ဦးကွန်းဇော်ရဲ့ ခြေဖဝါးနဲ့ ဖိနပ်ကို ကားလီဗာပေါ် ဖိတင်ပေးပြီး ကားကိုသစ်ပင်နဲ့ တိုက်အောင် ဂီယာသွားဘီးအရှိန်နဲ့ လိုမ့်ချိန်လွှတ်လိုက်တာ မှိုင်း"

"ဒါဆို ... ဒါဆို ... ကျွန်တော် ခင်ဗျားနဲ့ တွေ့ပါရစေလားဗျာ"

"အခု ကျုပ်နဲ့တွေ့ဖို့ မလိုသေးဘူးလေ၊ အခုနေ မှိုင်းနဲ့ ကျုပ် တွေ့လိုက်ရင် ကျုပ် ချက်ချင်း မသာပေါ်သွားနိုင်တယ်၊ ဒါပဲ ... ဒီလောက် သထင်းရရင် မှိုင်းဟာမှိုင်း ခြေရာခံလိုက်ပေတော့၊ မှိုင်း စုံစမ်းချင်သပဆိုရင် မုဒုံမြို့ ကံကြီးရိပ်သာဆိုတဲ့ နေရာကစပြီး စုံစမ်းပေတော့၊ ဒါပဲ"

ခွပ်ခနဲ ဟိုဘက်မှ တယ်လီဖုန်း ချထားလိုက်သည်။

ဘယ်နေရာက ဘယ်သူဆက်တာပါလိမ့်ဟု မသိရသဖြင့် စိတ်ပျက်စွာ တယ်လီဖုန်းကို မှိုင်း ပြန်ချထားလိုက်သည်။

✤ ✧ ✤





## ၁၃

ယာဉ်နှစ်စီး တိုက်မိပြီ ဆိုပါက ကိုယ်မှန်သည် သူမှားသည်ဟု အငြင်းပွားစမြဲ။ ယင်းသို့ အငြင်းပွားရာမှ ရန်ပွဲဖြစ်လာတတ်သည်သာ။

ယခုလည်း ရှေ့မှမောင်းနေသော ဖင်မလီယာဗင်ကားက ဆတ်ခနဲ ထိုးရပ်လိုက်သောကြောင့် နောက်မှလိုက်ပါလာသော မှိုင်း မော်တော်ဆိုင်ကယ်က ဖယ်မလီယာကား၏ နောက်ပိုင်းကို ဝင်တိုက်မိသည်။

ဖင်မလီယာကားပေါ်တွင် မောင်းသည့်ဒရိုင်ဘာနှင့် ပိုင်ရှင်အမျိုးသားပုဂ္ဂိုလ်ကြီး ပါရှိလာသည်။

တိုက်မိပြီဆိုသည်နှင့် ဖင်မလီယာကားပေါ်မှ ဒရိုင်ဘာသည် ကားလှည့်စက်နိုးဂေါက်တံကိုင်ပြီး ဆင်းလာသည်။

မှိုင်းကလည်း မော်တော်ဆိုင်ကယ်စက်သတ် ဒေါက်ထောက်ရပ်ကာ ဆင်းလာခဲ့သည်။

"ဟင်း ... လူကချာတိတ်၊ စီးတာက ဆိုင်ကယ်အဟောင်းအကြီးစားကြီး၊ ခွေးမသားလေး၊ ငါ့ကားနောက်ပိုင်း ချိုင့်သွားပြီ၊ မင်း အလျော်ငွေတစ်ထောင်ပေး၊ မပေးရင် ငါ့အကြောင်း သိသွားမယ်"

"ခင်ဗျား မှားနေပြီ၊ စကားပြောလည်း မိုက်ရိုင်းတယ်၊ ကားကို အချက်မပြဘဲ ဆတ်ခနဲ ဘရိတ်အုပ် ကားရပ်တာ ခင်ဗျားအမှားပဲ"

"ငါမမှားဘူး၊ မင်းသာ မော်တော်ဆိုင်ကယ်အဟောင်းအကြီးကြီးကို မနိုင်မနင်းစီးပြီး နောက်က အရှိန်မသတ်နိုင်လို့ ဝင်တိုက်တာ"

"ဒါဆိုလည်း ယာဉ်ထိန်းရဲ ခေါ်ဗျာ၊ မှားတယ် မှန်တယ်ဆိုတာ ဥပဒေအရ ယာဉ်ထိန်းရဲက ဆုံးဖြတ်တဲ့အတိုင်းလုပ်ပေါ့၊ ကျုပ်ကတော့ အလျော်တစ်သောင်းပေးပို့ဝေးလို့ တစ်ကျပ်တောင် မပေးဘူး"

"ဒါဆိုလည်း လူကိုချပြီး အလျော်ယူမယ်ကွာ"

"စမ်းကြည့်လိုက်လေ"

အခြေအနေ တင်းမာလာပြီမို့ ကားပေါ်မှ လူရည်သန့်ပုဂ္ဂိုလ်ကြီး ဆင်းလာသည်။ သူ၏နောက်ပိုင်း ပိန်ချိုင့်သွားသော ကားဒဏ်ရာကိုကြည့်ပြီး မှိုင်းတို့အချင်းဖြစ်ပွားရာသို့ လှမ်းလာသည်။

"လှိုင်ဘွား ... မင်း ကားပေါ်ပြန်တက်တော့"





"မဟုတ်ဘူး ဆရာကြီး၊ သူကလည်း နောက်ကတိုက်သေးသူကပဲ လူပါးဝစကား ပြောနေလို့ ဆုံးမချင်လို့ပါ"

"ငါ အစအဆုံး မြင်တယ် ကြားတယ်၊ လမ်းဖြတ်ပြေးတဲ့ကလေးကို မတိုက်မိအောင် မင်းက ဘရိတ်ကို ဒက်စတော့နင်းတယ်၊ နောက်က မော်တော်ဆိုင်ကယ်က ရုတ်တရက် မရပ်နိုင်ဘဲ ဝင်ဆောင့်တယ်၊ မင်းလည်း မမှားဘူး၊ သူလည်း မမှားဘူး၊ အေး ... မင်းက ဒေါသနဲ့ သူ့ကိုရန်လုပ်တယ်၊ လျော်ကြေးတောင်းတယ်၊ သူက ယာဉ်ထိန်းရဲရဲ့ အဆုံးအဖြတ်ကို နာခံမယ်လို့ အေးအေးဆေးဆေး ပြန်ပြောတယ်၊ ဒါပဲ မဟုတ်လား လှိုင်ဘွား"

"ဟုတ်တော့ ဟုတ်ပါတယ် ဆရာကြီး၊ ဒါပေမဲ့ ..."

"မင်း ကားပေါ်ပြန်တက်လို့ ငါအမိန့်ပေးနေတယ် လှိုင်ဘွား၊ ဒီမောင်ရင်နဲ့ ငါ ဆက်ပြီး စကားပြောမယ်"

သူ့ဆရာအမိန့်ကိုတော့ နာခံပေသည်။ ကိုလှိုင်ဘွားဆိုသူ ကားပေါ်ပြန်တက်သွားသည်။

"မောင်ရင်ပြောတာ မှန်တယ်၊ နည်းလမ်းကျတယ်၊ ယာဉ်တိုက်မှု ဖြစ်လာရင် ကိုယ့်ဘက်က မမှားဘူးလို့ ယာဉ်မောင်းသူတိုင်း ပြောကြတာပဲ၊ ဒါကို အမှန်ဆုံးဖြတ်ပေးနိုင်တာက ယာဉ်ထိန်းရဲအဖွဲ့ပဲ"

"ဒါဆို ယာဉ်ထိန်းရဲကို ခေါ်ပါ အန်ကယ်"

"မခေါ်တော့ဘူးလို့ အန်ကယ် ဆုံးဖြတ်လိုက်တယ်။ မင်းနဲ့ငါ ယာဉ်ပိုင်ရှင် နှစ်ဦးနှစ်ဖက် ကျေအေးရင် ပြီးသွားတဲ့ကိစ္စပဲ"

"ကျွန်တော့်မှာ လျော်ပေးဖို့ ငွေတစ်သောင်း မရှိဘူး အန်ကယ်"

ပုဂ္ဂိုလ်ကြီးက ရယ်လိုက်သည်။

"မောင်ရင်က တကယ်ရိုးတဲ့သူပဲ။ အန်ကယ် အလျော်မတောင်းတော့ပါဘူး၊ မောင်ရင့် အပြောအဆို အပြုအမူနဲ့ စိတ်နေသဘောထားရော သတ္တိကိုရော အန်ကယ် သဘောကျသွားတယ်။ ကားဒီလောက်ပျက်စီးသွားတာကိုလည်း အန်ကယ့်ဟာအန်ကယ် ပြန်ပြင်မှာပါ၊ အဲ ... တစ်ခုတော့ ရှိတယ်၊ အန်ကယ်က မောင်ရင့်ဆီက တောင်းဆိုချက် တစ်ခုတော့ လိုချင်မိတယ်။ ဖွတ်မဟုတ်ပါဘူး၊ မောင်ရင် ကျေနပ်ပြီး လိုက်လျောမှုပါ"

"ပြောပါ အန်ကယ်"

"အန်ကယ့်မှာ လူတစ်ယောက် အလုပ်ခန့်ပေးဖို့ တာဝန်ယူထားတာ ရှိနေတယ်၊ ရှာလည်း ရှာနေတာ ကြာပြီ။ အခု မောင်ရင်နဲ့ အမှတ်မထင်တွေ့တော့ မောင်ရင်ဟာ အန်ကယ်လိုချင်ပြီး အလုပ်ခန့်ပေးရမဲ့ အရည်အချင်းတွေ ရှိနေတာကို အကဲခတ်မိတယ်။ တကယ်လို့ မောင်ရင် အန်ကယ်ပြောတာကို စိတ်ဝင်စားတယ်ဆိုရင် အန်ကယ့်





ရုံးခန်းမှာ လာတွေ့ပါလား၊ လခကတော့ စ,ဝင်တာနဲ့ သုံးသောင်းစပြီးပေးမယ်"

"တစ်လသုံးသောင်း ဟုတ်လား"

ပြောပြောဆိုဆို ပုဂ္ဂိုလ်ကြီးသည် သူ့အင်္ကျီအိတ်ထဲမှ ဗစ်စစ်တင်းကတ်ပြားတစ်ခု ထုတ်ယူကာ မှိုင်းကို ပေးသည်။ မှိုင်းက ယူလိုက်သည်။

"အဲဒီကတ်ပြားထဲက လိပ်စာအတိုင်း မောင်ရင် အားလပ်ပြီး စိတ်ဝင်စားတဲ့နေ့မှာ လာခဲ့ပါ"

ပြောပြီး သူ ကားဆီပြန်တက်တော့ရန် တံခါးဖွင့်ရင်း ကားခေါင်မိုးကို မျက်နှာကျော်ကာ မှိုင်းကို ထပ်ဆင့်ပြောကြားလိုက်သည်။

"နေဦး ... အန်ကယ်ပြောတဲ့အထဲမှာ တစ်ခုကျန်သွားတယ်၊ အလုပ် လုပ်ရမှာက ဒီရန်ကုန်မှာတော့ မဟုတ်ဘူးနော်၊ အန်ကယ့်မိတ်ဆွေနေတဲ့ မုဒုံမှာ သွားလုပ်ရမှာ။ မောင်ရင် စဉ်းစားရင် အဲဒါကိုပါ ထည့်စဉ်းစားဖို့ပဲ၊ မောင်ရင်ရဲ့ နာမည်၊ ပညာအရည်အချင်း၊ နေရပ်လိပ်စာတွေကတော့ အန်ကယ့်ရုံးခန်းကို မောင်ရင် လာမှပဲ အသေးစိတ် မေးတော့မယ်၊ ဒါမှမဟုတ် မောင်ရင် တကယ်သွားလုပ်ရမဲ့ မုဒုံက အလုပ်ရှင်က မောင်ရင်နဲ့တွေ့မှ မေးလိမ့်မယ်။ ကဲ အဲဒါပါပဲ မောင်ရင်၊ စဉ်းစားဦးပေါ့ကွာ"

ဖင်မလီယာကား မောင်းသွားပေတော့သည်။

မှိုင်းက ပုဂ္ဂိုလ်ကြီး ပေးခဲ့သော ကတ်ပြားမှစာကို ဖတ်ကြည့်လိုက်သည်။

ဦးသန့်ဇင်
ဝတ်လုံတော်ရ(ဘီအေဘီအယ်လ်)
အမှတ်(--) မဟာဗန္ဓုလပန်းခြံလမ်း
ရန်ကုန်မြို့။

ဟု တွေ့ရပေသည်။

အကြောင်းနှစ်ခုသည် တိုက်ဆိုင်နေပါ၏။ တစ်ခုနှင့်တစ်ခု ဆက်စပ်နေပါ၏။

ယခုမိမိလုပ်နေသော အလုပ်ကိုက မုဒုံကန်ကြီးရပ်၊ ကန်ကြီးရိပ်သာမှ ဦးမြတ်မင်းထံတွင် လုပ်နေသည်။ လခမှာလည်း သုံးသောင်း ဖြစ်နေသည်။

ယခု ဦးသန့်ဇင် ဝတ်လုံတော်ရ စေလွှတ်မည်ကလည်း မုဒုံတွင် ဖြစ်နေသည်။ ဦးမြတ်မင်း အတွက် ဦးသန့်ဇင်က လူရှာပေးခြင်းပေလား မသိ။

သို့သော် မိမိက ဦးမြတ်မင်း ထံတွင် လစာငွေ တစ်လသုံးသောင်းဖြင့် ဝင်ရောက် လုပ်ကိုင်နေပြီးပေပြီ။

နောက်တစ်ခု မှိုင်း စဉ်းစားပြန်သည်။

အမည်မဖော်လိုသူ တစ်ဦးက တယ်လီဖုန်းဖြင့် ပေပေဦးကွန်းဇော် အသတ်ခံရမှုကို မုဒုံကန်ကြီးရိပ်သာမှစ၍ စုံစမ်းပါဟု ဆိုထားပြန်သည်။





ဆက်စပ်မှုတွေ တစ်ခုနှင့်တစ်ခု ရှိနေသည်။

ယခုလောက်ဆိုပါက ညိုညိုမင်းသည် မုဒုံသို့ပြန်ရောက်ပြီး သူမ၏ဖခင် ဦးမြတ်မင်းအား မိမိဇာတိဇာစ်မြစ်တွေကို ပြောပြီးလောက် ဖြစ်ပေမည်။

ရိုရိုမွန်သည် မိမိ၏ဇာတိဇာစ်မြစ်တွေကို ညိုညိုမင်းအား ပြန်ပြောမည်မှာ သေချာသည်။

ဦးကွန်းဇော် အကြောင်းကို မိမိက စုံစမ်းသည်ကို သီဂီမာက ဦးမြတ်မင်းကို ပြောပြပြီးလေပြီ။

ညိုညိုမင်းက မိမိအပေါ် ဖော်ရွေရင်းနှီးစွာ ဆက်ဆံသည်မှာလည်း သဘောရိုးပေလား၊ သူမ၏ဖခင် ဦးမြတ်မင်း စေခိုင်းချက်အရပေလား။

မသိ။ မသိ။ မှိုင်း ဘာမှန်းကို မသိသေး။

✤ ✧ ✤

၁၄

ဦးလေးဖြိုးကို ငွေတစ်ထောင် အိမ်စရိတ် ထုတ်ပေးသည်။

"မင်း ပြန်လာဦးမှာလား၊ ဘယ်တော့ ပြန်လာမလဲ၊ အခု အခေါက်လည်း နှစ်တွေချီပြီး ပျောက်သွားဦးမှာလား"

"နှစ်တွေချီပြီး မကြာတော့ပါဘူး ဦးလေးဖြိုး၊ ကျွန်တော် ပြန်လာမှာပါ၊ ဒါပေမဲ့ အရင်ကြာသွားတာက တောထဲ တစ်နေရာမှာ သုံးနှစ်လုံးလုံး ဆရာကြီးတစ်ယောက်ဆီမှာ ပညာသင်နေလို့ ကြာသွားတာပါ။ ကျွန်တော် အခုသွားတာက ချက်ချင်း ပြန်လာချင် လာမယ်၊ ဒါမှမဟုတ် နည်းနည်း ကြာချင်ကြာမယ်၊ အခုပေးတဲ့ငွေတစ်ထောင်က ဦးလေးဖြိုးနဲ့ ဒေါ်ဒေါ်ငယ် အလျင်မီစားဖို့သောက်ဖို့အတွက် ပေးတာပါ"





"အေးပါလေ၊ မင်းကတော့ မင်းစိတ်နဲ့ မင်းကိုယ် လုပ်ချင်တာ လုပ်တာပဲ ငယ်ငယ်လေးတည်းက အကျင့်ပဲ၊ ဦးလေးဖြိုးနဲ့ မငယ်အတွက် မပူနဲ့။ ငါတို့လင်မယားက ဆန်ရှိရင် ထမင်းစားလို့ရတယ်၊ ဒီဇော်ရိပ်မြုံကြီးကို ငါမသေမချင်း စောင့်ရှောက်ပေးထားမယ်၊ မင်း လာချင်တဲ့အခါ လာ၊ ပြန်ထွက်ချင်တဲ့အခါ ထွက်ပဲ၊ ဒါပဲပေါ့ မှိုင်း"

မှိုင်း မော်တော်ဆိုင်ကယ်စီးပြီး ထွက်လာခဲ့သည်။ ဝင်ဒါမီယာဘက်သို့ မောင်းလာခဲ့သည်။

ဝင်ဒါမီယာထဲတွင် ရီရီမွန် ပေးထားသော လမ်းအမည်နှင့် အိမ်နံပါတ်ကို ရှာဖွေသည်။ အလွယ်တကူပင် တွေ့ပါ၏။

ခြံထဲသို့ လှမ်းကြည့်လိုက်သည်။ ခြံထဲရှိ ခုံတန်းလျားလေးတွင် ရီရီမွန်နှင့် ညိုညိုမင်း ထိုင်နေသည်ကို တွေ့ရသည်။ မိမိအလာကို စောင့်နေသည်ပဲ ဖြစ်မည်။

ဖွင့်ထားသော ခြံတံခါးမှ မှိုင်း ဆိုင်ကယ်စီး ဝင်ရောက်လိုက်သည်။

လူကုံထံရပ်ကွက်၊ လူကုံထံခြံနှင့် လူကုံထံတိုက်အိမ်ဖြစ်သည်။

ညိုညိုမင်းက အရင်ဦးစွာ ထရပ်ပြီး မှိုင်းကိုကြိုသည်။ ရီရီမွန်က ညိုညိုမင်း နောက်တွင် ကပ်လိုက်လာသည်။

မှိုင်းက သူ့လက်ပတ်နာရီကို ကြည့်လိုက်သည်။ နံနက်(၉)နာရီအရောက် လာမည်ဆိုသော်လည်း ယခု(၉)နာရီ (၁၅)မိနစ်မို့ (၁၅)မိနစ် နောက်ကျသွားသည်။

"ကျွန်တော် ဆယ့်ငါးမိနစ် နောက်ကျသွားတယ်။ ဦးလေးဖြိုး နဲ့ စကားကောင်းသွားလို့"

"ဦးလေးဖြိုး ဆိုတာက ဘယ်သူလဲဟင်"

"ကျွန်တော့် ဦးလေးလို့ပဲ ဆိုပါတော့ မညို၊ ကျွန်တော် ပိစိကွေး ကလေးဘဝတည်းက ကျွန်တော့်ကို ထိန်းခဲ့တဲ့ သူပါ၊ ကဲ ... ကျွန်တော်ရောက်ပြီ၊ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ရီရီမွန်ကို ရွှေတိဂုံဘုရားလမ်းက ဆောက်လုပ်ရေးရုံးကို ပို့ပေးပါ၊ အဲဒါပြီးရင်တော့ မိညို သွားချင်တဲ့ နေရာတွေ လိုက်မောင်းပေးပေါ့ ကိုမှိုင်း"

အသင့်ရပ်ထားသော ဖီးယက်ကား၏ မောင်းသူနေရာတွင် ဝင်ရောက်ထိုင်လိုက်သည်။ ရီရီမွန်နှင့် ညိုညိုမင်းက နောက်ကျရှင်တွင် ဝင်ထိုင်ကြသည်။

"ခါတိုင်းနေ့တွေမှာတော့ ရီမွန်က ကိုယ့်ကား ကိုယ်မောင်းပြီး ကားယူသွား ရုံးတက်တာပဲ ကိုမှိုင်း၊ ဒီနေ့တော့ မိညိုက သူ့အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး အင်တာဗျူးရှိနေလို့တဲ့၊ မိညို ဘာသာ ရီမွန်ကို ရုံးပို့ပြီး ကားကိုမောင်းယူ





သွားပါလို့ဆိုတာ ရန်ကုန်မှာ မညိုက ကားမမောင်းရဲဘူးတဲ့၊ လမ်းတွေလည်း မကျွမ်းကျင်၊ ရန်ကုန်က ယာဉ်ဥပဒေတွေကိုလည်း သူ မသိလို့တဲ့၊ ဒါကြောင့် ကိုမှိုင်းကို ဒီနေ့ ဒရိုင်ဘာ လုပ်ပေးဖို့ ဖုန်းနဲ့ခေါ်ရတာ၊ အိမ်က ဒရိုင်ဘာက ခွင့်ယူပြီး ရွာပြန်သွားတယ်လေ"

ရွှေတိဂုံဘုရားလမ်း ဆောက်လုပ်ရေးရုံးတွင် ရီရီမွန် ဆင်းသွားသည်။

"ကဲ ... ဆရာမကို ဘယ်ကိုပို့ရမလဲ"

"အင်တာဗျူး ချိန်းထားတာက ဆယ့်တစ်နာရီမှ ကိုမှိုင်း၊ တစ်နာရီကျော်လောက် စောနေသေးတယ်၊ ကိုမှိုင်း ဘာစားပြီးပြီလဲ"

"ကော်ဖီတော့ သောက်ခဲ့ပြီးပြီ ဆရာမ၊ အခု မနက်စာ ထမင်းစားဖို့ကျတော့လည်း အချိန်သိပ်စောနေသေးတယ်၊ ဆရာမ ဘာစားချင်လဲ"

"ဟင့်အင်း၊ မညိုလည်း မနက်က ရီရီမွန်က ကော်ဖီတိုက် မုန့်ဟင်းခါး ကျွေးထားလို့ မဆာဘူး၊ ဘာမှ မစားချင်ဘူး"

ညိုညိုမင်းသည် သူမနှင့် လူစိမ်းသက်သက်ဆိုလျှင် "ကျွန်မ"ဆိုသည့် နာမ်စားနှင့် ပြောသည်။ သူ့စိတ်ထဲ ရင်းနှီးသူများကိုတော့ သူမကိုယ်ကို ကျွန်မဆိုသည့်နာမ်စား အစား မညို

ဟု ပြောတတ်သည်။ ယခု "မညို"ဟု မှိုင်းအား နာမ်စားနှင့် ပြောလိုက်သောကြောင့် မိမိကို ဆရာမ ညိုညိုမင်းက ရင်းနှီးသူဟု သတ်မှတ်သည့်သဘော သက်ဝင်သွားသောကြောင့် မှိုင်းစိတ်ထဲ ပျော်သွားသည်။

"ရန်ကုန်မှာတော့ လူတွေဟာ အချိန်ဖြုန်းရင် တိရစ္ဆာန်ဥယျာဉ်ကိုဖြစ်ဖြစ်၊ သဘာဝပြတိုက်ဖြစ်ဖြစ်၊ ရွှေတိဂုံ၊ ကမ္ဘာအေး၊ မယ်လမုဘုရားတွေကိုဖြစ်ဖြစ် သွားကြတာပဲ ဆရာမ၊ အဲ ... ချစ်သူသမီးရည်းစား အတွဲတွေကတော့ အင်းလျားကန်အေးက သစ်ပင်တွေအောက် ချုံပုတ်တွေအောက်မှာ သွားတတ်ကြတယ်"

"ကြည့် ... အကောင်းပြောရာက ပေါက်တတ်ကရတွေကိုမှိုင်း ပြောပြီး"

မှိုင်း ရယ်လိုက်သည်။ ကားနောက်ကြည့်မှန်မှ နောက်တွင်ထိုင်နေသော ဆရာမ ညိုညိုမင်းကို ကြည့်လိုက်သည်။ အပြုံးတစ်ဝက်ဖြင့် မိမိကို မျက်စောင်းလေးထိုး ကြည့်နေသည်ကို တွေ့မြင်ရပါ၏။

"ဒါဆို တိရစ္ဆာန်ဥယျာဉ်ကိုပဲ သွားစို့လား ကိုမှိုင်း၊ မညို အညောင်းပြေ လမ်းလျှောက်ရင်း နောက်ထပ် အသစ်ရောက်လာတဲ့ အကောင်ဗလောင်တွေကိုပါ ကြည့်ကြတာပေါ့။ မညို ညောင်းနေလို့ လမ်းလည်း လျှောက်ချင်လို့လေ"





မှိုင်း တိရစ္ဆာန်ဥယျာဉ်ဆီသို့ ဦးတည်မောင်းလာခဲ့သည်။

"ကျွန်တော် ဆရာမကို မေးချင်တာတစ်ခု ရှိနေတယ်"

"မေးလေ ... မေးပေါ့"

"ဆရာမ ရန်ကုန်ကို ဘာလို့လာတာလဲ၊ ပြီးတော့ ရန်ကုန်မှာ ရက်ကြာကြာ ဘာလို့နေတာလဲ၊ ရက်ကြာသလောက် မုဒ္ဒံကျောင်းက ခွင့်ယူရမှာ မဟုတ်လား"

မှိုင်း ယင်းမေးခွန်းကို မေးခြင်းမှာ ဦးမြတ်မင်းက မိမိနှင့် ညိုညိုမင်း ရန်ကုန်တွင် ဆုံစည်းစေရန် တမင်လွှတ်လိုက်ခြင်းမေလား ဆိုသည်ကို စူးစမ်းလိုက်ခြင်း ဖြစ်ပေသည်။

"မညိုတို့ ပညာရေးဌာနက ဂျပန်ကို ပညာရေးနဲ့ပတ်သက်ပြီး လေ့လာဖို့ လူရွေးလွှတ်မဲ့ အထဲမှာ လက်ရွေးစင်တွေ ရွေးတဲ့အထဲမှာ မညိုက တစ်ဦးအပါအဝင် ဖြစ်နေလို့ အင်တာဗျူး ခေါ်လို့ လာခဲ့တာပဲ၊ အင်တာဗျူးမှာဖြေဖို့ တင်ကြိုပြီး ဘာတွေမေးမှာလဲ၊ ဘယ်လိုပုံစံနဲ့ လွှတ်မှာလဲဆိုတာ တင်ကြိုပြီး မညို လေ့လာချင်လို့ တမင်စောစောရန်ကုန်ကို လာခဲ့တာပဲ ကိုမှိုင်း၊ မုဒ္ဒံကျောင်းမှာ ခွင့်တင်ဖို့ မလိုဘူးလေ၊ ရန်ကုန်ရုံးချုပ်က ခေါ်တဲ့ကိစ္စပဲဟာ"

"သြော် ... သြော် ... ဒါဆို ထင်ပေါ်လို့ စင်တော်ရှာကောက်တဲ့သဘောပေါ့နော်"

"မသေချာသေးပါဘူး၊ မညိုလိုပဲ ရွေးခေါ်တဲ့ ဆရာ၊ ဆရာမတွေ ဆယ်ယောက်လောက် ရှိတာပဲ၊ ဒီမှာ အင်တာဗျူးထိုင်ပြီးမှ ဆန်ကာတင် သုံးလေးယောက်ကိုသာ ဂျပန်ကို လွှတ်မှာပါ။ မညိုအတွက် ရလိုရငြား သဘောပေါ့လေ၊ အရွေးခံရရင်လည်း အစိုးရစရိတ်နဲ့ ဂျပန်ကို ရောက်ဖူးမယ်၊ နောက်ပြီး တခြားတိုးတက်နေတဲ့ ဂျပန်ပြည်က ပညာရေးစံနစ်ကိုလည်း လေ့လာနိုင်ပြီး ကောင်းတာလေးတွေ ကိုယ့်မြန်မာပြည်မှာ ပြန်လုပ်ဆောင်နိုင်မယ်ဆိုတဲ့ သဘောပါပဲ"

အင်မတန် မွန်မြတ်သော ရည်ရွယ်ချက်ပေပဲဟု မှိုင်း စိတ်ထဲက ဆရာမ ညိုညိုမင်းကို ချီးမွမ်းမိသည်။ ပြီး ... ယခု ရန်ကုန်တွင် မိမိနှင့် တွေ့ဆုံခြင်းမှာ သူမ၏ဖခင် ဦးမြတ်မင်း၏ ပယောဂမပါဘဲ အမှတ်မထင် တွေ့ခြင်းဟုလည်း မှိုင်း ယုံကြည်လိုက်ပါ၏။

တိရစ္ဆာန်ဥယျာဉ်မှ အကောင်အမျိုးမျိုးကို လိုက်ကြည့်ရင်း ဥယျာဉ်တစ်ခုလုံး တစ်ပတ်လည်ခန့် လျှောက်ကြသောအခါ ညိုညိုမင်း ခြေညောင်းလာသည်။

ဥယျာဉ်အဝင်အထွက် တံခါးပေါက်နှင့် မနီးမဝေး ခုံတန်းလျားလေးတွင် ခဏနားရင်း ထိုင်ကြသည်။

"ကိုမှိုင်း အကြောင်း မညိုကို ပြောပြပါလား"





"စာမဖွဲ့လောက်ပါဘူး၊ နောက်ပြီး မရီရီမွန်ဆီက အားလုံး မညို သိပြီးသားပါ"

"မီမွန် ပြောတယ်ဆိုတာက ဘေးလူပြောတာပဲ၊ ကိုမှိုင်း ကိုယ်တိုင် ပြောတာကို မညို နားထောင်ချင်လို့"

"ဒါဆို နား[illegible]၊ ကျွန်တော့်မှာ မိရောဖရော မရှိတော့ဘူး၊ ကျွန်တော် ဟစ်ကောင်ကြွက်ဘဝနဲ့ ရပ်တည်ဖို့ ဝင်ငွေရှာဖို့ စဉ်းစားတော့ ကျွန်တော်မှာ ပညာနှစ်ခုရှိတယ် ...

"ပထမပညာက တက္ကသိုလ်က ဘီအက်စ်စီဘွဲ့ရတဲ့ ပညာ၊ အဲဒီ ရိုးရိုးဘွဲ့ရပညာက ကျွန်တော့်အတွက် ပညာနဲ့ရမဲ့ အလုပ်လခဟာ ဆင့်ပါးစပ် နှမ်းပက်လောက်သာမို့ ကျွန်တော် မလုပ်ချင်ဘူး ...

"ဒုတိယပညာကတော့ အားကစားနဲ့ ကာယပညာ၊ အဲဒီပညာကြောင့် ဆရာမတို့ ဖေဖေ့ဆီမှာ တစ်လသုံးသောင်း လခနဲ့ ကျွန်တော် ဝင်လုပ်တယ်၊ တစ်လသုံးသောင်းဆိုတဲ့ ဝင်ငွေဟာ ကျွန်တော် တစ်ကိုယ်တည်းအတွက် မဆိုးဘူးလေ"

"ကိုမှိုင်း မိဘတွေဆုံးတော့ ကိုမှိုင်းအတွက် ဘာမှမကျန်ခဲ့ဘူးလား"

"ရန်ကုန် ရွှေတောင်ကြားလမ်းမှာ တစ်ထပ်တိုက်တစ်လုံး ကျန်ခဲ့တယ်၊ မီးခံသေတ္တာထဲမှာတော့ ငွေတစ်သောင်းလောက် ကျန်ခဲ့တာကလွဲပြီး ဟောင်းလောင်း၊ တခြား

ဘာမှမကျန်ခဲ့ဘူး၊ အဲဒါ ကျွန်တော့်အကြောင်းပဲ ဆရာမ၊ စာမဖွဲ့လောက်ပါဘူး"

"ကိုမှိုင်း ဘွဲ့ရတာဟာ လွန်ခဲ့တဲ့ သုံးနှစ်ကျော်ကျော်ကပဲ၊ အဲဒီကာလအတွင်း ကိုမှိုင်း ဘာတွေလုပ်ခဲ့သလဲ"

"ဒုတိယဖြစ်တဲ့ ကာယပညာသင်တန်း သုံးနှစ် တောကြီးမျက်မည်းထဲမှာ သင်ကြားလေ့ကျင့်ခဲ့တယ် ဆရာမ"

"ဒုတိယပညာကလည်း တက္ကသိုလ်က ဘွဲ့တစ်ခုရအောင် သင်ရသလောက် ကြာတာပဲပါလားနော်"

"ဟုတ်တယ်၊ ကြာတယ်၊ သိပ်လည်း ပင်ပန်းတယ်၊ ဒါပေမဲ့ အကျိုးရှိပါတယ်။ အခုဆို ကျွန်တော် လူလူချင်း မပြောနဲ့ တောထဲက ကျားရိုင်းတစ်ကောင်နဲ့ယှဉ်ပြီး နပန်းလုံးနိုင်တဲ့အထိ ပညာနဲ့ အလေ့အကျင့်တွေ ရထားတယ်"

"အင်းပေါ့လေ၊ ဒါကြောင့်လည်း ဖေဖေက တန်းပြီး ကိုဝေလုနဲ့တန်းတူ အဆင့်ပေးလိုက်တာပေါ့၊ ဒါပေမဲ့ ... ဖေဖေ့အလုပ်တွေက ..."

ညိုညိုမင်း ဆက်မပြောတော့ဘဲ မှိုင်းကို ရီဝေတွေဝေသော အကြည့်နှင့် ကြည့်နေပေသည်။

"အဲ ... ကျွန်တော့်အကြောင်းပြောတာ မပြည့်စုံသေးဘူး၊ သိပ်အရေးကြီးတာတစ်ခု ကျန်နေတယ် ဆရာမ"

"ဘာများလဲ ကိုမှိုင်း"

"ဆရာမကို ကျွန်တော် ချစ်တယ်"





"အယ်"

မှိုင်း မမျိုသိပ်နိုင်တော့တဲ့အတူတူ ဖွင့်ပြောလိုက်တော့သည်။

ညိုညိုမင်း "အယ်" ဟု အံ့ဩသွားတော့သည်။ အံ့ဩသည်မှာ ဆရာမကို ကျွန်တော်ချစ်တယ် ဆိုသော စကားကြောင့် မဟုတ်၊ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် မှိုင်း ထိုသို့ဖွင့်ဟလိမ့်မည်မှန်း မှိုင်း၏ မျက်လုံးများကို ကြည့်မြင်နေခြင်းဖြင့် သိထားသည်။

အံ့ဩရသည်မှာ ဆိုင်းမဆင့် နိဒါန်းမချီ တဲ့တိုးကြီး တစ်ချက်တည်း ပြောလိုက်သည်ကိုသာ အံ့ဩသွားခြင်း ဖြစ်ပါ၏။

"ကျွန်တော် ဆရာမကို ချစ်တယ်ဆိုတာကရော ဆရာမ"

"အချိန်တွေ ရှိပါသေးတယ် ကိုမှိုင်း၊ အခုတော့ သွားကြပါစို့"

"TIME AND TIDE WAITS NO MAN လို့ အဆိုစကား အဆိုစကား ရှိထားလို့ပါ ဆရာမ"

ညိုညိုမင်းသည် မှိုင်း ဆိုလိုက်သော အင်္ဂလိပ်စကားပုံလေးကို နားလည်ပါ၏။

အချိန်နှင့် ဒီရေသည် လူကိုမစောင့်ဟု ဆိုလိုက်ခြင်း ဖြစ်သည်။ မှိုင်း အဓိက ဆိုလိုသည်မှာ အချိန်မဆွဲပါနှင့် အဖြေမြန်မြန်ပေးပါဟု ဆိုလိုက်ခြင်း ဖြစ်ပါလေတော့သည်။

မျက်နက်ဆံလေး ထောင့်ကပ်အောင် မှိုင်းကို မျက်စောင်းလေး ထိုးလိုက်သော်လည်း ဆရာမညိုညိုမင်း၏ နှုတ်ခမ်းလေးမှာ ပြုံးနေရုံမက မျက်နှာလေး တစ်ခုလုံး ကြည်လင်ဝင်းပသွားပေသည်။

ထိုင်ရာမှထပြီး နှစ်ယောက်သား ယှဉ်တွဲပြီး ထွက်လာခဲ့ကြသည်။ အပြင်တွင် ရပ်ထားခဲ့သည့် ကားပေါ် ပြန်တက်ပြီး မောင်းထွက်လာသည်။

အင်တာဗျူးခေါ်သည့် နေရာမှာ ပညာရေးရုံးချုပ်တွင် မဟုတ်ပေ။

မြေနီကုန်း ကျော်လွန်ပြီး ပြည်လမ်းမကြီးပေါ်၌ တည်ရှိသော နှစ်ထပ်တိုက်ကြီးတွင် ဖြစ်သည်။

ခြံကြီးမှာ ကျယ်ဝန်းပါ၏။ ခြံကြီး၏ အရိပ်ကောင်းသော သစ်ပင်တစ်ပင်အောက်တွင် ကားရပ်လိုက်သည်။

"အင်တာဗျူး ခေါ်တာက တစ်ယောက်တစ်လှည့် ခေါ်တာ ကိုမှိုင်း၊ ကျွန်မအလှည့် မရောက်ခင် ရှေ့ကလူတွေ များနေရင် ကြာမှာ"

"သဘောပေါက်ပါတယ် ဆရာမ"

"ကျွန်မ ပြောချင်တာက ကိုမှိုင်း အကြာကြီး စောင့်ရရင် ငြီးငွေ့စရာ ဖြစ်နေမှာစိုးလို့ပါ၊ ဒီတော့ ကိုမှိုင်း သွားချင်တဲ့နေရာ ကားယူပြီး လျှောက်သွားလေ၊ ပြီးမှ လာခေါ်ပေါ့"





"ကျွန်တော်က လျှောက်သွားပါပြီတဲ့၊ ဆရာမ အလှည့်က စောပြီး အင်တာဗျူး ပြီးသွားပါပြီတဲ့၊ ဆရာမ ဆင်းလာပြီး ကားကိုမတွေ့ရင် ယောင်လည်လည် အူကြောင်ကြောင် ဖြစ်နေမှာပေါ့၊ ဆရာမမှာ ဣန္ဒြေပျက် ဖြစ်မှာပေါ့"

"ရတယ်လေ၊ ကျွန်မက ကိုမှိုင်း ပြန်လာတဲ့အထိ သစ်ပင်ရိပ်အောက်က စောင့်မှာပေါ့"

"လုပ်မနေနဲ့၊ ကျွန်တော် အပြင်ကို ကားနဲ့သွားစရာ တန်ဖိုးရှိတဲ့အလုပ် ဘာမှလုပ်စရာ မရှိဘူး၊ ဆရာမပြီးလို့ ဆင်းလာပြီး ကားမတွေ့တာကမှ တကယ့်တန်ဖိုးပါ၊ ကျွန်တော် ဘယ်မှ မသွားဘူး၊ သွားစရာလည်း မရှိဘူး၊ ဆရာမ ဆင်းလာတဲ့အထိ ဒီကပဲ စောင့်မယ်။ ကဲ ... အင်တာဗျူး သွားဝင်ပေတော့ ဆရာမ၊ ဆရာမရဲ့ အင်တာဗျူး အောင်မြင်ပါစေလို့ ကျွန်တော် ဆုတောင်းတယ်"

ညိုညိုမင်းက ပြုံးရယ်ပြရင်း လက်ပြနှုတ်ဆက်သွားသည်။

နှစ်ဦးပြောနေသော စကားတွေမှာ ဘေးလူကြားရသည်မှာ ဘာမှမဟုတ်လောက်သော်လည်း တစ်ဦးအပေါ် တစ်ဦး ငဲ့ညှာခြင်းသဘောတွေက ရာနှုန်းပြည့် ပါဝင်နေသည်။

ဒါကို နှစ်ဦးစလုံး ကိုယ့်ရင်ထဲ ကိုယ်စီမှ သိမှသိကြပါလေစ။

ညိုညိုမင်းကို ငါ့ရင်ထဲက တကယ်ချစ်နေပြီ။ ငါ့ရင်ထဲ နှလုံးထဲက ချစ်ကြောင်းလည်း ဖွင့်ပြောပြီးပြီ။

သူ့ဆီက အဖြေပြန်မရသေး။

အေးလေ ... လောလောဆယ် သူ့မှာ အင်တာဗျူးကြီး တန်းလန်းနဲ့ ချက်ချင်းကြီး ဘယ်ဖြေမှာလဲ၊ တစ်နေ့မှာတော့ အဖြူအမည်း သဲကွဲမှာပေါ့လေဟု မှိုင်း စိတ်ထဲ ကိုယ့်ဟာကိုယ် မေး ကိုယ့်ဟာကိုယ် ဆုံးဖြတ်ရတော့သည်။

မှိုင်း ကုရှင်ကျောမှီတွင် ဦးခေါင်းမှေးထားပြီး မျက်လုံးစုံပိတ် စဉ်းစားနေခြင်း ဖြစ်သည်။ မျက်စိပိတ် မှေးနေခြင်းကြောင့် အိပ်ပျော်သလို ရှိသွားသည်။

"ကိုမှိုင်း ... ကိုမှိုင်း"

မိမိ၏ပခုံးနှင့် လက်မောင်းကို ကိုင်လှုပ်နှိုးမှ မှိုင်း ဖျတ်ခနဲ မျက်စိဖွင့်ကြည့်သည်။

"ဟင် ... ဆရာမ၊ အင်တာဗျူး ပြီးသွားပြီလား၊ မြန်သားပဲ"

ဟုဆိုကာ နာရီကြည့်လိုက်သည်။ ဆရာမညိုညိုမင်း တစ်နာရီမျှသာကြာပြီး ပြန်ရောက်လာခြင်း ဖြစ်သည်။

"အင်တာဗျူးလာတဲ့ ဆရာ ဆရာမတွေကတော့ ဆယ့်သုံးလေးယောက်လောက် ရှိမယ် ကိုမှိုင်း၊ ဒါပေမဲ့ ရန်ကုန်က လူတွေ များတယ်၊ နယ်ကလာတာ ဆရာမသုံးယောက်ပဲ ပါတယ်၊ နယ်ကလာတဲ့ လူတွေကို အချိန်ငဲ့ပြီး ဦးစားပေး ဝင်ခိုင်းလို့ ကျွန်မ အစောကြီး ပြီးလာခဲ့တာ"





"ဆရာမ ဖြေနိုင်တယ် မဟုတ်လား"

"မေးသမျှတော့ ဖြေတာပဲလေ၊ အဲဒီလို မေးသမျှဖြေတဲ့ လူချည်းပဲ၊ ကျွန်မဖြေတာ သူများထက် အမှတ်သာရင် ရမယ်၊ သူများထက် နည်းရင် မရဘူးပေါ့၊ အင်တာဗျူးဆိုတာ ဒါပဲပေါ့ ကိုမှိုင်း၊ ကဲ ... ကျွန်မတို့ ပြန်ကြမယ်လေ"

"ဝင်ဒါမီယာ့အိမ်ကိုပဲ ပြန်မောင်းရမလား"

"အဲဒါ စဉ်းစားနေတာ၊ အခု ဆယ့်နှစ်နာရီ ထိုးပြီးသွားပြီ၊ သုံးနာရီခွဲဆိုရင် ရိုမွန်ကို ကြိုရဦးမှာ၊ ဒီတော့ ဒီလို လုပ်စို့"

"အဲဒါ ကောင်းတယ်"

"ဘာအဲဒါကောင်းတာလဲ၊ ဒီက ဘာလုပ်မယ်လို့လဲ မပြောသေးဘဲနဲ့"

ညိုညိုမင်းက မှိုင်း၏ ဟာသကို ရယ်မောရင်း လှစ်ခနဲ စိတ်မထိန်းနိုင်ဘဲ စိတ်နောက်ကိုယ်ပါ မှိုင်း ရင်ဘတ်ကို သူမ၏လက်သီးဆုပ်လေးနှင့် ထုသည်နှင့် မှိုင်းကလည်း ဘာမပြော ညာမပြော ထုနေသောလက်၏ လက်ကောက်ဝတ်ကို ဆုပ်ကိုင်လိုက်သည်။ ပြီး ညိုညိုမင်းကို ကားထဲသို့ ဆွဲသွင်းကာ ပိုက်ထွေးထားလိုက်မိသည်။

ညိုညိုမင်းက မှိုင်း ရင်ခွင်ထဲတွင် ဦးခေါင်းဝှက်ထားလိုက်သည်။

"ချစ်တယ် ဆရာမရယ်၊ ချစ်တာမှ အရမ်းကြီးကိုပဲ။ ကျွန်တော် ဆရာမကို ချစ်တဲ့အကြောင်း နှစ်ခါတောင် ပြောပြီးပြီ၊ ဆရာမဆီက အဖြေထွက်မလာသေးဘူးနော် ဆရာမ"

"အံမာ ... ဒီက ဖြေစရာလိုသေးလို့လား၊ ဒီက တစ်ကိုယ်လုံး သူ့ရင်ခွင်ထဲ ရောက်နေပြီပဲဟာ"

"ဒါ ... ဒါ ... ဒါဆို ဆရာမကလည်း ကျွန်တော့်ကို ပြန်ချစ်တယ်ပေါ့နော်၊ အံမလေး အရပ်ကတို့ရေ၊ ဒီကောင် မှိုင်း ပျော့လိုက်တာ အရမ်းကြီးကို ပျော်တာဗျို့၊ ဆရာမက ကျုပ်ကို ချစ်တယ်တဲ့"

ပြောပြောဆိုဆို မှိုင်းသည် ကားတံခါးဖွင့်ဆင်းကာ မြေကြီးပေါ် ခြေချမိသည်နှင့် လက်နှစ်ဖက် မိုးပေါ်မြှောက်ကာ ခြေထောက်နှစ်ဖက်သည် ခုန်ပေါက်နေတော့သည်။

တကယ်ဝမ်းသာကြောင်း ပေါ်လွင်လွန်းသည်ကို ညိုညိုမင်းက ပြုံးရယ်ရင်း ကြည့်နေသည်။

"ကဲပါ ... အရူးထမနေနဲ့၊ ဟိုးကလူတွေမြင်ရင် ရှက်စရာကြီး၊ ကားထဲ ပြန်ဝင်၊ သွားကြမယ်"

မှိုင်း ကားထဲပြန်ဝင်သည်။

"ကြည့် ... ကြည့်စမ်း ဆရာမ၊ ကျွန်တော့်ရင်တွေ အရမ်းခုန်နေတာ၊ ဒိတ် ဒိတ်နဲ့၊ နားထောင်ကြည့်"





ပြောပြောဆိုဆို ညိုညိုမင်း၏ ဦးခေါင်းကို သူ့ရင်ဘတ်တွင် ဆွဲယူသွင်းကာ နားထောင်ခိုင်းသည်။

ညိုညိုမင်း နားထောင်ကြည့်သည်။

ဟုတ်ပါ့။ မှိုင်း၏ တဒိတ်ဒိတ် ရင်ခုန်သံကိုပင် ဆရာမ ညိုညိုမင်း အတိုင်းသား ကြားနေရသည်။

"ဆရာမရော ကျွန်တော့်လို ရင်မခုန်ဘူးလားဟင်"

"ခုန်တာပေါ့"

"တကယ်လား၊ ကျွန်တော် နားထောင်ကြည့် စမ်းကြည့်မယ်လေ"

မှိုင်းသည် သူ၏လက်ရော ဦးခေါင်းရော ညိုညိုမင်း၏ မို့နေသော ရင်ဆီသို့ ဝဲခနဲ ကပ်လာသည်ကို တွန်းဖယ်ပစ်လိုက်သည်။

"အဲဒီလိုတော့ မကဲနဲ့ ကိုမှိုင်း၊ ချစ်တာက ချစ်တာတခြား၊ လက်မထပ်ခင် အနေအထိုင် ဆင်ခြင်တာ ဆင်ခြင်တာ တခြား၊ လက်မထပ်ခင် ကဲချင်တာမျိုး မညို မုန်းတယ်"

"မိုးကြိုးကြီးပစ် ဘုရားကြီး ရှုးပါစေ့ဗျာ၊ ကျွန်တော် ကဲတဲ့စိတ်နဲ့ လုံးဝမဟုတ်ဘူး၊ သိပ်ချစ်ရင် သိပ်ရင်ခုန်တယ်ဆိုတာ အခု ကျွန်တော့်လက်တွေ့မို့ ဆရာမလည်း ကျွန်တော့်ကို တကယ်သိပ်ချစ်ရဲ့လားလို့ စမ်းသပ်ချင်တဲ့ သဘောပါ ဆရာမ"

"ဘာဆရာမလဲ၊ ခုချိန်ထိ ဆရာမတွေ ကျွန်တော်တွေ ပြောတုန်းလား၊ မှိုင်းနဲ့ မညို ချစ်သူတွေ ဖြစ်သွားပြီလေ"

"ဒါဆို ဘယ်လိုခေါ်ရမလဲ၊ ဝတ္ထုတွေထဲကလို အချစ်လေး အသည်းလေးလို့ ဆရာမကို ခေါ်ရမလား"

"မလိုပါဘူး၊ ကလက်လွန်းတယ်၊ ဒါဆို ဘယ်လိုခေါ်ရမလဲ"

"ရှေ့က 'မ'ကြီး မထည့်နဲ့တော့ ညိုလို့ ခေါ်ချင်ခေါ် ညိုညိုလို့ ခေါ်ချင်ခေါ်"

"အင်း ... သိပ်ကောင်းတယ်၊ ချစ်စနိုး ညိုလို့ တစ်လုံးတည်း ခေါ်မယ်နော် ဆရာမ"

"လာပြန်ပလား ဆရာမ ဆိုတာကြီး၊ နောက်ပြီး ကျွန်တော်လို့ မပြောနဲ့တော့၊ ကိုယ်လို့ ပြောချင်ပြော ဒါမှမဟုတ် မှိုင်းလို့ပဲ ပြောချင်ပြော၊ ဒါပဲ"

"ဟုတ်ပြီ၊ ဒါဆို ပြောပြီ၊ ညို့ကို မှိုင်း သိပ်ချစ်တယ်။ ညိုကလည်း ပြန်ပြောလေ"

"ပြောမယ်၊ ညိုကလည်း မှိုင်းကိုပြန်ပြီး သိပ်ချစ်တယ်"

အချစ်ဆိုသည်မှာ ဒါပဲ ဖြစ်ပါ၏။

သုံးနှစ်သုံးမိုး လူပျိုလှည့်ပြီးမှ ချစ်သွားကြသည်မျိုး ရှိသလို ...

စက္ကန့်ပိုင်း နာရီပိုင်းအတွင်း နှလုံးသားပေါက်ကွဲပြီး ချစ်တာမျိုးလည်း ရှိတတ်သည်။





သို့သော် ...

မှိုင်းနှင့် ညိုညိုမင်း အချစ်သည် သုံးနှစ်သုံးမိုး အချစ်မျိုး မဟုတ်။

ဖြန်းခနဲ ပေါက်ကွဲလိုက်သော အချစ်မျိုးလည်း မဟုတ်။

မုဒ့်ကန်ကြီးရိပ်သာတွင် စတင်တွေ့ဆုံခဲ့ရာမှအစ တွေ့ကြလေ ရင်ထဲကိုယ်စီက ချစ်ကြလေ ဓာတ်ခံနှင့် ယခုမှ ပွင့်ထွက်သော အချစ်မျိုး ဖြစ်တော့သည်။

✤ ✧ ✤

## ၁၅

ရွှေတောင်ကြားလမ်း အိမ်မှာပဲ ဆက်နေရမလား၊ မုဒုံ ကန်ကြီးရိပ်သာ အိမ်သို့ ပြန်သွားရမည်လားဟု ဝေခွဲမရသော မှိုင်းသည် ညိုညိုမင်းနှင့် ပွင့်ပွင့်လင်းလင်း ချစ်ကြပြီးသည်နှင့် မုဒုံ ကန်ကြီးရိပ်သာသို့ပင် ပြန်လာခဲ့တော့သည်။

ညိုညိုမင်းနှင့် ချစ်သူတွေ ဖြစ်သွားပြီမို့ အတူတူ နေချင်သည်လည်း တစ်ကြောင်း။

ဖေဖေ ဦးကွန်းဇော် သေဆုံးသွားမှုကို ကန်ကြီးရိပ်သာကို အခြေခံထားပြီး စုံစမ်းရမည် တစ်ကြောင်း။

ဤအကြောင်းနှစ်ကြောင်းဖြင့် သူ့ဘီအက်စ်အေ မော်တော်ဆိုင်ကယ်ကြီးနှင့်ပင် မုဒုံသို့ ပြန်လာခဲ့သည်။

ဦးမြတ်သင်းနှင့် သီဂီမာက ဝမ်းမြောက်ဝမ်းသာစွာ မှိုင်းကို ကြိုဆိုပါ၏။





မှိုင်းကို ဦးမြတ်မင်းက ကြိုဆိုသည်မှ အောင်ပွဲခံပြီး ကြိုဆိုသည်။

ယနေ့ အောင်ပွဲကျင်းပပြန်သည်။ ဂိုဒေါင်ကြီးထဲမှာပင် ဖြစ်ပါ၏။

ယနေ့ အောင်ပွဲမှာ ဦးမြတ်မင်း စေခိုင်းလိုက်သည့်အတိုင်း တစ်သဝေမတိမ်း ရွေးစေ့တစ်စေ့ပင် အမှားအယွင်းမရှိဘဲ မှန်ကန်စွာ ပို့စေချင်သော နေရာသို့ အရောက်ပေးပို့နိုင်ခြင်းအတွက် မှိုင်းကို အမှူးပြုသည့် အောင်ပွဲဖြစ်တော့သည်။

ရန်ကုန်မှ ဦးမြတ်မင်း၏ အဆက်အသွယ်သည် မှိုင်း၏ တိကျပုံ၊ ပြတ်သားပုံ၊ သစ္စာရှိပုံ၊ ရဲရင့်တည်ကြည် သွေးအေးသတ္တိရှိပုံတွေကို ချီးကျူးစကား ဖုန်းဖြင့် ကြိုတင်ပြောထားပြီးသား ဖြစ်ပေသည်။

ဒုတိယ မှိုင်းအတွက် သတင်းကောင်း ကြားရသည်မှာ မှိုင်း ရန်ကုန်သွားနေသည့် ရက်အတွင်းမှာပင် ဦးမြတ်မင်းသည် သီဂီမာအား တရားဝင် စာချုပ်စာတမ်း၊ ရှေ့နေ၊ ဝတ်လုံ၊ တရားသူကြီးများရှေ့မှောက်တွင် လက်ထပ်လိုက်ခြင်း ဖြစ်တော့သည်။

သီဂီမာ့ အတွက် မှိုင်း ဝမ်းသာရပေသည်။

ထုံးစံအတိုင်း အောင်ပွဲကို ဦးမြတ်မင်းကပင် ခေါင်းဆောင်ပြီး တရားဝင်ဇနီးချောလေး သီဂီမာက ဦးမြတ်မင်းဘေးတွင် အတူထိုင်ပေသည်။

ကိုဝေလု၊ ကိုဒေါနု၊ ကိုဟိန္ဒ အားလုံး လူစုံပါဝင်သည်။

အဲ ... ကိုစောဘနှစ်ကြီးတော့ မမြင်ရပေ။ ဦးမြတ်မင်းက မခေါ်၍ မလာခြင်းပေလား၊ စောဘနှစ် ကိုယ်တိုင်က သူ့ဟာသူ မလာချင်၍ မလာခြင်းပေလားတော့ မပြောတတ်။

ကိုဝေလုတို့အဖွဲ့သည် ယခင်နှင့် လုံးဝမတူတော့ဘဲ မှိုင်းအား အဖော်အရွေ၊ အပြုံးအရယ်တွေနှင့် ဆက်ဆံကြသည်။ အရွှတ်အနောက်တွေ ပြောကြသည်။

ဝေလုကပင် စတင်ပြီး ဦးမြတ်မင်းကို ပြောသည်။

"ဘယ်လိုလဲ ဆရာကြီး၊ မှိုင်းကို ရှမ်းနယ်စပ်တွေဘက် မလွှတ်ဘူးလား"

(မုဒုံမှ လူတွေသည် များသောအားဖြင့် ယိုးဒယားနယ်စပ်ကို ရှမ်းနယ်စပ်ဟု ခေါ်ကြသည်။)

"အဲဒီ ရှမ်းနယ်စပ်ဘက်မှာ ရှမ်းမလေးတွေ သိပ်ချောသိပ်လှ သိပ်တောင့်တယ်လေ၊ မှိုင်းကလည်း ကိုက်ကောင်းလှချောဆိုတော့ သိပ်မစွံမှာ"

ဦးမြတ်မင်းက ပြုံးနေသည်။

ဝေလု၏ စကားကို သိင်္ဂီမာက မဲ့လိုက်သည်။ ကိုဝေလုသည် အောင်ပွဲတွင် ရယ်စရာပြောသည်မျိုးလည်း ဖြစ်နိုင်သည်။





သို့တစေ သိင်္ဂီမာ၏ စိတ်ထဲတွင် ကိုဝေလု၏ စိတ်ထားသည် မှိုင်းကို တခြားအမျိုးသမီးတစ်ဦးဦးနှင့် ငြိစွန်းသွားစေချင်နေသည်ဟု ယူဆထားသည်။

သို့မှသာ ကိုဝေလု တအားကြီး မျှော်လင့်ထားသော ညိုညိုမင်းကို ရယူနိုင်ခွင့် ရှိနေသောကြောင့် ဖြစ်ပါ၏။

"သြော် ... ကိုမှိုင်း"

သိင်္ဂီမာက ကြားဖောက်ပြီး မှိုင်းကို ခေါ်လိုက်စကားစလိုက်သည်။

"ရန်ကုန်ကို မညိုလည်း သွားတယ်လေ၊ မညိုနဲ့ ကိုမှိုင်း ရန်ကုန်မှာ မတွေ့ကြဘူးလားဟင်"

"ဘာတွေ မေးနေတာလဲ သိင်္ဂီမာ"

ဟု ဦးမြတ်မင်းက ဟန့်တားချင်သလို သိင်္ဂီမာ့ကို ပြောလိုက်သည်။

"တွေ့ခဲ့တာပဲ မသိင်္ဂီမာ၊ တွေ့ခဲ့ရုံတောင် မကဘူး၊ ပပဝင်းရုံမှာ ရုပ်ရှင်တောင် အတူတူ ကြည့်ခဲ့ကြသေးတယ်"

"အလို ... တယ်ဟုတ်ပါလား"

"သိပ်မအံ့ဩနဲ့ သိင်္ဂီမာ၊ မညိုနဲ့ သူ့သူငယ်ချင်း ရုပ်ရှင်လာကြည့်တာနဲ့ သွားဆုံတာ၊ သူတို့မှာ လက်မှတ်သုံးစောင်ကြိုတင်ဝယ်ပြီးသား၊ မစိုး ဆိုတဲ့ အဖော်က မလာလို့ လက်မှတ်တစ်စောင် ပိုနေတာနဲ့ ကြုံသွားပြီး မညိုနဲ့အတူ ရုပ်ရှင်ကြည့်ဖြစ်သွားတာ"

"မညိုတဲ့လား"ဟု ဝေလုက သူ့ဟာသူ ရင်ထဲက ရေရွတ်မိသည်။ ဝေလု ကြားသလောက် မြင်သလောက်မှာ ညိုညို မင်းကို မှိုင်းက ဆရာမဟုသာ ခေါ်လေ့ရှိသည်။ ယခု မှိုင်းပါးစပ်မှ "မညို"ဟု ခေါ်ဆိုပြောကြားသည်ကို ဝေလု ရင်ထဲက တစ်ဖန်ပြန်ရွတ်ဆိုမိခြင်း ဖြစ်ပါချေ၏။

မှိုင်းကလည်း တမင်တကာပင် ဝေလု ရှေ့တွင် သီဂီမာကို ပြောလိုက်ခြင်း ဖြစ်သည်။

တမင်ဖွင့်မပြောလည်း ဦး မြတ်သင်းက သိပြီးသား ဖြစ်မည်။ ဦးမြတ်မင်း သိလျှင် သီဂီမာလည်း သိပြီးသား ဖြစ်မည်သာ။

အကြောင်းမူ ရန်ကုန်တွင် မိမိနောက်မှ ရှဲဒိုးအမြဲလိုက်ခဲ့သည် မဟုတ်လား၊ ယင်းရှဲဒိုးသည် ဦးမြတ်မင်း စေလွှတ်ထားသောရှဲဒိုး အများကြီး ဖြစ်နိုင်နေသည်မို့ တမင်တကာ ဤဝိုင်းတွင် မှိုင်းက ပြောချလိုက်ခြင်း ဖြစ်ပေတော့သည်။

ကိုဝေလုသည် ဟန်ပင်မဆောင်နိုင်တော့ဘဲ ဝိုင်းထဲမှ သူ့ဟာသူ ထွက်သွားတော့သည်။

သူတို့၏ဆရာသမား ဝေလု ထွက်သွားသည်နှင့် ဝဏ္ဏ၊ ဒေါနု၊ ဟိန္ဒုတို့သည် အကြောင်းအမျိုးမျိုးပြကာ သူတို့လည်း ထသွားကြတော့သည်။

မှိုင်းအတွက် အောင်ပွဲပြုလုပ်ပေးသည်မှာ အချိန်တိုအတွင်းမှာပင် ပြီးသွားသလို ရှိသွားသည်။





ဝိုင်းတွင် ဦးမြတ်မင်း၊ သီဂီမာနှင့် မှိုင်းတို့သာကျန်ခဲ့တော့သည်။

"ကျုပ် မေးချင်တယ် မှိုင်း"

"မေးပါ ဦးမြတ်မင်း"

"သမီးလေး မညိုနဲ့ မှိုင်းတို့ ရန်ကုန်မှာ တွေ့ကြပြီး ဘယ်အခြေအနေတွေ ဘယ်လိုရှိလာတယ် ဆိုတာကို ကျုပ်သိချင်တယ်"

"အဲဒါကို ဦးမြတ်မင်း သိပြီးသား ဖြစ်မှာပါ၊ ရန်ကုန်က ဦးမြတ်မင်းရဲ့ အဆက်အသွယ်တွေက လှမ်းပြောလို့ပဲ ဦးမြတ်မင်းက ကျွန်တော့်အတွက် အောင်ပွဲတောင် လုပ်ပေးနေတာပဲဟာ"

"အဲဒါက လုပ်ငန်းနဲ့ ပတ်သက်တာတွေ သိရတာပဲ"

"အဲဒီ အဆက်အသွယ်တွေဆီက မညိုနဲ့ ကျွန်တော့်အကြောင်း မသိရလည်း ကျွန်တော့်နောက်မှာ ရှဲဒိုးအမြဲချထားတာပဲ၊ အဲဒီရှဲဒိုးက ရန်ကုန်မှာ ကျွန်တော်နဲ့ မညိုအခြေအနေကို ပြောပြတာပဲ မဟုတ်လား"

"ရှဲဒိုး ဟုတ်လား၊ ရန်ကုန်မှာ မှိုင်း နောက်ကို ကျုပ် ရှဲဒိုးချမထားခဲ့ပါလား၊ ဒါ့ကြောင့် အခုလို သမီးနဲ့ မှိုင်း အခြေအနေကို ကျုပ်ကိုယ်တိုင် မေးတာပေါ့"

မှိုင်း ပခုံးတွန့်ပြသည်။

ရန်ကုန်တွင် မိမိနောက်သို့ ဦးမြတ်မင်းက ရှဲဒိုးချ မထားပါဆိုသည့် စကားကို မှိုင်း မယုံကြည်သောကြောင့်ဖြစ်ပါ၏။

မှိုင်း ထိုင်ရာမှ ထရပ်ပြီး ဦးမြတ်မင်းနှင့် မသီဂိမာကို ငုံ့ကြည့်ပြီး ပြောလိုက်သည်။

"ဦးမြတ်မင်းရဲ့ စကားကို ကျွန်တော် ဖြေပါ့မယ်၊ မုဒုံကို ကျွန်တော် ရောက်တဲ့နေ့ကစပြီး တာဝန်နဲ့ ရန်ကုန်ကိုပြန် လွှတ်တဲ့အထိ မညိုနဲ့ ကျွန်တော် သူစိမ်းသက်သက်ပါ၊ မညိုကလည်း ကျွန်တော့်ကို သူစိမ်းလိုပဲ ဆက်ဆံခဲ့ပါ တယ်၊ အဲ ... ရန်ကုန်မှာ မတော်တဆ တွေ့ကြတာလား၊ တမင် ဖန်တီးမှုကြောင့် တွေ့ကြတာလားတော့ ကျွန်တော် မသိဘူး၊ ရန်ကုန်မှာ ကျွန်တော်နဲ့ မညို တွေ့ဆုံကြတော့ ကျွန်တော်နဲ့ မညို သူစိမ်းမဆန်တော့ဘူး၊ သာမန်ထက် ဆောင် ပိုမြင့်မားတဲ့ အပေါင်းအသင်း အခြေအနေ ရောက်သွားတယ်၊ တကယ်ပဲ ဦးမြတ်မင်းရဲ့ ရှဲဒိုးက ဦးမြတ်မင်းဆီ ဒီအကြောင်း မပြောကြားဘူးဆိုရင် အခု ကျွန်တော့် ပြောစကားတွေဟာ အမှန်အကန် စကားတွေ ပါပဲ၊ ကဲ ... ကျွန်တော့်ကို အောင်ပွဲပြုလုပ်ပေးတဲ့ ဦးမြတ် မင်းနဲ့ မသီဂိမာကို ကျွန်တော် ကျေးဇူးတင်ပါတယ်"

မှိုင်း တံခါးပေါက်မှ ထွက်လာခဲ့သည်။ မိမိအခန်းသို့ ဦးတည်လျှောက်လာစဉ် တွဲလျက်အခန်းတွင် မီးရောင်လင်းပြီး ဝေလုတို့ တစ်ဖွဲ့လုံး ရှိနေသည်ကို လှမ်းမြင်ရသည်။





မိမိအခန်းသို့ ဝင်သည်နှင့် မိမိအပေါ် မကျေမနပ် ဖြစ်နေသော ဝေလုသည် ရန်စတော့မည်မှာ သေချာသည်။

ကြောက်၍တော့ မဟုတ်။

ဘိုးတော်မှိုင်းသည် သတ်ပုတ်ရခြင်းကို ငြီးငွေ့သည်။ ဝေလုနှင့် အဖွဲ့ကိုသာမဟုတ်၊ ဘယ်သူနှင့်မှ သတ်ပုတ်ချင်စိတ် မရှိခိုက် ဖြစ်နေသည် တစ်ကြောင်း။

ယခုအချိန်တွင် စောဘနှစ်သည် သူ့ဟာသူ သီးခြား ရှိနေမည်။ စောဘနှစ်သည် ဝေလုတို့နှင့် စရိုက်ခြင်းမတူသော ကြောင့် အပေါင်းအသင်း သိပ်မလုပ်၊ သူ့ဟာသူ သီးခြားနေလေ့ ရှိတတ်သည်။

စောဘနှစ်ကို မှိုင်း သီးခြားတွေ့လိုသည်က တစ် ကြောင်းမို့ မိမိအခန်းသို့ မသွားတော့ဘဲ စောဘနှစ် ရှိရာသို့ လျှောက်လာခဲ့သည်။

ညောင်းပင်ကြီးအောက်ရှိ ကွပ်ပျစ်ပေါ်တွင် စောဘနှစ် တစ်ယောက်တည်း ရှိနေသည်ကို တွေ့ရသည်။ အလုပ်အားစဉ် တစ်ယောက်တည်း ဆေးလိပ်ဖွာပြီး စဉ်းစားနေသည့် ပုံစံပင်။

"ဘယ်လိုလဲ ကိုစောဘနှစ်၊ တစ်ယောက်တည်း ငြိမ်ချက် သား ကောင်းလှချည်လား"

"ဩော် ... မှိုင်း၊ အတော်ပဲ၊ ငါ တစ်ယောက်တည်း ပျင်း နေတာ မင်းနဲ့ဆို ငါ့မှာ စကားပြောချင်စိတ် ရှိပါတယ်"

"ဟိုအဖွဲ့နဲ့ အပျင်းပြေ စင်ရောပါလား"

"ဘာလုပ်မလဲ၊ အရက်သောက်လိုက် တန်ဖိုးမရှိတဲ့စကားတွေ ပြောလိုက်၊ ငြင်းခုံလိုက်၊ ရန်ဖြစ်လိုက်တွေပဲဟာ၊ သူတို့လိုကောင်တွေကို ဘုရားသခင်က မနှစ်သက်တတ်ဘူးလေ မှိုင်း"

ကိုစောဘနှစ်သည် ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်သည်။ သူ့ဘာသာကို သူ အလွန်ကြည်ညို လေးစားယုံကြည်ကိုးကွယ်သူ ဖြစ်ပါ၏။

မှိုင်းအဖို့ ယခုအချိန်သည် ဖေဖေဦးကွန်းဇော်နှင့် ဦးမြတ်မင်းတို့ ဆက်ဆံရေးတွေ ကိုစောဘနှစ်ကို မေးမြန်းကြည့်ရန် အခွင့်အသင့်ဆုံး ဖြတ်နေပေသည်။

"ခင်ဗျားသူဌေး ဦးမြတ်မင်းနဲ့ရော အပျင်းပြေ သွားစကားမပြောဘူးလား"

"မဖြစ်ဘူးကွ၊ ငါက ဆေးပြင်းလိပ်သမား၊ အမြဲတမ်းဆေးပြင်းလိပ်ခဲနေတာ၊ သူဌေးဦးမြတ်မင်းက ဆေးပြင်းလိပ်အနံ့ကို မခံနိုင်ဘူး မုန်းတယ်တဲ့၊ ဒါကြောင့်ရော စကားမရှိ စကားရှာ မျက်နှာချိုသွေးတဲ့ အလုပ်ကို ငါမနှစ်သက်တာရောကြောင့် ခိုင်းစရာမရှိ လုပ်စရာမရှိတဲ့အချိန်မှာ ငါ့ဘာသာ ဆေးပြင်းလိပ်ခဲနေတာ အရသာအရှိဆုံးပဲ မှိုင်း၊ ဒါပေမဲ့ မင်းကိုတော့ ငါ သဘောတွေ့ပါတယ်၊ မင်းနဲ့ စကားပြောချင်တဲ့ ဆန္ဒမျိုးလည်း ငါ့မှာ ရှိပါတယ်၊ မင်းက ဟိုကောင်တွေနဲ့ တခြားစီပဲဟာ"



ကိုစောဘနှစ်သည် ဝေလုတို့ တစ်ဖွဲ့လုံးက ဦးမြတ်မင်းကို ဆရာကြီးဟု ခေါ်သော်လည်း သူကတော့ ဆရာကြီးဟု မခေါ်၊ သူဌေးဆိုသည့် နာမ်စားဖြင့်သာ ခေါ်သည်။

"ကိုစောဘနှစ်လိုလူက ဘာလို့ ဒီအသိုင်းအဝိုင်းထဲ ရောက်နေတာလဲဗျာ"

"ဒါကတော့ ဘုရားသခင် အလိုတော်ကျအတိုင်းပဲပေါ့ကွာ၊ ငါက ကားမောင်းတတ်တယ်၊ သူဌေးမှာ ဒရိုင်ဘာလိုနေတယ်၊ ငါ့ကို ဒရိုင်ဘာအလုပ် ခန့်တယ်၊ ဒါပဲပေါ့ကွာ။ ဒါကြောင့် ကားမောင်းတဲ့အလုပ်၊ ဒရိုင်ဘာလုပ်အပ်တဲ့အလုပ်၊ ငါ အားလုံးလုပ်ပေးတယ်၊ ဟိုကောင်တွေနဲ့ အရောဝင် အချိန်မဖြုန်းဘူး"

"ကောင်းတာပေါ့၊ ဒါထက် ကျွန်တော် ကိုစောဘနှစ်ကို မေးချင်တာတွေ ရှိနေလို့"

"မေးလေ၊ ငါဖြေနိုင်တာဆို ဖြေမှာပေါ့"

"ရန်ကုန်က ဦးကွန်းဇော် ဆိုတဲ့လူကို ကိုစောဘနှစ် သိသလား"

"သိတော့ မသိဘူး၊ မြင်တော့ မြင်ဖူးတယ်"

"မသိဘူး ဆိုမှတော့ မြင်တာနဲ့ သူဟာ ဦးကွန်းဇော်လို့ ကိုစောဘနှစ် ဘယ်လိုသိမလဲ"

"အရင်ကတော့ ဦးကွန်းဇော်မှန်း ဘာမှန်း ငါမသိဘူးလေ။ လူကို မြင်ဖူးတယ်၊ လူနဲ့ နာမည်တွဲပြီး ငါမသိဘူး၊ အဲဒီ

လူဟာ သူဌေး ဦးမြတ်မင်းဆီ မကြာခဏ လာဖူးလို့ ငါ မြင်ဖူးတဲ့ လူတစ်ယောက်လိုပဲ ငါ သိတယ်၊ ဒါပေမဲ့အဲဒီ လူဟာ ကော့ပုံရွာနားမှာ ကားမှောက်တယ်၊ မီးလောင် တယ်၊ သူ့အလောင်းကို မော်လမြိုင်ရဲအဖွဲ့ကို လွှဲပေးရ တယ်၊ အဲဒီမှာ သူဌေးဦးမြတ်မင်းကို ငါလိုက်ပို့ရင်း ကား မှောက်မီးလောင်တဲ့ နေရာကို ငါ ရောက်သွားတယ်၊ ရဲ တွ စစ်ဆေးချက်အရ ဒီလူဟာ ရန်ကုန်က ဦးကွန်းဇော် ဆိုတဲ့လူလို့ ငါ ကြားမိတယ်"

"ဒါဆို ဦးမြတ်မင်းနဲ့ ဦးကွန်းဇော်ဟာ မသေမီကတည်း က အဆက်အသွယ်ရှိတဲ့ သဘောပေါ့နော်"

"တို့သူဌေး ဦးမြတ်မင်းက အဲဒီလို ဆက်ဆံနေတဲ့လူတွေ အများကြီးပဲဟာ"

"ထပ်မေးပါရစေ၊ ဦးကွန်းဇော် မီးလောင်သေဆုံးချိန်မှာ ဦးမြတ်မင်း အိမ်မှာပဲ ရှိနေသလား ကိုစောဘနှစ်"

"ရှိနေပါတယ်၊ ညကြီးမင်းကြီး အဲဒီသတင်းကြားမှ ချက် ချင်း ဦးမြတ်မင်းတို့ ဒီအိမ်ကကားနဲ့ မောင်းပြီး လိုက်ပို့ ပေးတာ"

"ကိုဝေလုကော"

ကိုစောဘနှစ် နှာထင်လက်ညှိုးထောက် စဉ်းစား ပြီးမှ ဖြေသည်။ မီးသေသွားသော ဆေးပြင်းလိပ်ကို မီးပြန်ညှိ သေးသည်။



"ဝေလု မရှိဘူး၊ အဲဒီတုန်းက ဝေလုနဲ့ ဒေါ်န ရှမ်းဘက်ကို တက်နေတယ် ထင်တာပဲ၊ ဒီလိုပဲ ဝေလုက ခဏ ခဏ ခရီးထွက်နေတတ်တာပဲလေကွာ"

"ဦးကွန်းဇော်ရဲ့ကားနဲ့ ကိုဝေလု ကိုဒေါ်န ပါသွားကြတာ မဟုတ်လား ကိုစောဘနှစ်၊ အဲဒီလို အတူတူပါသွားကြတာ ကိုရော ကိုစောဘနှစ် မမြင်ဘူးလား"

"အား ... မင်းမေးတာ ငါ ဘယ်လိုဖြေတတ်မလဲ၊ ဝေလု တို့ ဒေါ်နတို့ ဘယ်သူနဲ့ ဘယ်ကိုသွားတယ်ဆိုတာ ငါက ဘယ်လိုသိနိုင်မှာလဲ၊ အဲ ... တစ်ခုတော့ ငါ့အမြင်က ရှိ တယ်"

"ဟုတ်ကဲ့၊ ပြောပါ"

"ဦးကွန်းဇော် ကားမမှောက်ခင် နှစ်ရက်လောက်က ကန် ကြီးရိပ်သာအိမ်ကို ရောက်လာတယ်၊ သူဌေး ဦးမြတ်မင်းနဲ့ နာရီဝက်လောက် စကားပြောကြတယ်၊ နောက်ပြီး နှစ် ယောက်စလုံး အိမ်အပြင်ထွက်လာပြီး ဝေလုနဲ့ ဒေါ်နကို ခေါ်နိုင်းပြီး ...

"မင်းတို့နှစ်ယောက် ငါ့မိတ်ဆွေကားနဲ့ လိုက်သွား ကြ၊ ချောင်းနှစ်ခွအထိ တက်မယ်လို့ အမိန့်ပေးတာနဲ့ ဦးကွန်းဇော်ရဲ့ကားနဲ့ ဝေလု ဒေါ်န ပါသွားကြတာ ငါ ကိုယ်တိုင် မြင်လိုက်တယ်"

ဟုတ်ပြီဟု မှိုင်း ရင်ထဲတွင် မှတ်ချက်ချလိုက်သည်။ ဖေဖေ ဦးကွန်းဇော် ဖြစ်ခဲ့သမျှတို့ကို အကြွေးပေးပုဂ္ဂိုလ်မှာ ဦးမြတ်မင်း ဖြစ်နိုင်ပြီး လက်တွေ့ဆောင်ရွက်သူတို့မှာ ကိုဝေလုနှင့် ကိုဒေါနပင် ဖြစ်ပေမည်။

ထိုစဉ်မှာပင် စကားသံ ကျယ်ကျယ်လောင်လောင် ပြောလာကြသည့် လူသုံးယောက်အသံကို ကြားရသည်။

မြင်လည်း မြင်ရသည်။

ကိုဒေါန၊ ကိုဟိန္ဒနှင့် ကိုဝဏ္ဏတို့ သုံးဦးဖြစ်ပါ၏။

"သူတို့လာကြပြီ၊ ကျွန်တော် ပြန်မယ် ကိုစောဘနှစ်"

"မင်း ပြန်ချင်တယ် ဆိုတာတော့ သဘောပေါ့ကွာ၊ သူတို့လာလို့ မင်း ပြန်မယ်ဆိုတာတော့ ငါ့ရင်ထဲ ဘဝင်မကျဘူး၊ ဘာဆိုင်လဲ၊ သူတို့လာတာ လာတာတခြား၊ မင်းနဲ့ ငါ စကားပြောတာက တခြားပဲဟာ"

"ဟုတ်ပါတယ်၊ ဘာမှမဆိုင်ပါဘူး၊ ကျွန်တော် ကိုယ်တိုင်က ပြန်ချင်ပြီမို့ပါ၊ အိပ်ချင်ပြီမို့ပါ"

"ဒါဆိုလည်း ပြန်ပေါ့ကွာ၊ လူသားတစ်ယောက် စားတာ၊ သောက်တာ၊ နေတာ ထိုင်တာ၊ ရှင်တာ သေတာ၊ သွားတာ လာဟာ၊ ဆိုဟာ အားလုံးဟာ ဘုရားသခင် အလိုတော်ကျပေါ့ကွာ"

မှိုင်း ကိုစောဘနှစ် ထံမှ ပြန်လာခဲ့သည်။





ကိုစောဘနှစ်သည် ဘာသာရေး ကိုင်းရှိုင်းပြီး ကိုယ့်ဘဝတွင် သတ္တိရှိရှိ စနစ်ကျကျ နေသူတစ်ဦးဟု ရင်ထဲမှ မှတ်ချက်ပြုမိသည်။

မှိုင်း မိမိအခန်းသို့ ဝင်ခဲ့သည်။

အိပ်ရာပေါ် ပစ်လှဲကာ အတွေးတွေ ဖလုံစီတော့သည်။

ယခု သဲလွန်စလေးတွေ ရလေပြီ။

ဖေဖေ ဦးကွန်းဇော်တွင် နောက်ဆုံးအထိ ရှိနေသော သိန်းပေါင်းများစွာ တန်ဖိုးရှိသည့် ကျောက်မျက်ရတနာတွေ ပြန်ရသည် မရသည်ကို အပထား။

ဖေဖေဦးကွန်းဇော်အား လုပ်ကြံသေစေခဲ့သူတို့ကိုမူ မှိုင်း ခြေရာကောက်မိလေပြီ။

သူတို့ကို မိမိရရ ဖော်ထုတ်ပြီး ဥပဒေလက်သို့ အပ်နိုင်လျှင် သေဆုံးသွားသော ဖေဖေဦးကွန်းဇော် အပေါ် မိမိ တာဝန်ကျေသည်ဟု စိတ်ကို ဖြေနိုင်မည်။

ဤကိစ္စကို ဖော်ထုတ်ပြီးသွားပါက ချစ်လှစွာသော ညိုညိုမင်းကို မှိုင်း လက်ထပ်ပေတော့မည်။

မညိုကလည်း တစ်သက်တွင် တစ်ယောက်သာ ချစ်မိသော မှိုင်းအား ပြည့်စုံ အဆင်သင့် ဖြစ်ပါက လက်ထပ်ကြစို့ဟု ပြောထားသည်။

"ဒေါက် ... ဒေါက် ... ဒေါက်"

မိမိအခန်းတံခါး လာခေါက်သံ မှိုင်း ကြားရသည်။ မသိဂိမာ ဖြစ်နိုင်သည်။

ဒေါ်စော၊ မယ်အိ၊ မယ်သန်း တစ်ဦးဦးလည်း ဖြစ်နိုင်သည်။

"တံခါးစေ့ရုံ စေ့ထားတာ တွန်းဝင်ခဲ့ပါ"

ဝင်လာသူမှာ ကိုဝေလု ပါပေ။

"တံခါးခေါက်နေသေးသတဲ့လားဗျာ၊ တွန်းဝင်ရင် ရနေသားနဲ့"

"မှိုင်းက ဆရာကြီး ခန့်ထားတဲ့ ပထမဆင့် ခေါင်းဆောင် မဟုတ်လား၊ ဒီတော့လည်း ထိုက်သင့်တဲ့ လေးစားမှု ကျွန်တော်တို့က ထားရမယ်လေ"

"ခနဲ့တဲ့စကားတွေပဲ ကိုဝေလု"

ဝေလုက ပြုံးလိုက်သည်။ ပြီး အခန်းထဲသို့ ဖြည်းလေးစွာ ဝင်ရောက်လာသည်။

ဘုတ်ရိုသေ ကျိုးရိုသေ ပုံစံမျိုး။

ခုတင်ဘေး စားပွဲရှိ ကုလားထိုင်တွင် ဝင်ထိုင်သည်။ မှိုင်းက ခုတင်ပေါ်တွင် လဲလျောင်းလျက်သားပင်။

"ကိုယ် မှိုင်းနဲ့ ဆွေးနွေးရုံသက်သက် လာတာပါ"

"ရတာပေါ့လေ၊ ဘာဆွေးနွေးမလဲ"



"တိုတိုနဲ့ လိုရင်းပေါ့ကွာ၊ ပဏာမတွေ နိဒါန်းတွေနဲ့ ပြောတာက စင်မြင့်ပေါ်တက်ပြီး ဟောပြောတဲ့ လူတွေသာပါ"

"ပြောလေ"

"မောင်ရင်နဲ့ မညို အခြေအနေဟာ ဘယ်လိုလဲ၊ ဘယ်အဆင့်ရောင်ပြီလဲ၊ မောင်ရင် မညိုရဲ့အချစ်ကို ရယူနိုင်ပြီလား"

"အဲဒါ ကျွန်တော့် ကိုယ်ရေးကိုယ်တာပဲ ကိုဝေလု"

"အဲဒီ မညိုနဲ့ မောင်ရင်ရဲ့ ကိုယ်ရေးကိုယ်တာကိုပဲ ငါက အသိချင်ဆုံး ဖြစ်နေတယ်လေကွာ"

"ကျွန်တော်က မညိုကို ချစ်တယ်လို့ ရန်ကုန်မှာနေတဲ့ တစ်နေ့မှာ ဖွင့်ပြောတယ်၊ မညိုကို ကျွန်တော် တကယ်ချစ်လို့ မအောင့်နိုင်တော့လို့ ဖွင့်ပြောတာပါ"

"မင်း မညိုကို ချစ်နေတာ ငါသိသားပဲ၊ မညိုက မင်းကို ဘာပြန်ပြောလဲ၊ ဖြေစမ်းပါကွာ၊ မြန်မြန်"

မှိုင်း လဲလျောင်းရာမှ ထထိုင်လိုက်သည်။ ဘာမဆို အဆင်သင့်ဖြစ်စေဖို့ ဖြစ်ပါ၏။

"မညို ကိုယ်တိုင်ကလည်း ကျွန်တော့်ကို ချစ်နေတာပါလို့ ပြန်ဖြေတယ်"

"တောက်"

ပြင်းထန်သော တောက်ခေါက်သံ ကိုဝေလုထံမှ ထွက်လာသည်။

မိုင်း ထိုင်ရာမှ အောက်ဆင်း မတ်တတ်ရပ်လိုက်သည်။ ဘာမဆို အသင့်။

"မင်းဟာ မညိုကို ငါ့ဆီက လုယူသွားတာပဲ မိုင်း"

"အချစ်ဆိုတာ လုယူလို့ရတာမျိုးမှ မဟုတ်တာ၊ ထားပါတော့လေ ကိုဝေလု လက်ထဲက ကျွန်တော်က လုယူတယ်ဆိုဦးတော့ ကိုဝေလုနဲ့ ကျွန်တော် ကျေရောပေါ့ဗျာ"

"ဘာကွ"

"ဦးကွန်းဇော် ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ကျွန်တော့်အဖေ အရင်းခေါက်ခေါက်ပဲ၊ တကယ်တော့ ဖေဖေဦးကွန်းဇော်ဟာ ကားသစ်ပင်တိုက် မမှောက်ခင် မီးမလောင်ခင်ကတည်းက ကားပေါ်မှာ သေနေပြီ၊ အသတ်ခံလိုက်ရတာလေ၊ ဖေဖေ့ဆီက ပစ္စည်းတွေကို ယူပြီးမှ ကော့ပုံရွာနားမှာ ကားတိုက် ကားမှောက် ကားမီးလောင် ပုံစံမျိုး ခင်ဗျားနဲ့ ကိုဒေါန ဖန်တီးလိုက်ကြတာ မဟုတ်လား"

ဝေလု ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ဒီကိစ္စတွေ ဒီကောင် မိုင်း အားလုံးသိနေပါလားဟု အံ့ဩခြင်းမက အံ့ဩသွားသည်။ ပါးစပ်အဟောင်းသား ပုံစံပါလေ။

"ဘာကွ ... ဦးကွန်းဇော်ဟာ ကားမတိုက် မမှောက် မီးမလောင်ခင်ကတည်းက သေနှင့်နေပြီ ဟုတ်လား"





"အသတ်ခံရပြီးပြီလို့ ကျွန်တော် ပြောခဲ့တာလေ၊ တော်စမ်းပါ ကိုဝေလုရာ၊ အခုမှ ကျွန်တော့်ကို အကြောင်ပုံစံ လာရိုက်မနေနဲ့"

"နေပါဦးကွ မိုင်း၊ မင်းပြောတာတွေ မှန်တယ်ထားပါဦး၊ ဦးကွန်းဇော်ကို ငါနဲ့ ဒေါနက ဘာလို့ သတ်ရမှာလဲ၊ မင်းက ဘယ်လိုအထောက်အထားနဲ့ သက်သေသက္ခာရ ပြနိုင်မှာမို့လဲ"

"ကျွန်တော့်လက်ထဲ သက်သေအထောက်အထားတွေ ရှိတဲ့နေ့ဟာ ခင်ဗျားနဲ့ ကိုဒေါနအတွက် သေမင်းခေါ်တဲ့နေ့ ဖြစ်မှာပဲ ကိုဝေလု၊ ဖေဖေ မသေခင် နှစ်ရက်လောက်က ဖေဖေ့ကားနဲ့ ခင်ဗျားရယ် ကိုဒေါနရယ် ချောင်းနှစ်ခွကို အတူသွားကြတယ် မဟုတ်လား"

"ဒါက ဆရာကြီးဦးမြတ်မင်းက ဦးကွန်းဇော်ကို အကူအညီပေးနိုင်ဖို့အတွက် ငါနဲ့ ဒေါနကို ထည့်ပေးတာ"

"အင်းပေါ့ဗျာ၊ လိုက်သွားတုန်းကတော့ ဖေဖေ့ကို အကူအညီပေးဖို့ ဖြစ်ကောင်း ဖြစ်မယ်ပေါ့၊ ဒါပေမဲ့ ဖေဖေ့မှာ တန်ဖိုးအနဂ္ဃ ထိုက်တန်တဲ့ ပစ္စည်းတွေ ပါရှိလာမှန်း သိတော့ ပစ္စည်းယူဖို့အတွက် လူသတ်တယ်ပေါ့ဗျာ၊ ဟုတ်ဖူးလား"

ဝေလု ကုလားထိုင်မှ ထရပ်လိုက်သည်။

ဘာပြောပြော မှိုင်းက အဆင်သင့်ပုံစံ ရယူပြီးသား။

ဝေလုသည် မှိုင်းနှင့် တစ်ဦးခြင်း သတ်ပုတ်ခြင်းကို မလိုလားသောကြောင့်ပဲ ထင်ပါ၏။ တံခါးပေါက်မှ အေးဆေးစွာ လျှောက်ထွက်သွားသည်။

အပြင်သို့ ခြေလှမ်းမထွက်မီ တံခါးပေါက်မှ မှိုင်းကို သမင်လည်ပြန် လှည့်ကြည့်ပြီး ပြောသည်။

"ဒါဆို မင်းစိတ်ထဲမှာ ငါဟာ မင်းအဖေကိုသတ်ပြီး ပစ္စည်းတွေ ဘုံးခဲ့တယ်လို့ ယူဆပြီး ငါ့ကို လက်စားချေမယ်ပေါ့၊ ဟုတ်လား မှိုင်း"

"ခိုင်လုံတဲ့ အထောက်အထားတွေ ရတဲ့နေ့ကျမှပါ ကိုဝေလု"

"အဆင်သင့်ပဲ မှိုင်း၊ ခုချိန်ထိ မညိုကို မျှော်လင့်ထားတုန်းပဲ ရှိသေးတယ်၊ အေး ... ငါ့အဖို့ မညိုဟာ လုံးဝမျှော်လင့်ချက် မရှိတော့ဘူးလို့ ဆုံးဖြတ်တဲ့နေ့ဟာ မင်းနဲ့ငါ ပွဲကြီးပွဲကောင်းပဲ မှိုင်း"

တံခါးကို ခြေနောက်ပြန် ဆောင့်ကန်ပိတ်ပြီး ဝေလု အပြင်သို့ ထွက်သွားသည်။

မှိုင်းက ချက်ချင်း တံခါးပြန်ဖွင့်ပြီး ဝေလု သွားရာသို့ လှမ်းကြည့်သည်။

ဝေလုသည် ကန်ကြီးရိပ်သာ တိုက်အိမ်ကြီးဆီသို့ သွားနေသည်။





ဝေလု အနေနှင့် သူတို့ဆရာကြီး ဦးမြတ်မင်းကို သွားရောက်တွေ့ဆုံရပေမည်။ မှိုင်း ဆိုသော ကောင်လေးသည် သူ၏ဖခင် ဦးကွန်းဇော် အသတ်ခံရပြီး ပစ္စည်းတွေ အဘုံးခံရသည်မှာ သူတို့လက်ချက်ဖြစ်မှန်း သိသွားပြီဟု သံတော်ဦး ဦးမြတ်မင်းကို သွားတင်ရဦးမည် မဟုတ်ပါလား။

တကယ်တော့ မှိုင်းကို ဦးကွန်းဇော်၏သားမှန်း သူတို့ သိထားပြီးသား ဖြစ်မည်။

ယင်းသို့ သိနိုင်စရာတွေလည်း ဦးမြတ်မင်းတွင် ရှိနေသည်။

ဖေဖေ ဦးကွန်းဇော် သေဆုံးပြီးနောက် မော်လမြိုင် ရဲစခန်းသို့ မှိုင်း ရောက်ခဲ့သည်။ ဖေဖေ ဦးကွန်းဇော် အတွက် အုတ်ဂူတည်ဆောက်ခဲ့သည်။

ဦးမြတ်မင်းနှင့် သူ၏အသိုင်းအဝိုင်းက ထိုစဉ်ကတည်းက မှိုင်းကို တစေ့တစောင်း မြင်တွေ့ထားခြင်း သိရှိထားခြင်းတွေ ရှိမည်။

ထို့ကြောင့်ပင် ...

မှိုင်းအား ကန်ကြီးရိပ်သာသို့ ရောက်လာအောင် တယ်လီဖုန်းထဲမှ အမည်မဖော်လိုသူတစ်ဦး အနေနှင့် ဦးကွန်းဇော်၏ အဖြစ်သနစ် အမှန်ကို သိချင်လျှင် မုဒ္ဒံ ကန်ကြီးရိပ်သာသို့ သွားဟု ခြေရာပေးလိုက်သည်။

ရန်ကုန် မဟာဗန္ဓုလပန်းခြံလမ်းထဲရှိ ဝတ်လုံတော်ရ ဦးသန့်စင်ကတစ်ဆင့် ထပ်ပြီး တမင်အကွက်ဆင် ဖန်တီးပြီး တောချောက်ပေးလွှတ်ပြန်သည်။

တကယ်တော့ ဖေဖေ ဦးကွန်းဇော် သေဆုံးမှုနောက်သို့ လိုက်စုံစမ်းနေသော မှိုင်းကို ကန်ကြီးရိပ်သာ ထောင်ချောက်ထဲသို့ အရောက်ပို့လိုက်ခြင်းတွေ ဖြစ်ပါ၏။

သူတို့ ဆင်ကွက်အတိုင်း မှိုင်းသည် ရောက်လာခဲ့သည့် သဘောပင်။

စဉ်းစားစရာ တစ်ခုတော့ ရှိနေသည်။ ဦးမြတ်မင်း ဖြစ်စေ ဝေလုတို့အဖွဲ့ဖြစ်စေ ဦးကွန်းဇော်ကြောင့်ဟူ၍ မှိုင်းကို အန္တရာယ်မပေးသေးပေ။

မှိုင်း ရောက်လာသည်နှင့် သတ်ပုတ်ပွဲတွေ ဆင်နွှဲရသည်မှာ သာမန်ဗိုလ်လုပွဲတွေသာ ဖြစ်ကြောင်းကလည်း ထင်ရှားနေသည်။

အကယ်၍သာ ...

ကန်ကြီးရိပ်သာ၏ အဝန်းအဝိုင်းထဲတွင် သူတို့အဖွဲ့အင်အားနှင့် မှိုင်းကို အသေနှုတ်ပိတ်ပြီး မြေမြှုပ်လိုက်လျှင်ပင် တစ်စုံတစ်ယောက် သိနိုင်ဖို့ ခက်ခဲလှသည်။

သူတို့သည် မှိုင်းအား ရှေးမဆွကပင် ဦးကွန်းဇော်၏သားမှန်း သိထားကြသည် မဟုတ်လား။





ယခုမူ အဘယ်ကြောင့် မှိုင်းကို ဒီအတိုင်း လက်ပိုက်ကြည့်နေကြပေသနည်း။

သူတို့သည် မှိုင်းအပေါ် မည်သို့သော အကွက်ဖြင့် ပိပိရိရိ ရှိသွားစေရန် ကြံစည်နေကြပေသနည်း။

ပဟေဠိတစ်ပုဒ်ပါပေ။

မည်သို့ဖြစ်စေ မှိုင်းကတော့ မိမိကိုယ်ကို သတိမလစ်စေရန်နှင့် ဘာအန္တရာယ်ကိုမဆို ခုခံနိုင်ရန် အသင့်အနေအထား ရှိနေမည်သာ။

❖ ✧ ❖

## ၁၆

သူတို့အားလုံး မိုးပျံပြီး မြေလျှိုးသွားကြလေသလား။

နံနက် မှိုင်း အိပ်ရာမှ ထကတည်းက ဦးမြတ်မင်းကိုလည်း မတွေ့။

ဝေလုနှင့် တစည့်တွေ အဖွဲ့ကိုလည်း ကန်ကြီးရိပ်သာတွင် တစ်ယောက်မျှ မတွေ့။

မည်သူမျှ မရှိသော်လည်း စားချိန် သောက်ချိန်တွင် ထုသော မောင်းသံကိုတော့ ကြားရသည်။

မှိုင်း ကော်ဖီသောက်ရန် တိုက်အိမ်ကြီးပေါ်သို့ လာခဲ့သည်။ ထမင်းစားခန်း၏ ပထမတန်းဝိုင်း မှိုင်း ထိုင်နေကျ ကုလားထိုင်တွင် မှိုင်း ဝင်ထိုင်သည်။

သူ့ဝိုင်းနှင့်သူ ချထားသော နေရာတွင် ဦးဟိုင်းလုံ တစ်ယောက် သူ့ဝိုင်း သူ့နေရာတွင် ထိုင်နေသည်ကို မှိုင်းတွေ့ရသည်။



မှိုင်း ကော်ဖီသောက်သည်။

ပေါင်မုန့်မီးကင်၊ ကြက်ဥကြော်၊ ဝက်အူချောင်းမီးကင်တို့ကို မှိုင်း စားသောက်နေစဉ် မသီဂီမာ ရောက်လာသည်။

"အယ် ... ဒီတစ်ခါတော့ ထူးထူးဆန်းဆန်း ကိုမှိုင်းက အရင်ဆုံး ရောက်နေပါလား"

"ဒါပေါ့ မသီဂီမာ၊ ကျွန်တော့်မှာ မောင်းသံလွတ်သွားတိုင်း အပြင်ထွက် စားသောက်ရတာတွေ မနည်းကုန်ကျသွားပြီလေ၊ နောက်ထပ် အပြင်ထွက် စားနိုင်ဖို့ ပိုက်ဆံအိတ်က ပိန်လာပြီပဲ"

"ပူစရာမဟုတ်တာ ပူတတ်ရန်ကော ကိုမှိုင်းရယ်၊ ဒီအိမ်မှာ လွတ်သွားရင် ဟိုအိမ်မှာ သွားစားပေါ့၊ ဒါဆို ပိုက်ဆံတစ်ပြားမှ မကုန်ဘူးပေါ့"

"ဘယ်အိမ်လဲ ပြောပါဦး၊ နောက်တစ်ခါ လွတ်သွားရင် ဖရီးသွားစားသောက်ဖို့"

"ပိန္နဲတိုက်ထဲက မချူလမ်း အိမ်လေ ကိုမှိုင်း"

"ဗျာ"

"ဘာ ဗျာလဲ၊ မသိယောင် ဆောင်မနေနဲ့၊ အဲဒီအိမ်မှာ မညို ပြန်ရောက်နေပြီလေ၊ ခုလောက်ဆို မညိုက ကိုမှိုင်းကို မျှော်လှရောပေါ့"

မှိုင်း ထိုင်ရာမှ ထလိုက်သည်။

"နေဦး ... မသွားနဲ့ဦး ကိုမှိုင်း"

"ဘာလို့ မသွားရမှာလဲဗျာ"

"အစ်ကိုကြီး ဦးမြတ်မင်း အခုနပဲ မညိုဆီ သွားတယ်လေ၊ သူတို့သားအဖ ဘာဆွေးနွေးစရာ ရှိနေလဲမှ မသိတာ၊ ကိုမှိုင်း ရောက်သွားရင် ဘယ်ကောင်းမလဲ။ နောက်ပြီး မညိုက ဒီနေ့မနက်ပဲ သူ ကျောင်းပြန်တက်မယ်ထင်တယ်၊ မညိုက သူ့ကျောင်းကို သံယောဇဉ် သိပ်ကြီးတာ"

"ဒါလည်း ဟုတ်တာပဲ၊ ဒါဆို ညနေဘက် မညို ကျောင်းဆင်းပြီးလောက်မှပဲ သွားတော့မယ်ဗျာ"

"အဲဒါ ကောင်းသားပဲ၊ ဒါဆို အခု စားသောက်ပြီးရင် ကိုမှိုင်းနဲ့ သီဂီမာ ကန်ကြီးစောင်းကို သွားကြမလား"

"အင်း ... သွားချင်တော့ သွားပေါ့လေ၊ ဒါပေမဲ့ ကျွန်တော့် အကြောင်း ဇာတိဇာစ်မြစ်တွေကို ဦးမြတ်မင်းတို့ အားလုံး သိသွားကြပြီ၊ မသီဂီမာ အတွက် နောက်ထပ် ကျွန်တော့်ဆီက အစ်အောက် မေးမြန်းစုံစမ်းစရာ ဘာတစ်ခုမှ မကျန်တော့ဘူးဗျ"

"ကိုမှိုင်း ဘာတွေပြောနေတာလဲ"

"ဩော် ... တကယ်လို့များ ဦးမြတ်မင်းက မသီဂီမာကို ကျွန်တော့်အကြောင်း ဇာစ်မြစ်တွေ စုံစမ်းပေးစမ်းလို့ ခိုင်းထားတာရှိရင် အဲဒါတွေ မလိုတော့ဘူးလို့ ပြောတာပါ"

သီဂီမာသည် ကော်ဖီကိုသာသောက်ပြီး ဘာမှမစားဘဲ ထိုင်ရာမှ ထရပ်လိုက်သည်။



"လာ ... သွားစို့ ကိုမှိုင်း"

နှစ်ဦးသား ယှဉ်တွဲလျှောက်ခဲ့ကြသည်။

အတန်ငယ် အချိန်စောနေသေးသောကြောင့်လား မသိ၊ ကန်ကြီးစေတီ၏ ပုရဝုဏ်အတွင်း၌ လူရှင်းလှသည်။

ရန်ကုန်မှ ကမ္ဘာအေးစေတီတော်ပုံသဏ္ဍာန် ဆင်ဆင်တူသော စေတီတစ်ဆူဆီသို့ ရောက်လာကြသည်။

ထိုစေတီတွင် ကန်ထဲသို့ ဒိုင်ဗင်ထိုးနိုင်သော ဘုတ်စင်လေးလည်း ရှိသည်။ ထိုဘုတ်စင်လေးမှာလည်း လူရှင်းနေသည်။

နှစ်ဦးသား စေတီတော်၏ ခြေတော်ရင်း အုတ်ခုံတွင်ထိုင်ကြသည်။

"ကိုမှိုင်းရဲ့ အကြောင်းကို ဦးမြတ်မင်းက သီဂီမာ့ကို စုံစမ်းခိုင်းတာ အမှန်ပါပဲ ကိုမှိုင်း၊ ဒါပေမဲ့ အစ်ကိုကြီး ဦးမြတ်မင်း ကိုမှိုင်း အပေါ် မြင်တဲ့ရှုထောင့်က ကောင်းသောကြည့်ခြင်းနဲ့ ကောင်းသောမြင်ခြင်းပါ"

"ပြောပါဦး၊ ဘယ်လိုကောင်းသောရှုထောင့်လဲ ဆိုတာ"

"ကိုမှိုင်း ရန်ကုန်ကို သွားနေတဲ့ ရက်အတွင်းမှာပဲ အစ်ကိုကြီး ဦးမြတ်မင်းက သီဂီမာ့ကို တရားရုံးမှာ တရားဝင် လက်ထပ်လိုက်တယ် ကိုမှိုင်း၊ အခုဆိုရင် သီဂီမာဟာ ဦးမြတ်မင်းရဲ့ ကြွေးသိမ်း ကြေးစားဘဝ မဟုတ်တော့ဘူး၊ တရားဝင်ဇနီး ဖြစ်သွားပြီလေ"

"အဲဒါကြားရတာ ဘာကယ့်ကိုပဲ မင်္ဂလာစကားပဲ ကွန်ဂရက်ကျူလေးရှင်း မသီဂီမာ"

"ကျေးဇူးတင်ပါတယ် ကိုမှိုင်း၊ သီဂီမာအဖို့တော့ ဝမ်းသာတယ်ဆိုရမှာထက် ကိုယ့်ဘဝ တည်ငြိမ်သွားပါပြီလားလို့ ကျေနပ်တာက ပိုပါတယ်၊ ဝမ်းသာဖို့ ဆိုတာကတော့ ကိုယ့်အဖေအရွယ်ကြီးကို ဘယ်မှာ လင်တော်ချင်မှာလဲ၊ ဒါပေမဲ့ သီဂီမာ ကျေနပ်တယ်လေ။ အစ်ကိုကြီး ဦးမြတ်မင်း အပေါ် သစ္စာရှိအောင် သီဂီမာ ထိန်းသိမ်းမှာပါ၊ မှန်တာ ပြောရင် ကြွေးသိမ်းခံ အဖျော်ဖြေခံ ဘဝတုန်းကတော့ သီဂီမာ စိတ်ကစားချင်မိတယ်လေ"

"စိတ်မကစားချင်မိစေနဲ့ မသီဂီမာ၊ တရားဝင်အိမ်ထောင်တစ်ခုမှာ သူ့ဈေးနဲ့သူ အရောင်းအဝယ် ဆန်တာမျိုးတော့ ရှိမှာပဲ၊ မသီဂီမာက အသက်ငယ်တယ်၊ ရုပ်ချောတယ်၊ ဒါပေမဲ့ ဆင်းရဲတယ်၊ ဦးမြတ်မင်းက အသက်ကြီးတယ်၊ ဒါပေမဲ့ ချမ်းသာတယ်၊ ဒီတော့ ဖလှယ်တဲ့နေရာမှာ ဒီလောက် အပေးအယူတော့ ရှိသင့်ပါတယ်"

"ကိုမှိုင်း ပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ သီဂီမာ့ရဲ့ နှလုံးသား ချစ်ခြင်းမေတ္တာကိုတော့ အကျဉ်းချ သော့ခတ်ထားရတာပေါ့ ကိုမှိုင်း"

"ဒီဘဝမှာတော့ အဲဒီနှလုံးသား ချစ်မေတ္တာတွေ မစဉ်းစားနဲ့တော့ မသီဂီမာ၊ နောင်တမလွန်ကျရင်သာ ကိုယ်လိုချင်





တဲ့ နှလုံးသားမေတ္တာမျိုး ရပါလို၏လို့သာ ဗုဒ္ဓဘုရားရှင်မှာ ဆုတောင်းပေတော့။ ကဲ ... ဒါတွေ ထားပါတော့။ မသီဂီမာရဲ့ ကံက ကောင်းတဲ့ဘက်ကို လိုက်ပြီပဲဟာ၊ ကဲ ဆက်ပြောပါဦး၊ ဦးမြတ်မင်း ရှုထောင့်က ကျွန်တော့်ကို ဘယ်လိုအကောင်းမြင်တာတဲ့လဲ"

သီဂီမာက ကန်ရေပြင်ကို ငေးကြည့်ရင်း ပြောပြသည်။

"ဦးမြတ်မင်းဟာ သူ့သမီး မညိုကို သိပ်ချစ်တာ"

"ဒါတော့ သူ့သမီးရင်းပဲလေ"

"ဟုတ်ပါတယ်၊ ဦးမြတ်မင်းဟာ တခြားမကောင်းမှုတွေ ဘာလုပ်လုပ် သမီးမညိုကိုတော့ အရမ်းသိပ်ချစ်တဲ့ ဖအေကောင်း တစ်ယောက်ပါ"

"အဲဒါ ကျွန်တော့်အပေါ် ရှုထောင့်ကောင်းတယ် ဆိုတာနဲ့ ပတ်သက်နေသလား မသီဂီမာ"

"အစ်ကိုကြီး ဦးမြတ်မင်းရဲ့ လုပ်ငန်းမှာ ကိုဝေလုကို အားကိုးရမဲ့အပိုင်းကဏ္ဍတွေ အများကြီးရှိတယ်၊ ဒါပေမဲ့ သမီး မညိုကို ကိုဝေလုနဲ့ လက်ထပ်ပေးဖို့ကျတော့ သိပ်ဝန်လေးနေတယ်၊ အဲဒီအခြေအနေနဲ့ အချိန်အခါမှာ ကိုမှိုင်း ကန်ကြီးရိပ်သာကို ရောက်လာတာပဲ"

"ကျွန်တော် ရောက်လာတာဟာ မညိုညိုမင်း အတွက် တမင်တကာ လာတာမှ မဟုတ်တာ"

"တမင်တကာ ရောက်လာတာ မဟုတ်ပေမဲ့ မှိုင်းဆိုတဲ့ လူတော်လူကောင်းတစ်ယောက် ရောက်လာတာပဲ မဟုတ်လား၊ ပညာတတ်တယ်၊ ရုပ်ချောတယ်၊ ယောကျ်ားပီသတယ်၊ စိတ်နေသဘောထား မြင့်မြတ်တယ်၊ အသောက်အစား လောင်းကစား ကင်းတယ်၊ မိန်းမအရှုပ်အထွေး မရှိဘူး၊ သစ္စာရှိတယ်၊ ဓာတ်ပါလေ လိုရင်းပြောရရင် ကိုဝေလုထက် အဘက်ဘက်က သာလွန်ကောင်းမွန်တဲ့ ကိုမှိုင်း ရောက်လာတယ်။ အဲ ... အစ်ကိုကြီး ဦးမြတ်မင်း ရင်ထဲမှာ သမီးမညိုအတွက် ကိုမှိုင်းလို လူမျိုးကိုသာ လိုချင်တာ၊ သီဂီမာ ပြောတာ ကိုမှိုင်း ဆိုတဲ့ ပုဂ္ဂလိကကို ပြောတာ မဟုတ်ဘူးနော်၊ တခြားအမည် ဖိုးခွေးဖြစ်ဖြစ် သံချောင်းဖြစ်ဖြစ် မှည့်ချင်တဲ့ နာမည်နဲ့ ဘယ်သူဖြစ်ဖြစ် ကိုမှိုင်း လို အရည်အချင်းမျိုးရှိတဲ့ လူကိုသာ ဦးမြင်မင်းက သမီးမညိုအတွက် အလိုရှိနေတာလို့ ဆိုလိုတာ။ ဒါကြောင့်လည်း သူ့မိတ်ဆွေဖြစ်တဲ့ ဝတ်လုံတော်ရ ဦးသန့်စင်ဆီမှာရော တခြားမိတ်ဆွေတွေ ဆီမှာရော အဲဒီလို လူမျိုးတွေ့ရင် သူ့ဆီလွှတ်ပေးပါလို့ မှာထားတာ"

"ဒါဆို ကျွန်တော့်ကို ဦးမြတ်မင်း အလုပ်ခန့်တာဟာ သူ့လုပ်ငန်း လုပ်စေဖို့ထက် သမက်လောင်း ရွေးလိုက်တဲ့ သဘောလားဗျာ"

"အဲဒီသဘောမျိုးပဲ ဆိုပါတော့"



"ကျွန်တော် လုံးဝမယုံကြည်ဘူး မသီဂီမာ"

"ဘာကို မယုံကြည်တာလဲ၊ မညို အတွက် ရည်ရွယ်ပြီး အလုပ်ခန့်တယ်ဆိုတာကို မယုံကြည်တာကို မယုံကြည်ဘူးလို့ ဆိုလိုချင်တာလား ကိုမှိုင်း"

"ဆိုလိုချင်တာ မဟုတ်ဘူး၊ ယုံကို မယုံကြည်တာ၊ ရှင်းပြီလား၊ ဒီထက်ရှင်းအောင် ပြောရရင် ဦးမြတ်မင်းဟာ ဦးကွန်းဇော်ရဲ့သားအရင်း မှိုင်းဆိုတဲ့ ဆင်ရိုင်းကို ကန်ကြီးရိပ်သာထဲရောက်အောင် ကျုံးသွင်းယူလိုက်ကာ၊ သူ့ နည်းပရိယာယ် အမျိုးမျိုးနဲ့ မှိုင်း ဆိုတဲ့လူကို ကျုံးသွင်းတာ၊ သမီး မညိုကြောင့် မဟုတ်ဘူး၊ ဦးကွန်းဇော် ဆိုတဲ့လူရဲ့ သားဖြစ်နေလို့ပဲ မသီဂီမာ။ ဒါပေမဲ့ ကျွန်တော်က ဆင်ရိုင်းကြီး မဟုတ်ဘဲ ဆင်လိမ္မာကြီး ဖြစ်နေမှန်းသိတော့ တခြားအကွက်တစ်ကွက် ပြောင်းပြီး သမက်လောင်းအကွက်လို့ ဆင်လိုက်တာပဲ။ အခု မသီဂီမာ ပြောတဲ့ ကောင်းမွထောင့် ဆိုတာဟာ ဦးမြတ်မင်းရဲ့ လှည့်ကွက်တစ်ကွက်ပါဗျာ"

"ကိုမှိုင်းမှားနေပြီလို့ သီဂီမာ ထင်တာပဲ၊ ဦးမြတ်မင်းက သီဂီမာကို တရားဝင်လက်ထပ်ပြီး တရားဝင်ဇနီးအနေနဲ့ ဦးမြတ်မင်းဘက်က လိုက်ပြောနေတာလို့တော့ သီဂီမာ့ကို မထင်လိုက်ပါနဲ့နော် ...

"အမှန်အကန် သီဂီမာသစ္စာစကားပြောမယ်၊ ကိုမှိုင်းကို ထိခိုက်နစ်နာသွားစေမယ့်ကိစ္စမျိုး သီဂီမာ မလုပ်ဘူး၊ စိတ်ချ။ သီဂီမာအပြောရခက်လိုက်တာနော်၊ ကိုမှိုင်း သီဂီမာ့ကို နည်းနည်းလေးမှ အကဲမခတ်မိဘူးလားဟင်၊ သီဂီမာလေ ကိုမှိုင်းကို ... ကိုမှိုင်းကို ..."

ဆက်မပြောဝံ့တော့သလို သီဂီမာ စကားရပ်သွားသည်။

မှိုင်းက သီဂီမာ ပြောချင်သည်ကို အကဲဖမ်းမိပါ၏။ မှိုင်း သက်ပြင်းတစ်ချက် မှုတ်ထုတ်မိသည်။

"ကျွန်တော်ဟာ တစ်ဦးတည်းသောသားအဖြစ် မွေးလာသူပါ မသီဂီမာ၊ ကျွန်တော် မသီဂီမာကို ညီမလေးတစ်ယောက် ကျွန်တော့်မေမေက မွေးပေးခဲ့ရင် သိပ်ကောင်းမှာ"

"အို ... ကိုမှိုင်းရယ်"

သီဂီမာသည် ညည်းတွားသံလေးနှင့်ပြောပြီး မှိုင်း၏ လက်မောင်းကို ဆုပ်ကိုင်ပြီး ချက်ချင်း လက်ကို ပြန်ရုပ်သိမ်းလိုက်သည်။

"မညိုကို သီဂီမာ ချစ်တယ်၊ သီဂီမာကို တရားဝင်ဇနီးအဖြစ် အစ်ကိုကြီးက လက်ထပ်တာမှာ မညိုကိုယ်တိုင်က သီဂီမာကို ငဲ့ညှာသင့်တယ်၊ သနားသင့်တယ်၊ စာနာသင့်တယ်ဆိုတဲ့ စကားတွေ သူ့ ဖေဖေ့ကိုပြောလို့ မညိုရဲ့ ထောက်ခံမှုအား ပေးမှုကြောင့် လက်ထပ်တာပါ၊ အခု ကိုမှိုင်းနဲ့ မညိုတို့





အခြေအနေတိုးတက်လာတာကို သီဂီမာ တကယ်ဝမ်းသာမိတယ်၊ သီဂီမာအဖို့ကတော့ ဒီဘဝမှာ လက်လျှော့တော့ နောင်ဘဝမလွန်ကျမှသာ ဆုတောင်းပေတော့လို့ ကိုမှိုင်းကို ပြောမလို့ပါပဲ"

ခြုံ၍ ငုံ၍ပြောရပါလေသော် အသက်ငယ်သေးပြီး နှလုံးသားအချစ်ကို လိုလားရှာသော သီဂီမာသည် မှိုင်းကိုပင် သူမ၏ နှလုံးသားတွင် ထည့်ထားမိသလို ရှိနေကြောင်း မှိုင်း အကဲခတ်မိသည်။

ဤအချက်ကို အကဲခတ်လိုက်မိသော မှိုင်းသည် ဤအကဲခတ်ချက်အရ နောက်ဆက်တွဲတစ်ချက် စဉ်းစားမိပြန်သည်။

မိမိအပေါ် သံယောဇဉ်ရှိနေရှာသော သီဂီမာသည် မိမိ အကျိုးပျက်စေမည့်ကိစ္စမျိုး လုပ်မည်မဟုတ်ဟူသော နောက်ဆက်တွဲအချက်ဖြစ်ပါ၏။

"မသီဂီမာကို ကျွန်တော် ယုံကြည်သွားပါပြီ။ ကဲ ... ခုန ပြောလက်စ စကား ပြန်ပြောကြစို့၊ တကယ်ပဲ ဦးမြတ်မင်းက သမီး မညိုအတွက် အရည်အချင်းပြည့်စုံတဲ့ လူရွယ်တစ်ယောက်ကို ခေါ်ယူတယ်ပဲထားပါတော့၊ အဲဒီလူရွယ်ကလည်း ရောက်ရှိလာတယ် ဆိုပါတော့၊ အဲဒီရောက်ရှိလာတဲ့လူဟာ မညိုရဲ့ ဖူးစာဖက် ဖြစ်သွားစေရမယ်လို့ ဦးမြတ်မင်းက ယုံကြည်ထားသလား မသီဂီမာ"

"ဟင့်အင်း … ရည်ရွယ်ထားတဲ့သဘောသာပါ၊ ယုံကြည်ထားလို့ ဘယ်ရမလဲ၊ ကိုမှိုင်းနေရာမှာ ကိုမှိုင်းမဟုတ်ဘဲ တခြား ကိုမှိုင်းထက် အရည်အချင်းပိုသာတဲ့ လူတစ်ယောက် ရောက်လာစေဦးတော့ အဲဒီလူကို မညိုကိုယ်တိုင်က ချစ်မှ ဖြစ်မြောက်မှာ၊ မညိုက မချစ်ရင် အစ်ကိုကြီး ဦးမြတ်မင်း ဘာစာတ်နိုင်မှာလဲ၊ အခုတောင် အစ်ကိုကြီး ဦးမြတ်မင်းက သူ့သမီးမညိုကို သိပ်ချစ်တာ၊ မညိုကို ဘယ်တော့မှ မဆန့်ကျင်ခဲ့ဘူး ကိုမှိုင်း"

"ဒါဆို ထပ်မေးမယ်၊ မညိုက သူမ နှလုံးသားနဲ့သူ တခြား ဆရာဝန်လိုလူ၊ အင်ဂျင်နီယာလိုလူနဲ့ မေတ္တာသက်ဝင်ပြီး အဲဒီဆရာဝန် အင်ဂျင်နီယာကိုပဲ လက်ထပ်မယ်ဆိုရင်ကော ဦးမြတ်မင်းက လက်ခံမှာပဲတဲ့လား"

"အဲဒီဆရာဝန် အင်ဂျင်နီယာလိုလူဟာ ကိုဝေလုနဲ့အဖွဲ့ကို ယှဉ်ပြိုင်ရဲမတဲ့လား ကိုမှိုင်း၊ တစ်ချီတည်း ထွက်ပြေးသွားမှာပေါ့၊ တကယ်ဆို ကိုမှိုင်းလိုလူသာ ရောက်မလာရင် ကိုဝေလုကို အစ်ကိုကြီး ဦးမြတ်မင်းက လိုက်လျောရမယ့်သဘော ရှိနေတယ်၊ တကယ်လို့သာ ဒီရောက်လာသူဟာ တခြားလူဖြစ်နေရင် ကိုဝေလုက အနှောင့်အယှက်ပေးမှာသေချာတယ်၊ လက်ရုံးအားကိုးလုပ်မှာ သေချာတယ်"





"ကိုဝေလုတို့က အဲဒီလောက်အထိ ဦးမြတ်မင်းအပေါ်မှာ လွှမ်းမိုးနေသလား ဒေသီဂီ"

"လက်ရှိ အခြေအနေမှာတော့ အဲဒီသဘောပဲ ကိုမှိုင်း၊ တကယ်တော့ အစ်ကိုကြီး ဦးမြတ်မင်းက ငွေရင်းထုတ်ပေးရုံပါ၊ တကယ်လုပ်သွားတာတွေက ကိုဝေလုဖြစ်နေတော့ အစ်ကိုကြီးအပေါ်မှာ ကိုဝေလု လွှမ်းမိုးလာတာမျိုးပေါ့ ကိုမှိုင်းရယ်၊ ဒါပေမဲ့ အစ်ကိုကြီးက သမီး မညိုလိုသမီးအဖိုးတန်ကို ဝေလုလိုလူနဲ့ ဘယ်လိုမှ သဘောမတူတာမို့ ကိုမှိုင်းလိုလူကို အရှာဖွေခဲ့တာ၊ အဲ … မညိုကိုယ်တိုင်ကလည်း ကိုမှိုင်းကို တွေ့ပြီးတဲ့နောက် စိတ်ဝင်စားသွားတယ်ဆိုတော့ အံကိုက်ဖြစ်သွားတာပေါ့၊ ဒါကြောင့်လည်း အခု မညိုနဲ့ ကိုမှိုင်း ဘယ်အခြေအနေ ရောက်နေပြီလဲဆိုတာ ဦးမြတ်မင်းက သိပ်သိချင်နေတာ"

စဉ်းစားတော့ စဉ်းစားစရာပေ။

အကယ်၍ ယခု ဒေသီဂီမှာ ပြောနေသော စကားတွေသည် မိမိအပေါ် သံယောဇဉ်ရှိနေသော ဒေသီဂီမှာ ပြောခြင်းမဟုတ်ဘဲ တခြားလူက ပြောခြင်းသားဆိုပါက မှိုင်း လုံးဝ အယုံအကြည်မရှိနိုင်ပေ။

"ဦးမြတ်မင်းဟာ ကျွန်တော် ဦးကွန်းဇော်ရဲ့သားအရင်းဖြစ်နေမှန်း မသိဘဲနေမလား၊ တကယ်သမက်အဖြစ် ရွေးမယ်ဆိုရင် ဦးမြတ်မင်းက ကျွန်တော့်ဇာတိဇာစ်မြစ်ကို မစုံ

စမ်းဘဲနေမလား၊ စုံစမ်းတာနဲ့ ကျွန်တော်ဟာ ဦးကွန်းဇော်ရဲ့သားမှန်း သိမှာပဲ”

“အဲဒီလောက်အထိတော့ သိဂ်ီမာ မသိဘူး ကိုမှိုင်း၊ အဲဒီ ဦးကွန်းဇော်အကြောင်းနဲ့ပတ်သက်လို့လည်း သိဂ်ီမာကို တစ်ခွန်းမှ မပြောဖူးဘူး၊ အခု သိဂ်ီမာ ပြောပြတာတွေ တောင် တရားဝင်လက်ထပ်ပြီးမှ အစ်ကိုကြီးက ပြောတာ”

“အင်းလေ ... တကယ်တော့ မညိုနဲ့ ကျွန်တော် ဒီအခြေအနေထိ ရောက်လာတာဟာ ဘေးပယောဂ ကင်းတယ်၊ မညိုနဲ့ ကျွန်တော်ရဲ့ နှလုံးသားကိုယ်စီက အလိုလို ချစ်သွားကြတာ”

“အဲဒီလို နှလုံးသားကိုယ်စီဖြစ်လာစေချင်လို့ပဲ ကိုမှိုင်းကို တမင် ရန်ကုန်ကို လွှတ်လိုက်တာ ကိုမှိုင်း၊ ရန်ကုန်မှာဆိုတော့ မညိုနဲ့ ကိုမှိုင်း လွတ်လွတ်လပ်လပ် နှစ်ကိုယ်ချင်း တွေ့နိုင်တယ် မဟုတ်လား၊ ဘေးလူတွေကို ဂရုစိုက်စရာ မလိုဘူး၊ ချစ်သူဘဝ ရောက်တယ် ဆိုတာကလည်း နှစ်ယောက်ချင်း တွေ့ဖန်များမှ ချစ်သူတွေဖြစ်သွားနိုင်တာ၊ ဒါကြောင့် မညိုရှိရာ ရန်ကုန်ကို ဦးမြတ်မင်းက ကိုမှိုင်းကို တမင်လွှတ်တာ”

“ဟာ ... အဲဒါကိုတော့ ကျွန်တော် လုံးဝ မယုံဘူး မသိဂ်ီမာ၊ မညို ရန်ကုန်သွားလို့ ကျွန်တော့်ကို ရန်ကုန်လွှတ်တာ လုံးဝမဟုတ်ဘူး၊ သူ့လုပ်ငန်းနဲ့ ပတ်သက်တဲ့





ဥပဒေနဲ့မလွတ်တဲ့ အထုပ်နှစ်ထုပ် ကျွန်တော့်ကို ပို့ခိုင်းလိုက်တာ”

သိဂ်ီမာ ပြုံးလိုက်သည်။

“အဲဒီအထုပ်နှစ်ထုပ်စလုံးထဲမှာ ဥပဒေနဲ့မကင်းတဲ့ပစ္စည်း လုံးဝမပါဘူး၊ သဲတွေ ကျုံးထည့်ပေးလိုက်တာ”

“ဘာဗျ”

“ကိုမှိုင်းပဲ စဉ်းစားကြည့်ပေါ့၊ ဥပဒေနဲ့မကင်းတဲ့ပစ္စည်းတွေ ထည့်ပေးလိုက်လို့ လမ်းမှာ သက်ဆိုင်ရာက စစ်ဆေးမိသွားရင် ကိုမှိုင်း ထောင်ထဲရောက်သွားမှာပေါ့၊ ဦးမြတ်မင်းက ကိုမှိုင်းကို သမက်လောင်းအဖြစ် ရည်ရွယ်ထားတာပဲ၊ မညိုနဲ့တွေ့စေအောင် တမင်လွှတ်လိုက်တာ”

“မဟုတ်ဘူး မသိဂ်ီ၊ အထုပ်ပေးအပ်တဲ့နေရာမှာ စကားဝှက်တွေ သင်္ကေတအသေးစိပ်တွေနဲ့ လွှတ်လိုက်တာ”

“အဲဒါတွေက ကိုဝေလု ယုံကြည်အောင် တမင်ဖန်တီးတာ၊ ခါတိုင်းအခေါက်တွေ ကိုဝေလုကို စေလွှတ်တဲ့ပုံစံအတိုင်း ဖြစ်အောင် လုပ်လိုက်တာ”

“မယုံသေးဘူးဗျာ၊ ရန်ကုန်ဆိုတာက အကျယ်ကြီး၊ လမ်းတွေကလည်း အများကြီးနဲ့၊ ရန်ကုန်မှာ ဘယ်လောက်ခင်မင်တဲ့သူဖြစ်ပါစေ လိပ်စာအတိအကျမသိရင် တွေ့နိုင်ဖို့ သိပ်ခက်တာ၊ ကျွန်တော့်ကို ရန်ကုန်လွှတ်တာနဲ့ မညိုနဲ့တွေ့စေမယ်လို့ လိပ်စာမသိဘာမသိ ဘယ်လိုမှ မဖြစ်နိုင်ဘူး”

"ဖြစ်နိုင်အောင် ဦးမြတ်မင်းက ကြိုတင်စီစဉ်ထားတယ်လေ၊ ကိုမှိုင်းနဲ့ မညို တွေ့လည်းတွေ့ကြရမယ်၊ တွေ့ကြပုံကလည်း ယုတ္တိရှိစေရမယ်ဆိုတဲ့ တင်ကြိုစီစဉ်ထားချက်ပေါ့"

"ဘယ်လိုတင်ကြိုစီစဉ်တာလဲ"

"ရန်ကုန်မှာ မညို တည်းခိုတဲ့ မရီရီမွန်အိမ်က မရီရီမွန်ရဲ့ အဖေဟာ ဦးမြတ်မင်းနဲ့ နဂိုတည်းက ခင်မင်ပြီးသား၊ နောက်ပြီး ရီရီမွန့်မိဘများနဲ့ ဂတ်လုံဂေ့ာ်ရ ဦးသန့်စင်က လည်း ခင်မင်တဲ့လူရင်းတွေ၊ ဒီတော့ ရီရီမွန်ရဲ့ အဖေကိုရော ဝတ်လုံဦးသန့်စင်ကိုရော ဦးမြတ်မင်းက သူ စီစဉ်ထားတာ တွေ ကြိုတင်အကြောင်းကြားထားပြီးသား။ ပြီးတော့ ကိုမှိုင်း ရန်ကုန်မှာလှုပ်ရှားသမျှ ဦးသန့်စင်က သူ့လူတွေနဲ့ နောက် ကလိုက်ခိုင်းထားလိုက်တယ်"

ဒါတော့ဟုတ်လောက်လေသည်။ ရန်ကုန်တွင် မိမိ နောက်သို့ တစ်ကောက်ကောက် လိုက်နေသော ရှဲဒိုးရှိခဲ့သည်ကို မှိုင်းကိုယ်တိုင် သတိထားသိရှိခဲ့သည်။

လက်စသော်တော့ ဦးသန့်စင် လိုက်ခိုင်းသော ရှဲဒိုး တွေ ဖြစ်နေသည်ကိုး။

သီဂီမာနှင့် စကားပြောနေစဉ်မှာပင် ဦးဟိုင်းလုံ ကြီး လိုက်လာသည်။

"သူ့ငွေးက မသီဂီကို အခေါ်လွှတ်လိုက်လို့ လာခေါ်တာ"





"ကျွန်တော်နဲ့ မသီဂီမာတို့ ဒီမှာ လာချိန်းတွေ့တယ်ဆိုပြီး ဦးမြတ်မင်းက မသီဂီမာကို အပြစ်တင် အပြစ်ပေးနေဦး မလားပဲဗျာ"

"မပူနဲ့ ကိုမှိုင်း၊ စိတ်ချ အစ်ကိုကြီး ဦးမြတ်မင်းက ကိုမှိုင်း ရဲ့ သိက္ခာသမာဓိကို ယုံကြည်ပြီးသား၊ အခုလည်း သူ့သမီး မညို ပြန်ရောက်တာမို့ ခေါ်ခိုင်းတာဖြစ်ဖို့များတယ်၊ ဒါဆို ကိုမှိုင်းကို ဦးမြတ်မင်းက ပိုပြီးတောင် အထင်ကြီးတာတွေ ယုံကြည်တာတွေ ပိုလာဦးလာမယ်၊ ဘာလို့လဲ ဆိုတော့ မညိုက သူ့အဖေကို ကိုမှိုင်းနဲ့ပတ်သက်ပြီး ချီးမွမ်းစကား တွေပြောဦးမှာကိုး"

"တကယ်တော့ အစ်ကိုကြီး ဦးမြတ်မင်းက သီဂီမာ့ကို တကယ် ချစ်ရှာပါတယ်၊ ချက်ချင်း လက်မထပ်တာက သူပိုင်ဆိုင်တဲ့ ဥစ္စာပစ္စည်း အမွေခွဲတဲ့အခါ တရားဝင်ဇနီး ရှိနေရင် သမီး မညိုအတွက် ခွဲဝေရမှာ စိတ်အနှောင့်အယှက် ဖြစ်မှာစိုးလို့ပဲ၊ နောက်ပိုင်း မညိုကိုယ်တိုင်က သီဂီမာ့ကို သနားတယ်၊ တရားဝင်လက်ထပ်ယူပေါ့လို့ပြောမှ ယူတာတဲ့။ မညို ကိုယ်တိုင်ကိုလည်း မညို မေမေ ဆုံးပြီး ချက်ချင်း မအေစု အမွေခွဲပေးထားပြီးသားလေ၊ စိတ်ချ၊ သူ့သမီးရဲ့ ချစ်သူ ကိုမှိုင်းနဲ့ သီဂီမာ့ကို လုံးဝ မသင်္ကာအထင်မှား မဖြစ်ဘူး"

"ဟေး … သိင်္ဂီမာ ဆရာကြီး ခေါ်ခိုင်းလိုက်တယ်လေ၊ နင် ကြာနေရင် ဆရာကြီးက ငါ့ကို အပြစ်တင်မှာ"

သိင်္ဂီမာသည် မှိုင်းကို နှုတ်ဆက်ပြီး ဦးဟိုင်းလုံနှင့်အတူ လိုက်ပါသွားပေတော့သည်။

ဦးဟိုင်းလုံနှင့် လိုက်ပါသွားသော သိင်္ဂီမာ၏ နောက်ပိုင်းကို မှိုင်း ငေးကြည့်နေမိသည်။

သိင်္ဂီမာဆိုသည် ငယ်သေးသည့် ကောင်မလေးသည် ဖခင်၏မေတ္တာ၊ မိခင်၏မေတ္တာ၊ အစ်ကို၏မေတ္တာ၊ အစ်မ၏မေတ္တာများ အပြည့်အဝ မခံစားရရှာသော မိန်းမငယ်လေးပါလား။

ယုတ်စွအဆုံး အချိန်တန်အရွယ်ရောက်လာပြီး နှလုံးသားက လှုပ်ရှားစကားပြောချိန်မှာပင် သူမ၏ နှလုံးသားလေးကို အကျဉ်းချသော ပိတ်ခံထားရရှာသည့် အချစ်ငတ်နေသူလေးပါလား။

မှိုင်းသည် ကန်ရေပြင်ကြီးကို ငေးကြည့်မိပြန်သည်။ တစ်ယောက်တည်း ကန်ကြီးဘေးတွင် ငူငူငိုင်ငိုင် ရှိနေတော့လည်း အတွေးတွေ ပလုံစီဝင်လာပြန်သည်။

ရန်ကုန်တွင် မိမိ နောက်သို့ ရှဲဒိုးလိုက်သည်မှာ ဦးမြတ်မင်း၏ အစီအစဉ်အရ ဦးသန့်စင်က လိုက်စေခြင်းဖြစ်သည်ဟုဆိုသည်မှာ ဟုတ်ပါလေစ။

ထားပါတော့ ဒီရှဲဒိုးကိစ္စ။





နောက်တစ်ခုက ရွှေတောင်ကြားလမ်းအိမ်မှ ဦးလေးဖြိုးက ပြောခဲ့သည်။ ရွှေတောင်ကြားလမ်းအိမ်ကို တစ်စုံတစ်ယောက်သည် ထွင်းဖောက် ဝင်ရောက်ရန် ကြိုးစားသည်မှာ နှစ်ကြိမ်ရှိလေပြီ။ ဦးလေးဖြိုး၏ ဝီရိယ၊ အိမ်စောင့်ခွေးကြီး၏ အစွမ်းကြောင့် ဝင်ရောက်ရန် ကြံစည်သူသည် နှစ်ကြိမ်လုံး နောက်ဆုတ်သွားရသည်ဟူ၍။

အားလုံး ဆက်စပ်ကြည့်လျှင် ယခု ဦးမြတ်မင်း၏ သူတော်ကောင်းပုံစံရှိနေသည်။ မိမိကို ကန်ကြီးရိပ်သာသို့ ရောက်အောင် ခေါ်ယူခြင်းကပင် မိမိက အရာရာတွင် ဝေလုထက်သာပြီး သမက်လောင်း ဖြစ်ချင်သောကြောင့်ဟု သိင်္ဂီမာက ပြောသည်။ အဲဒါကိုကော ယုံရမည်တဲ့လား။

ဒါဆိုလျှင် မိမိထံသို့ ဖေဖေ ဦးကွန်းဖော် သေဆုံးရသည်မှာ သွေးရိုးသားရိုးမဟုတ် အသတ်ခံရခြင်း ဖြစ်သည်ဟု တယ်လီဖုန်းဆက်ပြောသူသည် မည်သူနည်း။

တွေးစမ်း။

ဦးမြတ်မင်းသည် ဆရာကြီးဟုဆိုသော်လည်း လက်ရှိအခြေအနေတွင် ဝေလု၏ လွှမ်းမိုးခြင်း ခံထားရသည်။

ဖေဖေ ဦးကွန်းဖော် အသတ်ခံရမှုတွင် ဦးမြတ်မင်းက ဘာမှ မသိလိုက်ဘဲ ဝေလုတို့က ကြားဖောက်အကွက်ဆင်ပြီး ဖေဖေ့အား ပစ္စည်းယူ လုယက်ခြင်းပေလား။

ရှုပ်ပါ့။ ရှင်းကြည့်လေ ရှုပ်လေဖြင့် မှိုင်း ခေါင်းထဲတွင် ကြာအေးသူ့အမေရိုက် ပတ်ချာဝိုက်နေသည်။

"အဟမ်း ... အဟမ်း"

တမင်လုပ်၍ ချောင်းဆိုးသောအသံကြောင့် အသံကြားရာသို့ လှည့်ကြည့်လိုက်သည်။

သူသည် ပိန်လွန်းပါ၏။ ရှပ်အင်္ကျီ ဘောင်းဘီရှည်ကို ဂုက်ထားသောကြောင့် အမျိုးသားတစ်ယောက် ယောကျ်ားသားတစ်ယောက်ဟု ပြောရခြင်းသာဖြစ်သည်။ သူ၏ အသားသည် သွေးဆုတ်သောအဖြူမျိုးဖြူနေသည်။

"ခင်ဗျား ဦးကွန်းဇော်ရဲ့ တစ်ဦးတည်းသောသား မှိုင်း ဟုတ်ပါတယ်နော်၊ ခုန ဦးဟိုင်းလုံနဲ့ လိုက်သွားတဲ့ သီဂီမာနဲ့ ခင်ဗျား ခင်မင်ကြသားပဲ၊ ခင်ဗျားနဲ့ သီဂီမာနှစ်ယောက်ကို ကျုပ် ချောင်းကြည့်နေတာ အကြာကြီးပဲ"

"ဟုတ်တယ်၊ ကျုပ်ဟာ ဦးကွန်းဇော်ရဲ့သား အမှန်ပဲ၊ မှိုင်းပဲ"

"သိနေတယ်လေ၊ ဒါပေမဲ့ ခင်ဗျားဘာသာ ငေးချင်ရာငေးကြည့်နေတဲ့ပုံစံနဲ့ပဲနေပါ၊ ခင်ဗျားနဲ့ ကျွန်တော် သိကျွမ်းပြောဆိုနေတာမျိုး ဘေးက မမြင်ပါစေနဲ့"

ထိုလူ၏ အသံမှာ တစ်မျိုးဝဲနေသည်။ သီဂီမာ စကားဝဲတဲတဲ ပြောပုံနှင့် ဆင်တူသလို ရှိနေသည်။





"ခင်ဗျား အဖေ သေဆုံးတာနဲ့ ပတ်သက်ပြီး ခင်ဗျားဆီ တယ်လီဖုန်းဆက်ပြောသူဟာ ကျုပ်ပဲ။ ကျုပ်နာမည် နိုင်မင်းဆွေ၊ သီဂီမာရဲ့အစ်ကိုရင်းပဲ"

"ဟာ"

မှိုင်း အံ့ဩသွားသည်။

"နေမြဲနေလေ ဟန်မပျက်စေနဲ့"

"ပြောစရာရှိ ဆက်ပြောပါ ကိုနိုင်မင်းဆွေ"

"ပြောမယ်လေ၊ အဲဒီအတွက် မှိုင်းက ကျုပ်ကို ဘယ်လို ကျေးဇူးပြန်ဆပ်မလဲ"

"ဖေဖေ့ကိစ္စပဲ ခင်ဗျား ကြိုက်ဈေးတောင်းနိုင်တယ် ကိုနိုင်မင်းဆွေ"

"ဆယ်ရာခိုင်နှုန်းပေးမလား၊ ပစ္စည်းတွေက သိန်းအများကြီးတန်ဖိုးရှိတယ်နော်၊ တစ်သိန်းဆိုရင် ကျုပ်ကို တစ်သောင်းတော့ ပေးသင့်ပါတယ်"

"စိတ်ချ၊ ပစ္စည်းတွေ ပြန်ရရင် ခင်ဗျား နှုန်းအတိုင်း ပေးမယ်"

"မှိုင်းကို ကျုပ် ယုံတယ်၊ ညီမလေး သီဂီမာကလည်း မှိုင်းဟာ ဘာမဆို ယုံကြည်အားကိုးထိုက်တဲ့လူလို့ ကျုပ်ကိုပြောဖူးတယ်၊ ကဲ ... ကျုပ် ပြောမယ်၊ ဦးကွန်းဇော် သေသွားပေမဲ့ သူတို့ ဦးကွန်းဇော်ဆီက ဘာပစ္စည်းမှမရ

သွားဘူး၊ ရတနာတစ်ပွင့် ရွှေတစ်ပိဿာတောင် သူတို့ ရမသွားဘူး၊ ခင်ဗျားအဖေ ဦးကွန်းဇော်က သူတို့ထက် အများကြီးပိုလျင်တယ်၊ ဒါကြောင့် သူတို့ဟာ အဲဒီဦးကွန်းဇော်ရဲ့ ပစ္စည်းတွေနောက်ကို ပြန်လိုက်နေပြန်တယ်၊ နည်းအမျိုးမျိုးနဲ့ လိုက်နေကြတယ်"

"ဒါဆို ဖေဖေ့ပစ္စည်းတွေ ဘယ်မှာလဲ ကိုနိုင်မင်းဆွေ"

"ဘယ်သူ့ဆီမှာလဲ သိရင် ယူသွားကြပြီပေါ့ မှိုင်း၊ အခုက သိဖို့က ဦးကွန်းဇော်ရဲ့ပစ္စည်းတွေ ဘယ်သူမှ မရရှိသေးဘူး၊ မှိုင်းက သားအရင်းပဲ၊ သူတို့လိုက်ရှာနိုင်တာထက် ခင်ဗျားက အဲဒီပစ္စည်းတွေကို ပိုပြီးရှာနိုင်ရမှာပေါ့၊ အေး... ပြန်ရရင်တော့ ဆယ်ရာခိုင်နှုန်းပဲနော်"

"ဒါတော့ စိတ်ချ"

"စိတ်ချပြီးသားပါ၊ ဒါမှ ကတိပျက်ရင်လည်း ခင်ဗျားကို ကျုပ်က ချောင်းပြီးသတ်ပစ်မှာ"

ထိုစဉ်မှာပင် ဒိုင်ဗင်ဘုတ်ပေါ်သို့ ဆယ်လေးငါးနှစ်ကောင်လေးတွေ ဆူဆူညံညံနှင့် ရောက်လာကြသည်။

"ကျုပ် ပြန်သင့်ပြီ မှိုင်း"

"ကျုပ် ကိုနိုင်မင်းဆွေနဲ့ ဆက်တွေ့ချင်တယ်"

"မလွယ်ဘူး"ဟု ပြောပြီး နိုင်မင်းဆွေ ထွက်သွားသည်။





မနီးမဝေးလောက်ရောက်မှ နိုင်မင်းဆွေထံမှ အသံထွက်လာသည်။

"ရာဇဝင်ရာဇ်လမ်း အိမ်နံပါတ် (--)ကို ညကိုးနာရီ လာခဲ့၊ ဒါပဲ"

❖ ✧ ❖

## ၁၇

ညိုညိုမင်းက ရဲရင့်သည်။ ပြတ်သားသည်။ ညနေ ကျောင်းဆင်းသည်နှင့် ကန်ကြီးရိပ်သာသို့ လေးဘီးကားလေးမောင်းပြီး ရောက်လာရာ မှိုင်းကလည်း ညိုညိုမင်းထံသွားရန် အိမ်ထဲမှ ထွက်အလာနှင့် တန်းတိုးနေသည်။

"ဟေး ... ကိုမှိုင်း"

"ဟော ... မညိုဆီ အခု ကိုယ်လာတော့မလို့"

ဝေလု သူ့အခန်းထဲမှ ထွက်လာကာ ညိုညိုမင်းနှင့် မှိုင်းတို့ စကားပြောနေသည်ကို လှမ်းကြည့်နေသည်။

"လာ ... ဒါဆို သွားစို့"

နှစ်ယောက် ကားရှေ့ခန်းတွင် ယှဉ်တွဲထိုင်ကြသည်။ ညိုညိုမင်းက မောင်းသူနေရာတွင်ထိုင်ပြီး ကားပြန်ထွက်ရန်ဖြစ်ပါ၏။





"ဟော့ ... မှိုင်း"

ဝေလု အသံက မိုးခြိမ်းသံနှင့် ဟိန်းပြီး မှိုင်းကို ခေါ်လိုက်သည်။

မှိုင်းက ကားပြတင်းပေါက်မှ ဝေလုကို လှမ်းကြည့်သည်။

"မင်းနဲ့ငါ ဒီနေ့မဟုတ် မနက်ဖြန်ပဲဟေ့"

"ရတယ် ကိုဝေလု၊ ကြိုက်တဲ့နေရာ ကြိုက်တဲ့အချိန်မှာ အဆင်သင့်ပဲ"

ညိုညိုမင်း မောင်းထွက်လာခဲ့သည်။ ခြံကြီးတံခါးဝတွင် ဦးဟိုင်းလုံ စောင့်နေသည်။ ခြံတံခါးဖွင့်ရန် ပိတ်ရန်ဖြစ်ပါ၏။

ခြံတံခါးမှဆက်ပြီး မောင်းထွက်လာခဲ့သည်။

"တကတဲ တစ်နေ့လုံး ကြည်နူးနေတာလေးတောင် အယ် ပျောက်သွားမှန်းမသိဘူး"

"ဘာလို့လဲ ညို၊ ဘာလို့ တစ်နေ့လုံး ကြည်နူးတယ်ဆိုတာရယ်၊ ဘာလို့ ကြည်နူးတာလေး ပျောက်သွားတယ်ဆိုတာရယ်ကိုလေ"

"ကြည့်ပေါ့၊ ကိုဝေလုက မျက်နှာထိ မျက်နှာထားကြီးနဲ့ ကိုမှိုင်းကို ပြောလိုက်ပုံလေ၊ ညို နှလုံးနာလိုက်တာ၊ ကိုမှိုင်းက ညို့ချစ်သူ မဟုတ်လား"

"ဩော် ... ဒါလား၊ ဖြစ်တယ် ညို၊ ကိုယ့်အနေနဲ့ ဝေလု ကို ယှဉ်ပြိုင်ဖို့ အားတွေ မာန်တွေ အပြည့်အသင့်ရှိထားပြီး သားပဲဟာ"

"ဖေဖေ မနက်က ညို့ဆီလာတုန်းကလည်း ပြောသွားတယ်၊ ဝေလုက မှိုင်းကို မကျေနပ်ဘူးတဲ့၊ ကိုမှိုင်းဟာ ဝေလုကို ရင်ဆိုင်ရဦးမှာပဲတဲ့။ ဒါပေမဲ့ ညို့ကို မပူနဲ့တဲ့၊ ကိုမှိုင်းက ဝေလုထက် နှလုံးရည်မှာရော လက်ရုံးရည်မှာရော အမြဲ သာနေပြီးသားတဲ့။ ကိုမှိုင်းကိုသာ မဟုတ်ဘူးတဲ့၊ ညို အချစ် ပြန်ပေးတဲ့လူဆိုရင် ဘယ်သူ့မဆို ဝေလုက ရန် လုပ်မှာပဲတဲ့"

ပြောပြီး ကားမောင်းရင်းပင် သက်ပြင်းလေး ညိုညို မင်း ချမိသည်။

"ကိုမှိုင်းကို မညို ချစ်မိတာဟာပဲ အန္တရာယ်ပေးသလို ဖြစ်နေသလား ဆိုတဲ့ ခံစားမှု ညို ခံစားရတယ် ကိုမှိုင်း"

"မခံစားနဲ့ ညို၊ ကိုဝေလုကို ညိုနဲ့ပတ်သက်ပြီး ယှဉ်ပြိုင် [illegible]မဟုတ်လည်း ဒီပြင်အကြောင်းတစ်ခုနဲ့ အပြတ်အသတ် ယှဉ်ပြိုင်တိုက်ခိုက်မှာပဲ"

"ကိုမှိုင်း ပြောတာ ဘာအဓိပ္ပာယ်လဲ"

မှိုင်းက ညိုညိုမင်း မေးသည်ကို မဖြေသေးဘဲ မောင်းသွားရင်း ဆိုင်းဘုတ်ချိတ်ထားသော လမ်းတစ်လမ်း၏ အမည်ကို ကားပြတင်းပေါက်မှ လှမ်းကြည့်လိုက်သည်။





"ရာဇာဓိရာဇ်လမ်း"

မှိုင်း စိတ်ထဲတွင် ထိုလမ်းကို မှတ်သားထားလိုက် ပါ၏။ ည(၉)နာရီတွင် ဤလမ်းသို့ မိမိလာရမည်ဟု ကိုယ့်ဟာ ကိုယ် ပြန်သတိပေးလိုက်သည်။

ဖေဖေဦးကွန်းဇော်၏ ပစ္စည်းတွေ ပြန်လည်ရှာဖွေ ရေးအတွက် နိုင်မင်းဆွေနှင့် ယနေ့ည ကိုးနာရီတွင် ချိန်းထားပြီး သား မဟုတ်ပါလား။

ပြီး ... ဖေဖေ့ကို သတ်ခဲ့သူမှာ ဘယ်သူဘယ်ဝါဟု နိုင်မင်းဆွေထံမှ သိရမည် မဟုတ်လား။

"ကြည့် ... ကိုမှိုင်းကို ကြည့်ရတာ တကယ့်ကို တစ်မျိုး ကြီးပဲ၊ ရန်ကုန်မှာတုန်းကမှ ပျော်စရာကောင်းသေးတယ်၊ ညိုက ကြည်ကြည်နူးနူးနဲ့ ပျော်ချင်လို့ လာခဲ့တာတောင် ဘယ်ရောက်ကုန်မှန်း မသိတော့ဘူး။ တကယ်"

"ဆရာဓ ချောချောလေးကလည်း ဒေါ်ကြီးပဲ၊ ကိုယ့်ကို ခဏခဏပွမ်နေတာပဲ၊ သူ့ကျောင်းသား တပည့်လေးများ မှတ်နေသလား မသိဘူး"

မှိုင်းသည် ပျံ့လွင့်နေသော အတွေးများကို ပြန်လည် စုစည်းပြီး ရယ်ရယ်မောမောနှင့် အရွတ်အနောက်နှောပြီး ပြန်ပြော လိုက်ရသည်။

"မှတ်တယ်၊ ကျောင်းသားတပည့်ကို ပွမ်သလိုကို ပွမ်ရ မယ်၊ ကိုမှိုင်းကို ကြည့်ရတာ တစ်မျိုးကြီးပဲ၊ ညို အားမရ

ဘူး၊ ခုန ကိုဝေလုကို ညိုနဲ့ ပတ်သက်တာ မဟုတ်လည်း တခြားတစ်ခုခုကြောင့် ရင်ဆိုင်ရမှာပဲလို့ ပြောတယ်၊ အဲဒါ ညို နားမရှင်းဘူး၊ ကိုမှိုင်း ဘာကို ဆိုလိုတာလဲဟင်"

"ညိုရယ် ... ဝေလုကိစ္စ ဘေးချိတ်ထားလိုက်စမ်းပါ၊ အခု ကိုယ်စဉ်းစားနေတာက ဖေဖေဦးကွန်းဇော် သေသွားပြီး ပျောက်ဆုံးနေတဲ့ အဖိုးတန်ပစ္စည်းတွေ ပြန်ရရှိနိုင်ဖို့ မျှော်လင့်ချက်လေး တွေ့ထားလို့ အလေးအနက် စဉ်းစားပြီး ခဏ ငိုင်သွားတာပါ ညို"

"အဲဒါကိုပဲ ညို မကြိုက်တာ၊ အဲဒီ ကိုမှိုင်းရဖို့ မျှော်လင့်တဲ့ သန်းကျော်ပစ္စည်းတွေ ပြန်ရဖို့ မျှော်လင့်ချက် မရှိလေ ညိုက ကြိုက်လေပဲ၊ ဒါမှ ကိုမှိုင်းရဲ့ အာရုံတွေ အတွေးတွေ ညို့ဆီမှာ စုပုံလာမှာ"

"ဩော် ... ချစ်ညိုလေးရယ်၊ ကဲ ... ပြော၊ ကိုယ်နဲ့ညိုရဲ့ ကြည်နူးစရာ စကားလေးတွေ ပြောကြစို့"

"သွား"

ဟု မိန်းမသဘာဝအတိုင်း မျက်စောင်းလေးထိုး ပြောပြီးမှ ညိုညိုမင်းက ဆက်ပြောပြန်သည်။ ပြီးသွားပြီ ဖြစ်ပါ၏။

"မနက်စောစောကြီး ဖေဖေ ညို့ဆီကို ရောက်လာတယ် သိလား၊ ကိုမှိုင်းနဲ့ ညိုတို့ ယခုရောက်ရှိနေတဲ့ အခြေအနေကို ပွင့်ပွင့်လင်းလင်းပဲ မေးတယ်၊ ဖေဖေက ပြောသေး





တယ်၊ သမီးမေမေ မရှိတော့တဲ့နောက် ဖေဖေပဲ သမီးမေမေ နေရာ ယူရတာ မို့ သားအဖ ဖြစ်ပေမဲ့ မေးရတာပါတဲ့"

"ဒီတော့ ညိုလေးက ဘာပြန်ပြောလိုက်လဲ"

"အိုး ... ကိုမှိုင်းနဲ့ အပြန်အလှန် ချစ်နေကြပြီပဲဟာ၊ ချစ်သူတွေ ဖြစ်သွားကြပြီလို့ အမှန်အတိုင်း ပြောလိုက်တာပေါ့"

"ဒီတော့ ဘာပြန်ပြောလဲ"

"သိပ်ကောင်းတယ်တဲ့၊ သမီးကို မှိုင်းလိုလူနဲ့ပဲ လက်ထပ်စေချင်တာတဲ့၊ တစ်နေ့နေ့မှာ ကိုဝေလုက အကျပ်ကိုင်ပြီး ညို့ကို အရယူဖို့ ကြိုးစားမှာတဲ့၊ အခု သမီးနဲ့ မှိုင်း ဖြစ်သွားတာ အင်မတန် ဖြစ်သင့်တဲ့ကိစ္စတဲ့၊ သမီးကိစ္စ အထမြောက်သွားပြီပေါ့လေတဲ့၊ ဒါပေမဲ့ ဒီအတွက် မှိုင်းဟာ ဝေလုနဲ့ တစ်ပွဲတစ်လမ်းတော့ တွေ့ကြလိမ့်မယ်တဲ့"

"အဲဒီတစ်ပွဲတစ်လမ်းကိစ္စကို စိတ်အေးအေးနဲ့ ဘေးချိတ်ထားလိုက်ပါ ညို"

"ကိုမှိုင်း ဘေးချိတ်ထားလိုက်ပါ ဆိုပေမဲ့ ညိုကတော့ ကိုယ့်ချစ်သူအတွက် စိတ်ပူ စိုးရိမ်တာပဲ ကိုမှိုင်း၊ မတော်တဆမျိုးပေါ့လေ"

"ဘာမတော်တဆမျိုးလဲ"

"အိုး ... ကိုဝေလုနဲ့ သတ်ပုတ်ပြင် မတော်တဆ ကိုမှိုင်း တစ်ခုခု ဖြစ်သွားမှာကို ပူတာပေါ့၊ မချစ်မိခင်က ဘာဖြစ်

ဖြစ် ထိုင်ကြည့်နေနိုင်ပေမဲ့ အခု ညိုက ကိုမှိုင်းကို သိပ်ချစ်တာ။ သိပ်ချစ်တော့ မတော်တဆဆိုတဲ့ ပူပင်တာတွေရှိတာပေါ့”

“ဒီလောက်တောင်ပဲလား ချစ်ညိုလေးရယ်”

ချစ်ညိုလေးဟု ပက်ချွဲနှပ်ချွဲ အခေါ်ကြောင့် ညိုညိုမင်း တစ်မျက်နှာလုံး ပြုံးသွားသည်။ ငှဲစောင်းပြီး ချစ်ရည်ပြည့်မျက်ဝန်းအကြည့်ဖြင့် မှိုင်းကို ကြည့်မဝ ဖြစ်ရသည်။

မချူလမ်း ညိုတို့အိမ်သို့ အပြန်လမ်းမှာပင် ဘူးသီးကြော်ဆိုင်တင် မညို ကားရပ်သည်။

“အိမ်မှာ ဒေါ်လေးသူဇာက ဝက်သားနီချက် ချက်ထားမယ်တဲ့၊ ဒေါ်လေးသူဇာက ဝက်သားနီချက် သိပ်တော်တာ၊ သိပ်စားလို့ကောင်းတာ၊ ဘူးသီးကြော် ရွရွလေးနဲ့ တွဲစားရင် ထမင်းသိပ်မြိန်မှာ”

မညို ဘူးသီးကြော်ဝယ်ပြီး အိမ်သို့ ဆက်မောင်းရောက်ရှိလာသည်။

ငှားနေသောအိမ် ဆိုသော်လည်း ခြံကျယ်ဝန်းကျယ်နှင့် စိမ်းစိမ်းစိုစို သစ်ပင်ကြီးတွေနှင့် နေချင်စဖွယ် ခြေတံရှည်ပျဉ်ထောင်အိမ်လေး ဖြစ်ပါ၏။

နေချင်စဖွယ် အိမ်လေးမို့ မှိုင်း သဘောကျမိသည်။ ချစ်စွာသော ညိုနှင့် လက်ထပ်ပြီး ဒီအိမ်လေးမှာနေလည်း ရတာပဲ ဟူသော အတွေးပင် ပေါက်သွားသည်။





“ဧည့်သည်ပါလာတယ် ဒေါ်လေးသူဇာ၊ ဘူးသီးကြော်လည်း ဝယ်လာတယ်၊ ဒေါ်လေးသူဇာရဲ့ ဝက်သားနီချက်နဲ့ ဘူးသီးကြော်နဲ့ ထမင်း စားကြမယ်လေ၊ ဧည့်သည်လည်း စားမှာနော်”

“အဆင်သင့်ပါပဲ မညိုရယ်”

ဒေါ်လေးသူဇာ ဘူးသီးကြော်ထုပ်ယူပြီး ထမင်းပွဲပြင်ဖို့ ဝင်သွားသည်။

“ညို”

“ရှင် ... ကိုမှိုင်း”

“ဝက်သားနီချက်နဲ့ ဘူးသီးကြော်နဲ့ ထမင်းမြိန်မှာ သေချာပါတယ်၊ ဒါပေမဲ့ ကိုယ့်ကို ဧည့်သည်သဘောနဲ့ ညိုက ကျွေးတာလားဟင်”

“အို ... ဒေါ်လေးသူဇာရှေ့မှာတော့ ဒီလိုပဲ ပြောရမှာပေါ့”

“ဟင့်အင်း ... အဲဒါကို ကိုယ်ဘဝင်မကျဘူး၊ ကိုယ်က ညိုရဲ့ဧည့်သည်မှ မဟုတ်တော့တာ”

“ဒါဆို ညိုက ဘယ်လို ဒေါ်လေးသူဇာကို ပြောရမှာလဲ”

“မညိုရဲ့ချစ်ချစ် ကိုမှိုင်းလည်း ဒီမှာ ထမင်းစားမှာလို့ ပြောသင့်တာပေါ့ ညို”

“ဟွန်း ... ကိုမှိုင်း သိပ်ကဲချင်နေတယ်၊ အပိုတွေလည်း သိပ်တတ်နေတယ်”

“အဲဒါ သဘာဝပေးပါ အချစ်ရယ်”

ညိုညိုမင်း၏ ဖယောင်းတိုင်သဖွယ် လက်ညှိုးချောင်းလေးသည် မှိုင်း၏ နဖူးပြင်ကို ထောက်တို့လိုက်သည်။

"ကိုမှိုင်းနော် … ကိုမှိုင်း၊ ကိုမှိုင်း သိထားဖို့က ဒေါ်လေးသူဇာဟာ တစ်ခါမှ မတစ်ခါဖူးသေးတဲ့ အပျိုကြီးသိလား၊ ဟင်း … ဒေါ်လေးသူဇာ ရှေ့မှာ မျက်စိရှက်စရာ၊ နားရှက်စရာတွေ မလုပ်နဲ့၊ မကဲချင်နဲ့ သိလား"

✤ ✧ ✤





## ၁၈

ဝက်သားနီချက်လည်း တကယ်ကောင်း၊ ဝယ်လာသော ဘူးသီးကြော်နှင့် တကယ်လိုက်ဖက်သည့်ပြင် တခြားဒေါ်သူဇာ၏ ဖွယ်ဖွယ်ရာရာလေးတွေကလည်း ကောင်းလှသောကြောင့် မှိုင်း အရမ်းညစာထမင်းမြိန်သည်။ သုံးပန်ကန် ထမင်းမောက်မောက်ကြီးကို စားပစ်လိုက်သည်။

"ကိုယ်ပြန်မယ် ညို၊ နည်းနည်းတောင် မှောင်လာပြီ"

"သွားလေ၊ ညို့ကားနဲ့ လိုက်ပို့မှာပေါ့"

"ဟင့်အင်း မပို့နဲ့၊ ကိုယ်လမ်းလျှောက်ပြန်ချင်လို့"

"ဘယ်ဖြစ်မလဲ၊ မိုးချုပ်စပြုနေပြီပဲဟာ"

"မဟုတ်ဘူး ညို၊ ကိုယ်က ထမင်း သိပ်မြိန်ပြီး သိပ်စားလို့ ဗိုက်ကြီး တင်းနေပြီ၊ လမ်းလျှောက်မှ၊ ကိုယ့်မှာစားလိုက်အိပ်လိုက်နဲ့ အဆီတွေ တက်လာလိမ့်မယ်၊ ကိုယ့်လိုလူမျိုးဟာ အမြဲတမ်း ပေါ့ပါးသွက်လက်နေရမယ်မှန်း ချစ်ချစ်

သိသားနဲ့၊ ကိုယ်လမ်းလျှောက်ပြန်ပါရစေကွာ၊ ဒါမှဗိုက်ချောင်သွားမှာ၊ ကန်ကြီးရိပ်သာ ပြန်ရောက်လည်း အိပ်ရာထဲ တိုးဝင်ပြီး ညိုနဲ့ ကြည်နူးခဲ့တာလေးတွေ ပြန်နှပ်ဦးမှာ ကိုယ် လမ်းလျှောက်ပြန်ပါရစေနော် ညို”

နောက်ဆုံး ညိုညိုမင်း ခေါင်းညိတ်ပြမှ မှိုင်း မဉ္ဇူလမ်းအိမ်မှ လမ်းလျှောက်ပြီး ပြန်ခဲ့သည်။

လမ်းလျှောက်ရင်း လက်ပတ်နာရီကို ကြည့်လိုက်သည်။ (၈)နာရီ(၄၅)မိနစ်။

နိုင်မင်းဆွေနှင့် (၉)နာရီတွင် ချိန်းထားသည်မှာ (၁၅)မိနစ်သာ လိုတော့သည်။

လျှောက်ရင်း ရှေ့နောက်ဝဲယာကို အစဉ်သတိထား ကြည့်ရသေးသည်။ မိမိတွင် ဝေလု၏ အန္တရာယ်ရှိနေမှန်း မှိုင်း အမြဲသတိထားရသည်။

ပြီး ဖေဖေဦးကွန်းဇော် သေဆုံးသွားစေကာမူ အဖိုးတန်ပစ္စည်းတွေ ပါမသွားခဲ့။

ဖေဖေဦးကွန်းဇော်နှင့် ပတ်သက်ပြီး နိုင်မင်းဆွေအား ထပ်မံ တွေ့ကိုတွေ့ရမည် ဖြစ်သည်။

ရာဇာဓိရာဇ်လမ်းထဲသို့ မှိုင်း ဝင်လာခဲ့သည်။ နိုင်ဝင်းဆွေ ပေးထားသော အိမ်ခြံနံပါတ်ကို လမ်းမီးရောင်နှင့်ပင် ရှာတွေ့ပါ၏။ လမ်း၏အစွန်အဖျားပိုင်းကျပြီး လူနေအိမ်ခြေ ကျဲလွန်းသောနေရာ ဖြစ်ပါ၏။





အပေါ်စားခြေတံရှည် သစ်သားအိမ် ဖြစ်ပေသည်။ နိုင်ဝင်းဆွေလို လူအဖို့ အိမ်လခ သက်သာသော ထိုအိမ်မျိုးတွင်သာ နေနိုင်ပေမည်။

လှေကားမှာ ဘေးလှေကား ဖြစ်သည်မို့ လှေကားအတိုင်း တက်လာခဲ့သည်။ လှေကားထစ် ဆုံးသည်နှင့် အိမ်အဝင် တံခါးပေါက်ကို တွေ့ရသည်။

တံခါးမှာ တွန်းလိုက်ရုံနှင့် ပွင့်သွားသည်။ အထဲမှ ချက်ထိုးထားခြင်းမရှိ။ မှိုင်းနှင့် ချိန်းထားသောကြောင့် နိုင်ဝင်းဆွေက အိမ်တံခါး အသင့်ဖွင့်ပေးထားခြင်း ပေလားတော့ မသိ။ မှောင်မည်းနေသည်။

မှိုင်းက သူ့အိတ်ထဲမှ ဂက်(စ်)မီးခြစ်ကို ခြစ်ပြီး အလင်းရောင်ဖြင့် လိုက်ကြည့်သည်။

အိမ်ထဲရှိ ပက်လက်ကုလားထိုင် တစ်လုံးပေါ်တွင် လူတစ်ယောက် ဦးခေါင်းဘေးစောင်းဖြင့် ထိုင်နေသည်ကို တွေ့ရသည်။ ဝတ်ဆင်ထားသော အဝတ်အစားမှာ ကန်ကြီးတွင် တွေ့ခဲ့သည့် နိုင်မင်းဆွေ ဝတ်ဆင်သည့် အဝတ်အစားတွေမို့ ထိုလူသည် နိုင်မင်းဆွေပင် ဖြစ်ရမည်။

မှိုင်းသည် ဂက်(စ်)မီးခြစ်၏ မီးမြှင့်ခလုတ်ကို မြှင့်ခြင်းဖြင့် ပိုမိုလာသော အလင်းရောင်ဖြင့် ပက်လက်ကုလားထိုင်ပေါ်မှ နိုင်မင်းဆွေကို ကြည့်လိုက်သည်။

နိုင်မင်းဆွေတော့ နိုင်မင်းဆွေ မှန်ပါ၏။ သို့သော် မျက်လုံးနှစ်ဖက်ပြူးပြီး ပါးစပ်ဟနေသည်။ လှုပ်ရှားမှု လုံးဝမရှိပါလေတော့။ မှိုင်းက နိုင်မင်းဆွေ၏ လက်ကောက်ဝတ် သွေးကြောနေရာကို စမ်းကြည့်သည်။ သွေးခုန်ခြင်း လုံးဝမရှိပါလေတော့။ အသားကတော့ နွေးနွေးပင် ရှိနေသေးသည်။

ရှင်းပါ၏။

တစ်စုံတစ်ယောက်သည် မကြာသေးမီကပင် နိုင်မင်းဆွေကို လည်ပင်းညှစ် သတ်သွားခြင်း ဖြစ်ပေမည်။

မှိုင်း ပျာပျာသလဲ မဖြစ်ပေ။

နိုင်မင်းဆွေ၏ ပြူးပွင့်နေသော မျက်လုံးအစုံကို ပြန်ပိတ်ပေးလိုက်သည်။

လျှာတစ်လစ် ပြဲဟနေသော ပါးစပ်ကိုမူ မေးစေ့ပင့်ပြီး ပြန်ပိတ်သော်လည်း ပိတ်၍မရပေ။

သဲလွန်စတစ်ခုခု ရလိုရငြား နိုင်မင်းဆွေ ဝတ်ထားသော အင်္ကျီဘောင်းဘီအိတ်များတွင် ရှာဖွေကြည့်သည်။

စီးကရက်ဘူး၊ လက်ကိုင်ပဝါ၊ သော့တွဲ စသည့် ယောကျ်ားတစ်ဦး အသုံးအဆောင်ပစ္စည်းများကို တွေ့ရသည်။

လက်ကိုင်ပဝါ၏ ထောင့်တစ်ဖက်တွင် အထုံးလေး ထုံးထားသည်ကို မှိုင်း ဖြေကြည့်သည်။ ပလတ်စတစ်အိတ်လေးနှင့် ထည့်ထားသော အဖြူမှုန့် အိတ်လေးကို တွေ့ရသည်။ နံပါတ်





ဖိုးခေါ် ဘိန်းဖြူထုပ်လေးမှန်း မှိုင်း သိလိုက်သည်။ နိုင်မင်းဆွေသည် ဖိုးသမားပေကိုး။

ဂက်(စ်)မီးခြစ်ကို မှိုင်း ပြန်ပိတ်ပြီး မှောင်ထဲမှာပင် လာလမ်းအတိုင်း ထွက်ပေါက်သို့ ထွက်လာခဲ့သည်။

ရဲစခန်းသို့ သွားရောက်တိုင်ကြားဖို့ မှိုင်း စိတ်ကူးသေးသည်။

မဖြစ်သေး၊ တိုင်ကြားသူ မိမိကိုပင် သက်သေအဖြစ် ရဲအဖွဲ့က မိမိအား ခေါ်ချုပ်ထားလိုက်နိုင်သည်။

မှိုင်း စဉ်းစားကြည့်သည်။

မိမိနှင့် နိုင်မင်းဆွေ အဆက်အသွယ်ရှိကြောင်း လူသတ်သမားက သိမည်အမှန်၊ ထို့ကြောင့် နိုင်မင်းဆွေကို မိမိနှင့် ထပ်မံမတွေ့စေရန် အချိန်မီ နှုတ်ပိတ်သွားခြင်း ဖြစ်မည်။

ပထမ သိင်္ဂီမာကို စဉ်းစား။

မဖြစ်နိုင်။ ကန်ကြီးတွင် သိင်္ဂီမာအား ဦးဟိုင်းလုံက လာခေါ်သွားပြီးမှ နိုင်မင်းဆွေ ရောက်လာပြီး မှိုင်းနှင့်တွေ့ဆုံခြင်းဖြစ်သည်။

ပြီး ... နိုင်မင်းဆွေနှင့် မသိင်္ဂီမာသည် မောင်နှမအရင်း ဖြစ်နေသည်။ ကိုယ့်အစ်ကိုအရင်းကိုတော့ သိင်္ဂီမာ ဤမျှ မရက်စက်တန်ရာ။

"ဒါဆို ဦးမြတ်မင်း"

ဖြစ်နိုင်စရာ ရှိသည်။ သို့သော် မှဒ်တွင် ဦးမြတ်မင်း၏ တပည့်လက်သားတွေ ပေါများစွာရှိသည်။ ကိုယ်တိုင်လုပ်စရာမလို။

ဦးမြတ်မင်းသည် မိမိ မှိုင်းအား သမက်ဖြစ်စေလိုလားနေသူ ဖြစ်သည့် အချက်ကို စဉ်းစားလျှင် ကိုဝေလုကို ထည့်စဉ်းစားရမည်။

ဖြစ်နိုင်ချေ အများကြီး ရှိနေပါ၏။

ဝေလု ကိုယ်တိုင် တပည့်တွေ မွေးနိုင်သည်။ ရေကူးဒိုင်ဗင်ဘုတ်ပေါ်တွင် လာရောက်သွားသော ချာတိတ်တွေသည် ဝေလု၏မွေးထားသာ ချာတိတ်တွေ ဖြစ်ကောင်းဖြစ်မည်။

ထပ်စဉ်းစားကြည့်သည်။

ဦးမြတ်မင်းသည် အသက်အနည်းငယ် ကြီးသွားပြီ။ နိုင်မင်းဆွေလို လူရွယ်တစ်ဦးအား ဦးမြတ်မင်းက နှစ်ယောက်ချင်း လည်ပင်းညှစ်သတ်တဲ့အထိ စွမ်းဆောင်နိုင်မည်တဲ့လား။

ဝေလုလိုလူကျတော့ နိုင်မင်းဆွေလို လူကို လည်ပင်းညှစ်သတ်ဖို့မှာ ထမင်းစားရေသောက်လောက် လွယ်သည်။

အင်းလေ ... ကွက်ကျော်တွေရိုက်ပြီး ကင်းယူလိုက်သော ကိုဝေလုနှင့် မှိုင်း မလွဲမသွေ တွေ့ကြဦးမည်သာ။

ကန်ကြီးရိပ်သာသို့ မှိုင်း ဘေးမသိ ရန်မခ ပြန်ရောက်လာသည်။ ခြံတံခါး ပိတ်ထားပေပြီ။

"ဦးဟိုင်းလုံ ... ဗျို့ ... ဦးဟိုင်းလုံ"





မှိုင်းသည် မော်တော်ဆိုင်ကယ် ပါမသွားတာကြောင့် ဟွန်းတီးပြီး မခေါ်နိုင်ဘဲ လှမ်းအော်ခေါ်ရတော့သည်။

"ကိုဟိုင်းလုံ မရှိဘူးကွ၊ နေ့ခင်းကပဲ သံဖြူဇရပ်က သူ့ညီဆိုလား ဘာလား အသည်းအသန်ဖြစ်လို့ သွားပါရစေဆိုပြီး သူဌေးဦးမြတ်မင်းဆီ ခွင့်တောင်းပြီး ပြန်သွားတယ်"

ကိုစောဘနှစ်က တံခါးလာဖွင့်ပေးရင်း ပြောပြခြင်းဖြစ်သည်။

မှိုင်း ခြံတံခါးအပွင့်တွင် အထဲသို့ ဝင်လိုက်သည်။

"မနက်ကတောင် ဦးဟိုင်းလုံ ရှိနေသားပဲ၊ ကန်ကြီးကိုလိုက်လာပြီး သီဂီမာကို ဦးမြတ်မင်း ခေါ်ခိုင်းလို့ လာခေါ်သွားသေးတယ်လေ"

"ပြောတတ်ဖူးလေကွာ၊ သူဌေးက နေ့ခင်းမှ ငါ့ကိုပြောတာ၊ ဦးဟိုင်းလုံ ခွင့်ယူသွားလို့၊ ဦးဟိုင်းလုံ ခြံစောင့်အလုပ်ကိုပါ ငါက ဝင်လုပ်ပေးပါဆိုလို့ ဒရိုင်ဘာ ခြံစောင့်ပူးတွဲ ငါလုပ်နေရတာ"

"ဟုတ်လား"

"ခြံတံခါး သော့မပိတ်သေးဘဲ မင်းကို ငါ စောင့်သေးတယ်"

"ဆောရီးပဲ ကိုစောဘနှစ်၊ ကျွန်တော် ကိစ္စတစ်ခုကြောင့် နောက်ကျသွားတယ်"

"ငါ သိတယ် မှိုင်း၊ အဲဒီလို နောက်ကျမဲ့အတူတူ မဍ္ဍူလမ်းအိမ်မှာပဲ တစ်ညအိပ်လိုက်ရောပေါ့ကွာ"

"ဟာဗျာ ... မရဘူးဗျ၊ ညိုက အင်မတန် စောင့်စည်းတာ"

"အေး ... ဒါတော့ ငါမပြောချင်တော့ဘူး၊ ဘုရားသခင် အလိုတော်ကျအတိုင်း ဖြစ်တတ်တာတွေကိုးကွ"

ဦးစောဘနှစ် အသံသြကြီးနှင့် ရယ်မောပြီး ထွက်သွားသည်။

မှိုင်း သူ့အခန်းသို့ ပြန်လာသည်။ ဝေလု အခန်းသည် မှောင်မနေဘဲ မီးရောင်လင်းနေသည်ကိုပါ မှိုင်း သတိထားမြင်မိသည်။

နိုင်မင်းဆွေကို လည်ပင်းညှစ် သတ်ခဲ့ပြီး ဟန်မပျက် ဣန္ဒြေမပျက် ခပ်တည်တည် သူ့အခန်းတွင် နေပြသည်မျိုး ဖြစ်နိုင်သည်။ ကိုဝေလုကို မှိုင်း လျှော့တွက်၍မဖြစ်၊ ဝေလု လူတွေသတ်ဖူးပေါင်း များလောက်ပြီ၊ အလေ့အကျင့် မရှိဘူးဆိုပါက လူသတ်မိလျှင် ဂနာမငြိမ် အမူအရာတွေ ပျက်တတ်သည်။

ဝေလုကတော့ တည်တည်ငြိမ်ငြိမ်ပင်။

မှိုင်း သူ့အခန်းဖွင့်ဝင်ကာ ရေချိုးသည်။ အေးစိမ့်လန်းဆန်းသွားအောင် အဝချိုးသည်။

ရေချိုးသန့်စင် အဝတ်လဲပြီး ထွက်လာသည်။

ကိုဝေလု ရောက်နေသည်ကို တွေ့ရသည်။

"ဩော် ... ကိုဝေလု ရောက်နေလား"





"အေး ... ငါ မင်းပြန်အလာကို စောင့်နေတာပဲကွ"

"ဘာလဲ ... စီန်ခေါ်ပွဲ ချတော့မလား၊ ကျုပ်မချိုးခင်က ချရောပေါ့ဗျာ၊ ချပြီးရင် ရေပြန်ချိုးရဦးမယ်၊ ကျုပ် ဒီချပွဲတွေကို ငြီးငွေ့လာပြီ၊ ဒါပေမဲ့ ရတယ်လေ၊ ပွဲစချင်လည်း စပေတော့"

ဝေလုက ရယ်သွမ်းသွားလိုက်သည်။

"မှိုင်း ... မင်းကတော့ တကယ့်လူပဲ၊ ငါ့မှာ မင်းနဲ့ချစရာ ပတ်သက်စရာ မရှိတော့ဘူးလို့ ငါ့ဟာငါ ဆုံးဖြတ်ပြီးပြီ"

"ဗျာ ... ခင်ဗျားဟာက ချက်ချင်းကြီး ပြောင်းလဲသွားပါလား။ ညနေက မညိုနဲ့ကျွန်တော် သွားတုန်းကပဲ ခင်ဗျား ဒေါမာန်တွေနဲ့ ဒီနေ့မဟုတ် နက်ဖြန်လို့ စိန်ခေါ်သေးတာပဲ"

"အေး ... ဒါတင် ဘယ်ကမလဲ၊ မင်းတို့နှစ်ယောက် ထွက်သွားတော့ ငါ နံရံကို ခေါင်းနဲ့တိုက်တယ်၊ လက်သီးနဲ့ ထိုးတယ်၊ ခြေနဲ့ကန်တယ်၊ ပုလင်းတွေ ဖန်ခွက်တွေ ရိုက်ခွဲတယ်"

"ဖြစ်မှ ဖြစ်ရလေ ကိုဝေလုရယ်"

"ငါ အဲဒီလို လုပ်နေတုန်း စောဘနှစ် ရောက်လာတယ်၊ ငါ ဒေါကန်ပြီး လုပ်နေတာကို သေချာကြည့်ပြီး 'မင်းဟာ အရူးပဲ ဝေလု' လို့ ပြောတယ်"

"ကိုစောဘနှစ်က ခင်ဗျားကို"

"အေး ... သူက ဒီလိုပြောတော့ ငါ တအားပိုပြီး ဒေါသထွက်တယ်၊ စောဘနှစ်ကို သွားတွေကျိုးအောင် မေးရိုးပြုတ်အောင် ငါ့လက်သီးနဲ့ ထိုးမလို့ သူ့ဆီကို သွားတယ်၊ အံမာမင်း ... အံ့ဩစရာပဲ မှိုင်း"

"ဆိုပါဦး"

"အလမ္ပာယ်ဆရာက မြွေဆိုးကို တစ်ချက် အပေါက်မခံဘဲ ချုပ်ကိုင်သလို စောဘနှစ်ကြီးက ငါ့ကို ချုပ်ကိုင်ထားလိုက်တယ်လေ"

"ဩော် ... ကိုစောဘနှစ်ကြီးက ..."

"အေး ... စောဘနှစ်ကြီးကပဲ"

မှိုင်းပင် အံ့ဩသွားရတော့သည်။ ဦးမြတ်မင်း၏ တပည့် ဝိုင်းတော်သားများ အထဲတွင် ကိုဝေလုက အဆင့်အမြင့်ဆုံးဖြစ်ပြီး ဦးဟိုင်းလုံနှင့် ကိုစောဘနှစ်က အဆင့်အနိမ့်ဆုံးထားသူများ ဖြစ်သည်။

ယခု ဝေလုကို စောဘနှစ်က ပါးပျဉ်းထောင်မြွေကို အလမ္ပာယ်ဆရာက အပိုင်အနိုင် ချုပ်ကိုင်သည် ဆိုခြင်းမှာ ယုံနိုင်စရာပင် မရှိ။

"သူက ငါ့ကို မလှုပ်နိုင်အောင် ချုပ်ကိုင်ထားရင်း ပြောသေးသကွ ...





"မင်းဆီကို ငါလာတာ မင်း အထိုးအနှက်ခံဖို့လာတာမဟုတ်ဘူးတဲ့၊ မင်းရင်ထဲမှာ မီးကျနေတဲ့အပူကို ငါက ငြိမ်းသတ်ပေးဖို့ လာခဲ့တာတဲ့၊ မင်း စဉ်းစားကြည့်တဲ့၊ ဆရာမ မညိုကို မင်းက လိုချင်ပါတယ် ဆိုတော့ကော မင်းမှာ မညိုကို ပိုင်ဆိုင်နိုင်ခွင့် အခွင့်အရေး ဘာရှိလဲတဲ့၊ ဥပမာပဲ ဆိုပါတော့၊ သူဌေးဦးမြတ်မင်းက သိင်္ဂီမာကို ရယူနိုင်ခဲ့တယ်တဲ့၊ အဲဒါ ကြွေးနဲ့သိမ်းနိုင်ခွင့် သူဌေးမှာရှိလို့ သိမ်းတာတဲ့၊ ဒီမှာ ဝေလုတဲ့၊ လူသတ္တဝါတွေအားလုံး ကိုယ်စီဖြစ်ပျက်နေတာတွေဟာ ဘုရားသခင်အလိုတော်ကျပဲတဲ့၊ မင်း မညိုကို ပိုင်ဆိုင်နိုင်ခွင့် တစ်ခုတည်းပဲ ရှိတယ်တဲ့၊ အဲဒါ မညိုက ဝေလု ဆိုတဲ့မင်းကို သူ့ရင်ထဲ နှလုံးထဲက ချစ်လာမှ မင်းရနိုင်မယ် ဝေလုတဲ့။ တကယ်ဆို မင်းက ကန်ကြီးရိပ်သာကို ဟိုအစောကြီး ကာလထဲက ရောက်ခဲ့တာပဲ၊ ဒါပေမဲ့ မညိုက မင်းကို မချစ်ဘူးလေ ...

အဲဒါ ဘုရားသခင်က မင်းကို မပေးလို့ဘဲမှတ် ဝေလုတဲ့၊ အခုရောက်လာတာ ဘာမှမကြာသေးတဲ့ မှိုင်းကျတော့ မညိုက သူ့ရင်ထဲ နှလုံးထဲက ချစ်သွားတယ်၊ အေး ... ဘုရားသခင်က မှိုင်းကျတော့ အလိုတော်ကျသကိုး၊ အဲဒါကို မင်း ဒေါသသိပ်ထွက်နေသလားတဲ့၊ မင်းတို့ ဗုဒ္ဓဘာသာဝင် သဘောနဲ့ကြည့်ရင် ကံပေါ့ကွာ၊ ကံ ... ကံ၏

အကျိုးကို ဘယ်သူမှ မလွန်ဆန်ဘူးလို့ အဟောအပြော တွေ ရှိနေတာပဲ ဝေလုတဲ့ ...

"စောဘာနှစ်ရဲ့ စကားတွေက ငါ့ဒေါသကို ငြိမ်းသွားစေတယ်ကွ၊ သူပြောတဲ့ ဘုရားသခင် အလိုတော်ကျ တုန်း၊ ကံ ... ကံ၏အကျိုးပေး ဆိုတာတွေက ငါ့အဖို့ နက်ရှိုင်းလွန်းပါတယ်၊ ငါ နားဝင်သွားတာ တစ်ချက်က အခုလက်ရှိ အခြေအနေမှာ မညိုကို ငါ ရယူဖို့ ငါ့ဘက်မှာ အခွင့်အရေး သုည ရောက်နေတယ်ဆိုတဲ့ အချက်ပဲ၊ ဆရာကြီးက သိင်္ဂီမာကို ကြွေးနဲ့သိမ်းနိုင် ရယူတယ်၊ မညိုကို ငါက ကြွေးနဲ့သိမ်းယူနိုင်သလား၊ ဝေးသေး၊ ငါတောင် ဆရာကြီးဆီမှာ အလုပ်လုပ်လို့ ထမင်းဝအောင် စားနေရတာ၊ လုပ်ငန်းတစ်ခု လုပ်ပေးပြီးမှ ထိုက်သင့်တဲ့ ဝေစုရတဲ့ဘဝ"

မှိုင်းသည် ဝေလု ပြောသမျှကို ဘာမှပြန်မပြောဘဲ နားထောင်ရုံ သက်သက်သာ နေလိုက်သည်။

အကြောင်းမူ မညိုကို မိမိက အောင်နိုင်သူဖြစ်သော ကြောင့် တစ်ကြောင်း။

နောက်တစ်ကြောင်းက ကိုဝေလု အပြောင်းအလဲ မြန်လွန်းသည်မှာ သွေးရိုးသားရိုး မဟုတ်ဘဲ လှည့်ကွက်တစ်ကွက် ထပ်ဆင်ခြင်းပေလား ဆိုသည့် အကြောင်းကိုလည်း ထည့်တွက် ရသေးသည်။





နိုင်မင်းဆွေ အသတ်ခံရပြီးပေပြီ။

နိုင်မင်းဆွေ သေဆုံးချိန်နှင့် ကိုဝေလု စိတ်ပြောင်းလွဲချိန်မှာ တစ်ချိန်တည်း တိုက်ဆိုင်နေပြန်သည်။

"အဲဒါပဲ မှိုင်း၊ မညိုကို ငါ စိတ်လျှော့လိုက်ပြီ၊ ငါ့မှာ မညိုကို ရယူဖို့ အခွင့်အရေးတွေက မရှိသလောက် သုညရောက်နေတယ်။ ဒါကြောင့် မညိုနဲ့ ပတ်သက်တဲ့ သတ်ပုတ်ပွဲ၊ မင်းနဲ့ မယှဉ်ပြိုင်ချင်တော့ဘူး။ သတ်ပုတ်လို့ မင်းကို ငါက နိုင်တယ်ပဲထားဦး မညိုက ငါ့ကို ပြန်ချစ်မတဲ့လား၊ သူ့ချစ်သူ မှိုင်းကို အနာတရဖြစ်အောင် လုပ်တယ်ဆိုပြီး ပိုပြီးတောင် အမုန်းပွားဦးမယ်၊ အဲဒါ ငါ လက်လျှော့လိုက်ပြီ၊ မင်းနဲ့ စိန်ခေါ်ပွဲကို ငါ ရုပ်သိမ်းလိုက်ပြီဆိုတာ လာပြောတာပဲ မှိုင်း ...

အေး ... 'ဒါပေမဲ့ တစ်ခုကျန်နေသေးတယ် မှိုင်း၊ မင်း ငါ့ကို ပြောဖူးတယ်၊ ငါက ဦးကွန်းဇော်ကို သတ်ပြီး အဖိုးတန်ပစ္စည်းတွေ ဘုံးသွားတယ်ဆိုတဲ့ အထောက်အထားတွေ ရတဲ့နေ့မှာ ငါ့ကို လက်စားချေပွဲတစ်ခု ရှိလာမယ်လို့"

"ဟုတ်တယ် ကိုဝေလု၊ အဲဒီ ကျွန်တော် ပြောခဲ့တဲ့စကားရော၊ ကျွန်တော့် စိတ်ဓာတ်ရော အခုလည်း ဒီအတိုင်းပဲ ရှိနေတာပဲ"

"ဒါဆို မင်းမှာ အထောက်အထားတွေ သက်သေတွေရအောင် ဆက်စုံစမ်းပေတော့ မှိုင်း၊ ရပြီဆိုရင် မင်းနဲ့ငါ ပြန်ချတာပေါ့ကွာ ဒါပေမဲ့ မင်းအတွက် အထောက်အထား သက်သေတွေရဖို့ မလွယ်ပါဘူးလေ"

မလွယ်ပါဘူးလေဟု ကိုဝေလု ပြောလိုက်သောစကားသည် နှစ်ခွတွေးနိုင်ပေသည်။

တစ်ခုမှာ ဖေဖေဦးကွန်းဇော်ကို သူ မသတ်သောကြောင့် သူနှင့်ပတ်သက်သော အထောက်အထား သက်သေမရနိုင်ဟုလည်းကောင်း။

နောက်တစ်ခုမှာ မင်းကို အထောက်အထား သက်သေတွေ ပေးနိုင်တဲ့ နိုင်မင်းဆွေကို ငါက သတ်ပြီးမှတော့ မင်းဘာရတော့မှာလဲဟုလည်းကောင်း တွေးယူနိုင်သည်။

မှိုင်းက ချက်ချင်းကောက်ကာငင်ကာ ပြောလိုက်သည်။

"ဟုတ်တယ် ကိုဝေလု၊ မလွယ်တာတော့ အမှန်ပဲ၊ ကျွန်တော့်ကို အထောက်အထား သက်သေပေးနိုင်တဲ့ နိုင်မင်းဆွေကို အခုညဦးပိုင်း စောစောကပဲ ရာဇာဓိရာဇ်လမ်းအိမ်မှာ နှုတ်ပိတ် အသတ်ခံရသွားပြီလေ၊ အဲဒါကို ကိုဝေလု အသိဆုံး ဖြစ်မှာပါ"

"ဟေ"





ကိုဝေလု တအံ့တဩ "ဟေ"ဟု အသံထွက်လာသည်။

"နိုင်မင်းဆွေ ဟုတ်လား၊ ရာဇာဓိရာဇ်လမ်းထဲမှာ ဟုတ်လား"

"အဲဒီ နိုင်မင်းဆွေကို ကိုဝေလု သိကျွမ်းပြီးသား မဟုတ်လား"

"အေး ... ငါသိတာက နိုင်မင်းဆွေဟာ အပေါစားဘိန်းစားတစ်ယောက်လို့ပဲ သိတယ်။ ဒါပေမဲ့ ဒီကောင် နိုင်မင်းဆွေဟာ ဆရာကြီးရဲ့ဇနီး သီဂီမာရဲ့ အစ်ကိုအရင်းပဲ"

"အဲဒီ နိုင်မင်းဆွေ အသတ်ခံရလို့ သေပြီလို့ ကျွန်တော်ပြောလိုက်တဲ့ သတင်းကြောင့် ကိုဝေလုမှာ တစ်ခုခု ဖြစ်မသွားဘူးလားဗျာ"

"ငါက ဒီသတင်းကြောင့် ဘာလို့ တစ်ခုခုဖြစ်သွားမှာလဲ မှိုင်း၊ နိုင်မင်းဆွေလို အပေါစား ဘိန်းစား၊ ဆေးသမားမျိုးတွေဟာ အချိန်မရွေး လမ်းဘေးမှာဖြစ်ဖြစ် သေနိုင်တဲ့ကောင်စားမျိုးတွေ သူ့ဟာသူ သေသွားတာ ငါ ခဏခဏ မြင်ဖူးတွေ့ဖူးနေတာပဲ"

ကိုဝေလု ထိုင်ရာမှ ထလိုက်သည်။ နိုင်မင်းဆွေ အသတ်ခံရခြင်းအတွက် ကိုဝေလုတွင် တစ်စုံတစ်ရာ အမူအရာ ပြောင်းလဲသွားသည်ကို မတွေ့ရပေ။

“ဒါပဲလေ မှိုင်း၊ အခု ငါ မင်းဆီကိုလာတာ မညိုနဲ့ပတ်သက်တဲ့ အာဃာတ မင်းအပေါ် ငါ့ဘာမှမရှိတော့ကြောင်း လာအသိပေးတာပဲ၊ ဒါပေမဲ့ မင်းက ကြွေးမကျေသေးဘူး ဆိုရင်လည်း မင်းနဲ့ငါ ဆက်ရန်ရှိသေးသည်ပေါ့ကွာ”

တည်ငြိမ်စွာပင် ကိုဝေလု ထွက်သွားသည်။

မှိုင်းလည်း သူ့အခန်းမှထွက်ကာ ကန်ကြီးရိပ်သာ တိုက်အိမ်ကြီးဆီသို့ သွားပြီး သော့ခတ်ပိတ်ထားသော သံဘာဂျာ တံခါးကို အသံမြည်အောင် ဆွဲလှုပ်လိုက်သည်။

သီဂီမာ ထွက်လာပြီး တံခါးအတွင်းဘက်တွင် “အလို့ ... ကိုမှိုင်းပါလား”ဟု ပြုံးရယ်နှုတ်ဆက်ရင်း သော့ဖွင့်ပေးရန် ဟန်ပြင်သည်။

“မဖွင့်နဲ့တော့ မသီဂီမာ၊ အခု ကျွန်တော်လာတာ မသီဂီမာရဲ့အစ်ကို ကိုနိုင်မင်းဆွေဟာ သူ့ရာဇဝိရာဇ်လမ်းက အိမ်မှာ သေနေရှာပြီ။ အဲဒါ သတင်းလာပြောတာ”

“အို ... အစ်ကိုကြီးရေ ... အစ်ကိုကြီးရေ”ဟု သီဂီမာ ငိုသံပါကြီးနှင့် ဦးမြတ်မင်းကို အော်ခေါ်နေစဉ်မှာပင် မှိုင်း ပြန်လည်ထွက်လာခဲ့သည်။

✤ ✧ ✤





## ၁၉

ထူးထူးဆန်းဆန်း မှိုင်း အခန်းသို့ အိမ်ကြီးပေါ်မှ ဒေါ်စော အမောတကော ရောက်လာသည်။

“မှိုင်းဆီကို ဖုန်းလာတယ် မှိုင်း”

“ကျွန်တော့်ဆီကို ဟုတ်လား ဒေါ်စော”

“ဟုတ်တယ်၊ မှိုင်းကို အမြန်ခေါ်ပေးတဲ့”

“ဘယ်သူလဲ ဒေါ်စော”

“ဦးလေးဖြိုးလို့ ပြောရင် မှိုင်း သိတယ်တဲ့”

“ဟိုက်”

မှိုင်း တကယ်အံ့ညြသွားသည်။

မှိုင်း မှဒုံရောက်နေကြောင်း ဦးလေးဖြိုး ဘယ်လို သိသနည်း။ မှဒုံရောက်နေသည်ကို သိသည်ပဲထားဦး ဒီတိုက်အိမ်ကြီးက ဖုန်းနံပါတ်ကို ဦးလေးဖြိုး ဘယ်လိုရရှိသနည်း။

ထိုထက်မှာမူ ...

ဦးလေးဖြိုးသည် တော်ရုံ အရေးကြီးသောကိစ္စ လောက်နှင့် မှိုင်းထံသို့ ဖုန်းဆက်ဖို့ ကြိုးစားမည်မဟုတ်။

မှိုင်း အပြေးအလွှားပင် အိမ်ကြီးဆီသို့ ပြေးသွားပြီး ဒေါ်စောဘေး ချပေးထားသော ဖုန်းကို ကောက်ကိုင်လိုက်သည်။

အိမ်ကြီးပေါ်တွင် ဦးမြတ်မင်းရော သီဂိမာရော ရှိ မနေကြ။

နိုင်မင်းဆွေ အသုဘကိစ္စအတွက် ထွက်သွားကြ သည်ဟု ဒေါ်စောက ပြောသည်။

"ဟဲလို ဦးလေးဖြိုးလား၊ ကျွန်တော် မှိုင်းပါ"

"မှိုင်း ရန်ကုန်အိမ်ကို အခုချက်ချင်း လာခဲ့ပါ"

"ဗျာ"

"ခွေးတိုက်ဂါးကြီး သေသွားပြီ၊ အိုကွာ … မှိုင်းအမြန်ဆုံး ရွှေတောင်ကြားလမ်းအိမ်ကို လာခဲ့၊ ဒါပဲ"

"ကိစ္စကရော ဘာကိစ္စလဲ ဦးလေးဖြိုး"

မရတော့ပြီ။ ဦးလေးဖြိုးဘက်မှ ဖုန်းချသွားသည်။

မှိုင်း သူ့အခန်းသို့ ပြန်လာသည်။

ကိုဝေလုက ဝရန်တာမှ မှိုင်း ဗျာများနေသည်ကို ထွက်ငေးကြည့်နေသည်။

မှိုင်းသည် စာရေးစက္ကူကတ်တွင် စာတစ်စောင် အမြန်ရေးလိုက်သည်။





"ညိုို …

ရန်ကုန် ရွှေတောင်ကြားလမ်းအိမ်က ဦးလေးဖြိုး ကိုယ့်ဆီ ဖုန်းဆက်တယ်၊ ကိုယ် ချက်ချင်း ရန်ကုန်အိမ်ကို လာခဲ့ပါတဲ့၊ ကိုယ်မွေးထားတဲ့ ခွေးကြီးတိုက်ဂါးလည်း သေပြီတဲ့။

တစ်ခုခုတော့ သိပ်အရေးကြီးတာ သေချာတယ်၊ ဦးလေးဖြိုးက ဇော်ရုံကိစ္စ ပြဿနာဆို ကိုယ့်ဆီပြောလေ့ မရှိဘူး၊ ကိုယ် မော်တော်ဆိုင်ကယ်နဲ့ လိုက်သွားပြီ၊ ပြန် လာမှ ဘာတွေဖြစ်တယ်ဆိုတာ ညို့ကို ပြောပြမယ်နော်။

မှိုင်း"

မှိုင်းသည် စာကို ခေါက်လိုက်သည်။ အပြင်ဘက် ဟိုဟိုဒီဒီ လှမ်းကြည့်သည်။ ဦးစောဘနစ်ကို ဒီစာ ညို့ထံပေးဖို့ ပြောခဲ့ ပေးခဲ့ချင်သည်။

ဦးစောဘနစ်ကို ရှာမတွေ့ပါလေ။ နိုင်မင်းဆွေ ကိစ္စအတွက် ဦးမြတ်မင်းနှင့် သီဂိမာကို ကားလိုက်မောင်းပေးနေ သည်ပဲ ဖြစ်မည်။

"ဘာတွေဖြစ်နေလဲ မှိုင်း"

"သြော် … ကိုဝေလု၊ ဒီစာကို ကျေးဇူးပြုပြီး ညို့ဆီကို ပို့ပေးစမ်းပါဗျာ၊ ကျွန်တော် ညို့ဆီသွားဖို့ အချိန်မရတော့ လို့ပါ"

"စိတ်ချ၊ ရောက်အောင် သွားပေးမယ်၊ စေတနာနဲ့ကို ပို့ပေးမှာပါ၊ ဒါထက် မှိုင်း ဘာဖြစ်လို့လဲ၊ ပျာနေတာပဲ၊ အခု ဘယ်သွားမလို့လဲ"

"ရန်ကုန်ကိုပါ၊ အမြန်ဆုံးရောက်အောင် ကျွန်တော် ဆိုင်ကယ်နဲ့ပဲ သွားတော့မယ်"

ကိုဝေလုဏပင် ဆင်းပြီး ခြံတံခါး သွားဖွင့်ပေးထားသည်။

မှိုင်း မော်တော်ဆိုင်ကယ်နှင့် တစ်ရှိန်ထိုး ထွက်လာခဲ့သည်။

အားလုံး အဆင်ပြေပါ၏။ မော်တော်ဆိုင်ကယ်ထဲတွင် ဓာတ်ဆီအပြည့် ထည့်ထားပြီးသား ဖြစ်နေသည်။

လမ်းတွင် ဘယ်နေရာမှ မနားဘဲ မောင်းလာရာ မွန်းလွဲ(၂)နာရီတွင် ရန်ကုန်သို့ ဝင်ခဲ့နိုင်တော့သည်။

❖ ✧ ❖





## ၂၀

ခြံဝတွင် ဆိုင်ကယ်ကိုရပ်ခါ ဟွန်းတီးလိုက်သည်။

ဆိုင်ကယ်ဟွန်းသံကို မှတ်မိနေသော ဦးလေးဖြိုး တစ်နေရာက ထွက်လာသည်။

မှိုင်း အမြင်တော့ မိမိ ရွှေတောင်ကြားလမ်း အိမ်မှာ နဂိုအတိုင်း ဖြစ်နေသည်။ ဘာမှဟန်မပျက်။

ဦးလေးဖြိုးကို ကြည့်လိုက်ပြန်တော့ ယခင်အတိုင်းပင် ဆိုင်ကယ်ဟွန်းတီးသံကြားလို့ လာဖွင့်ပေးသည့် နဂိုပုံစံပင်။

သေသေချာချာကြည့်မှ မှိုင်း မြင်တွေ့ရတော့သည်။ ဦးလေးဖြိုး၏ မျက်နှာတွင် ဖူးယောင်သော ဒဏ်ချက်တွေ မီးလောင်ထားသော အညိုကွက်တွေကို တွေ့မြင်ရသည်။

ခြံတံခါး ဖွင့်ပေးသဖြင့် မော်တော်ဆိုင်ကယ်နှင့် အဝင်မှာပင် မှိုင်းက ဦးလေးဖြိုးကို မေးလိုက်သည်။

"ကဲ ... ဆိုပါ ဦးလေးဖြိုး၊ ဘာတွေ သိပ်အရေးကြီးလို့ ကျွန်တော့်ကို ဖုန်းဆက်ခေါ်တာလဲ"

"ဒီမယ် မှိုင်း၊ အခု မင်းနဲ့ငါ့ကို သေနတ်သုံးလက်က အကွယ်ယူပြီး အသင့်ချိန်ထားတယ် မှိုင်း၊ တိုက်ဂါးကြီး ကိုလည်း ငါ့မျက်စိရှေ့မှာပဲ သေနတ်နဲ့ ပစ်သတ်တယ်၊ ငါ့မျက်နှာရော တစ်ကိုယ်လုံးရော လက်သီးနဲ့ထိုး၊ ဆေးလိပ်မီးနဲ့တို့ နှိပ်စက်ကြတယ်"

"သူတို့က ဘာလို့ ဦးလေးဖြိုးကို အဲဒီလို လုပ်တာလဲ"

"ဦးကွန်းဇော်ရဲ့ ကျောက်မျက်ရတနာတွေ ဘယ်မှာလဲတဲ့၊ ငါမှ မသိတာ မသိဘူးပြောလို့ ဝိုင်းနှိပ်စက်ကြတာလေ"

"အဲဒါ အမှန်ပဲကွ မှိုင်း။ ဦးဖြိုး ပြောတဲ့အတိုင်းပဲ၊ တကယ်တော့ ဒီ ဦးဖြိုးဆိုတဲ့ အတ္တဘောကြီး ဘာဆိုဘာမှ မသိတဲ့ ကောင်ကြီးပဲ၊ ဘာမေးမေး မသိဘူးချည်းပဲ"

သစ်ပင်ကွယ်မှ ဒဿမသုံးရှစ် ပစ္စတိုကိုကိုင်ပြီး မှိုင်းကို ချိန်ကာ ပြောရင်း ထွက်လာသူကို မှိုင်းက လှမ်းကြည့်ပြီး အံ့သြစွာဖြင့် ခေါ်လိုက်သည်။

"ဩ ... ဦးဟိုင်းလုံပါလား"

"ဟုတ်ပါ့ မှိုင်း၊ မုဒုံက ကန်ကြီးရိပ်သာမှာတော့ ငါဟာ ခြံစောင့်ကြီး ဦးဟိုင်းလုံပေါ့ကွာ၊ အဲဒီအိမ်က ငါ အပြီးထွက်လာတာနဲ့ ငါဟာ ဦးကောက်ကျန် ပြန်ဖြစ်သွားတယ်လေ၊ မင်းအဖေ ဦးကွန်းဇော်ကလည်း ငါ့ကို ဦးကောက်ကျန်လို့





ပဲ သိထားတာပါ၊ ငါက ကျောက်မျက်ရတနာတို့ စိန်တို့မှာ သိပ်ကျွမ်းကျင်တဲ့ ရာဇဝတ်ကြီး ဦးကောက်ကျန်ပေါ့ မှိုင်း။ ကဲ ... ကဲ ... မင်းလည်း အိမ်ပေါ်တက်၊ ကိုဖြိုးလည်း အိမ်ပေါ်တက်"

မုဒုံ ကန်ကြီးရိပ်သာ တတိယထမင်းဝိုင်း၌သာ စားခဲ့ရသော ဦးဟိုင်းလုံ ခေါ် ဦးကောက်ကျန်သည် ယခု မည်းနက်တောက်ပသော ပစ္စတိုသေနတ်ကို ကိုင်ထားသည်။

အခြားသစ်ပင်ကွယ်များမှ လူနှစ်ယောက် ထွက်လာပြန်သည်။ ဤနှစ်ဦးကိုတော့ မှိုင်း မမြင်ဘူးပါလေ၊ ဦးကောက်ကျန်၏ တပည့်နှစ်ဦး ဖြစ်သည်ကတော့ သေချာသည်။ သူတို့နှစ်ဦးကိုယ်စီတွင်လည်း သေနတ်နှစ်လက် ကိုယ်စီကိုင်ထားသည်။

အိမ်ပေါ်ထပ်ကို တက်ခဲ့ကြသည်။

ညှော်ခန်းတစ်ခုလုံး ဖြောင်းဆန်နေပါ၏။ ဦးကောက်ကျန်နှင့် တပည့်နှစ်ဦးသည် ရွှေတောင်ကြားလမ်းအိမ် အပေါ်ထပ်တွင် တစ်လက်မနေရာမကျန် ရှာဖွေထားပုံရသည်။

အဓိကမှာ ဖေဖေဦးကွန်းဇော် ပိုင်သော ကျောက်မျက်ရတနာများကို ရှာဖွေခြင်း ဖြစ်မည်။

"ထိုင် ... မှိုင်း၊ မင်းအကြောင်း ငါသိတယ်၊ မင်းဟာ ဝေလုတို့တစ်ဖွဲ့လုံးနဲ့ မင်းတစ်ယောက်တည်း အနိုင်ချနိုင်တဲ့လူလို့လေ၊ ဒါပေမဲ့ အဲဒီအနိုင်ချပွဲတွေတုန်းက ဒါမျိုးမပါဘူးနော်၊ တုတ်တွေ ဓားတွေနဲ့သာ မဟုတ်လား"

ဦးဟိုင်းလုံ ခေါ် ဦးကောက်ကျန်က လက်ထဲတွင် ကိုင်ထားသော သေနတ်ကို ထောင်ပြသေးသည်။

"တကယ်တော့ မင်းတို့ သိုင်းတို့ ဂျူဒိုတို့ ကရာတေးတို့ ကွန်ဖူးတို့ ဆိုတာတွေ ဘယ်လောက် တတ်မြောက်တဲ့ ကမ္ဘာ့ချန်ပီယံ ဖြစ်ပါစေ ပစ်လိုက်တဲ့ သေနတ်ကျည်ဆန် ကိုတော့ မီအောင်ဖမ်းနိုင်စွမ်း တစ်ဦးတလေမှ မပေါ်သေး ပါဘူးကွာ"

မှိုင်းသည် ဦးကောက်ကျန်အား မနိုင်လို့ သည်းခံခြင်း အကြည့်မျိုးဖြင့် ပြန်ကြည့်နေသည်။ အောက်သိုးသိုးအကြည့်မျိုး ဖြစ်ပါ၏။

"ဒီမယ် ဦးကောက်ကျန်၊ ခင်ဗျားက သေနတ်သုံးလက်နဲ့ အနိုင်ရထားပြီ မဟုတ်လား၊ အဲဒီတော့ လိုရင်းကိုသာ ပြောဗျာ"

"သိပ်ကြိုက်တာပေါ့၊ မင်းကို ငါ အဲဒါတွေ သဘောကျတာ၊ ကဲ ... ငါ ပြောပြီ မှိုင်း၊ မင်းအဖေ ဦးကွန်းဇော် ထားခဲ့တဲ့ ကျောက်မျက်ရတနာတွေ ဘယ်မှာလဲ"

"ဒါဆို ကျုပ်က ပြန်မေးမယ်၊ ဖေဖေဦးကွန်းဇော်ကို သတ်ခဲ့တာ ခင်ဗျားပဲ မဟုတ်လား"

"အဲဒီလိုပါလို့ မှိုင်းကို နိုင်မင်းဆွေ ပြောခဲ့တယ် မဟုတ်လား မှိုင်း၊ နိုင်မင်းဆွေ ဆိုတဲ့ကောင်က ငါ့ရဲ့အညွှန့်ဆုံး





အပေါစားတပည့်တစ်ယောက်၊ နောက်ပြီး သစ္စာအမဲ့ဆုံး တပည့်တစ်ယောက်ပဲ"

မှိုင်း သတိတစ်ခု ပြန်ရသည်။ နိုင်မင်းဆွေသည် သိဂ်ီမာ၏အစ်ကို ဖြစ်နေသောကြောင့် ဦးမြတ်မင်းထံတွင် ဝဏ္ဏ၊ ဒေါနု၊ ဟိန္ဒတို့လို ဦးမြတ်မင်း၏ ကြေးစားတပည့် ခန့်ပေးစေရန် သိဂ်ီမာကို ပြောပေးပါဟု နိုင်မင်းဆွေက ပြောခဲ့ဖူးကြောင်း မှိုင်းအား ပြန်ပြောခဲ့သည်ကို သတိရလိုက်ခြင်း ဖြစ်ပါ၏။ သို့သော် ဦးမြတ်မင်းသည် ဘိန်းစားဖိုးသမား နိုင်မင်းဆွေလို ကောင်ကို အလုပ်ခန့်ရန် ငြင်းပယ်ခဲ့သည်။

ထိုအကြောင်းတွေကို ခြံစောင့်ဟန်ဆောင်လုပ်နေသော ဦးဟိုင်းလုံက သိသဖြင့် သိဂ်ီမာနှင့် ပတ်သက်ပြီး ဦးမြတ်မင်း၏ ယောက်ဖတော်စပ်နေသော နိုင်မင်းဆွေကို ဈေးပေါပေါ ပေးပြီး မွေးထားခြင်းဖြင့် တစ်ချိန်ချိန်တွင် နိုင်မင်းဆွေမှတစ်ဆင့် သိဂ်ီမာ၊ သိဂ်ီမာမှတစ်ဆင့် သူဌေးဦးမြတ်မင်း စသည်ဖြင့် တစ်ခုခု လုပ်နိုင်မည်ဆိုသည့် သဘောဖြင့် နိုင်မင်းဆွေကို ဦးဟိုင်းလုံက ခေါ်ယူထားလိုက်ခြင်းမျိုး ဖြစ်မည်။

နိုင်မင်းဆွေလို ဘိန်းစားဆေးသမားသည် ဆေးသာ မှန်မှန်ပေးထားပါက ခိုင်းချင်ရာခိုင်း လုပ်ပေးမည့်လူစား ဖြစ်သည်။

ဖေဖေဦးကွန်းဇော်ကို ဦးဟိုင်းလုံက ကြံစည်ရာတွင် နိုင်မင်းဆွေလည်း ဦးဟိုင်းလုံ၏ တပည့်တစ်ယောက် အနေနှင့်

ပါနိုင်ကောင်းသည်။ ကိုယ်တိုင် မပါဝင်သည် ဆိုဦးတော့ ဖေဖေ့ကို ဦးဟိုင်းလုံ ကြံစည်ခဲ့မှန်း နိုင်မင်းဆွေက သိမည်။ ထို့ပြင် ဦးဟိုင်းလုံက ဖေဖေ့ကို ကြံစည်လက်လွန်သွားစေကာမူ ဖေဖေ့ထံမှ ဘာကျောက်မျက် အဖိုးတန် တစ်ခုမှ မရရှိကြောင်းလည်း နိုင်မင်းဆွေ သိမည်။ ဖေဖေ့ထံမှ ဘာမျှမရမှန်း သိသော နိုင်မင်းဆွေသည် သူ့အတွက် ရလိုရငြားတွေ အကြံထုတ်မည်။

ဖေဖေ၏သားဖြစ်သော မှိုင်းထံသို့ တယ်လီဖုန်းဆက်သွယ်ပြီး ဦးဟိုင်းလုံ အဖြစ် ရှိနေရာ ကန်ကြီးရိပ်သာသို့ ပြန်လာအောင် မျှားခေါ်လိုက်ခြင်း ဖြစ်မည်။ ထိုအချိန်က မှိုင်းသည် ရန်ကုန်ရှိ မိမိ၏ရွှေတောင်ကြားလမ်းအိမ်သို့ ပြန်ရောက်နေပြီး မုဒုံ ဦးမြတ်မင်းထံသို့ ပြန်သွားသင့် မသွားသင့် ဝေခွဲမရသောအချိန် ဖြစ်နေသည်။

မုဒုံကန်ကြီးရိပ်သာသို့ မှိုင်း ပြန်ရောက်လာပြီး အခွင့်သာသော နေ့ကျမှ နိုင်မင်းဆွေက မှိုင်းကို တွေ့ဆုံပြီး ဖေဖေ့ပစ္စည်းတွေ ပြန်တွေ့လျှင် သူတို့ ဆယ်ရာခိုင်နှုန်း အပေးအယူပြောခြင်း ဖြစ်မည်။

"ဒါဆို မုဒုံ ရာဇာဓိရာဇ်လမ်းထဲက နိုင်မင်းဆွေကိုလည်း ခင်ဗျားပဲ သတ်ခဲ့တယ်ပေါ့ ဦးဟိုင်းလုံ၊ နိုင်မင်းဆွေ ကျွန်တော့်ဆီ ဖုန်းလှမ်းဆက်ကတည်းက ခင်ဗျားက နိုင်မင်းဆွေ ဘာလို့မသတ်သေးတာလဲ"





"ဟာ ... နိုင်မင်းဆွေက မင်းဆီကို အဲဒီလို တယ်လီဖုန်းဆက်လို့ နိုင်မင်းဆွေကို ငါ့ဂုဏ်ပဲ အမိန့်ပေးခဲ့တာကွ၊ နိုင်မင်းဆွေက အဲဒီလို ငါခိုင်းတဲ့အတိုင်း မင်းဆီကို ကန်ကြီးရိပ်သာ ပြန်လာဖို့ခေါ်၊ မင်းကိုယ်တိုင်က မင်းအဖေဦးကွန်းဇော်ကို သတ်တာ ဝေလုတို့အပေါ်မှာ အထင်ရောက်၊ အဲဒါမှ မင်း ကန်ကြီးရိပ်သာအိမ်ကြီးကို ပြန်လာ၊ မင်းက ကန်ကြီးရိပ်သာမှာ မင်းအဖေအတွက် စုံစမ်းနေမှ ငါက ငါ့တပည့်တွေနဲ့ ဒီရွှေတောင်ကြားလမ်းအိမ်ကို ဖောက်ထွင်းပြီး ရှာဖွေနိုင်မှာ မဟုတ်လား၊ မင်း ဒီမှာနေရင် ငါကြံစည်ဖို့ မလွယ်ဘူးလေကွာ၊ ဒါကြောင့် မင်းကို မုဒုံပြန်သွားအောင် ငါ ပ,ထုတ်လိုက်တာ။ အဲဒီလို ကြံစည်နေတုန်း မနေ့က နိုင်မင်းဆွေက မင်းကို ကန်ကြီးဘုရားဝင်းအတွင်း လာတွေ့ပြီး မင်းအဖေဦးကွန်းဇော်ကို သတ်သူဟာ ငါလို့ ပြောတာ မဟုတ်လား၊ ဒါကြောင့် ငါ့အပေါ် သစ္စာဖောက်တဲ့ တပည့် နိုင်မင်းဆွေကို သေဒဏ်ပဲ ပေးလိုက်တယ်ပေါ့ကွာ"

မှိုင်း ထပ်မံ သဘောပေါက်ရပြန်သည်။ မနေ့က မိမိနှင့် သီဂီမာ နံနက်ပိုင်း ကန်ကြီးတွင် စကားပြောနေစဉ် ဦးဟိုင်းလုံပင် သီဂီမာ့ကို ဦးမြတ်မင်းက ခေါ်ခိုင်းသည်ဆိုပြီး လာခေါ်သည်ကို တွေ့ရသေးသည်။

ဦးဟိုင်းလုံသည် သူကိုယ်တိုင် မနေ့ကမနက်ပိုင်းအထိ မုဒ့်အိမ်ကြီးတွင်နေပြီး ရန်ကုန် ရွှေတောင်ကြားလမ်းအိမ်ကို သူ့တပည့်တွေ စေလွှတ်ပြီး ဖောက်ထွင်းစေခြင်း ဖြစ်ပေမည်။

ထို့ကြောင့်လည်း နိုင်မင်းဆွေနှင့် မိမိ အဆက်အသွယ် ရှိနေကြောင်း ဦးဟိုင်းလုံ တွေ့မြင်သိရှိသွားခြင်းပါပေ။

တကယ်တော့ ဦးစိုင်းလုံ အစိုးရိမ်လွန်သွားခြင်းဖြစ်သည်။

နိုင်မင်းဆွေက ဖေဖေဦးကွန်းဇော်ကို သတ်သူမှာ ဦးဟိုင်းလုံဟု ပြောပြီးသားဟု ဦးဟိုင်းလုံ ထင်သည်။ အကယ်၍ မပြောရသေးသည် ဆိုလျှင်တောင်မှ ပြောတော့မည်မှာ သေချာသည်ဟု စိုးရိမ်စိတ် လွန်ကဲပြီး နိုင်မင်းဆွေကိုသတ် နှုတ်ပိတ်လိုက်ခြင်း ဖြစ်မည်။

ထို့ကြောင့်လည်း မနေ့က နေ့လယ်ပိုင်းတွင် ဦးဟိုင်းလုံသည် ကန်ကြီးရိပ်သာမှ ထွက်ခွာသွားခြင်း ဖြစ်မည်။

"ခင်ဗျား တကယ်တော်တယ်ဗျာ ဦးဟိုင်းလုံ၊ တကယ်ဉာဏ်ကောင်းတယ်၊ ခဲတစ်လုံးတည်းနဲ့ နှစ်ကောင်ထိအောင်ပစ်နိုင်ခဲ့တာပဲ။ ကျုပ်ကို မုဒ့် ခင်ဗျားမျက်စိအောက်မှာနေစေပြီး ကျုပ်ရန်ကုန်ကအိမ်ကို ဖောက်ထွင်းနိုင်ခဲ့တယ်၊ တကယ် ဦးနှောက်ကောင်းတယ်"

"ဟဲ ... ဟဲ ... ဟဲ"





ဦးဟိုင်းလုံက တဟဲဟဲဖြင့် သဘောကျစွာ ရယ်လိုက်ပါ၏။ မှိုင်းက သူ့ကို ချီးမွမ်းသည်ကို သိပ်သဘောကျ ကျေနပ်သွားသည့် ပုံစံပါပေ။

မည်သူမဆို မိမိကို ချီးမွမ်းလျှင် သဘောကျကျေနပ်စမြဲသာ။ ဦးဟိုင်းလုံလို လူက ပို၍ပင် အမြှောက်ကြိုက်သော အတ္တဘောကြီး ဖြစ်ပုံရသည်။ ထိုအချက်ကို မှိုင်း သတိထားလိုက်မိပါ၏။

"ဒါကလည်း ငါချည်း ဦးနှောက်ကောင်းလွန်း တော်လွန်းလို့ မဟုတ်ပါဘူး မှိုင်းရာ၊ ကံအားလျော်စွာ တိုက်ဆိုင်မှုလေးတွေကလည်း ဖြစ်လာလို့ပါ။ အဲဒီအချိန် ကန်ကြီးရိပ်သာသူဌေး ဦးမြတ်မင်းကလည်း မင်းလိုလူကို သမက်တော်ချင်နေတဲ့ဆန္ဒရှိပြီး မင်းကို သိပ်လိုလားနေတာနဲ့လည်း တိုက်ဆိုင်သွားတယ်ကွ မှိုင်း"

"ဪ ... အဲဒါတွေတောင် ဦးဟိုင်းလုံက သိနေပေသကိုးဗျ"

"ငါက ကန်ကြီးရိပ်သာမှာ ထမင်းစားကျွန်ခံ လုပ်နေတာ ထမင်းတော်လို့မှ မဟုတ်တာ၊ ငါ့အကြံအစည်နဲ့ငါ ခြံစောင့်အဖြစ် ဝင်လုပ်နေတာ၊ ဒီလိုလုပ်ရတဲ့ အကြောင်းကလည်း ခုန မင်းပြောသလို ခဲတစ်လုံးနဲ့ နှစ်ကောင်ပစ်ဖို့ပဲလေ၊ မင်းအဖေ ဦးကွန်းဇော်ဟာ သူ ရောင်းဝယ်တဲ့ ကျောက်မျက်ရတနာတွေကို ငါ့ဆီမှာလာပြီး ရာဖြတ်နိုင်းတယ်၊ ငါက

စစ်ဆေးပြီး တန်ဖိုးဖြတ်ပေးတယ်၊ ဦးကွန်းဇော်ဟာ သူဌေး ဦးမြတ်မင်းနဲ့ မကြာခဏ အရောင်းအဝယ် လုပ်တယ်၊ အရောင်းအဝယ် ဖြစ်သွားတဲ့အခါ ငါ့ကို ရာဖြတ်ခ အခကြေးငွေပေးတယ်၊ ဒါပေမဲ့ ဒီလောက်ရတဲ့ ပိုက်ဆံလေးနဲ့ ငါ့ဘဝကို ငါမကျေနပ်နိုင်ဘူးလေကွာ၊ လခစား ခြံစောင့်ဘဝနဲ့လည်း ရာသက်ပန် ငါ မနေနိုင်ဘူး ...

"ဟဲ ... ဟဲ ... ဦးကောက်ကျန် ဘဝနဲ့ နေတုန်းက ပေါ့လေ၊ ငါလည်း မင်းအဖေလိုပဲ ငွေတွေ သိန်းသန်းချီပြီး အလုပ်လုပ်ခဲ့သူပဲကွ၊ ဒါကြောင့် မင်းအဖေ ဦးကွန်းဇော်နဲ့ ငါ လွန်ခဲ့တဲ့ ငါးနှစ်လောက်က လုပ်ငန်းတူမိတ်ဆွေတွေ ဖြစ်ခဲ့တယ်၊ ဒါပေမဲ့ ငါ့ရဲ့ နောက်ဆုံးအခေါက် အချီကြီးမှာ တောင်ငူနားမှာပဲ ငါ့ကို သက်ဆိုင်ရာက ဖမ်းမိသွားတယ်၊ ပစ္စည်းတွေ အသိမ်းခံရတယ်၊ ငါထောင်ကျတယ်၊ အေး ... တိုတိုပြောရရင် ထောင်ကလွတ်ပြီးတဲ့နောက် လက်မဲ့ဘဝနဲ့ မုဒုံ ကန်ကြီးရပ် ကံကြီးရိပ်သာ သူဌေး ဦးမြတ်မင်းဆီမှာ ဦးဟိုင်းလုံဘဝနဲ့ ခြံစောင့်လုပ်ရတဲ့အထိ ရောက်သွားတယ်၊ မင်းအဖေ ဦးကွန်းဇော်ကပဲ ငါ့ကို ဦးမြတ်မင်းဆီမှာ အလုပ်သွင်းပေးတာလေ"

"ဒါနဲ့တောင် ခင်ဗျားက ဖေဖေ့ကို သတ်တယ်၊ အရောင်းအဝယ်ဖြစ်တိုင်းလည်း ဖေဖေက ခင်ဗျားကို ပိုက်ဆံပေးတယ်၊ အလုပ်လည်း ရှာသွင်းပေးတယ်ဆို"





"ဟာ ... ဆင့်ပါးစပ် နှမ်းပက်တာလောက်ကို ငါက ကျေနပ်နေမတဲ့လား မှိုင်း၊ ဘယ်တင်းတိမ်နိုင်မှာလဲကွာ၊ နောက်ပြီး ... ငါ ဆက်ပြီး အရင်ကျောက်မျက်ရတနာအလုပ် ပြန်လုပ်ဖို့ ငွေရင်းလည်း မရှိတော့ဘူး၊ ငွေရင်းရှိလို့ လုပ်လည်း တစ်နေ့မမိ တစ်နေ့မိပြီး ထောင်ကျဦးမှာပဲ၊ မြန်မာပြည်ထဲမှာ ငါ ဒီအလုပ် မလုပ်ရဲတော့ဘူး၊ ဒါကြောင့် ဦးမြတ်မင်း အနီးမှာပဲ ခြံစောင့်ဘဝနဲ့ ကပ်နေရင်း အကွက်ကောင်း ချောင်းနေတာမို့ ဦးမြတ်မင်း လှူပ်ရှားသမျှ ငါ သိတယ် ဆိုပါတော့၊ ငါက ရာဖြတ်ဦးကောက်ကျန်အဖြစ်နဲ့ အပြင်ဘက်မှာ ချိန်းဆိုတဲ့ရက်မှာ ရာဖြတ်အလုပ် သွားလုပ်တယ်၊ အပြင်မှာ အလုပ်မရှိတဲ့အချိန် ဦးမြတ်မင်း ခြံစောင့်အလုပ်ပေါ့လေ၊ အေး ... မင်းအဖေ နောက်ဆုံးအခေါက်မှာ ပစ္စည်းတွေ ငါနဲ့ချိန်းပြီး ပြတယ်၊ ရာဖြတ်ခိုင်းတယ်၊ ငါက အဲဒီပစ္စည်းအားလုံး တန်ဖိုးကို သိန်းငါးရာလို့ တန်ဖိုးဖြတ်ပေးလိုက်တယ်၊ ဦးမြတ်မင်းက အဲဒီလောက်တန် သိန်းငါးရာအလုပ်ကို သူ မတတ်နိုင်ဘူးဆိုလို့ ဦးကွန်းဇော် ခဏပြန်သွားတယ်၊ ဒါပေမဲ့ ချက်ချင်းလိုလိုပဲ သူ ဒီပစ္စည်းတွေ ချောင်းနှစ်ခွဘက်တက်ပြီး ဟိုဘက်မှာ သွားရောင်းမယ်၊ သူ့ကို ချောင်းနှစ်ခွအထိ ဦးမြတ်မင်းက ပို့ပေးဖို့ ကူညီပါဆိုလို့ ဝေလုနဲ့ ဒေါနကို

ထည့်ပေးပြီး ဟိုဘက်မှာ သွားရောင်းစေလိုက်တယ်၊ ဒါပေမဲ့ ဦးကွန်းဖော် နှစ်ရက် သုံးရက်အတွင်း ပြန်ရောက်လာပြန်တယ်၊ ဟိုဘက်မှာလည်း အရောင်းအဝယ် မတည့်ခဲ့ဘူး၊ မဖြစ်မြောက်ဘူးလို့ ငါ သိရတယ်၊ အဲဒီမှာတင် ငါက ဦးကွန်းဖော်ကို အပိုင်ပြန်ထုဖို့ ကြံစည်လိုက်တာပဲ မှိုင်း”

“ခွေးကြီး ... ခင်ဗျားဟာ ခွေးပဲ၊ ခွေးထက်တောင် သစ္စာမဲ့တဲ့ တကယ့် ခွေးယုတ်မာကြီး”

“မတတ်နိုင်ဘူးလေကွာ မှိုင်း၊ ငါ့ဘဝက ကမ္ဘာမီးလောင်ဘဝ ရောက်နေပြီလေ၊ ဒါပေမဲ့ကွာ ငါ မအောင်မြင်ပါဘူး၊ မင်းအဖေ ဦးကွန်းဖော်က တကယ်လျှင်တဲ့လူပဲ၊ ငါ့မှာ မင်းအဖေအပေါ် လက်လွန်သွားတာပဲ အဖတ်တင်တယ်၊ ဦးကွန်းဖော်ဆီက ဘာဆို ဘာမှ မရလိုက်ဘူး၊ မရတာမှ ကျောက်မြွားတစ်ပွင့်တောင် မရဘူး၊ မင်းအဖေက ဟိုဘက်မှာ အရောင်းအဝယ် မဖြစ်မြောက်ခဲ့လို့ ရန်ကုန်အပြန်မှာ ငါက လမ်းကဖြတ်ပြီး ကြံစည်လိုက်တာ ...

“တကယ်တော့ မင်းအဖေက သိပ်လျှင်တယ်၊ ဟိုဘက်မှာ ဈေးမတည့်တော့ ကျောက်မျက်ရတနာတွေကို ပြန်ယူပြီး ရန်ကုန် တစ်နေရာမှာ သိမ်းထားဝှက်ထားခဲ့တယ်။ ပြီးမှ နောက်တစ်ခါ မုဒ္ဒကတစ်ဆင့် ဟိုဘက်ကို ကူးတာတဲ့၊ ပစ္စည်းတွေက ပထမအခေါက်က ဟိုဘက်က





လူတွေကို ပြထားပြီးသားလေ၊ ဈေးမတည့်လို့သာ မရောင်းခဲ့တာ၊ နောက်တစ်ခေါက် ထပ်သွားတော့ ပစ္စည်းတွေ ယူသွားစရာ မလိုတော့ဘူး၊ အရောင်းအဝယ် ဈေးစကားပဲ ပြောတာတဲ့၊ ဈေးတည့်ရင် ပစ္စည်းတွေ ပြန်ယူပေးမယ်ဆိုတဲ့ သဘောပဲ၊ ဒီလောက အရောင်းအဝယ်မှာ အဲဒီလိုလည်း လုပ်တတ်တဲ့ဓလေ့တွေ ရှိတယ်လေ၊ လူကိုယုံကြည်ဖို့ အဓိက ထားကြတာကိုး၊ ရောင်းသူနဲ့ ဝယ်သူကလည်း လူအင်အား လက်နက်အင်အား ကိုယ်စီနဲ့မို့ တစ်ဦးကို တစ်ဦး မပတ်ရဲဘူး၊ နှုတ်ကထွက်တဲ့ ဈေးနှုန်းအတိုင်း သူ့ဘက် ကိုယ့်ဘက် ကျေနပ်ရင် ရော့ ... အင့် ... ယူသွား ... ပေးခဲ့ ... ထားခဲ့ဆိုတဲ့ မူနဲ့ပဲလေ။ ဒီတော့ ငါ့မှာ ဦးကွန်းဖော်ကို လက်လွန်သွားပေမဲ့ ဘာမှမရလိုက်ဘူး မှိုင်း။ ဒါကြောင့် ဒီပစ္စည်းတွေ ရွှေတောင်ကြားလမ်းအိမ်မှာပဲ ဝှက်ထားမယ်လို့ ငါယူဆပြီး ဖောက်ထွင်းဖို့ အကြိမ်ကြိမ် ကြိုးစားတာပဲ”

“ခင်ဗျား ထပ်မှားပြန်ပြီ ဦးဟိုင်းလုံ၊ ဟောဟိုဟာ ဖေဖေ့အိပ်ခန်းပဲ၊ မီးခံသေတ္တာကိုပဲကြည့်တော့၊ ဟောင်းလောင်းပဲ၊ ဖေဖေ ဆုံးပြီးနောက် အဲဒီမီးခံသေတ္တာထဲက တစ်ရာတန် တစ်ထုပ်၊ ငွေတစ်သောင်းပဲ ကျွန်တော် တွေ့ရတယ်၊ တခြား ဘာမှမတွေ့ဘူး”

"ဟဲ ... ဟဲ ... ရှိပါတယ်လေကွာ၊ ငါ ဆက်ပြောပါဦး မယ်"

လူ၏သဘာဝမှာ မိမိ၏ အောင်မြင်မှုကို အချီးကျူး ခံရလျှင် ကျေနပ်ရုံသာမက ထပ်ခါ ထပ်ခါ ချီးကျူးစကားကို ကြားချင်နေမိသည်။ ပြီး ... ထပ်မံကြားလိုစိတ်လည်း ဖြစ်ပေါ် လာသည်။

ဦးဟိုင်းလုံသည် တစ်ချိန်က သိန်းပေါင်းများစွာ လုပ်ကိုင်ခဲ့ဖူးသော ဓာတ်ခံရှိနေရာမှ ဖြုန်းခနဲ နိမ့်ကျသွားသည်။

ယခုတစ်ချီ အချီကြီး ကြဲလိုက်သည်တွင် သူ မည်မျှ ဦးနှောက်ကောင်းကြောင်း၊ အကြံအစည်တော်ကြောင်းတွေ မှိုင်း ကို သိပ်ပြောပြချင်ဟန် ရှိနေသည်။ ဒီကြားထဲ မှိုင်းက သူ့ကို ချီးမွမ်းသော စကားများ ပြောသောအခါ သူသည် ဖိုးပြောချင်ဖြစ် မှန်းမသိ ဖြစ်သွားသည်။

"တိုက်တိုက်ဆိုင်ဆိုင်လေး ဖြစ်သွားတာကလည်း ငါ့အတွက် ကံကောင်းတယ် ဆိုပါတော့၊ အဲဒီအချိန်မှာ ဦးမြတ်မင်းက ဝေလုကို ဖြိုပြီး ရုပ်ချော ပညာတတ် လူတစ်ယောက် လို ချင်နေမှန်း ငါ့မျက်စိထဲ ကွက်ခနဲ မြင်လိုက်တယ်၊ ငါ့ ဦးနှောက်က ဒက်ခနဲ မင်းကို စဉ်းစားလိုက်မိတယ်လေ မှိုင်း"

"ဦးဟိုင်းလုံက ကျွန်တော့်ကို မြင်ဖူး သိဖူးလို့လား"





"ငါ ပြောပြီကော၊ မင်းအဖေ ဦးကွန်းဇော်နဲ့ ငါနဲ့ဟာ မိတ်ဆွေတွေပါလို့၊ ဦးကွန်းဇော်က တစ်ဦးတည်းသောသား မင်းကို တော်တော်ချစ်တာပဲ၊ ငါနဲ့စကားပြောတိုင်း မင်း အကြောင်း အမြဲပြောတယ်၊ ပြောပြီဆိုလည်း သားဖြစ်တဲ့ မှိုင်းဟာ အရာရာမှာ အစွမ်းထက်တဲ့ အကြောင်းတွေချည်း ပဲ။ အဲဒါတင် မကသေးဘူး၊ သူ့အိတ်ထဲမှာ အမြဲဆောင် ထားတဲ့ မင်းရဲ့ဓာတ်ပုံကို ထုတ်ထုတ်ကြည့်တယ်၊ ငါ့ကို လည်း မင်း ဓာတ်ပုံ ပြတယ်"

"ဪ ... ဖေဖေရယ်"ဟု မှိုင်း အံကြိတ်ပြီး စိတ် ထဲမှ တမ်းတမိသည်။ ဦးဟိုင်းလုံကိုလည်း အံကြိတ်ရင်း စေ့စေ့ ကြည့်သည်။

ရင်ထဲတွင် ဦးဟိုင်းလုံအား နာကြည်းခံပြင်းလွန်း လှသော်လည်း သေနတ်သုံးလက်ကြားတွင် မှိုင်း ထပြီးသောင်း ကျန်းလိုက်ပါက အချည်းနှီး စွန့်စားရာ ရောက်သွားမည်ကိုလည်း မှိုင်း သတိထားသည်။

"ဟဲ ... ဟဲ ... ရန်ကုန်မှာ ဝတ်လုံဦးသန့်ဇင် ကားနဲ့ မင်း မော်တော်ဆိုင်ကယ် တိုက်မိတုန်းက ဦးသန့်ဇင်ရဲ့ကားကို မောင်းတဲ့ ဒရိုင်ဘာကို မင်း မှတ်မိလား၊ အဲဒီ ဒရိုင်ဘာက မင်းကို ထိုးမယ် ကြိတ်မယ်တောင် လုပ်လိုက်သေးတယ် လေ ...

"ဟော့ကောင် မြသောင်း၊ မင်း နေကာမျက်မှန်နဲ့ ဦးထုပ် ချွတ်ပြလိုက်စမ်း"

မြသောင်း ဆိုသူက ချွတ်ပြသော မျက်နှာကို မှိုင်း ကြည့်လိုက်သည်။

ဟုတ်ပါ့။ အဲဒီတန်းက ဝတ်လုံဦးသန့်ဇင်၏ ကားကို မောင်းသူမှန်း မှိုင်း မှတ်မိသည်။

"အဲဒီကောင် မြသောင်းက ငါ့တပည့်လေကွာ၊ ငါကပဲ မြသောင်းကို ဝတ်လုံဦးသန့်ဇင်ဆီမှာ ဘာအလုပ်ရရ ဝင်လုပ်ခိုင်းထားတာ၊ ဦးသန့်ဇင်နဲ့ အဆက်အသွယ် မပြတ်အောင် ငါက တမင်သွင်းထားတာ ..."

"အဲဒီလို ငါ အကွက်ဆင် ဖန်တီးချက်တွေနဲ့ မင်းကို မုဒုံ ကန်ကြီးရိပ်သာအိမ်ကြီးကို ပြန်ရောက်စေတာ။ ငါ လုပ်တာတွေ အကွက်မစေ့ဘူးလားဟင်၊ မင်းကို ငါက ကန်ကြီးရိပ်သာခြံနဲ့ အိမ်ကြီးထဲမှာ ငါ့မျက်စိအောက်မှာပဲ ရှိနေစေချင်လို့။ ဦးကွန်းဇော်ကို သတ်တာ ဦးမြတ်မင်းတို့ လူသိုက်လို့ မင်းထင်စေရမယ်၊ ယူဆစေရမယ်၊ အဲဒီအချိန်မှာ ရန်ကုန်က ငါ့တပည့်တွေက ရွှေတောင်ကြားလမ်းအိမ်ကို ဖောက်ထွင်းစေရမယ်။ ဟဲ ... ဟဲ ... ဘယ့်နယ်လဲ ငါလုပ်တာ"

"အင်မတန်ကို အကွက်စေ့ပါပေတယ် ဦးဟိုင်းလုံ၊ ဒါပေမဲ့ ဦးဟိုင်းလုံ တစ်ကွက်တော့ မှားနေပြီ ထင်တယ်"





"ဟုတ်လား၊ ပြောပါဦး၊ ငါ ဘယ်တစ်ကွက် မှားလဲဆိုတာ"

"ဖေဖေ့အလောင်းကို သင်္ဂြိုဟ်တာတောင် ကျွန်တော်မမီလိုက်ဘူး၊ ကျွန်တော် အဝေးကို ခရီးသွားနေတယ်၊ ကျွန်တော် ပြန်ရောက်လာတော့ ဖေဖေ့ကိစ္စအတွက် မော်လမြိုင်ရဲစခန်းကို ကျွန်တော် လိုက်သွားတယ်၊ ရဲစခန်း တာဝန်ရှိက ဖေဖေ့အလောင်းကရတဲ့ ပစ္စည်းဆိုလို့ သော့တွဲကြီး တစ်ခုပဲ တွေ့တယ်၊ တခြား ဘာမှမတွေ့ဘူး၊ မီးလောင်တဲ့အထဲ ပါသွားသလားတော့ မသိဘူး၊ ဒီသော့တွဲကိုပဲ သားဖြစ်သူ ကျွန်တော် ယူသွားပေတော့ဆိုပြီး သော့တွဲကြီး ပြန်ပေးလိုက်တယ်"

"အေး ... ဟုတ်ပြီ မှိုင်း၊ ဟုတ်ပြီ။ အခု ငါလိုချင်တာလည်း အဲဒီသော့တွဲကိုပဲကွ"

"ဒီသော့တွဲက ဘာအသုံးကျသေးတော့လို့လဲ ဦးဟိုင်းလုံ၊ အဲဒီသော့တွဲထဲက သော့နဲ့ပဲ ဟောဟို မီးခံသေတ္တာကို ကျွန်တော်ဖွင့်တာ၊ ငွေတစ်သောင်းကလွဲပြီး ဘာဆိုဘာမှ မရှိဘူး မတွေ့ဘူး။ ဒါကြောင့် မီးခံသေတ္တာကိုတောင် ကျွန်တော် ပြန်မပိတ်တော့ဘဲ ဟောင်းလောင်းထားတာသာ ကြည့်တော့"

"အဲဒီသော့တွဲ ငါ့ကိုပေးပါ မှိုင်း"

"မီးခံသေတ္တာ ဖွင့်ကြည့်ပြီး တစ်ရာတန်တစ်အုပ်ကလွဲပြီး တခြားဘာပစ္စည်းမှ မရှိလို့ ကျွန်တော် စိတ်ပေါက်ပေါက်နဲ့ သော့တွဲကို လွှင့်ပစ်လိုက်တယ်"

"မင်း တကယ်ပြောနေတာလား မှိုင်း"

"တကယ်ပြောတာပေါ့ဗျ၊ အခု ကျွန်တော် တက်တက်စင်မွဲသွားပြီ၊ ဒီသော့တွဲကြီး ဘာလုပ်ဦးမှာလဲ"

ဦးဟိုင်းလုံက ယုံကြည်ပုံ မရပေ။ သူ့သေနတ်ကို မတ်ခနဲ ထောင်ပြီး မှိုင်းကို ချိန်လိုက်သည်။

"ငါ အဲဒီသော့တွဲကို လိုချင်တယ် မှိုင်း၊ သော့တွဲကို မင်း ဘယ်မှာလွှင့်ပစ်လဲ။ မင်း လွှတ်ပစ်တဲ့နေရာမှာ ငါမြေလှန်ပြီး ရှာမယ်ကွာ။ အဲဒီသော့တွဲကိုမှ ငါမရရင် မင်းကိုရော ဦးဖြိုးကိုရော ငါ ပစ်သတ်ပြီးမှ သွားမယ်။ ငါလုပ်ဆောင်ကျူးလွန်ခဲ့သမျှ ငါက မင်းကို ဖွင့်ပြောပြီးနေပြီ။ ဦးဖြိုးလည်း ငါပြောတာ အကုန်ကြားတယ်၊ ဒီတော့ မင်းတို့နှစ်ယောက်ကို ငါ သော့တွဲမရရင် နှုတ်ပိတ်ပစ်ခဲ့ရမှာပဲ၊ နှုတ်မပိတ်ရင် မင်းတို့က ငါ ကျူးလွန်ခဲ့သမျှ အမှုတွေရဲ့အဖွဲ့ကိုတိုင်မှာ"

မှိုင်းက ဦးဟိုင်းလုံ၏ ရာဇသံနောက်ဆုံးပေးသည်ကို သေချာစဉ်းစားသည်။

သော့တွဲမရလျှင် သတ်ပစ်မည် ဆိုခြင်းသည် သော့တွဲရရှိပါက မသတ်ဟု အဓိပ္ပာယ် သက်ရောက်နေသည်။





"ဒီမယ် ဦးဟိုင်းလုံ၊ ခင်ဗျားပြောတာ ဘာအဓိပ္ပာယ်လဲ၊ သော့တွဲ ပြန်တွေ့ရင် ကျွန်တော်နဲ့ ဦးလေးဖြိုးကို မသတ်တော့ဘူးလို့ ဆိုလိုသလား၊ တကယ်တော့ ဦးဟိုင်းလုံဟာ သော့တွဲကို ပြန်တွေ့လည်း ကျွန်တော်နဲ့ ဦးလေးဖြိုးကို သတ်မှာပဲ မဟုတ်လား၊ ကျုပ်တို့နှစ်ယောက် မသေရင် ရဲအဖွဲ့ကို တိုင်နိုင်တယ်၊ နောက်တစ်ချက်က ဒီသော့တွဲကို ခင်ဗျား ရတော့ကော သော့တွဲက ဘာအသုံးကျတော့မှာလဲ၊ ကျုပ် မီးခံသေတ္တာကို ဖွင့်ပြထားသားပဲ၊ ဘာပစ္စည်းမှ မရှိတော့ဘူး၊ ခင်ဗျား သော့တွဲရလည်း ဘာပစ္စည်းမှ ရမှာမှ မဟုတ်တော့တာ"

ဦးဟိုင်းလုံ သက်ပြင်းချပြီး ပြန်ပြောသည်ကို မှိုင်း စိတ်ဝင်စားစွာ နားစွင့်ထောင်ပါ၏။

"ငါ တကယ် လူမသတ်ချင်တော့ဘူး မှိုင်း၊ ငါ့မှာ လူသတ်မိတိုင်း အလွန်ကြီးမားတဲ့ ခံစားချက် ခံစားရတယ်၊ အဲဒီခံစားချက်ကြောင့် ရက်ပေါင်းများစွာ ငါ အစားလည်း မစားနိုင်ဘူး၊ အိပ်လို့လည်း မပျော်ဘူး၊ မင်းအဖေ ဦးကွန်းဇော်ကို ငါ သတ်မိတုန်းကလည်း အဲဒီခံစားချက်မျိုး ရက်အကြာကြီး ခံစားရတယ်၊ အဲဒီနောက် နိုင်မင်းဆွေလိုဘိန်းစားကို သတ်မိတာတောင် အခုအချိန်ထိ ငါ စားမဝင် အိပ်မပျော်တာတွေ ခံစားရပြန်တယ်၊ ဒါကြောင့် ငါထပ်ပြီး လူမသတ်ချင်တော့ဘူး ..."

"ဒါကြောင့် သော့တွဲ ငါ့လက်ထဲ ရရှိပြီးရင် ငါ မင်းတို့နှစ်ယောက်ကို မသတ်တော့ဘူး၊ အဲဒီသော့တွဲနဲ့ ဦးကွန်းဇော် ဝှက်ထားတဲ့ ပစ္စည်းတွေ ငါရှာယူမယ်၊ ပစ္စည်းတွေ ရပြီးတာနဲ့ ငါ ဟိုဘက်ကို ရာသက်ပန်ကူး သွားပြီး ဟိုမှာပဲ နေတော့မယ်၊ ဒါကြောင့် သော့တွဲပဲလို ချင်တယ် မှိုင်း"

"ကျုပ် ပြောခဲ့ပြီပဲဗျာ၊ ဒီသော့တွဲနဲ့ ကျုပ် မီးခံသေတ္တာ ဖွင့်ရှာပြီးပြီ၊ ဘာပစ္စည်းမှ မရှိဘူးလို့"

"အဲဒီသော့တွဲနဲ့ မင်း ရှာမတွေ့တဲ့ ဦးကွန်းဇော်ရဲ့ ပစ္စည်းတွေ ငါ ရှာနိုင်မှာပါကွ၊ ဦးကွန်းဇော် ပစ္စည်းတွေ ဘယ်လိုဝှက်ထားတတ်တယ်ဆိုတဲ့ အထာကို ငါက သိထားတယ်၊ ကဲပါကွာ၊ သော့တွေ ဘယ်မှာလွှင့်ပစ်တယ်ဆိုတာသာ ပြောပါ၊ သော့တွဲပြန်ရရင် မင်းတို့ကို ငါ ပစ်မသတ်ဘူး ကတိပေးတယ်"

ဦးဟိုင်းလုံ၏ ပြောပြချက်များကို မှိုင်းသည် တစ်ခုနှင့်တစ်ခု ဆက်စပ်စဉ်းစားကြည့်သည်။

ဘာပဲပြောပြော သော့တွဲမရလျှင် ကျားနာဖြစ်နေပြီဖြစ်သော ဦးဟိုင်းလုံက မိမိနှင့် ဦးလေးဖြိုးကို သတ်တော့မည် အမှန်။

နောက်ဆုံး စွန့်စားခြင်း အနေနှင့် မှိုင်း စွန့်စားပြောဆိုလိုက်ရတော့သည်။





"သော့တွဲကို အဲဟိုပြတင်းပေါက်ကနေပြီး အပြင်ဘက်ကို ကျုပ် လွှဲပြီး လွှင့်ပစ်လိုက်တာပါ ဦးဟိုင်းလုံ၊ သော့တွဲက ပြတင်းပေါက်က ဝဲသွားပြီး ကျမှဲ့ကျတော့ ခြံထဲက ရေတွင်းပျက်ကြီးထဲ ကျသွားတယ်၊ ကဲ ... သော့တွဲ ရေတွင်းပျက်ထဲမှာ ရှိတယ်၊ ဒါ ကျုပ်ရဲ့ အမှန်ကန်ဆုံး ဖွင့်ပြောတဲ့ စကားပဲ"

✤ ✧ ✤

## ၂၁

နောက်ဆုံးတော့ မှိုင်း လွှင့်ပစ်သဖြင့် ရေတွင်းပျက်ထဲ ကျသွားသော သော့တွဲကို မှိုင်း ကိုယ်တိုင် ရေတွင်းပျက်ထဲ ဆင်းပြီး ယူပေးရမည်ဟု ဦးဟိုင်းလုံက သေနတ်ကို မှိုင်းနဖူးတေ့ပြီး တင်းတင်းကျပ်ကျပ် တကယ်ပစ်သတ်မည့်ပုံစံနှင့် ပြောလာတော့သည်။

"ခင်ဗျားတပည့်နှစ်ယောက်ကို ဆင်းယူခိုင်းပေါ့ဗျ"

"ငါပြောမယ်၊ နံပါတ်တစ် အချက်က မင်းပစ်လိုက်တဲ့ သော့တွဲ ရေတွင်းပျက်ထဲ ကျသွားတယ်ဆိုတာ ငါ မယုံဘူး ...

"နံပါတ်နှစ် အချက်က တပည့်တွေ ရေတွင်းပျက်ထဲ ဆင်းနေတဲ့အချိန်မှာ ငါ အပေါ်မှာ မင်းနဲ့အတူ မနေရဲဘူး၊ မင်းအစွမ်းကို ငါ သိတယ်၊ တပည့်နှစ်ယောက်ရဲ့အား ငါ့မှာမရှိတဲ့အချိန်မှာ မင်းဟာ ငါ့ကို ငါသေနတ်ချိန်ထားတဲ့ ကြားက အနိုင်ယူနိုင်တဲ့ အရည်အချင်းမျိုး မင်းမှာရှိနေတယ်၊





အဲဒါကြောင့် မင်း လွှင့်ပစ်တဲ့ သော့တွဲကို မင်းပဲ ပြန်ယူပေး မှိုင်း၊ ဒါ ငါ့ရဲ့နောက်ဆုံးစကားပဲ၊ မင်းကိုယ်တိုင် မယူပေးရင် မင်းကိုရော ဦးဖြိုးကိုရော ပစ်သတ်ပြီး ဒီရေတွင်းပျက်ကြီးထဲ အလောင်းတွေ ပစ်ထားခဲ့ပြီး ငါပြန်ရုံပဲ၊ ကဲ ... မင်း ရေတွင်းပျက်ထဲ ဆင်းမလား၊ မဆင်းဘူးလား ဒါပဲပြော"

ဦးဟိုင်းလုံသည် သူ၏ပစ္စတိုမောင်းကို ဆွဲတင်ပြီး မှိုင်းကို တည့်တည့်ချိန်ထားသည်။ တပည့်နှစ်ယောက်ကိုလည်း ပစ္စတိုတွေ မောင်းဆွဲထားစေသည်။ မှိုင်းနှင့် ဦးဖြိုးကို ချိန်ထားစေသည်။

မှိုင်း စဉ်းစားရတော့သည်။

အသက်ရှင်နေသရွေ့ မိမိလွတ်ရာလွတ်ကြောင်း ကြံစည်နိုင်သေးသည်။

ဒီအတိုင်း ငုတ်တုတ်ခံ သေရမည့်အစား အသက်ရှင်နိုင်သမျှ ကြံစည်အားထုတ်သင့်သည်ဟု ဆုံးဖြတ်သည်။

"ကောင်းပြီ၊ ကျုပ်ကိုယ်တိုင် ဆင်းပြီး သော့တွဲရှာယူပေးမယ်"

ရေတွင်းပျက်ကြီးထဲတွင် ရေတော့မရှိတော့။ နှစ်ပေါင်းကြာပြီမို့ ရေထွက်ကောသွားပြီး ချုံနွယ်အပင်ပေါက်လေးတွေသာ ရေတွင်းထဲတွင် ရှိနေသည်။

"ငါဆင်းရှာပေးမယ် မှိုင်း"

"ခင်ဗျား မဆင်းရဘူး၊ မှိုင်း ကိုယ်တိုင်ဆင်း၊ သူလွှင့်ပစ်တဲ့သော့တွဲ သူကိုယ်တိုင် ရှာမှရမှာ၊ ရေတွင်းထဲမှာ ဘာတွေမှန်းမသိ ရှုပ်ပွနေတာ၊ မှိုင်း ဆင်းရှာမှတွေ့မှာ၊ နောက်ပြီး သော့တွဲကို မင်းလွှင့်မပစ်ဘဲ လိမ်ပြောတာဖြစ်ချင်ဖြစ်မှာ၊ သူကိုယ်တိုင် နောက်ဆုံး မလွှဲသာမှ သော့ထုတ်ပေးမှာမို့ သူ ဆင်းဟန်ဆောင်ပြီး သော့တွဲပြန်ပေးတာမျိုးဖြစ်ချင်ဖြစ်မှာ"

"ကျုပ် ဆင်းမှာပါ၊ ဒါပေမဲ့ ကျုပ်ကို ဓားတစ်ချောင်းတော့ ကိုင်ခွင့်ပေးဗျာ၊ အထဲမှာမှောင်ပြီး ချုံတွေ သစ်ပင်ပေါက်တွေရော အဲဒီထဲမှာ မြွေတွေ ကင်းတွေရော ရှိချင်ရှိမှာ၊ အဲဒါတွေ ရှင်းဖို့ ခုတ်ဖို့ ဓားယူသွားမှဖြစ်မှာ"

ဦးဟိုင်းလုံ စဉ်းစားသည်။ မှိုင်း ပြောသည်မှာ လက်ခံသင့်သည်မို့ ...

"ကဲ ... ကိုဖြိုး၊ ဓားတစ်ချောင်း သူ့ကိုပေးလိုက်"

ဦးလေးဖြိုးက မီးဖိုချောင်မှ သားလှီးဓားတစ်ချောင်းသွားယူလာခဲ့သည်။

ကြိုးခွေတစ်ခု ယူလာပြီး မှိုင်း ခါးတွင် ကြိုးချည်ကာ တခြားကြိုးစကို အနီးရှိ သစ်ပင်တွင် ချည်နှောင်ကာ ဓားကို ပါးစပ်တွင်ကိုက်ပြီး ကြိုးကို လက်နှစ်ဖက်ကိုင်ကာ မှိုင်း ရေတွင်းပျက်ထဲသို့ ဆင်းခဲ့သည်။ ကျောင်းသားဘဝက တောင်တက်အသင်းတွင် ပါဝင်ပြီး အလေ့အကျင့် ရှိထားခဲ့သော မှိုင်းသည်





ခြေနှစ်ဖက် ရေတွင်းဘောင်နံရံကိုကန်ပြီး တဖြည်းဖြည်း ရေတွင်းပျက်ထဲသို့ ဆင်းခဲ့တော့သည်။

မြက်ရိုင်းများ အပင်ပေါက်များ ချုံပုတ်များကို ခုတ်ထွင်ရှင်းလင်းရသေးသည်။

ဓားဖြင့် ဟိုခုတ် ဒီရှင်း လုပ်စဉ်မှာပင် ဓားသည် ဒေါက်ခနဲ အသံမြည်အောင် သံထည်တစ်ခုကို ခုတ်အားဖြင့် ထိမိသွားသည်။

ချုံပုတ်တွေဖယ်ပြီး ထိုပစ္စည်းကို မှိုင်း ကောက်ယူကြည့်လိုက်သည်။

သံသေတ္တာအနက်ရောင် တစ်လုံးပင်။ အလျားတစ်ပေ၊ အနံခြောက်လက်မ အမြင့်လေးလက်မခန့်ရှိပြီး လက်ကိုင်ကွင်းပါသည့် သံသေတ္တာအနက်လေးတစ်လုံး ဖြစ်နေပါ၏။

မှိုင်း ရင်ထဲတွင် တဒိတ်ဒိတ် ခုန်သွားသည်။ ဤသံသေတ္တာလေးသည် ဖေဖေဦးကွန်းဇော်၏ ရတနာများထည့်သောသေတ္တာလေးမှန်း ချက်ချင်း မှိုင်း သိလိုက်သောကြောင့် ဖြစ်ပါ၏။ ဖေဖေသည် အသက်မဆုံးပါးမီ သူ့တွင် အသက်အန္တရာယ်ရှိနေပြီမှန်း ရိပ်မိခဲ့သဖြင့် ဤရတနာသေတ္တာလေးကို ရေတွင်းပျက်ထဲချပြီး ဝှက်ထားခဲ့ခြင်း ဖြစ်မည်။

ဖေဖေသည် တမလွန်ဘဝမှနေပြီး သားချစ်လေးမှိုင်းအား ကူညီပေးနေသလားဟု မှိုင်းသည် ဗုဒ္ဓဘာသာဝင်တစ်ဦး အနေနှင့် ယုံကြည်လိုက်မိသည်။

အိမ်ပေါ်ပြတင်းပေါက်မှ ပစ်လိုက်သော သော့တွဲသည် ရေတွင်းပျက်ထဲသို့ တည့်တည့်ကြီး ကျသွားသည်။

ထိုသော့တွဲနောက်သို့ ဦးဟိုင်းလုံ လိုက်လာသည်မှာမိမိ ရေတွင်းပျက်ထဲသို့ သော့တွဲဆင်းပြီးရှာရန် ဖြစ်လာသည်။ ယခု သော့တွဲဆင်းရှာရင်း ဖေဖေ၏ ရတနာသေတ္တာလေး မှိုင်း ရရှိလေပြီ။

ဆက်စပ်တွေးတောလျှင် ဖေဖေသည် တမလွန်ဘဝမှနေပြီး ချစ်လှစွာသော သားလေးမှိုင်းကို ရတနာသေတ္တာရစေရန် ကူညီစောင်မပေးနေသည်ဟု ယုံကြည်နိုင်လောက်ပါပေ ၏။

"ဟေ့ ... မှိုင်း၊ သော့တွဲ မတွေ့ဘူးလား"

မှိုင်းသည် သံသေတ္တာလေးကို ချုံပုတ်တွေအောက်တွင် ပြန်ဝှက်ထားလိုက်သည်။ အပေါ်ရေတွင်းဝသို့ လှမ်းကြည့်လိုက်သည်။ သူတို့မျက်နှာတွေ ရေတွင်းထဲသို့ ကြည့်နေကြောင်း အပြင်အလင်းရောင်ဖြင့် အမှောင်ထဲမှ မှိုင်းက လှမ်းမြင်ရသည်။

"သိပ်မှောင်တယ်ဗျ၊ လက်နှိပ်ဓာတ်မီးတစ်ခု ချပေး။ ဒီမှာ မြက်ပင်ရိုင်းတွေရော ချုံပုတ်တွေရော ရှုပ်နေတာ"

"အေး ... အေး"

ဦးဟိုင်းလုံက လက်နှိပ်ဓာတ်မီး သွားယူချပေးပြီးသည်နှင့် သူ့တပည့်နှစ်ယောက်ကို အလန့်တကြား ပြောလိုက်သည်။





"ဟေ့ ... ဟိုသေတ္တာဝါကြီး ငဖြိုး မရှိတော့ဘူးကွ၊ လိုက်ရှာကြစမ်း၊ ဒီကောင်ကြီး လွတ်သွားပြီ၊ ရဲတွေကို ဖုန်းဆက်ခေါ်နေသလားပဲ"

"ဖုန်းနဲ့တော့ မဆက်နိုင်ဘူး ဆရာကောက်ကျစ်၊ ကျွန်တော်ကိုယ်တိုင် ဒီရောက်တာနဲ့ ဖုန်းကြိုးကို ဖြတ်ထားတာ"

"ဘာဖြစ်ဖြစ် မြသောင်း သွားရှာစမ်းကွာ၊ ချိုကြီးက ခြံထဲမှာရှာ။ ငါက ရေတွင်းထဲကကောင်ကို စောင့်ကြည့်နေမယ်"

မှိုင်းသည် အပေါ်သို့ မော့ကြည့်နေရာမှ ဦးဟိုင်းလုံ အော်ကျယ်ကျယ် ပြောသော အသံကို ကြားနေရသည်။ သဲသဲကွဲကွဲ ကြားရသည်တော့ မဟုတ်။ သို့သော် အပေါ်တွင် တစ်ခုခု ရုတ်ရုတ်သဲသဲ ဖြစ်နေပြီဟုလောက်တော့ ခန့်မှန်းနိုင်သည်။

မှိုင်း ဓားဦးချွန်ဖြင့် မြွေနောက်ရှာဖွေရာ ကံအားလျော်စွာ သော့တွဲကို တွေ့ရှိရသည်။ ခြေချောင်းများဖြင့်ညှပ်ပြီး သော့တွဲကို ယူလိုက်သည်။

အပေါ်သို့ ပြန်မော့ကြည့်ပြန်ရာ ဦးဟိုင်းလုံ မျက်နှာတစ်ခုတည်းသာ ငုံ့ကြည့်နေသည်ကို တွေ့ရသည်။

"ဒီမှာဗျ၊ တွေ့လား ဦးဟိုင်းလုံ၊ သော့တွဲလေ၊ သော့တွဲ"

"ဒါဆို မင်း မြန်မြန် ပြန်တက်ခဲ့လေ"

မှိုင်းအဖို့တော့ သော့တွဲကို ဦးဟိုင်းလုံအား ပေးရန်ဝန်မလေးတော့၊ ရတနာသေတ္တာကို မိမိကတွေ့ပြီမဟုတ်လား။

"ငဖြိုး အတ္တဘောကြီးလေ၊ ငါတို့ ရေတွင်းထဲ ငုံ့ကြည့်နေတုန်း လစ်ထွက်သွားတယ်၊ မြသောင်းနဲ့ ချိုကြီး သူ့ကို လိုက်ရှာနေတယ်။ မင်း ရှေ့ကတည့်တည့် အိမ်ဆီသွား၊ ရုတ်ရုတ်သဲသဲတော့ မလုပ်နဲ့၊ ငါက နောက်ကတကယ်ပစ်မှာ"

မှိုင်း လိုက်နာပေသည်။

ယခုအခြေအနေရောက်မှ နောက်ကျောမှ သေနတ်အပစ်မခံလိုတော့ပြီ။

မြသောင်းကို တွေ့သည်။ မြသောင်း လက်မောင်းတစ်ဖက်တွင် မြားတစ်စင်း စိုက်လျက်တန်းလန်းကြီးဖြင့် တွေ့ရသည်။

"ဟိုကောင်ကြီး ငဖြိုးကြီးလေ ဒူးလေးနဲ့ လှမ်းပစ်တာ ဘယ်နေရာကနေပြီး ပစ်မှန်းတောင် မသိဘူး"

"ဒါဆို ချိုကြီးကော မြသောင်း"

"ချိုကြီးလည်း ဒူးလေးစာ မိသွားပြီလား မသိဘူး"

"ကဲ ... အိမ်ပေါ်သာ အရောက်တက်၊ ငါ့နောက်ကိုလိုက်ခဲ့၊ မှိုင်းကို ရှေ့က ဒိုင်းသဘောထားရင် ဒီငဖြိုး ထပ်ပြီးပစ်မှာ မဟုတ်တော့ဘူး"

အိမ်အဝင်တံခါးဆီသို့ ရောက်လာသည်။

"ဟိုက်"





သို့တစေ မျက်နှာသုံးခုစလုံး ရေတွင်းဝိုင်းဝတွင် မတွေ့ရှိတော့သည်ကို မှိုင်း သတိထားမိသည်။ ပြီး ... ဦးဟိုင်းလုံက မိမိကို မြန်မြန်ပြန်တက်ခဲ့ဟု ပြောသောအသံမှာလည်း ခက်ထန်နေသည်ကိုလည်း သတိပြုမိသည်ပင်။

အပေါ်တွင် တစ်ခုခု ဖြစ်နေလေပြီဟု မှိုင်း ခန့်မှန်းသည်။

"ဟော့ ... မှိုင်း၊ မင်း ပြန်တက်လာရင် ဓားယူမလာနဲ့တော့၊ ရေတွင်းထဲမှာပဲ ပစ်ချထားခဲ့"

"ဘယ်လိုဖြစ်နေတာလဲဗျ"

"အိုကွာ၊ ဘာပဲဖြစ်ဖြစ် ငါပြောတဲ့အတိုင်း မင်းလုပ်၊ မလုပ်ရင် အပေါ်ကနေ မင်းကို ငါ သေနတ်နဲ့ပစ်တော့မယ်"

မှိုင်းက ဓားကိုပစ်ချခဲ့ပြီး ရေတွင်းထိတ်သို့ ကြိုးဖြင့် ပြန်တက်လာခဲ့သည်။

အပေါ်ရောက်သည်နှင့် ဦးဟိုင်းလုံက သော့တွဲကို အငမ်းမရ လှမ်းယူသည်။ သူ့သေနတ်ဖြင့်လည်း တည့်မတ်စွာ ချိန်ထားသည်။

"မင်း ရှေ့ကသွား"

"ဘာဖြစ်နေလဲ ဦးဟိုင်းလုံ၊ ခင်ဗျားတပည့်နှစ်ယောက်ကော"

ချိုကြီးကိုအိမ်တံခါးဝတွင် မှောက်လျက်သားကြီး တွေ့ရပြန်သည်။ ချိုကြီး၏ကျောတွင် မြားတန်းလန်းကြီး စိုက်နေသည်။

မှိုင်း ပြုံးလိုက်သည်။

ဦးလေးဖြိုးသည် ခွေးတိုက်ဂါးကြီးနှင့် သူ့ပိုင်ဒူးလေးကို သိပ်အားထားသူ ဖြစ်သည်။ သူ့တိုက်ဂါးကြီးအတွက် ဦးလေးဖြိုးသည် ကျကျနန လက်စားချေနေပေပြီ။

ဤရွှေတောင်ကြားလမ်းအိမ်နှင့် ခြံကြီးတွင် ဦးလေးဖြိုးက နှစ်ပေါင်းများစွာ အနေကြာလာသူမို့ ဘယ်နေရာတွင် ဘာသစ်ပင်ရှိသည်ကအစ နေ့ခင်းကျအောင် သိရှိထားသူဖြစ်သည်။ ထို့ကြောင့် မြသောင်းနှင့် ချိုကြီး မြားပစ်ခြင်းသာ ခံရသည် ဦးလေးဖြိုး ဘယ်နေရာက လှမ်းပစ်မှန်း မသိကြ။

သို့သော် မှိုင်းကို ရှေ့မှဒိုင်းသဖွယ် ခံထားသောကြောင့် ဦးလေးဖြိုး ဒူးလေးဆက်ပြီး မပစ်သာတော့ပုံရသည်။

မှိုင်းကို ဝင်ကယ်ကူညီရန် ဦးလေးဖြိုး အိမ်ထဲသို့ အတင်းဝင်လာမည်ကိုပင် မှိုင်း စိုးရိမ်ရပြန်သည်။

မြသောင်းနှင့် ချိုကြီး မြားကိုယ်စီ မှန်ထားသော်လည်း သူတို့လက်ထဲတွင် သေနတ်ကိုယ်စီရှိမြဲ ရှိနေသောကြောင့် ဦးလေးဖြိုးကို တွေ့သည်နှင့် သေနတ်နှင့်ပစ်မှာ မှိုင်း စိုးရိမ်သည်။

မှိုင်းအဖို့ ထပ်မံ အံ့ဩစရာတစ်ခု တွေ့ရပြန်သည်။



ရွှေတောင်ကြားလမ်းအိမ်တွင် မှိုင်းပင် မသိသော လျှို့ဝှက်ချက်ကို ဦးဟိုင်းလုံက သိနေသဖြင့် အံ့ဩရသည်။

ထမင်းစားခန်းသို့ ဦးဟိုင်းလုံက ဦးဆောင်ဝင်သွားပြီး နံရံတွင် ကပ်ထားသော လူတစ်ရပ်ခန့်မြင့်သည့် ရေခဲသေတ္တာကို ဘေးသို့ တွန်းရွှေ့လိုက်သည်။

အားပါး။

ရေခဲသေတ္တာဖြင့် ကွယ်ထားသော နံရံကို ထွင်းဖောက်ပြီး နောက်ထပ် မီးခံသေတ္တာတစ်လုံး နံရံထဲ မြှုပ်သွင်းထားသည်ကို တွေ့ရသည်။ မီးခံသေတ္တာသည် အုတ်နံရံနှင့် တစ်ပြေးညီ ရှိနေပေသည်။

ဦးဟိုင်းလုံ ဤအိမ်ကို ဖောက်ထွင်းဝင်ရောက်ဖို့ ကြိုးစားသည်ကလည်း ဤမီးခံသေတ္တာ၏ လျှို့ဝှက်ချက်ကို သိထားသောကြောင့်ပင် ဖြစ်မည်။

ဤသို့ လျှို့ဝှက်မီးခံသေတ္တာ ထမင်းစားခန်း နံရံတွင် ထားရှိကြောင်း ဦးဟိုင်းလုံ သိသွားမှန်း ဖေဖေ ထပ်မံသိသောကြောင့် ရတနာသေတ္တာကို ရေတွင်းပျက်ကြီးထဲသို့ ဖေဖေ ပြောင်းရွှေ့ထားဟန်တူသည်။

ဦးဟိုင်းလုံသည် သော့တွဲကြီးဖြင့် ထမင်းခန်းရှိ လျှို့ဝှက်မီးခံသေတ္တာကို ဖွင့်လေပြီ။ တစ်ခဏအတွင်းမှာပင် မီးခံသေတ္တာတံခါး ပွင့်သွားသည်။

မှိုင်းသည် ပွင့်သွားသော မီးခံသေတ္တာကို လှမ်းကြည့်လိုက်သည်။

ရာတန်ခြောက်ထုပ် ရှိသည်။ (ငွေခြောက်သောင်း) အခြားဖိုင်တွဲများ စာရွက်စာတမ်းများ ရှိသည်။

ဦးဟိုင်းလုံသည် ရာတန်အုပ်တွေရော ဖိုင်တွဲတွေရော စာရွက်စာတမ်းတွေရော အားလုံး ဖယ်ရှားလိုက်သည်။

"ဘယ်မှာလဲ ရတနာသေတ္တာ"

"ခင်ဗျား မေးတာကို ကျွန်တော်မှ မဖြေနိုင်တာပဲ ဦးဟိုင်းလုံ"

"ဖြေနိုင်ရမယ်၊ မင်းက ဦးကွန်းဇော်ရဲ့ တစ်ဦးတည်းသောသားအရင်းခေါက်ခေါက်၊ မင်းမသိရင် ဒီရတနာသေတ္တာဘယ်မှာရှိတယ်ဆိုတာ သိတဲ့လူ ဒီလောကကြီးမှာ မရှိနိုင်တော့ဘူး"

"ခင်ဗျား စဉ်းစားကြည့်ပါ ဦးဟိုင်းလုံ၊ ကျွန်တော်ဟာနောက်ဆုံးအချိန်ထိ ဖေဖေနဲ့အတူ ရှိနေခဲ့တာမှ မဟုတ်တာ၊ ဖေဖေ့အလောင်း သဂြိုဟ်တဲ့အထိ ကျွန်တော်ကဝေးလံတဲ့ တောနက်ကြီး စာစ်ခုထဲမှာ ရောက်နေတယ်၊ ကျွန်တော် ပြန်လာပြီး မုဒုံမှာ နိုင်မင်းဆွေနဲ့တွေ့မှ ဖေဖေ့ဆီက ရတနာတွေကို လူသတ်သမား ရမသွားဘူးဆိုတာ သိရတာ၊ အဲဒါကြောင့် ကျွန်တော် ကန်ကြီးရိပ်သာကို ရောက်လာတယ်၊ ကန်ကြီးရိပ်သာကို ကျွန်တော် ရောက်လာအောင် ခင်ဗျားလည်း ဖန်တီးတာပဲ မဟုတ်လား"





ဦးဟိုင်းလုံ တွေဝေသွားသည်။

မှိုင်းအနေနှင့် ဤထမင်းစားခန်းနံရံတွင် လျှို့ဝှက်မီးခံသေတ္တာ ရှိနေသည်ကိုပင် မသိသူဟု ဦးစိုင်းလုံ ယုံကြည်သည်။

"ဒါဆို ဟိုကောင်ကြီး ဖြိုးပဲ ရတနာတွေကို ဖြတ်အုပ်တာဖြစ်မယ်၊ တောက် ... ဖြိုးကို မိမှဖြစ်မယ်၊ မြသောင်းနဲ့ ချိုကြီး မင်းတို့နှစ်ကောင် ပေါ့ဆလို့ ဖြိုး လွတ်သွားတာ"

"အိုး ... ဒါကတော့ ဆရာကောက်ကျန်က ကျွန်တော်တို့ဆရာ ခေါင်းဆောင်ပဲ၊ အစကတည်းက ဒီလူကြီး ဦးဖြိုးကိုကြိုးနဲ့တုပ်ထားလို့ အမိန့်ပေးရင် ကျုပ်တို့က တုပ်ထားမှာပေါ့"

"ကဲ ... ရှည်မနေနဲ့၊ မှိုင်းကို တံခါးဝမှထုတ်ပြီး လူယောင်ပြ။ ဖြိုး ပြန်လာအောင် မှိုင်းနဲ့မျှားပြီး ငါလုပ်ပြမယ်။ ဖြိုး ထွက်မလာရင် မှိုင်းကို ပစ်သတ်မယ်လို့"

မှိုင်းကို အိမ်တံခါးဝသို့ ရှေ့မှသွားရန် အမိန့်ပေးပြန်သည်။ သေနတ်ပြောင်းတွေကို မှိုင်း နောက်ကျောတွင်ထောက်တော့ထားသည်။

တံခါးမှထွက်လာပြီး အပြင်ဘက် ဆင်ဝင်အောက်ရောက်လာသည်နှင့် ...

"ဟာ ... ဆရာကောက်ကျန်၊ ဟိုမှာ ရဲတွေ ရဲတွေလာနေကြပြီ"

အားလုံး ခြံတံခါးဆီသို့ လှမ်းကြည့်ကြသည်။

ဟုတ်ပေသည်။ ခြံတံခါးတွင် ရဲကားအပြာကြီး ရောက်နေပြီး ခြံတံခါးကို ဒူးလေးကိုင်ထားသော ဦးဖြိုးက တံခါး ဖွင့်ပေးနေသည်ကို မြင်ကြရတော့သည်။

အိမ်မှ တယ်လီဖုန်းကြိုး ဖြတ်ထားသည်။

ယခု ဦးဖြိုးကလည်း ခြံတံခါး ဖွင့်ပေးနေသည်။ ရဲတွေကို ဦးလေးဖြိုး သွားခေါ်သည် မဖြစ်တန်ရာဟု မှိုင်း အတွေးဆင်နေစဉ်မှာပင် ...

"ဆရာကောက်ကျန်၊ ကျုပ်ကတော့ လစ်တော့မယ်၊ ဆရာ ကောက်ကျန် ပြောတုန်းက ကျုပ်ဝေစု အနည်းဆုံး နှစ်သိန်းရမယ်ဆို၊ အခုတော့ ဘာမှမရဘဲ အဖမ်းခံရတော့မယ်၊ ကျုပ် အချောင်အဖမ်းမခံနိုင်ဘူးဗျ"

လှစ်ခနဲပင် မြသောင်းသည် သေနတ်ကိုင်ရင်း အိမ်၏နောက်ဖေးပိုင်းသို့ ပြေးတော့သည်။

"ဟေ့ ... ရပ်၊ မပြေးနဲ့"

ဒိုင်း ... ဒိုင်း ...။

ရဲများက မြသောင်းကို တမင်ထိအောင် ပစ်သည် မျိုးမဟုတ်ဘဲ အသံပေးမျိုး ပစ်ခြင်းသာဖြစ်သည်။

"ငါ့အဖို့ မထူးတော့ဘူး မှိုင်း၊ မိသွားရင် ဦးကွန်းဇော်ကို သတ်မှု၊ နိုင်မင်းဆွေကို သတ်မှုတွေနဲ့ ကြိုးဒဏ် ကျွန်းဒဏ် ခံရမှာပဲ၊ မင်းပဲ ငါ့ကို ထွက်ပေါက်ပေးနိုင်မယ်၊ မင်း ရဲတွေဆီ လှမ်းပြောကွာ"





"ဘာပြောရမှာလဲ"

"ရဲတွေ ရှေ့ကို မလာကြပါနဲ့၊ တိုးလာရင် ဒီလူကြီး ကျွန်တော့်ကို ပစ်သတ်မယ်လို့ ပြောနေတယ်လို့"

"ကျွန်တော် အဲဒီလိုပြောရင် ကျွန်တော့်ဘဝမှာ သစ္စာဖောက် ဖြစ်သွားမှာပေါ့ ဦးဟိုင်းလုံ"

"အေး ... ငါကတော့ မင်း ငါပြောခိုင်းသလို မပြောရင် မင်းနောက်ကျောကနေ သေနတ်ထဲရှိသမျှ ကျည်ဆန်တွေ ပစ်သွင်းမှာ၊ ငါတကယ်လုပ်တော့မှာ၊ ငါ့အဖို့က လွတ်ရင်လွတ် မလွတ်လို့ ရဲဖမ်းတာနဲ့ မင်းအပါအဝင် လူသတ်မှု သုံးမှု ဖြစ်သွားပြီး အပြစ်ဒဏ် ခံတော့မယ်"

မှန်သည်။ ဦးဟိုင်းလုံ အဖို့ ဒီနည်းကို တကယ် သုံးတော့မည်မှာ အမှန်။ ကြမ္မာငင်ပြီး သေလူဖြစ်နေပြီကိုး။

မှိုင်း ဘာလုပ်ရပါ့။ စဉ်းစားရင်း မြသောင်းကို လှမ်းကြည့်သည်။

မြသောင်းသည် လက်ထဲမှ သေနတ်ကို မလှမ်း မကမ်းသို့ ပစ်ချပြီး သူက လက်နှစ်ဖက် မြှောက်ပြထားလိုက် သည်။

"ဗျို့ ... ဦးလေးဖြိုး၊ ဒီဦးဟိုင်းလုံကြီးက ပြောနေတယ်၊ ကျွန်တော့်ကို အသက်ရှင်လျက်သား ထားခဲ့ရမယ်ဆိုရင် ခင်ဗျားက ရဲအဖွဲ့ကို သူ့ကိုမဖမ်းဖို့ ပြောပေး"

မှိုင်းကို မယှဉ်ပါလေနှင့်။

မှိုင်းသည် ယင်းသို့ အော်ပြောနေသည်ကို ဦးဟိုင်းလုံ ခေါ် ဦးကောက်ကျန်က အာရုံစိုက် နားစိုက်ပြီး အာရုံပြောင်းသွားသည်ကို သိသည်နှင့် မှိုင်း စွန့်စားမှုတစ်ရပ် ပြုလိုက်တော့သည်။

မြေပြင်သို့ ဖျတ်ခနဲ အားလျားမှောက်လိုက်သည်နှင့် ခန္ဓာကိုယ်ကို ပတ်လိမ့်ပြီး မြသောင်း အောက်ပစ်ချထားသော သေနတ်ဆီ လိမ့်သွားသည်။ အားလျားမှောက် ပတ်လိမ့်သွားသော ဦးကောက်ကျန်က ထိုးချိန် ထိုးချိန်နှင့် လိုက်ချိန်သည်။ နောက်ဆုံး ...

ဒိုင်း ... ဒိုင်း ... ဆိုသော သေနတ်သံနှစ်ချက် ထွက်လာစေကာမူ အားခနဲ အော်သံမှာ ဦးကောက်ကျန်၏ နှုတ်မှ နာကျင်စွာ အော်လိုက်သောအသံ ဖြစ်ပေသည်။

တကယ်တော့ ဦးကောက်ကျန်မှာ မှိုင်းကို တစ်ချက်မှ မပစ်လိုက်ရ၊ လိမ့်နေသော ဘောလုံးကို လှမ်းပစ်ရသည့်နှယ် သေနတ်ချိန်စဉ်မှာပင် ရဲအဖွဲ့က လှမ်းပစ်သော ကျည်ဆန်သည် ဦးကောက်ကျန်၏ သေနတ်ကိုင်လက်မောင်းကို ထိသွားသည်။

မှိုင်းက မြသောင်း၏ သေနတ်ကိုယူကာ ပစ်လိုက်သည်က ပက်လက်အနေအထားမှ ပစ်သည်မို့ ဦးကောက်ကျန်၏ ခုံးကို ထိမှန်သွားသည်။

ဦးကောက်ကျန် ချာလပတ်ယမ်းသွားပြီး လက်ထဲမှ သေနတ် လွင့်စဉ်သွားတော့သည်။

ရဲအဖွဲ့ဝင်များ ရောက်လာပြီ။





ရဲအုပ် ခေါင်းဆောင်ပြီး ရဲကြပ် ရဲသားများပါရှိပေသည်။ ဦးဟိုင်းလုံ ခေါ် ဦးကောက်ကျန်နှင့် မြသောင်းကို လက်ထိတ်ခတ်လိုက်သည်။ ဦးကောက်ကျန်ကို အချုပ်နှင့် ဆေးရုံသို့ ပို့စေပြီးနောက် မှိုင်း လက်ထဲမှ မြသောင်း၏သေနတ်၊ ချိုကြီး၏ သေနတ်တို့ကို သိမ်းယူနေစဉ် ...

"ကျွန်တော် အံ့သြနေတယ်၊ ရဲအဖွဲ့က အချိန်မီ ဘယ်လို သိပြီး ရောက်လာသလဲလို့"

ဟု မှိုင်းက မေးလိုက်သည်။

"ကျွန်တော်တို့ ရန်ကုန်ရဲတပ်ဖွဲ့ကို မုဒုံရဲစခန်းက လှမ်းဆက်တယ်လေ၊ ရန်ကုန် ရွှေတောင်ကြားလမ်းက ခြံအမှတ် (--)ကို အမြန်ဆုံး သွားပေးပါတဲ့၊ အဲဒီမှာ ဦးကွန်းဇော်ရဲ့ သား မှိုင်းကိုသတ်မဲ့ လူသတ်သမား ရောက်နေပါတယ် တဲ့"

ပြောပြချက်က တိကျလှသည်။ ရန်ကုန် ရွှေတောင်ကြားလမ်းက ခြံအမှတ်ဟုလည်းကောင်း ...

ဦးကွန်းဇော်၏သား မှိုင်းဟုလည်းကောင်း အတိအကျ ပြောနိုင်နေသည်။

ကေန္တ မှိုင်း၏ ချစ်လှစွာသော ဆရာမလေး ညိုသည် အချိန်မီ မုဒုံရဲသို့ သွားရောက်ပြောပြခြင်းဖြင့် မုဒုံရဲက ရန်ကုန်နယ်မြေရဲသို့ အကြောင်းကြားခြင်းကြောင့် ရဲအဖွဲ့ အချိန်မီ ရောက်လာခြင်း ဖြစ်တော့သည်။

"ကဲဗျာ … ဒဏ်ရာရ တရားခံကို ဆေးရုံပို့ဖို့နဲ့ ကျန်တဲ့ တရားခံတွေ အချုပ်နဲ့ စစ်ဆေးဖို့တွေ ရှိနေလို့ ဟောဒီ ဒူးလေးဆရာကြီးနဲ့ ကိုမှိုင်းတို့နှစ်ယောက် ဒီရွှေတောင်ကြား လမ်းအိမ်မှာပဲ ဆက်နေပါ၊ အမှုအားလုံး ပြီးသွားမှ သွား ချင်ရာ သွားပေါ့ဗျာ"

ဦးလေးဖြိုးရော မှိုင်းရော ဦးခေါင်းညိတ်ပြသည်။

မှိုင်းက အိမ်ပေါ်သို့ ပြန်တက်လာသော်လည်း ဦးလေးဖြိုးက တိုက်ဂါးကြီးအလောင်း ရှိရာသို့ သွားပေသည်။ တိုက်ဂါးကြီးအလောင်းကို ဦးလေးဖြိုး မြေမြှုပ်ရန် မြေတူးလိမ့် မည်။ တိုက်ဂါးကြီး ကောင်းရာဘုံရောက်ဖို့ အမျှအတမ်း ဝေမည် ထင်ပါ၏။

✤ ✧ ✤





## ၂၂

"ဒီလိုကွ၊ တိုက်ဂါးကြီးက တအားဟောင်သံကြောင့် ငါ ထွက်ကြည့်တော့ ခြံတံခါးအပြင်မှာ ဦးကောက်ကျန် ရောက် နေတယ် …

"သူဟာ မုဒ့ံ ကန်ကြီးရိပ်သာက ခြံစောင့် ဦးဟိုင်းလုံ ပါတဲ့၊ မှိုင်းက စာပေးခိုင်းလို့ လာပေးတာပါတဲ့၊ သူပြော တာတွေက အမှန်တွေ၊ နောက်ပြီး သူက တစ်ယောက်တည်း ဆိုတော့ ငါ ခြံတံခါး ဖွင့်ပေးလိုက်မိတယ် …

"အဲဒီ ဟိုင်းလုံဆိုတဲ့ လူကြီးလည်း ခြံထဲဝင်လာရော တိုက်ဂါးက အတင်းထိုးဟပ် ထိုးကိုက်တာ၊ အဲဒီလူက တိုက်ဂါးကို သေနတ်နဲ့ ပစ်သတ်လိုက်တယ်၊ အဲဒီတုန်းမှာ ပဲ သူ့တပည့်နှစ်ယောက် သေနတ်ကိုယ်စီနဲ့ ဝင်လာပြီး ခြံကို စီးမိသွားတာပဲ မှိုင်းရေ"

တိုက်ဂါးကြီးသည် တိရစ္ဆာန်တို့၏ သဘာဝပေး အသိကြောင့် ဦးဟိုင်းလုံကို ရန်သူမှန်းသိပြီး အတင်းထိုးကိုက်သဖြင့် သေနတ်ပစ် ခံရပြီး သေသွားသည်ကို စိတ်မကောင်း ဖြစ်ရသည်။

ဦးလေးဖြိုးနှင့် ဖြစ်ကြောင်းကုန်စင် ပြောနေစဉ်မှာ ပင် ခြံတံခါးဝသို့ မီးခိုးရောင်ဝတ်စုံဖြင့် လွယ်အိတ်လွယ်ထားသူ တစ်ဦး ရောက်လာသည်ကို တွေ့ရသည်။

"စာတိုက်က ခင်ဗျာ၊ ငွေပို့လွှာကို ပြန်ပို့ပေးတာ"

စာတိုက်ဌာန အမှုထမ်းမှန်း သေချာသဖြင့် မှိုင်းက ထိုဝန်ထမ်းပေးသည်ကို ခြံတံခါး ဖွင့်မပေးဘဲ အပေါက်မှလှမ်းယူကြည့်ရှုလိုက်သည်။

"မန္တလေး စံပယ်တည်းခိုခန်း အမှတ်(--) လိပ်စာနဲ့ ဦးကွန်းဇော် ဆိုသူက မှိုင်းဆီကို ငွေငါးထောင် ပို့ပေးတယ်ဗျ၊ အဲဒီလိပ်စာအတိုင်း ငွေသွားပို့တာ လက်ခံမဲ့ မှိုင်းဆိုသူ မရှိတာနဲ့ ပေးပို့သူရဲ့ လိပ်စာအတိုင်း ဒီရွှေတောင်ကြားလမ်း ဒီအိမ်ကို လက်ခံသူမရှိအဖြစ် ပြန်ပို့ပေးတာ"

ဟုတ်ပေသည်။ ထိုနေ့စွဲကို ကြည့်သည်နှင့် ထိုအချိန်လေးလောက်က မှိုင်းသည် မန္တလေး စံပယ်တည်းခိုဆောင်၊ အခန်း(--)တွင် တည်းခိုခဲ့သည်။ ထိုတည်းခိုဆောင်မှ မိမိထွက်ခွာမှ ဖေဖေဦးကွန်းဇော် ပေးပို့သော မန်နီအော်ဒါ ရောက်သွားပြီး လက်ခံသူမရှိ ဖြစ်သွားပုံရသည်။ မန်နီအော်ဒါပုံစံအောက်တွင်





ပေးပို့သူ ဖေဖေ ဦးကွန်းဇော် ရေးထားသောစာ ဖေဖေ့လက်ရေး အတိုင်း မှိုင်း ဖတ်ရှုရသည်။

"သား ... မှိုင်း ...

သားအတွက် ငွေငါးထောင် ပေးပို့သည်။ သား ရွှေတောင်ကြားလမ်းအိမ် ပြန်ရောက်လျှင် ခြံထဲက ရေတွင်းပျက်ကြီးကို ပြန်ဆည်ဖြစ်အောင် ဆည်ပါ။

ဖေဖေ

(ကွန်းဇော်)

ဩော် ... ဖေဖေရယ်၊ မှိုင်း တမ်းတမိသည်။ ရေတွင်းထဲတွင် ရတနာသေတ္တာရှိကြောင်း သွယ်ဝိုက်ပြောခဲ့သည်။ မိဘမေတ္တာ ဆိုသည်မှာ ကြီးမားလှပါဘိကောင်း။

✤ ✧ ✤

## ၂၄

အရာခပ်သိမ်းသည် မှိုင်းအတွက် အဆင်ပြေသွားပေပြီ။ ရေတွင်းပျက်ထဲမှ ရတနာသေတ္တာကိုလည်း ပြန်ယူပြီးပြီ။ ဖရိုဖရဲဖြစ်သွားသော အိမ်ကိုလည်း နဂိုအတိုင်း ပြန်လည်နေရာချ စီစဉ်ပြီးသွားပြီ။ ဖေဖေ့ရတနာသေတ္တာထဲမှ ရတနာတွေအားလုံးကို ဖွဲ့စည်းထားသော ကျောက်မျက်ရတနာဌာန အဖွဲ့အစည်းနှင့် ဆက်သွယ်ညှိနှိုင်းပြီးပြီ။ အမှုကိစ္စတွေလည်း ပြီးသွားပြီ။

ဦးကောက်ကျန် ခေါ် ဦးဟိုင်းလုံ ကြိုးမိန့်ခံရသည်။ မြသောင်း ထောင်(၂)နှစ်ကျသည်။

အရာရာ အဆင်ပြေသွားပြီဖြစ်သော မှိုင်း အတွက် အရေးအကြီးဆုံး တစ်ခုသာ ကျန်တော့သည်။

ညိုနှင့် မှိုင်း လက်ထပ်ဖို့ပင်။

ခက်သည်က ညိုက မုဒုံနေ ကျောင်းဆရာတာဝန် ထမ်းဆောင်နေသူမို့ မုဒုံမှာပဲ နေချင်သည်။



F 18 A



မှိုင်းက ရန်ကုန်မှာပင် ငွေအရင်းအနှီးဖြင့် ကိုယ်ပိုင်လုပ်ငန်းတစ်ခု ထူထောင်ချင်သည်။

မညိုက ကြွယ်ပိုးကြွယ်ဝ ရှိစေကာမူ ကျောင်းဆရာမ အလုပ်က ထွက်မည်မဟုတ်။

မှိုင်း တွေးငေးနေစဉ်မှာပင် ခြံတံခါးဆီမှ ကားဟွန်းတီးသံ သုံးချက်ဆက်တိုက် ကြားရသဖြင့် မှိုင်း ဆင်းလာကာ ခြံတံခါးဆီသို့ လာခဲ့သည်။

ကားကို မြင်သည်နှင့် ထိုကားသည် ဦးမြတ်မင်း၏ ဒတ်ဆန်း(၁၂၀)ဝိုင်ကားမှန်း သိလိုက်ပါ၏။

"ဟင် ... ညို"

ကားပေါ်တွင် သုံးယောက် ပါရှိသော်လည်း ညိုညိုမင်းကိုသာ မှိုင်း တအံ့တသြ နှုတ်ဆက်လိုက်သည်။

ဦးမြတ်မင်း မောင်းပြီး သီဂီမာက အလယ်တွင် ထိုင်ကာ ဘေးဆုံးတွင် ညိုညိုမင်း ဖြစ်ပေသည်။

ခြံထဲ ကားဝင်သည်နှင့် ညိုညိုမင်း ကားတံခါးဖွင့်ကာ မှိုင်းဆီသို့ ပြေးလေသည်။

"ကိုမှိုင်း ... ကိုမှိုင်း ဘာမှမဖြစ်ဘူးနော်"

"ဟင့်အင်း ... ဦးဟိုင်းလုံ ဆိုတဲ့ ဦးကောက်ကျန်နဲ့ အဖွဲ့ကိုတော့ ရဲအဖွဲ့က အချိန်မီ ရောက်လာပြီး ဖမ်းသွားနိုင်တယ် ညို၊ ရဲအဖွဲ့သာ နည်းနည်းနောက်ကျရင် ဦးကောက်ကျန်က ကိုယ့်ကို အသေသတ်ပစ်မှာ"

"အံမာမင်း ... တော်ပါသေးရဲ့၊ ညို ကိုမှိုင်း အတွက် စိတ်ပူလိုက်တာ၊ သေမတတ် ရူးမတတ်ဘဲ၊ ရင်တွေခုန်လိုက်တာ အရမ်းပဲ၊ ခုထိ ခုန်နေတုန်း သိလား"

"မှန်းစမ်း၊ ဘယ်လောက်ခုန်သလဲလို့ စမ်းကြည့်မယ်"

မှိုင်း၏ ဝဲလာသောလက်ကို လမ်းခုလတ်မှာပင် ညိုညိုမင်းက ဖမ်းဆုပ်ကိုင်ဟန် တားလိုက်သည်။

"သွား ... ဟိုမှာ ဖေဖေ ကိုမှိုင်းကို စောင့်နေတယ်"

"မစောင့်ပါဘူး သမီးရယ်၊ ဖေဖေတို့ အိမ်အပေါ်ထပ် ဧည့်ခန်းကပဲ စောင့်နေတော့မယ်"

ဦးမြတ်မင်း အိမ်ရှေ့အထိ ဆက်မောင်းသွားသည်။ သီဂီမာက ကျန်ခဲ့သော မှိုင်းနှင့် ညိုညိုမင်းကို နောက်ပြန်လှည့်ကြည့်သေးပေသည်။

"ဒါထက် ညို"

"ရှင် ... ကိုမှိုင်း ပြော"

"မုဒ့်ရဲအဖွဲ့ကို မညိုပဲ သတင်းသွားပေးတာလားဟင်"

"ဟုတ်တာပေါ့ ကိုမှိုင်း၊ နိုင်မင်းဆွေရဲ့အလောင်းပေါင်မှာ ကပ်ချည်ထားတဲ့ မှတ်တမ်းဒိုင်ယာရီစာအုပ်ထဲမှာ ဦးဟိုင်းလုံ ခေါ် ဦးကောက်ကျန်ရဲ့ အကြောင်းတွေ အားလုံး ပါတယ်၊ နိုင်မင်းဆွေကို ဦးဟိုင်းလုံ သတ်သွားတဲ့ အထောက်အထားတွေလည်း တွေ့တယ် ...





"အိမ်က ဒေါ်စောကလည်း ပြောတယ်၊ ကိုမှိုင်းဆီကို ဖုန်းလာတာကို ကိုမှိုင်း ပြောပြီး ထွက်သွားတာပဲတဲ့၊ အဲဒါကို ညို စဉ်းစားတယ်၊ မုဒ့် ကန်ကြီးရိပ်သာအိမ်က ဖုန်းနံပါတ်ကို သိထားတဲ့သူ သိပ်နည်းတယ်။ ဖေဖေရဲ့ လုပ်ငန်းနဲ့ ဆက်သွယ်သူတွေသာ သိတာ၊ ဖေဖေ့ဆီဆက်တာ မဟုတ်ဘဲ ကိုမှိုင်းဆီ ဆက်တာဆိုတော့ ဘယ်သူဖြစ်မလဲလို့ မညို ဒက်ခနဲ တွေးမိတယ်၊ အဲဒီနေ့ခင်းပိုင်းကပဲ ဦးဟိုင်းလုံက အလုပ်ထွက်သွားတာမို့ ဦးဟိုင်းလုံ ဆက်တာ ဖြစ်မယ်လို့ တွေးမိတာ၊ ဦးဟိုင်းလုံက ကန်ကြီးရိပ်သာအိမ် ဖုန်းနံပါတ်ကို သိထားတယ်လေ၊ ပြောရရင် ရမ်းသမ်းပြီး ညို တွေးတာ မှန်သွားတဲ့သဘောပါ၊ ဒါကြောင့် ရန်ကုန်ရဲအဖွဲ့ကို မုဒ့်ရဲက ချက်ချင်း လှမ်းဆက်တာ၊ မညိုက ချက်ချင်း မုဒ့်ရဲစခန်းသွားပြီး ပြောပြတာကိုး"

"တော်လိုက်တာ ညိုလေးရယ်၊ ညိုလေးသာ အဲဒီလိုမလုပ်ရင် ကိုယ်သေပြီ"

ဦးမြတ်မင်းနှင့် သီဂီမာက အိမ်အပေါ်ထပ်တွင် ရောက်သွားပြီမို့ မှိုင်းက ညိုညိုမင်း ပခုံးကိုဖက်၊ ညိုညိုမင်းက မှိုင်း၏ခါးကို ပြန်ဖက်ရင်း အပေါ်ထပ်လှေကားဆီသို့ လျှောက်လာကြသည်။

"ညို"

"ပြော"

"အခု ရဲအဖွဲ့နဲ့ ပတ်သက်တာတွေ အားလုံးပြီးရင် ကိုယ့်ကိစ္စ ပြီးသွားပြီ၊ နောက်ပြီး ကိုယ့်မှာ ဖေဖေ ထားခဲ့တဲ့ ရတနာတွေ အရောင်းအဝယ် ကျောက်မျက်ရတနာဖွဲ့နဲ့ ဈေးနှုန်းညှိနှိုင်းပြီးပြီ၊ ကိုယ် ငွေတွေအများကြီးရမှာ၊ အဲဒါတွေ ပြီးတာနဲ့ ညိုနဲ့ကိုယ် လက်ထပ်ကြစို့နော်"

ညိုညိုမင်းက ဘာမှအဖြေမပေးဘဲ ဆိတ်ဆိတ်လေး နေသည်။

ဆိတ်ဆိတ်နေခြင်းသည် လက်ခံခြင်းနှင့် ဝန်ခံခြင်း မဟုတ်ပါလား။

အဲ ... ပြဿနာလေးကတော့ ရှိသည်။

မှိုင်းက ကန်ကြီးရိပ်သာ မုဒုံအိမ်သို့ လက်ထပ်ပြီး နောက် လိုက်နေမည်လား။

သို့မဟုတ် ညိုညိုမင်းက ရန်ကုန်ရွှေတောင်ကြား လမ်းအိမ်သို့ လိုက်နေမည်လား။

ဒါကျတော့ တစ်ဖက်ဘက်က လိုက်လျောရမည့် ကိစ္စ။

မှိုင်းကပဲ လိုက်လျောမလား။

ညိုညိုမင်းကပဲ လိုက်လျောမလား။

✤ ✧ ✤





## ၂၄

ညပိုင်း(၉)နာရီလောက်တွင် ဦးမြတ်မင်း၊ သိဂီမာ၊ ညိုညိုမင်းနှင့် မှိုင်းတို့ ညှော်ခန်းတွင် ဝိုင်းဖွဲ့ထိုင် ဆွေးနွေးကြသည်။

"အင်း ... လက်ထပ်ပြီးတဲ့နောက် စီးပွားရေးကိစ္စကတော့ ပြောစရာ မရှိပါဘူး၊ သမီး မညိုမှာလည်း အခု ဖေဖေက အမွေခွဲမပေးတာတောင် မအေစု ရရှိပြီးသား ငွေကြေး ပစ္စည်း များသားပဲ၊ မှိုင်းကလည်း ဦးကွန်းဖော် ထားခဲ့တာတွေ အများကြီးပဲ၊ အဲဒီငွေ နှစ်ရပ်ပေါင်းပြီး မှိုင်းနဲ့ သမီးမညို နှစ်သက်ရာ စီးပွားရေး လုပ်ကြပေါ့"

"သမီး ကျောင်းဆရာမ အလုပ်က မထွက်ချင်ဘူး ဖေဖေ"

"ရတယ်လေ မထွက်နဲ့ဦး၊ သမီးမညို လက်ထပ်ပြီး သား သမီးမရမီ တစ်ချိန်လုံး ကျောင်းဆရာမ ဆက်လုပ်ပေါ့

အဲ ... သားသမီးရပြီ ဆိုရင်တော့ ကိုယ့်သားသမီးကို မိခင်ကိုယ်တိုင် ပြုစုရမှာဆိုတော့ အဲဒီအခါကျရင် ကျောင်းဆရာမအလုပ်တာဝန် တစ်ဖက်နဲ့ ပြေလည်ပါ့မလား။ သားသမီးရပြီဆိုရင်တော့ သမီး ဆရာမအလုပ်က ထွက်ရမှာပဲ၊ ဒါပေမဲ့ သမီးစိတ်ဓာတ်အရရော၊ ဝါသနာအရရော ဆိုရင် အိမ်မှာပဲ ချို့တဲ့တဲ့ ကျောင်းသူ ကျောင်းသားလေးတွေခေါ်ပြီး သင်ပေးပေါ့၊ အိမ်ထောင်ထိန်းရင်း စာသင်ဖို့ပြောတာ"

"အဲဒါ ဟုတ်သားပဲ မညို"

ဟု သိင်္ဂီမာက ဝင်ရောက် ထောက်ခံသည်။

မှိုင်းက ချစ်သောညိုကို ငေးကြည့်နေသလို ညိုညိုမင်းကလည်း မှိုင်းကို ပြန်ကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ညို၊ အခု ကိုယ်လည်း စီးပွားရေးအတွက် ဦးဆောင်လုပ်ကိုင်ဖို့ ဘာလုပ်မယ်ဆိုတာ လေ့လာဖို့ အချိန်ယူချင်သေးတယ်"

ဦးမြတ်မင်းက စားပွဲကို လက်ဝါးပုတ်လိုက်သည်။

"ကဲ ... ဒါဆို ပြီးပြီ၊ နက်ဖြန်မနက်မှာပဲ သမီးညိုနဲ့ မှိုင်း တရားသူကြီးရုံးမှာ တရားဝင် လက်ထပ်ပေတော့။ ဖေဖေက သိင်္ဂီမာ့ကို ရန်ကုန်ရောက်တိုင်းရောက်တိုင်း ဘုရားစုံလိုက်ပို့ပေးမယ်၊ ကန်တော်ကြီးတို့ တိရစ္ဆာန်ဥယျာဉ်တို့ လိုက်ပို့ပေးမယ် ...





"မနက်စာစားပြီး ကားကိုယ်စီနဲ့ မုဒုံ ကန်ကြီးရပ်အိမ်ကို ပြန်ကြမယ်"

"တစ်ခုတော့ရှိတယ်နော် အန်ကယ်၊ မုဒုံကျရင် အန်ကယ့်လုပ်ငန်းတွေ ကျွန်တော် မလုပ်တော့ဘူး၊ ကျွန်တော် သမာအာဇီဝလုပ်ငန်းပဲ လုပ်မှာ"

"စိတ်ချ၊ အဲဒါအတွက် အန်ကယ်က စဉ်းစားထားပြီးသား၊ မုဒုံရောက်တာနဲ့ ဝေလုကစပြီး တပည့်အားလုံးကို ရင်းနှီးစားသောက်နိုင်လောက်တဲ့ သူ့အဆင့်နဲ့သူ ငွေတွေထုတ်ပေးပြီး မင်းတို့အားလုံး သွားချင်ရာ သွားကြတော့၊ ငါ့လုပ်ငန်း ပယ်ဖျက်လိုက်ပြီဆိုပြီး လုပ်ငန်းကို လက်စသတ်ရပ်ပစ်လိုက်မယ်၊ အန်ကယ်ကိုယ်တိုင် ဒီအလုပ်မလုပ်ချင်တော့ဘဲ။ ကဲ ... ဒါတွေက ပြီးပါပြီ။ ဒီည အန်ကယ်တို့ ဒီအိမ်မှာ ဘယ်လိုအိပ်ကြမလဲ"

"ရတယ် အန်ကယ်၊ အန်ကယ်နဲ့ သိင်္ဂီမာတို့က ဖေဖေ့အိပ်ခန်းမှာအိပ်၊ ခုချိန်ထိ နှစ်ယောက်အိပ် ခုတင်ကြီးရှိနေသေးတယ်"

"နို့ ... မှိုင်းနဲ့ သမီးညိုကရော"

"ညိုနဲ့ ကျွန်တော် ကျွန်တော့်အခန်းမှာပဲ အိပ်ကြမယ်လေ"

"အို ... မဟုတ်တာ"

ဟု ညိုညိုမင်းက ရှက်စနိုးလေး ပြောလိုက်သည်။

"ဘာထူးမှာလဲ ညို၊ နက်ဖြန် ကိုယ်နဲ့ညို လက်ထပ်ပြီး တရားဝင် လင်မယား ဖြစ်တော့မှာပဲ ညိုရာ၊ ကြိုပြီး တစ်ညအိပ်တာများ"

"ကဲ ... လာ သိင်္ဂီမာ၊ အစ်ကိုကြီးတို့ အိပ်ကြစို့တော့၊ နက်ဖြန်လည်း ခရီးပန်းရဦးမှာ"

ဦးမြတ်မင်းသည် ဖအေတစ်ယောက် ဖြစ်နေသဖြင့် သိင်္ဂီမာ့ကို အတင်းလက်ဆွဲပြီး ဖေဖေ့အိပ်ခန်းထဲသို့ ဝင်သွားပေတော့သည်။

နားကြပါဦးရို့

**တက္ကသိုလ်တင်မြင့်**